# ဗုဒ္ဓအဘိဓမ္မာချုပ်

ဦးသော်ဇင်

အနုပ်ရဲ့ သုံးထောင်

ပထမအကြိမ် (၁၉၇၄-ခု ဩဂုတ်လ)

ပန်းချီ
ဂံ တိုး

သောင်းဝေ
ဘလောက်တိုက်

အဖုံးရိုက်
ဧဟ်မြန်မာ့ပုံနှိပ်တိုက်

မိသားစု
စာအုပ်ချုပ်ဌာန

စာပေဖြန့်ချိရေး

**မိထ်သစ်** အမှတ် ၅၇၊ ကျောက်မြောင်းလမ်း
ကျောက်မြောင်း ရန်ကုန်။

ဟာ[illegible]ရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၇၂၀၁)


၂၉၄.၃၁၃
၁၁ရ
စဖြဂ၁



★ ပုံနှိပ်သူ၊ သီဟ [illegible] ပုံနှိပ်တိုက်
ဒေါ်အုန်းမြ (၁၂၂ မြ)
အမှတ် ၁၂၇ လမ်း ၄၀ ရန်ကုန်။

★ ဦးမြသော်စင်
ဥယျာဉ်မှူးစာပေ ၁၇၈၉
၁၀၅၊ ဟံသာဝတီလမ်း
၆-ရပ်ကွက် တောင်ဥက္ကလာပ၊ ရန်ကုန်။

## ဦးသော်ဇင်
## ဗုဒ္ဓ အဘိဓမ္မာချုပ်

ဦးနိုင်ချ နှုတ်ဗြဟ္မ
မြတ်ဗုဒ္ဓ မယ်တော်မှူးကို
ကျေးဇူးပန် ဝတ်နိုင်ထက်
ဟော ဓမ္မစက်ရေ။
သော်မော်တင့်ပေသည့်
ကျော်အမွှန် မာဂဓေမှုန်းပါလို့
ကျယ်ချုံးကြ ကျမ်းတေတွေ
သာသနာမြဲ စေဘို့ရှိန်း။
ဇင်ကိုင်ကုံးသည်ညှို
စံထုံးမြန်မာမှုဖြင့်
သာသနာ့အပူ သိစရာမလုပ်ပါ
'အဘိဓမ္မာချုပ်' အမည်သာချို
ကြည်ရှုစေသည့် စော်ပြုတယ်
'ဗုဒ္ဓ' မိန့်ခွန်း။ ။

ချောင်းဦး **မောင်စန္ဒာ**

၅- ၆ ၂- ၇၃
ရန်ကုန်၊

# မာတိကာ


၁။ နိဒါန်း - - - - - - - - - ၉

၂။ ပဏာမ - - - - - - - - - ၄၅

၃။ စိတ်ပိုင်း - - - - - - - - ၅၅

၄။ စေတသိက်ပိုင်း- - - - - - ၉၃

၅။ ပကိဏ်းပိုင်း - - - - - - ၁၂၇

၆။ ဝီထိပိုင်း - - - - - - - ၁၄၅

၇။ ဝီထိမုတ်ပိုင်း - - - - - ၁၆၃

၈။ ရုပ်ပိုင်း - - - - - - - ၁၈၇

၉။ သမုစ္စည်းပိုင်း - - - - - ၂၉၅

၁၀။ ပစ္စည်းပိုင်း - - - - - - ၂၅၅

၁၁။ ကမ္မဋ္ဌာန်းပိုင်း - - - - - ၂၈၇

၁၂။ နိဂုံးပိုင်း - - - - - - ၂၃၉

# နိဒါန်း

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလတော ဓနေရဉ္စရာမြစ်ကမ်းနား ရာဇာယတနရင်ဘာန၌ စံနေတော်မူစဉ် အဘိဓမ္မာ ဒေသနာတော်ကို သုံးသပ် ဆင်ခြင်တော်မူ၏။ ပဋ္ဌာန်းသို့ ရောက်သောအခါ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ် ထွက်ပေါ်လာ၏။

အကြောင်းကား သဗ္ဗညုတဉာဏ်တော်သည် နည်းမျိုးစုံ ထက်ဝန်းကျင် ပြန့်ပြော နက်နဲသော ပဋ္ဌာန်းသို့ ရောက်မှ လွတ်လပ်စွာ ကွန့်မြူးနိုင်ခွင့်ရသောကြောင့် ဖြစ်သည်၊ ထိုအခါ လွန်စွာ အားရနှစ်သက်၍ အသေးအဘွားများ ကြည်လင်တောက်ပခြင်းကြောင့်လည်း ဖြစ်၏။

ဆိုလိုသည်မှာ မြတ်စွာဘုရားသည် အဘိဓမ္မာကို ဘုရားဖြစ်တော်မူစအခါက သုံးသပ် ဆင်ခြင် တော် မူခြင်းဖြစ်၏၊ ထိုနောက် ၇-ဝါမြောက်သောအခါ သာဝတ္ထိပြည်တောင်ဘက် ကဏ္ဍအမည်ရှိသော သရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းရန် ရေ၊ မီး၊ အစုံ အစုံ အစရှိသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

ထိုနောက် ရုတ်တရက် တာဝတိံသာ နတ်ပြည်သို့ တက်သွားပြီး ပင်လယ် ကသစ်ပင်ရင်းက ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်မှာ စံနေတော်မူလျက် မယ်တော်ဖြစ်ခဲ့ ဘူးသော သန္တုသိတ နတ်သားကို အမှူးထား၍ နတ်ပြဟ္မာ များအား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရား ဟော ကြားတော်မူ၏။

မြတ်စွာဘုရား၏ အသံတော်မှာ သန့်ရှင်းသည်၊ သိလွယ်သည်၊ နာပျော်ဖွယ်ရှိသည်၊ ဖရိုဖရဲမရှိ၊ စည်းလုံး သည်၊ သာယာသည်၊ နက်ရှိုင်းသည်၊ ပဲ့တင်ထပ်သည်၊ ဤ အသံရှစ်ပါးဖြင့် ကရားမှ ရေလွှတ်သကဲ့သို့ ဝါတွင်းသုံးလ ပတ်လုံး မရပ်မနား မပြတ်ဟောကြားတော်မူ၏၊ ဆွမ်းခံချိန် သို့ ရောက်သော် ကိုယ်တော်စား နိမ္မိတ ရုပ်ပွား ဖန်ဆင်း တော်မူပြီး ဆက်လက်၍ တရားဟောကြားစေကာ လူ့ပြည် သို့ သက်ဆင်းတော်မူ၏။

လူ့ပြည်သို့ ရောက်သောအခါ မြတ်စွာဘုရားသည် အနောတတ်အိုင်၌ ရေချိုးပြီးနောက် မြောက်ကျွန်းသို့ ဆွမ်း ခံဝင်တော်မူ၏၊ ထိုနောက် အနောတတ်အိုင် ကမ်းပါးမှာ ဆွမ်းစားပြီး နေ့လည်အနားယူရန် စန္ဒကူးတောသို့ ဝင်၏။

ထိုအခါ ရှင်သာရိပုတ္တရာသည်စန္ဒကူးတောသို့ သွား၍ မြတ်စွာဘုရားအား ဝတ်ပြု၏၊ မြတ်စွာဘုရားသည် ရှင် သာရိပုတ္တရာအား တာဝတိံသာ၌အကျယ်ဟောကြားခဲ့သော အဘိဓမ္မာတရားကို အကျဉ်းအားဖြင့် ပြန်လည်ဟောကြား တော်မူ၏၊ သို့ရာတွင် ရှင်သာရိပုတ္တရာသည် မဟာပညာ

ကျော်ဖြစ်သည့်အတိုင်း အကျဉ်းချုပ် ဟောကြားတော်မူသော အဘိဓမ္မာတရားတို့ကို နည်းအရာ အထောင်တို့ဖြင့် သိမြင်သွား၏။

ထိုနောက် မြတ်စွာဘုရားသည် တာဝတိံသာသို့ ပြန်တက်သွား၏၊ ထိုအခါ နိမ္မိတရုပ်ပွားကို ကွယ်စေပြီး ကိုယ်တော်တိုင် ဆက်လက် ဟောကြားတော်မူ၏၊ ယင်းသို့လျှင် မြတ်စွာဘုရားသည် အဘိဓမ္မာတရားကို ဝါတွင်းသုံးလပတ်လုံး မပြတ်ဟောကြားတော်မူသည်။

တာဝတိံသာ၌ ဟောကြားတော်မူသော အဘိဓမ္မာမှာ အကျယ်ဝိတ္ထာရဖြစ်၏၊ စန္ဒကူးတော၌ ဟောကြားတော်မူသော အဘိဓမ္မာတရားမှာ အကျဉ်းသင်္ခေပဖြစ်၏၊ တဖန် ရှင်သာရိပုတ္တရာသည် သူ၏ တပည့်ငါးရာတို့အား တဆင့် ဟောကြားပြန်၏၊

ယင်း အဘိဓမ္မာမှာ မကျယ်လွန်း မကျဉ်းလွန်းသော နာတိဝိတ္ထာရ နာတိသင်္ခေပဖြစ်၏၊ ယခုလက်ရှိအဘိဓမ္မာမှာ ရှင်သာရိပုတ္တရာ ဟောကြားသော အဘိဓမ္မာပင်ဖြစ်၏။

( ၂ )

အဘယ်ကြောင့် အဘိဓမ္မာမည်သနည်း၊

ဤအတွက် အလောင်းဘုရားမေးလျှောက်၍ မဟာအတုလ ဆရာတော်ဖြေဆိုသော နန်းစဉ်ပုစ္ဆာမှ ကောက်နှုတ်ဖော်ပြပါမည်၊ သို့ဖြင့် အဘယ့်ကြောင့် အဘိဓမ္မာ

ခေါ် ဆိုကြောင်းကိုလည်း ကောင်းစွာ သိရမည်၊ ရှေးအခါက မင်းတရားကြီးနှင့် ဆရာတော်ဘုရားတို့ ဆွေးနွေး ကြပုံကို လည်း အာရုံပြုနိုင်မည်၊ အဘိဓမ္မာကို လေ့လာ သင်ကြားရ ခြင်း၏ အကျိုးအာနိသင်ကိုလည်း တွေ့မြင်ရမည်။

တကာတော် လျှောက်သည် ဆရာတော်-

ဝိနည်းဒေသနာ, သုတ္တန်ဒေသနာ, အဘိဓမ္မာ ဒေသနာ ဤဒေသနာ သုံးရပ်သည် ဘုရားရှင်ရှေ့ နှုတ်တော်ထွက် ဘုရားရှင် စကားချည်းဖြစ်ပါလျက် အဘိဓမ္မာ ဒေသနာတော်သည်သာလျှင် မြတ်သော ပရမတ္ထဒေသနာတော်-ဟူ၍ ဆရာတို့ ဟောကြား တော်မူကြကုန်၏၊ ဘုရားရှင့်စကားတော်ပင် အယုတ် အလတ် အမြတ် ရှိပါသေးသလော ခရာတော် သိသာအောင် ဖြေဆိုတော်မူပါ။ ။

တကာတော်မေးသည့် အချက်မှာ အနိမ့် ရှိလျှင် အမြင့်, အမြင့်ရှိလျှင် အနိမ့်, အယုတ်ရှိလျှင် အမြတ်, အမြတ် ရှိလျှင် အယုတ်-ရှိမဲ့ ဓမ္မတာ ဖြစ်၍ အဘိဓမ္မာ ဒေသနာတော်သာလျှင် မြတ်၏ဟုဆိုလျှင် သုတ္တန် ဝိနည်း ဒေသနာသည် ဗျတိရေက နည်းအားဖြင့် ယုတ်ရာ ရောက် သောကြောင့် မေးတော်မူသင့်ပေသည်။

ဤအရာ၌ ဟိနာဓမ္မာ, မဏိတာဓမ္မာတို့ကဲ့သို့ အပယ် သေးပါးသို့ ကျရောက်စေတတ်သော အကုသိုလ် အယုတ်

တခု, နတ်ရွာသုဂတိသို့ ရောက်စေတတ်သော ကုသိုလ် အမြတ် တခုကဲ့သို့ ဆိုလိုသည် မဟုတ်၊ ဝိနည်းဒေသနာ, သုတ္တန်ဒေသနာတော်လည်း မြတ်၏၊ ယင်း ဒေသနာနှစ်ပါး ထက်ပင် အဘိဓမ္မာ ဒေသနာသည် မြတ်၏။

ဥပမာဆိုသော်ကား လက်ဝဲအမှုထမ်း, လက်ျာအမှုထမ်း နှစ်ခုလုံးပင် ကောင်းကြလျက် အမှုထမ်းဆောင်ကြလျက် အမှုထမ်းဆောင်သော သူတို့တွင် ရဲရဲစွာ အာမခံ လွန်ကဲသောသူကို အမှုထမ်းကောင်းသည်ဟု ဆိုသကဲ့သို့ မှတ်ရမည်။

အဘိ အတိရေကော- သုတ္တန်ဝိနည်းတို့ထက် လွန်မြတ်သော၊ ဓမ္မော- တရားတည်း၊

အဘိဓမ္မော- သုတ္တန်ဝိနည်းတို့ထက် လွန်မြတ်သော တရား၊

ဤသို့ ဝစနတ္ထဆိုသည်ကို ထောက်၍ သုတ္တန်ဝိနည်းတို့ထက် လွန်မြတ်သော အနက်သဒ္ဒါ နာနာနယ စသည်တို့ ရှိသည်ကို ထောက်၍ အဘိဓမ္မာကို အမြတ်ဟု ဆိုပါသည်၊ သုတ္တန်ဝိနည်းတို့သည် ယုတ်သောကြောင့် အဘိဓမ္မာကို အမြတ်-ဟုဆို မှတ်စောင့်ရမည်။

တနည်းလည်း သုတ္တန်ဒေသနာ, ဝိနည်းဒေသနာတော်သည် ဒါန-သီလ စသည်တို့၏ အကြောင်း- အကျိုးတို့ကို ပြဆိုခြင်း၊ ရှေးရှေးသော ဘဝတို့၌ ဖြစ်ခဲ့ဘူးသည့် အနိမ့် အမြင့် ဆင်းရဲချမ်းသာတို့ကို ပြဆိုခြင်းများကိုသာ ဟောတော်မူသည်၊ သုတ္တန်ဒေသနာ, ဝိနည်းဒေသနာတော်သည်ကား သင်ခဲ သစ်ပင်နှင့် တူ၏။

အဘိဓမ္မာ ဒေသနာတော်သည်ကား ခန္ဓာ, အာယတန, ဓာတ်သစ္စာ, ဣန္ဒြေ, အာရုံ, အာရမ္မဏိက, နာမ်ရုပ်တရားဘို့ကို ခွဲခြမ်းစိတ်ဖြာ စီစဉ်၍ ဟောတော်မူသောကြောင့် ထုတ်၍ထားသော ဝတ္ထုကို ဖြေ၍ ပြသကဲ့သို့ မိမိခန္ဓာကိုယ်၌ ရုပ် နာမ်အပေါင်း ပရမတ္ထသဘောကို နှလုံးသွင်းမိသည်တွင်—

သဗ္ဗေ သင်္ခါရာ အနိစ္စာ
သဗ္ဗေ သင်္ခါရာ ဒုက္ခာ
သဗ္ဗေ သင်္ခါရာ အနတ္တာ

ဟူ၍ လက္ခဏာရေး သုံးပါးတို့ကို ရှုဆင်ခြင်သဖြင့် မဂ်ဖိုလ်ကို ရ၍ အကျွတ်တရား ရထိုက်သော သတ္တဝါတို့သည် ဝဋ်သုံးပါးမှ လွတ်၍ နိဗ္ဗာန်သို့ ရောက်ကြကုန်သည်ဖြစ်၍ အဘိဓမ္မာဒေသနာတော်သည် အထီးနှင့် တူ၏။

သစ်ပင်, သစ်ပွင့်, သစ်သီး သုံးပါးတို့တွင် အသီးသာလျှင် အမြတ်ဖြစ်သကဲ့သို့ အဘိဓမ္မာ ဒေသနာတော်သည်သာလျှင် ဝိနည်း, သုတ္တန်တို့ထက် မြတ်၏ဟု ဟောတော်မူသည်၊ ဝိနည်း, သုတ္တန်ဒေသနာယုတ်၍ အဘိဓမ္မာဒေသနာတော်သည်သာ မြတ်သောကြောင့် ဟောတော်မူသည်မဟုတ်ဟု မှတ်တော်မူရမည်။

# ( ၃ )

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် သံဂါယနာတင်အရှင်တို့သည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတို့ကို ဝိနည်းပိဋကတ်, သုတ္တန်ပိဋကတ်နှင့် အဘိဓမ္မာပိဋကတ်ဟူ၍ ခွဲခြားသတ်မှတ်ကြ၏၊ ယင်းကို ပိဋကတ်သုံးပုံဟု ခေါ်ကြ၏၊ ထိုပိဋကတ်တို့သည် ဒေသနာအားဖြင့်ရင်း, သာသနာအားဖြင့်ရင်း, ကထာအားဖြင့်ရင်း, သိက္ခာအားဖြင့်ရင်း, ပဟာန်အားဖြင့်ရင်း အသီးသီးကွဲပြားကြ၏၊ သို့ဖြင့်လည်း ဝိနည်း, သုတ္တန်တို့နှင့် အဘိဓမ္မာ၏ ခြားနားခြင်းကို သိနိုင်၏။

**ဒေသနာ** ဝိနည်းသည် ရှောင်ကြဉ်ဖွယ် အပြစ်နှင့် လိုက်နာဖွယ်ကျင့်ဝတ်တို့ကို အမိန့် အာဏာဖြင့် ဟောကြားသောကြောင့် အာဏာဒေသနာမည်၏၊ သုတ္တန်သည် လူအများ သုံးစွဲသော ဝေါဟာရ စကားလုံးတို့ဖြင့် အများဆုံး ဟောကြားသောကြောင့် ဝေါဟာရဒေသနာမည်၏၊ အဘိဓမ္မာသည် လေးနက်သော ပရမတ္ထတရားတို့ဖြင့် ပြည့်စုံစွာ ဟောကြားသောကြောင့် ပရမတ္ထဒေသနာ မည်၏။

**သာသနာ** ဝိနည်းသည် အပြစ်အားလျော်စွာ ဆုံးမသောကြောင့် ယထာပရာဓ သာသနာ မည်၏၊ သုတ္တန်သည် စရိုက်နှင့်လျော်စွာ ဆုံးမသောကြောင့် ယထာနုလောမသာသနာမည်၏၊ အဘိဓမ္မာသည် သဘာဝ အတိုင်း ဆုံးမသောကြောင့် ယထာဓမ္မသာသနာ မည်၏။

**ကထာ** ဝိနည်းသည် အပြစ် မကျူး လွန်အောင် စောင့်ထိန်းနည်းများကို ဟောကြား သောကြောင့် သံဝရာသံဝရ ကထာ မည်၏၊ သုတ္တန်သည် အယူဝါဒ အမှားအယွင်းတို့ကိုဖြေရှင်းဟောကြားသောကြောင့် ဒိဋ္ဌိနိဝေဌနကထာ မည်၏၊ အဘိဓမ္မာသည် နာမ်,ရုပ် တို့ကို ပိုင်းခြား၍ ဟော ကြား သော ကြောင့် နာမရူပ ပရိစ္ဆေဒကထာမည်၏။

**သိက္ခာ** ဝိနည်းသည် သီလကို ပဓာန်ထား၍ သင်ကြားသောကြောင့် အဓိသီလသိက္ခာ မည်၏၊ သုတ္တန်သည် စိတ် ကြည်နူးစေရန် ပဓာန ထား၍ သင်ကြားသောကြောင့် အဓိစိတ္တ သိက္ခာ မည်၏၊ အဘိဓမ္မာသည် ပညာကိုပဓာန ထား၍ သင်ကြားသောကြောင့် အဓိပညာသိက္ခာ မည်၏။

**ပဟာန်** ဝိနည်းသည် ကျူးလွန် မှုကို ပယ်သောကြောင့် ဝီတိက္ကမ ပဟာန် မည်၏၊ သုတ္တန်သည် ကိလေသာ သောင်းကျန်းမှုကို ပယ်စေသောကြောင့် ပရိယုဋ္ဌာနပဟာန်မည်၏၊ အဘိဓမ္မာသည် အနုသယကိလေသာကို အကြွင်းမဲ့ ပယ်စေသောကြောင့် အနုသယပဟာန် မည်၏။

ယင်းသို့လျှင် ဒေသနာ စသည်တို့ဖြင့်လည်း အဘိဓမ္မာသည် ဝိနည်း၊ သုတ္တန်တို့နှင့် မတူ ကွဲပြားခြားနား၏၊ ယင်းအဘိဓမ္မာသည် သံဂါယနာတင် အရှင်မြတ်တို့ သတ်မှတ်ထားသော ကျမ်းအမည်အားဖြင့် ၇-ပါး အပြားရှိ၏။

(၁) **ဓမ္မသင်္ဂဏီ**— ကုသိုလ်, အကုသိုလ်, အဗျာကတ အစရှိသောတရားတို့ကို အကျဉ်းရုံးပြီး ဟောကြားသော ကျမ်းဖြစ်၏။

(၂) **ဝိဘင်္ဂ**— ခန္ဓာအစရှိသော တရားတို့ကို အမေးအဖြေလုပ်ပြီး ခွဲခြားဝေဘန်၍ ဟောကြားသော ကျမ်းဖြစ်၏။

(၃) **ဓာတု ကထာ** — ဓာတ်တို့ကို ပိုင်းခြား၍ဟောကြားသော ကျမ်းဖြစ်၏။

(၄) **ပုဂ္ဂလပညတ်**— ခန္ဓာအစရှိသော သဘာဝ ပညတ်နှင့် ပုဂ္ဂိုလ် အစရှိသော အဘာဝ ပညတ်တို့ကို ခွဲခြားပြီး ဟောကြားသော ကျမ်း ဖြစ်၏။

(၅) **ကထာဝတ္ထု**- ပုဂ္ဂလကထာ, ဗြဟ္မစရိယ ကထာတို့၏ တည်ရာဖြစ်သော ကျမ်းဖြစ်၏။

(၆) **ယမိုက်** - အနုလောမနှင့် ပဋိလောမ, ပုစ္ဆာနှင့် ဝိသဇ္ဇနာ စသည်ဖြင့် အစုံအစုံဟောကြားသော ကျမ်းဖြစ်၏

(၇) **ပဋ္ဌာန်း** - ပစ္စည်းတို့တွင် အကြောင်း အမျိုးမျိုးကို ဟောကြားသော ကျမ်းဖြစ်၏။

သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာ ဝိဘင်းကျမ်း၏ အဖွင့်ဖြစ်၏။

ပဉ္စပကရဏ အဋ္ဌကထာမှာ ဓာတုကထာ၊ ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်နှင့် ပဋ္ဌာန်း- ငါးကျမ်းအဖွင့်ဖြစ်၏။

ထိုမှတပါး သီဟိုဠ်တွင် ထင်ရှားသော အဋ္ဌကထာဆရာတပါးရှိသေး၏၊ သူ၏အမည်မှာ ရှင်ဗုဒ္ဓဒတ္တဖြစ်၏၊ ရှင်ဗုဒ္ဓဃောသနှင့် တခေတ်တည်းဖြစ်၍ အယူအဆ ဝါဒချင်းလည်း တူညီသည်၊ သူကား အဘိဓမ္မာ ၇ ကျမ်းလုံးကို ပေါင်းရုံးပြီး တကျမ်းတည်းဖြင့် အပြီးဖွင့်ဆို၏၊ ထိုကျမ်း၏အမည်မှာ အဘိဓမ္မာဝတာရဖြစ်၏၊ ယင်း ကျမ်းမှာ အဘိဓမ္မာအဋ္ဌကထာချုပ်ပင်ဖြစ်၏။

အဘိဓမ္မာနှင့် ပတ်သက်သော အချက်အလက်တို့ကို ကျယ်ကျယ် ပြန့်ပြန့် လေ့လာရန် အတွက် ရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာကြီး သုံးကျမ်းကို ကြည့်ရှုလေ့လာကြ၏၊ အချုပ်အားဖြင့် လေ့လာရန်အတွက် ရှင်ဗုဒ္ဓဒတ္တ၏ အဘိဓမ္မာဝတာရမည်သောအဋ္ဌကထာချုပ်ကို ကြည့်ရှုလေ့လာကြ၏၊ စင်စစ်ယင်း အဋ္ဌကထာတို့ သည်ကား ပညာရှိ ကဝိသူမှန် တို့၏ ကျက်စားရာ အာရုံများဖြစ်ကြ၏၊ ထိုကြောင့် 'နမ္မ'အမည်ရှိသော ဥပါသကာသည် သီဟိုဠ်ကျွန်း မူလသောမကျောင်း၌ သီတင်းသုံးသော ရှင်အနုရုဒ္ဓါ အထံ ချဉ်းကပ်ပြီး လူသာမန်တို့ ကြည့်ရှုလေ့လာရန်အတွက် အဘိဓမ္မာအဋ္ဌကထာငယ်တစောင် ဖွင့်ဆိုပေးပါရန် တောင်းပန်၏။

ရှင်အနုရုဒ္ဓာသည် နမ္မ အမည်ရှိသော ဒါယကာ တောင်းပန်၍ အဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသော အဘိဓမ္မာ အဋ္ဌကထာငယ်တစောင်ပြုစု၏၊ သူသည် ကျမ်းမပြုမီ ရှေးမဆွ ကလည်း အဘိဓမ္မာကျမ်းနှစ်စောင် ပြုစုခဲ့ဘူးသေး၏၊ ယင်း နှစ်စောင်မှာ နာမရူပ ပရိစ္ဆေဒ ကျမ်းနှင့် ပရမတ္ထဝိနိစ္ဆယ ကျမ်း ဖြစ်၏၊ သို့ရာတွင် ထိုကျမ်း နှစ်စောင်မှာ ဤ အဘိ ဓမ္မတ္ထသင်္ဂဟကျမ်းကဲ့သို့ ထင်ရှား ကျော်ကြားခြင်း မရှိလှ၊ ယခုအခါ အဘိဓမ္မတ္ထသင်္ဂဟကို အင်္ဂလိပ်, သက္ကတ, ဟိန္ဒီ, သီဟိုဠ်, မြန်မာ, ယိုးဒယား အစရှိသော ဘာသာတို့ဖြင့် ပြန်ဆိုပြီးဖြစ်၏။

( ၅ )

ရှေးအခါက မြန်မာတို့သည် အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌ ကထာကို လက်သန်းအဋ္ဌကထာဟု ခေါ်ကြ၏၊ နောင်အခါ တွင်ကား သင်္ဂြိုဟ်ဟုခေါ်ကြ၏၊ ဤအဋ္ဌကထာမှာသက်သာ လွယ်ကူလှပါ၍ အဘိဓမ္မာကိုလေ့လာလိုသော လူသာမန်တို့ အတွက် လွန်စွာနှစ်သက်ဖွယ်ဖြစ်ခဲ့ကြ၏၊ သို့ကြောင့် အဘိ ဓမ္မာတရားလည်းပြန့်ပွါးလာခဲ့၏၊ သို့ဖြင့် ခေတ်ကာလကြာ မြင့်သောအခါ၊ ယင်းအဋ္ဌကထာ၏အချို့သောဖွင့်ဆိုချက် တို့မှာ ခက်ခဲ၍နေကြပြန်၏၊ ထိုကြောင့် ခေတ်မီတောင်းဆို ချက်အားလျော်စွာ သာသနာနှစ်ထောင်ခုနှစ်ရာ ... ရှစ်ရာ အတွင်း လောကတွင် သီဟိုဠ်ကျွန်း ... သည်

၈၄၇၁

အဆိုပါ အဘိဓမ္မတ္ထသင်္ဂဟကို အဘိဓမ္မတ္ထ ဝိဘာဝိနီ ဋီကာ ဟူသော အမည်ဖြင့် ဖွင့်ဆိုသေး၏၊ ရှင်သုမင်္ဂလာသာမိသည် ရှင်ဗုဒ္ဓဒတ္တ၏အဘိဓမ္မာ ဝတာရအဋ္ဌကထာကိုလည်း အဘိဓမ္မာ ဝတာရာဘိနဝ ဋီကာ အမည်ဖြင့် ဖွင့်ဆို၏၊ သို့ရာတွင် အဘိဓမ္မတ္ထဝိဘာနီ ဋီကာ သာလျှင် ထင်ရှား ကျော်ကြား လူသိများ၏။

မြန်မာတို့သည် ယင်းဝိဘာဝိနီဋီကာကို ဋီကာ လက်သန်း သို့မဟုတ် လက်သန်းဋီကာဟုခေါ်ကြ၏၊ အကြောင်းကား အဆိုပါ သင်္ဂြိုဟ်လက်သန်းအဋ္ဌကထာကို ဖွင့်ဆိုသောကြောင့် ဖြစ်၏၊ ယင်းဋီကာ၏ ဖွင့်ဆိုချက် တို့ကိုလည်း နှစ်သက်ကြသည်၊ သို့ကြောင့် ဋီကာကျော် ဟုလည်း ခေါ်ကြ၏၊ ဋီကာတို့တွင် ဤလက်သန်းဋီကာသည် အကျော်အမော်ဟု ဆိုလိုခြင်းဖြစ်၏။

ယခုအခါ ဋီကာကျော်ဟု အများပင် ခေါ်ဆိုကြသော ဋီကာလက်သန်း သင်ကြားပုံနှင့်ပတ်သက်သော ရှေးအစဉ်အလာ ဖြစ်ရပ်တခုကို သာသနာ လင်္ကာရ စာတန်းမှ မဟာဓမ္မသင်္ကြံအမတ်၏ အဆိုအမိန့်ကို ကောက်နှုတ်ဖော်ပြပါဦးမည်၊ ဤတွင် သာသနာထွန်းလင်းစဉ်အခါက မြန်မာရဟန်းသံဃာတို့၏ အကြောင်းအရာ အခြေအနေတို့ကို တွေ့မြင်ကြရမည်။

ထုပါရုံဒါယကာ နရပတိမင်းကြီး လက်ထက်ဆီက ရတနာပူရအဝပြည်ထဲတွင် ကျမ်းဂန် တတ်မြောက်လှသော ရှင်မဟာအရိယဝံသ ဆရာတော် ကျော်စောထင်ရှားဖြစ်၏၊

ထိုဆရာကား ပင်းယ စကားရ-ကျောင်းမှ ရဟန်း ကောင်း ရဟန်းမြတ်တို့က ဘက်ဆင်းလာသော ပုဂံရှေးသာသနာ-နောက်သာသနာ အနွယ်အဆက်ဝင်ပေတည်း၊ ထိုဆရာသည် ပင်းယစကားရ-ကျောင်းကပင် ပါဠိ အဋ္ဌကထာ ဋီကာကျမ်း များကိုသင်ကြား၍ မိန်းမ ကိုယ်ဝန်ဆောင်တရှက်ခန့် ရှက် ဆောင်လောက်အောင် နှုတ်တက်အာဂုံရှက်ဆောင်ပါလျက် ကျမ်းဂန်တတ်သည်၊ စာတတ်သည် ဆိုသည့် သဘောကိုပင် မသိသေး၍ စစ်ကိုင်း အရပ်ဝယ် ကျမ်းဂန်တတ်သည့် ဆရာ များထံ နည်းခံမည်ဟု စစ်ကိုင်းသို့ကူးလေ၏။

ထိုရောအခါ ပုညစေတီမြောက်တွင် ကျမ်းဂန် အလွန်တတ်သော ရေငုံဘုန်းကြီး အထင်အရှားရှိသည်၊ လိုလို့ ရာရာ၊ ဟုတ်ဟုတ် ညားညား စကား မပြောလို၍ ရေကိုငုံ၍ နေလေ့ ရှိသောကြောင့် ရေငုံဘုန်းကြီး တွင်သတည်း၊ ရှင် မဟာအရိယဝံသလည်း ထို ရေငုံဘုန်းကြီးထံ စာဝါတောင်း မည်ဟုဆည်းကပ်သည်၊ ခုနစ်ရက်တိုင်အောင် စကားမပြော ရ၊ ဝတ်ဖြည့်၍သာ ပြန်ခဲ့ရသည်၊ သုံးရက်မြောက် သနေ့ သွားရေနွယ်ကို ခေါက်သည်တွင်မှ အသံကို ကြား၍ ရေကို ထွေးပြီးလျှင် မေးသဖြင့် စာဝါတောင်းမည့်အကြောင်း ဆိုသော် သင်ကြား လေ့ကျက်ပြီးသော ကျမ်းဂန်း များ ကို မေးသည်တွင် "မသင်ကြား မလေ့ကျက် ဘူးသော သင့်ရိုး ကျမ်းဂန်မရှိ"ဆရာဆိုသည်ကို "ကျမ်းဂန်တတ်သည် စာတတ် သည် ဆိုသည့်အကြောင်းကို မသိသောကြောင့် ရောက်ရပါ သည်"ဆိုလျှင် "ငါ့မှာ စာသုံးဝါပို့ရသည်၊ မှန်းယိမ်းလျှင်

ပုညစေတီသို့ တက်၍ တမြက်ဝတ်လည်း ပူရသည်၊ မအား မလတ်ပြီ၊ သို့သော်လည်း စာတတ်မှန်း မသိ ဆိုသည်ကို တမြက်ဝတ် ပျက်စေဦး ဋီကာလက်သန်းကို သင်တော့”ဟု စာဝါပေး၍ ဋီကာလက်သန်းကို သင်ရသည်။

ရေငုံဘုန်းကြီးသည် နည်းနာနယ အထူးထူး အပြားပြားကိုသင်ကြားတော်မူသည်၊ သုံးရက်မြောက်အောင် သင်ကြားပြီးလျှင် ပြသသည့်အတိုင်း ဆင်ခြင်၍ နှစ်ရက် သုံးရက် မလာနေသည်၊ ကျမ်းဂန်တတ်သည် စာတတ်သည် ဆိုသည့်အကြောင်းကိုသတိရမှအကြောင်းကိုလျှောက်မည် ရှင်မဟာအရိယဝံသ လာ၏၊ ရေငုံဘုန်းကြီးကလည်း “ပင်းယပုဂ္ဂိုလ်သည် သုံးရက်မြောက် စာသင်ပြီးလျှင် မလာ၊ မကျန်းမမာရှိလေသလော၊ ပုညစေတီအရှေ့မြောက် မန်ကျည်းပင်တောတွင် တဲဆောက်၍နေသည် ဆိုသည်၊ သွား၍ ကြည့်ရှု မေးမြန်းကြပါချေ” စာသင်တပည့်တို့ကိုစေ၏။

ထိုက အလာနှင့် သည်ကစေသူတို့ ခရီးအကြားတွင် တွေ့ကြ၍ အတူလာကြသဖြင့် ဆရာ့အထံသို့ ရောက်သော် နှစ်ရက် သုံးရက် မလာကြောင်းကို မေးသည်တွင် “ပြသောနည်းကိုမှီ၍ ဆင်ခြင်ကြံစည် သောကြောင့် စာတတ်သည် ဆိုသည့်အကြောင်းကို သိရပေပြီ” လျှောက်၏၊ ရေငုံဘုန်းကြီးကလည်း “ယင်းသို့တပြီးကား ဋီကာ လက်သန်းကို အရင်း အခ နှစ်ကမ္ပတ်လောက် သင်ကာ မျှဖြင့် စာတတ်ပေသည်၊ ရဲကျူးဇူးကိုဆပ်ပေ၊ ဋီကာလက်သန်းကိုပင် ဖွင့်လေ” ဆို၏။

ရှင်မဟာအရိယဝံသကလည်း ဆရာဆိုတိုင်း ဋီကာလက်သင်းအဖွင့် မဏိသာရမဉ္ဇူသာကျမ်းကို စီရင်၍၊ ပုညစေတီ အရှေ့မြောက်ချောက်တွင်နေ၍ စီရင်သည်၊ စာပေလည်း ပို့ချတော်မူသည်၊ တပည့် သံဃာအများ ပြန့်ပွါးစည်ပင်သည်ဟူ၏။

မဏိသာရမဉ္ဇူသာ ကျမ်းကို စီရင်စဉ် ပြီးသမျှကို သံဃာများနှင့်ဖတ်နာကြ၏၊ ထိုရောအခါ ပုဂံကဘုရားပုထိုးရှိခိုးမည်လာသည့် ပုဂ္ဂိုလ်တဦးလည်း အစွန်ကနေ၍ နာလျက် "အေး—အေး" ဟု နှစ်ကြိမ်တိုင်အောင်ဆိုသည်ကို မှတ်သားရသည်၊ တည်းနေသော အရပ်ကိုလည်း မေးစေသည်၊ ကျောင်းသို့ ရောက်၍ မှတ်ရာတွင် ကြည့်ရှု ဆင်ခြင်သော် တချက်မှာ ဝါကျလပ်သည်၊ တချက်မှာ ဠမ်ဂန္ဓ စွဲရမည်ကို ဠဒံဂန္ဓ အစွဲပျက်သည်ကိုမြင်လေ၍ "အေး-အေး" ဆိုသောပုဂ္ဂိုလ်ကိုပင့်ရလေသည်၊ ရောက်လျှင် ဤသို့ မိန့်ဆို၏။

"ငါ့ရှင် ဤကျမ်းကို ငါသည် သာမညမပြု၊ လူသံငှက်သံစဲမှ ညဉ့်ကို ပုရပိုက် ဖွင့်၍ ရေးသည်၊ လူသံငှက်သံကြားမှ နေ့ကို ပုရပိုက် အုပ်၍ နေသည်၊ သို့စဉ် ကြိုးစားအားထုတ်ပါသည်ကို 'အေး—အေး' ဆိုပြန်လေသည်။"

ဤသို့မိန့်ဆိုလျှင် အေး—အေး ဆိုသော ပုဂ္ဂိုလ် ကလည်း ဤသို့လျှောက်၏—

"အရှင်ဘုရား စီရင်ပြုစုသောကျမ်းသည် ဆိုဖွယ်အများပင်မရှိပေ၊ သူတယောက်သည် ကျောက်စစ်ကို ဆုပ်၍

တိုက်နံရံကိုပေါက်သော် တစေ့မကျန် တိုက်နံရံကိုချည်း မှန်လေသကဲ့သို့ မိန့်ဆိုသမျှ စကားသည် အလိုရှိအပ်သော အနက်အဓိပ္ပါယ်သို့ချည်း ရောက်ပလေသည်၊ ဝါကျတချက်ထပ်သည်၊ အစွဲအချက် ပျက်သည် ကိုသာ အေး–အေး ဆိုပေသည်" ဟု လျှောက် လျှင် အားရ နှစ်သက် တော်မူ၍ ကိုယ်တွင်သုံးသော ဒုကုဋ်ကို ပေးတော်မူသည်။

× × × × ×

ဤတွင် မိမိ လိုရင်း ပဓာနအချက်မှာ ဋီကာကျော်ကို ရှေးဆရာတော်တို့ ဋီကာလက်သန်းဟု ခေါ်ကြခြင်းနှင့် ယင်းဋီကာ၏အဖွင့် မဏိသာရမဉ္ဇူသာကျမ်းပေါ် ထွက်လာခြင်း အကြောင်းပင်ဖြစ်၏၊ သို့ရာတွင် ရှေးအခါက အကျော်အမော် ဆရာတော်တို့ စာပေပရိယတ်သင်ကြားပုံ့ နှုတ်တက်အာဂုံဆောင်ပုံ့ ကျမ်းဂန်ပြုစုကြပုံတို့ကိုလည်း အာရုံပြုစေလို၍ မူရင်းအတိုင်းပင် အတန်များများ ကောက်နှုတ်ဖေါ်ပြလိုက်ခြင်းဖြစ်၏။

မြန်မာတို့သည် အဘိဓမ္မာကို ကြည်ညိုလေးစားသည် အားလျော်စွာ ထို အဘိဓမ္မာ တည်းဟူသော ဘုံဗိမာန်သို့ တက်ရန် လှေခါးတန်းလှေကားသဖွယ်ဖြစ်သော အဘိဓမ္မတ္ထသင်္ဂဟကိုလေးစားမြတ်နိုးကြ၏၊ ထို့အတူပင် ယင်း သင်္ဂြိုဟ်၏ အဖွင့် ဋီကာကျော်ကိုလည်း နှစ်သက်ကြ၏၊ သို့ရာတွင် မုံရွာမြို့လယ်တီဆရာတော်ကား ပရမတ္ထဒီပနီ အမည်ရှိသော ဋီကာကျမ်းကိုစီရင်ပြီး ဋီကာကျော်၏ ဖွင့်ဆိုချက် အတော်များများကို "နသုန္ဒရံ–မကောင်း" ဟုမှတ်ချက်ချပြီး မည်သို့

ဖွင့်မှ မှန်ကန်မည်ဟု အကိုးအကား အထောက် အထားတို့ဖြင့် ရှင်းပြ၏၊ သမ္မာသမ္ဗုဒ္ဓ မတုလံ အစရှိသော ပဏာမဂါထာ တပုဒ်မှာပင် ဋီကာကျော် ဖွင့်ဆိုချက်၏ နှုသုန္ဒရံ ပေါင်း ၁၁)ခုမျှ ထုတ်ဖေါ်ထားသည်ကို တွေ့ရသည်။

လယ်တီ ဆရာတော်၏ ပရမတ္ထ ဒီပနီ သည်လည်း သင်္ဂြိုဟ် လက်သန်း အဋ္ဌကထာ အဖွင့်ပင်ဖြစ်သည်၊ သူ၏ 'နှုသုန္ဒရံ' တို့မှာ သင်္ဂြိုဟ်နှင့် တစုံတရာ ပတ်သက်ခြင်း မရှိ၊ သင်္ဂြိုဟ်ကို လွန်စွာ မြတ်နိုးသည်အားလျော်စွာ ဋီကာကျော် ဖွင့်ပြသည်တို့ကိုမကြေနပ်၍ ပရမတ္ထဒီပနီဋီကာကို စီရင်ခြင်း ဖြစ်၏၊ ဝမ်းနည်းဖွယ် ကောင်းသည်မှာ မြန်မာဖြစ် ယင်း ဋီကာကို မြန်မာတို့ဂရုမပြုကြခြင်း ဖြစ်၏။

( ၄ )

ထေရဝါဒ အဘိဓမ္မာအဋ္ဌကထာတို့တွင် ရှင်အနုရုဒ္ဓာ စီရင်သော အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ လွန်စွာထင်ရှား လူကြိုက် များသကဲ့သို့ မြောက်ပိုင်း ဗုဒ္ဓသာသနာ သဗ္ဗတ္ထိဝါဒ အဘိဓမ္မ အဋ္ဌကထာတို့တွင်လည်း ရှင်ဝသုဗန္ဓု စီရင်သည့် အဘိဓမ္မာကောသ အမည်ရှိသော ကျမ်းမှာ လွန်စွာထင်ရှား လူကြိုက်များလှ၏၊ ရှင်အနုရုဒ္ဓာသည် သင်္ဂဟကို ပါဠိဘာသာဖြင့် ဂါထာ, စကားပြေ နှစ်ထွေရောနှော၍ စီရင်၏၊ ရှင်ဝသုဗန္ဓုကား ကောသကိုသက္ကတဘာသာဂါထာသက်သက်ဖြင့် စီရင်၏၊ မြောက်ပိုင်းဗုဒ္ဓဝါဒီ တို့သည်သင်္ဂဟကိုသက္ကတဘာသာသို့ပြန်ဆိုပြီး လေ့လာနေကြ၏၊ သို့ရာတွင် တောင်

ပိုင်း ဗုဒ္ဓဝါဒီတို့သည် ကောသကို ပါဠိသို့ ပြန်ဆိုခြင်းမရှိကြ သေး၊ ထို့ကြောင့် ဤတွင် အဘိဓမ္မ ကောသမှ တရား အကျဉ်းချုပ်ကို သရုပ်မျှဖော်ပြပါမည်။

ရှင်ဝသုဗန္ဓု၏အဘိဓမ္မကောသမှာ ပရမတ္ထတရား ၅-ပါး ရှိ၏၊ ယင်းတို့မှာ—စိတ် ၁-ပါး, စိတ္တသမ္ပယုတ်၄၆-ပါး, စိတ္တ ဝိပ္ပယုတ်၁၄-ပါး,ရုပ် ၁၁-ပါးနှင့် အသင်္ခတ ၃-ပါးအားဖြင့် တရားပေါင်း ၇၅-ပါး အပြားရှိ၏၊ ဝသုဗန္ဓုသည် ဤတရား ၇၅-ပါးတို့ကို နိဒ္ဒေသပေါင်းရှစ်ပါးဖြင့် ဖွင့်ဆိုသွား၏။

၁ - ဓာတု နိဒ္ဒေသ
၂ - ဣန္ဒြိယ နိဒ္ဒေသ
၃ - လောက ဓာတု နိဒ္ဒေသ
၄ - ကမ္မ နိဒ္ဒေသ
၅ - အနုသယ နိဒ္ဒေသ
၆ - အရိယပုဂ္ဂလ နိဒ္ဒေသ
၇ - ဉာဏ နိဒ္ဒေသ
၈ - ဈာန နိဒ္ဒေသ

အဘိဓမ္မကောသသည် သက္ကတ ဘာသာ၌လည်း အည်ရှိသည်၊ မြောက်ပိုင်းက ဝေဘာသိကဂိုဏ်း သဗ္ဗတ္ထိဝါဒီ တို့၏ အဘိဓမ္မာလည်းဖြစ်၏၊ ထို့ကြောင့် အချို့က ထေရ ဝါဒနှင့်ဆန့်ကျင်သော မဟာယာနတို့၏ အဘိဓမ္မာဟု ထင် မှားနေကြ၏၊ စင်စစ် မြောက်ပိုင်းတွင် ရှိသော ထေရဝါဒီ

တို့၏ အဘိဓမ္မာပင်ဖြစ်၏၊ တောင်ပိုင်း ဗုဒ္ဓဝါဒီတို့၏ မူလစာပေမှာ ပါဠိဘာသာဖြစ်သကဲ့သို့ မြောက်ပိုင်း ဗုဒ္ဓဝါဒီတို့၏ မူလစာပေမှာ သက္ကတဖြစ်၏၊ ဘာသာ ဟူသည် အရပ်ဌာနသအားလျော်စွာဖြစ်၏၊ မြန်မာနိုင်ငံတွင် မြန်မာဘာသာဖြစ်၏၊ သီဟိုဠ်နိုင်ငံ စသည်တို့ တွင်လည်း သီဟိုဠ်ဘာသာ စသည်တို့ဖြစ်၏၊ ပဓာနအချုပ်မှာအယူဝါဒပင်ဖြစ်၏၊အယူဝါဒတူမျှလျှင် အချင်းချင်း ညှိနှိုင်းလေ့လာပါက ပိုမိုပြည့်စုံကောင်းမွန် ခိုင်လုံစေနိုင်၏။

မဟာယာနတို့၏ အဘိဓမ္မာကျမ်းမှာ "ဝိညတ္တိမတ္တတာသဒ္ဓ" ဖြစ်၏၊ ယင်းကျမ်းကို စီရင်သူမှာလည်း ရှင်ဝသုဗန္ဓုပင် ဖြစ်၏၊ သူသည် ထေရဝါဒီအဖြစ်မှ နှောင်အခါ သူ၏နောင်တော်ကြီး ရှင်အာသင်္ဂနှင့်တွေ့ဆုံပြီး မဟာယာန ဖြစ်သွား၏၊ ထိုဂိုဏ်းကို ယောဂါစာရ ဝိညာဏဝါဒီဟု ခေါ်ကြ၏၊ ဝိညတ္တိမတ္တတာ သဒ္ဓိကျမ်းမှ ပရမတ္ထ တရားလည်း အဘိဓမ္မာကောသ ကိုင်းပင် ၇၅-ပါးဖြစ်၏၊ တရားသရုပ်မှာ စိတ် ၈-ပါး, စိတ္တသမ္ပယုတ် ၅၁-ပါး, စိတ္တဝိပ္ပယုတ် ၂၄-ပါး, ရုပ် ၁၁-ပါးနှင့်အသင်္ခတ ၆-ပါးအားဖြင့်(၁၀၀)တိတိရှိ၏၊ ဗုဒ္ဓအဘိဓမ္မာကို ပြည့်ပြည့်စုံစုံ လေ့လာလိုသူများသည် ဤအဘိဓမ္မာများကို လျစ်လျူမရှုသင့်ပါ၊ အကြွင်းအကျန် မရှိရအောင် နှိုက်နှိုက်ချွတ်ချွတ် ဆည်းပူးပါလျှင် မိမိတို့လက်ရှိအဘိဓမ္မာလည်း မိုပြီး တောက်ပလာနိုင်၏။

( ၇ )

ဆက်လက်၍ ဟိန္ဒူအဘိဓမ္မာတစောင်ကို ဖော်ပြပါဦးမည်၊ ယင်းမှာ သာင်္ချဒဿနဖြစ်၏၊ ယင်း ဒဿနကို စီရင်သူမှာ ကပိလရသေ့ကြီး ဖြစ်၏၊ ဘုရားလောင်း တောထွက်စဉ်အခါက အာဠာရ ရသေ့နှင့် နှီးနှောခဲ့သော အဘိဓမ္မာမှာ ဤသာင်္ချဒဿနပင် ဖြစ်၏၊ ဤအကြောင်းကို ရှင်အဿဃောသ စီရင်သော 'ဗုဒ္ဓစရိတ'၌ တွေ့မြင်နိုင်၏၊ အာဠာရသည် ကပိလ၏ဂိုဏ်းဝင် ဖြစ်ကောင်း ဖြစ်မည်၊ ယခုအခါ ယင်း အဘိဓမ္မာမှာ ကပိလ၏ သာင်္ချဒဿနအဖြစ် ထင်ရှားနေ၏။

ကပိလသည် ဝေဒကို လက်ခံသော်လည်း ကမ္ဘာလောကကို ဘုရားသခင် ဖန်ဆင်းသည် ဆိုသော အချက်ကို မယုံကြည်၊ သူ၏အယူအဆအားဖြင့် ကမ္ဘာလောကကြီးဖြစ်ပေါ်လာသည်မှာ ပကတိနှင့် ပုရိသ သဘောတရား နှစ်ရပ် ပေါင်းစပ်သောကြောင့် ဖြစ်၏၊ ယင်းသည် သာင်္ချဒဿန၏ ပရမတ္ထတရားနှစ်ပါးပင် ဖြစ်လိမ့်မည်။

**ပကတိ** သည် စိတ်စေတနာမရှိ တူမျှသော ဂုဏ်သုံးပါးလျှင် အထည်ကိုယ်ရှိ၏၊ ဖောက်ပြန်သော ဝိကာရဂုဏ်တို့၏ ဖြစ်ကြောင်း မျိုးစေ့သဘောရှိ၏၊ ပုရိသဟူသော အတ္တနှင့် ပေါင်းစပ် မိသော အခါ ချောက်ချားဖေါက်ပြားသွားပြီး မဟာ, အဟံကာရ, ပဥ္စတမတ္တံ, ဗုဒ္ဓိန္ဒြိယ, ကမ္မိန္ဒြိယ, ဥဘယိန္ဒြိယ, ပဥ္စဘူတ-ဟူသော ဝိကာရ

ဂုဏ်တို့၏ အစဉ်ဖြင့် လောကကို ဖြစ်ပွားစေခြင်း သဘော ရှိ၏၊ အာရုံ၏ အရသာကို ခံစားတတ်၏။

**ပုရိသ** စိတ် စေတနာရှိ၏၊ ဂုဏ်သုံးပါးမရှိ၊ ဝိကာရ ဂုဏ်တို့၏ ဖြစ်ကြောင်း မျိုးစေ့သဘောမရှိ၊ မဟာအစရှိသော ဝိကာရဂုဏ်တို့၏ အစဉ်ဖြင့် လောကကို ဖြစ်ပွားစေတတ်သော သဘောမရှိ၊ အာရုံ၏ အရသာကို မခံစားတတ်။

ထိုပကတိနှင့် ပုရိသ နှစ်ပါးလုံးပင် အစ မ ရှိ သော အနာဒိပင် ဖြစ်၏၊ အဆုံး အပိုင်းအခြား မရှိသော အနန္တ ဖြစ်၏၊ ရုပ်ပုံသဏ္ဌာန်မရှိ, မပျက်မစီး အစဉ်အမြဲ နိစ္စထာဝရ ဖြစ်၏၊ သူ-ငါ ဟူသော ပရ အတ္တ မရှိ, တလောကလုံး ပျံ့နှံ့၍ နေ၏၊ ထိုသို့ အစအဆုံး မရှိခြည်း ဖြစ်သော်လည်း ပုရိသ၌ ဂုဏ်မရှိ၊ ပကတိ၌သာ ဂုဏ်ရှိ၍ ယင်းသည်သာ လောကကို ဖြစ်စေခြင်း အကြောင်းဖြစ်၏။

ဤပကတိနှင့် ပုရိသ ဟူသော သဘောတရားနှစ်ပါး သည် သူကန်းနှင့် သူကျိုးဆက်စပ်သကဲ့သို့ အချင်းချင်း ဆက်စပ်နေကြ၏၊ သူကန်းသည် သွားနိုင်သော်လည်း လမ်းကို မမြင်သည့်အတွက် သူကျိုးကို ထမ်းဆောင်ရ၏၊ သူကျိုး သည် လမ်းကို မြင်သော်လည်း မသွားနိုင်၍ သွားနိုင်သော သူကန်းကို အမှီပြုရ၏၊ ထို့အတူပင် စိတ်စေတနာမရှိသော ပကတိသည် မိမိဖြစ်ရန်အတွက် စိတ်စေတနာရှိသော ပုရိသ ကို အမှီပြု၍ ဖြစ်ရ၏၊ ဖြစ်ခြင်းသဘောမရှိသော ပုရိသသည်မိမိ ခံစားရန်အတွက် ပကတိကို အမှီပြုရ၏။

ပကတိမှာ ဂုဏ်သုံးပါးရှိ၏ဟု ဆိုခဲ့ပါသည်၊ ထိုဂုဏ်သုံးပါးမှာ သတ္တဂုဏ်, ရာဇဂုဏ်နှင့် တမဂုဏ်ဖြစ်၏၊ သတ္တဂုဏ်ဟူသည်မှာ သုခ၏အကြောင်းဖြစ်သော ဥာဏ်ဖြစ်၏၊ ရဇဟူသည်မှာ ဒုက္ခ၏အကြောင်းဖြစ်သော ရာဂဖြစ်၏၊ တမဂုဏ်ဟူသည်မှာ မောဟ၏အကြောင်းဖြစ်သော အဝိဇ္ဇာဖြစ်၏၊ ပုရိသနှင့် မပေါင်းဆုံမီ ပကတိအတိုင်း ရှိစဉ်အခါက ထိုဂုဏ်သုံးပါးတို့သည် တူမျှသော သဘောရှိ၏၊ ပုရိသဟူသော အတ္တနှင့် ပေါင်းစပ်မိသောအခါ ချောက်ချားဖေါက်ပြန်ခြင်းသို့ ရောက်၍ ဗုဒ္ဓိသတ္တဟူသော မဟာဖြစ်၍သွား၏။

ဗုဒ္ဓိသတ္တဟူသည်မှာ အသိဥာဏ် ဖြစ်၍ မဟာဟူသည်မှာ ကြီးကျယ်မြင့်မြတ်ခြင်း ဖြစ်၏၊ ယခုအခါ ပကတိ၏ ဂုဏ်သုံးပါးသည် တူမျှခြင်း မရှိတော့၊ ပုရိသနှင့် ပေါင်းဆုံမိ၍ မဟာဖြစ်သွား၏၊ မဟာသည် တဖန် အဟံကာရအဖြစ်သို့ တိုးတက်ပြောင်းလဲသွားပြန်၏၊ အဟံကာရဟူသည်မှာ ငါလုပ်သည်- ငါပြုသည် ဟူသည့် ထောင်လွှားသော အဘိမာန ဖြစ်၏။

ယင်း ထောင်လွှားမောက်မာသော အဟံကာရမာန်မာနသည် သတ္တဂုဏ် အဓိက ဖြစ်သောအခါ ဗုဒ္ဓိန္ဒြေ, ကမ္မိန္ဒြေနှင့် ဥဘယိန္ဒြေတို့ အစဉ်အတိုင်း ဖြစ်ပေါ်လာ၏။

**ဗုဒ္ဓိန္ဒြေ** ဟူသည်မှာ အသိဥာဏ်ဣန္ဒြေဖြစ်၏၊ ယင်းဣန္ဒြေတို့သည် အောက်ပါအတိုင်း ငါးပါး အပြားရှိ၏—

(၁) ကဏ္ဏ- နား
(၂) တစ- အရေ
(၃) စက္ခု- မျက်စိ
(၄) ဇိဝှာ- လျှာ
(၅) နာသိကတ နှာခေါင်း

**ကမ္မိန္ဒြေ** ဟူသည်မှာ အလုပ်လုပ်သော ကံ ဣန္ဒြေ ဖြစ်၏၊ ယင်း ဣန္ဒြေတို့လည်း အောက်ပါအတိုင်း ငါးပါး ပင် အပြားရှိ၏-

(၁) မုခ- မျက်နှာ
(၂) ဟတ္ထ- လက်
(၃) ပါဒ- ခြေ
(၄) အင်္ဂဇာတ- ကျင်ငယ်သမ်း
(၅) ဂုယှ- ကျင်ကြီးလမ်း

**ဥဘယိန္ဒြေ** ဟူသည်မှာ အလုပ်ကိစ္စ နှစ်ခုပြီးမြောက် သော ဣန္ဒြေဖြစ်၏၊ ယင်းဣန္ဒြေ၏တရားကိုယ်မှာ စိတ်ဟု ခေါ်သော 'မန' တပါးသာတည်း၊ ယင်း မနတည်းဟူသော စိတ်သည် ဉာဏနှင့်ကမ္မ-ဟူသော အလုပ်ကိစ္စနှစ်ခုကို ပြီး မြောက်စေ၏။

ဤကား အဟံကာရ မာန်မာနဥ္စ သတ္တဂုဏ် လွန်ကဲ သော အခါ ဖြစ်ပေါ်လာသော ဣန္ဒြေ သုံးမျိုးတို့ တည်း၊ ယင်း အဟံကာရဥ္စ တမဂုဏ် လွန်ကဲသောအခါ ပဥ္စတမတ္တ ဖြစ်ပေါ်လာ၏။

**ပဥ္စတမတ္တ**ဟူသည်မှာ တမ အတ္တ ငါးပါးပင် ဖြစ်၏၊ ယင်း တမတ္တငါးပါးတို့မှာ အောက်ပါအတိုင်း ဖြစ်၏—

(၁) သဒ္ဒ- အသံ
(၂) ဖဿ- အတွေ့
(၃) ရူပ- အဆင်း
(၄) ရသ- အရသာ
(၅) ဂန္ဓ- အနံ့

တဖန် ဤပဥ္စတမတ္တမှ ပဥ္စဘူတကို အစဉ်အတိုင်း ဖြစ်ပေါ်စေပြန်၏၊ ပဥ္စဘူတ ဟူသည်မှာ မဟာဘုတ် ငါးပါးပင် ဖြစ်၏၊ ယင်းတို့ ဖြစ်စဉ်မှာ အောက်ပါအတိုင်း ဖြစ်၏—

(၁) အာကာသ- ကောင်းကင်
(၂) ဝါယု- လေ
(၃) တေဇ- မီး
(၄) ဇလ- ရေ
(၅) ပထဝီ- မြေကြီး

ပဥ္စတမတ္တခေါ် တမတ္တ ငါးပါးမှ ပဥ္စဘူတခေါ် မဟာ[illegible]တ်ငါးပါး အသီးသီး ဖြစ်ပေါ်လာကြပုံ တို့မှာ အော[illegible]ပါအတိုင်း ဖြစ်၏—

သဒ္ဒ ခေါ် အသံ မှ အာကာသ ခေါ် ကောင်းကင် ဖြစ်၏။

ဖဿ ခေါ် အတွေ့ မှ ဝါယု ခေါ် လေ ဖြစ်၏။

ရူပ ခေါ် အဆင်းမှ တေဇ ခေါ် မီးဖြစ်၏။
ရသ ခေါ် အရသာမှ ဇလ ခေါ် ရေဖြစ်၏။
ဂန္ဓ ခေါ် အနံ့မှ ပထဝီ ခေါ် မြေဖြစ်၏။

သာင်္ချဒဿန၏ မူလအခြေခံ သဘောတရားမှာ ပကတိနှင့် ပုရိသ နှစ်ပါးသာ ဖြစ်၏၊ ထိုသဘောတရား နှစ်ပါးပေါင်းသင်းခြင်းကြောင့် ချောက်ချားဖောက်ပြားပြီး အထက်ဖော်ပြပါ တရားတို့ ဖြစ်ပေါ်လာကြခြင်း ဖြစ်၏၊ ထိုတွင် အချို့သည် ပကတိသာ ဖြစ်၏၊ အချို့မှာ ပကတိ နှင့် ဝိကတိ နှစ်ပါးစုံဖြစ်၍ အချို့မှာ ပကတိလည်း မဟုတ် ဝိကတိလည်း မဟုတ်။

ထိုတွင် မူလ အခြေခံဖြစ်သော ပကတိသည် ပကတိသာဖြစ်၏၊ ဝိကတိမဟုတ်၊ သို့ဖြင့် ပကတိသာ ဖြစ်သော တရားသည် ပကတိတရားတပါးသာရှိကြောင်းသိနိုင်၏။

ဗုဒ္ဓိန္ဒြေ ငါးပါး, ကမ္မိန္ဒြေငါးပါး, ဥဘယိန္ဒြေတပါး နှင့် ပဉ္စဘူတ ငါးပါးအားဖြင့် ဤ (၁၆)ပါးသော တရား တို့သည် ဝိကတိသာ ဖြစ်၏၊ ပကတိမဖြစ်။

မဟာ, အဟံကာရ နှင့် ပဉ္စတန္မတ္တ ငါးပါးအားဖြင့် ၇-ပါးသော တရားတို့သည် ပကတိလည်း ဖြစ်၏၊ ဝိကတိ လည်း ဖြစ်၏။

ပုရိသသည်ကား ပကတိလည်းမဟုတ်၊ ဝိကတိလည်း မဟုတ်၊ ပကတိ, ဝိကတိမှ လွတ်သော သီးခြားတရား တပါး ဖြစ်၏။

သာင်္ချဒဿနဏ်မူလတရားမှာ ပကတိနှင့်ပုရိသ ဟူ၍ နှစ်ပါးသာရှိ၏၊ ထိုတရားနှစ်ပါး ပေါင်းစပ်လိုက်သောအခါ မဟာ၊ အဟံကာရ အစရှိသော တရား ၂၃-ပါး ပေါက်ဖွါးလာ၏၊ သို့ဖြင့် သာင်္ချ ဒဿန တရားပေါင်း ၂၅-ပါးရှိ၏၊ ယင်း တရားတို့ကို ဆိုခဲ့သည့် အတိုင်း ပကတိသာ ဖြစ်သော တရား, ဝိကတိသာဖြစ်သော တရား, နှစ်မျိုးစုံ ဖြစ်သော တရားနှင့်နှစ်မျိုးစုံမဖြစ်သောတရားတို့အား အသီးသီးခွဲခြားဝေဖန်နိုင်ပါလျှင် လွတ်မြောက်မှု အတွက် ဝိဝေကဉာဏ်အခြေခံရမည်၊ ဝိဝေကဉာဏ်ဆိုသည်မှာ ပကတိနှင့် ပုရိသကို ခွဲခြားသိမြင်သော ဉာဏ်ပင်ဖြစ်၏။

ဆိုလိုသည်မှာ ပကတိနှင့်ပုရိသပေါင်းယှဉ်ခြင်းကြောင့် ကမ္ဘာလောက သာဝသံသရာ ဖြစ်ပေါ် လာ၏၊ ယင်းတွင် မွေးဖွါးရခြင်း, အိုမင်းရခြင်း, နာဖျားရခြင်း, သေကြေပျက်စီး ရခြင်း, စိုးရိမ် ပူဆွေး ရခြင်း, ငိုကြွေးရခြင်း အစရှိသော ဒုက္ခတို့ ပြည့်နှက်နေ၏၊ ချမ်းသာခြင်း, ဆင်းရဲခြင်း တို့ကိုလည်း ခံစားနေကြရသည်ဟုထင်နေကြ၏။

စင်စစ် ပုရိသ တည်းဟူသော မိမိအတ္တခံစားသည် မဟုတ်၊ ယင်းမှာ ခံစားတတ်သောသဘောပင်မရှိ၊ သို့ရာတွင် ငါချမ်းသာသည်, ငါဆင်းရဲသည် ဟု ထင်နေ၏၊ ယင်းသို့ထင်သည်မှာ ပကတိနှင့် ရောနှောနေ၍ဖြစ်၏၊ ရေပ်သီးနှင့် ပေါင်း၍ ကြက်သွန် အထောင်းခံရသကဲ့သို့ ဖြစ်၏။

အကယ်၍ ပကတိဟူသော ကိုယ်ကာယရုပ်ဝတ္ထုနှင့် ပုရိသတည်းဟူသောအတ္တကို ခွဲခြားလိုက်ပါလျှင် အတ္တသည်

ထိုထို သုခ, ဒုက္ခ ခံစားမှုတို့မှ လွတ်မြောက်သွားပြီး အေးချမ်းသာယာသွားမည်၊ ပကတိ ကိုယ်ကာယရုပ်ဝတ္ထု၏ သဘာဝအတိုင်း ခံစားနေခြင်းတို့ကို ပွဲကြည့်သူတယောက်ကဲ့သို့ လွတ်လပ်စွာ ကြည့်ရှုဆင်ခြင်နေလိမ့်မည်၊ ယင်းသည်ပင်လျှင် ဘဝသံသရာကမ္ဘာလောကမှ လွတ်မြောက်ခြင်း မုတ္တိဖြစ်၏၊ မောက္ခဖြစ်၏။

ဘဝသံသရာ ဖြစ်ပေါ်လာသည်မှာ ပကတိနှင့်ပုရိသဟူသော တရားနှစ်ပါး ပေါင်းဆုံခြင်းကြောင့် ဖြစ်၍ ဘဝသံသရာမှလွတ်မြောက်ရန်အတွက် ထိုတရားနှစ်ပါးကို ခွဲခြားပစ်ရပေမည်၊ ဤသည်ကား ပကတိဖြစ်၏၊ ဤသည်တို့ကား ဝိကတိဖြစ်၏၊ ပုရိသကား ထိုနှစ်ပါးမှတခြား လွတ်လပ်သော အတ္တတရားဟူ ကောင်းစွာပိုင်ပိုင် ခွဲခြားနိုင်ခြင်းသည်ပင် အဆိုပါတရားနှစ်ပါးကို ခွဲခြားပစ်သည် မည်၏။

သူကန်းနှင့် သူကျိုး နှစ်ဦးတို့ ဖက်စပ်ပြီးသွားနေရာ တဦးစီခွဲထားလိုက်သဖြင့် ခရီးဆက်လက် မသွားနိုင်သကဲ့သို့ပင် ထိုတရားနှစ်ပါးကိုခွဲခြားလိုက်က သံသရာလည်တော့မည်မဟုတ်၊ ယင်းသည်ပင် ဘဝသံသရာမှ လွတ်မြောက်ခြင်းဖြစ်သော ဟူသတတ်။

ဟိန္ဒူအဘိဓမ္မာကို ဤသို့လိပ်ပတ်လည်အောင် ဖွင့်ဆိုလိုက်သည်မှာ ဆိုခဲ့သည့်အတိုင်း မြတ်စွာဘုရား တောထွက်တော်မူစဉ် အခါက အာဠာရ ရသေ့နှင့် ဆွေးနွေး ခဲ့သောကြောင့်လည်းဖြစ်သည်၊လောကနီတိ၌ သင်ကြားတတ်မြောက်ရမည့် အတတ်ပညာတို့တွင်လည်း ဤသာင်္ချဒဿန ပါဝင်နေသောကြောင့်လည်းဖြစ်၏၊ လောကနီတိနိဿယ များစွာ

တို့တွင် သာခ်ျ, ဝိသေသိက, ယောဂတို့၏ အနက် မြန်မာပြန်ဆိုချက် တို့မှာ မှားယွင်း နေ၏၊ စင်စစ် ယင်းတို့သည် ဟိန္ဒူဒဿနခေါ် အဘိဓမ္မာများဖြစ်ကြသည်။

ဘုရားလောင်းသည် အာဠာရ ရသေ့ ရှင်းပြသော သာခ်ျဒဿနကို နာကြားပြီးနောက် ဤ သဘောတရားမျိုးတို့ဖြင့် ဘဝသံသရာမှလွတ်မြောက်မှုမရနိုင်ကြောင်းကောင်းစွာ စဉ်းစားပြီး ထိုမှ ထွက်ခွါသွား၏၊ ဘုရားလောင်း၏ ထိုဒဿနနှင့် ပတ်သက်၍ စဉ်းစား တွေးမြင်ချက် တို့ကို ဗုဒ္ဓစရိတတွင် တွေ့မြင် နိုင်၏၊ လေ့လာကြ ပါကုန်၊ သို့မှ ဗုဒ္ဓအဘိဓမ္မာ၏ သဘာဝကျခြင်းနှင့် ကြီးကျယ် မြင့်မြတ်ခြင်းတို့ကို ပိုပြီး ထင်ရှားပြတ်သားလာမည်။

( ၈ )

ဝိဟာရမေကံ အာဂမ္မ ရတ္တိံ ပတဉ္ဇလိ မတံ၊
ပရိဝတ္တေသိ သမ္ဗုဒ္ဓ ပဒံ သုပရိ မင်္ဂလံ။

ကမ္ဘာပေါ်တွင် လွန်စွာ နာမည်ကြီးသော သီဟိုဠ်မဟာဝံသမှ ဂါထာဘာပုဒ်ဖြစ်၏၊ ဤဂါထာ၏ အဓိပ္ပါယ်မှာ ရှင်ဗုဒ္ဓဃောသသည် ကျောင်း တကျောင်းသို့ ရောက်ရာ ညချမ်းအခါ ပုဒ်ပါဌ်အပြည့်အစုံ အသံညီညွတ် မှန်ကန်စွာဖြင့် ပတဉ္ဇလီ၏အယူဝါဒ ယောဂဒဿနကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြစ်၏၊ ဤရှင်ဗုဒ္ဓဃောသကား တောင်ပိုင်း ထေရဝါဒီတို့ ဦးထိပ်ထားနေကြသော အဋ္ဌကထာ ဆရာကြီးပင်တည်း၊

ထိုသူမြတ်ကြီးတို့ကား လောကတွင် ထင်ရှားသော အယူဝါဒ ဟူသမျှတို့ကို ဒိုးလိုမွှေ-ရေလိုနှောက်ပြီး နောက်မှ ဗုဒ္ဓဝါဒကို ယုံကြည်လက်ခံကြခြင်းဖြစ်၏၊ အဋ္ဌကထာ ဆရာကြီးတို့သည် အများအားဖြင့် ဝေဒသုံးကျမ်းတဖက်ကမ်းရောက် တတ်မြောက်ကျွသူများဖြစ်ကြ၏၊ ယခုအခါတွင်မူ သင်္ဂြိုဟ်မျှလောက်ကိုပင် ပေါက်ပေါက်ရောက်ရောက် မရှိဖြစ်နေကြ၏၊ သို့ကြောင့် ယင်းသင်္ဂြိုဟ်ကိုပင် ဗုဒ္ဓအဘိဓမ္မာချုပ်အမည်ဖြင့် ပြန်ဆိုရန်ကြိုးပမ်းရခြင်းဖြစ်ပါသည်။

မြန်မာတို့သည် ရှေးအခါက အဘိဓမ္မတ္ထ သင်္ဂဟကို လက်သန်းအဋ္ဌကထာဟု ခေါ်ကြ၏၊ ယခုအခါမူ သင်္ဂဟကို ပါဠိသက်ဝေါဟာရပြုလုပ်ပြီး သင်္ဂြိုဟ်ဟုခေါ်ကြ၏၊ စင်စစ် အဘိဓမ္မတ္ထသင်္ဂဟဟူသည်မှာအဘိဓမ္မာချုပ်ပင်ဖြစ်၏သင်္ဂြိုဟ် မြန်မာပြန်စာအုပ်တို့မှာ အများအပြားပင် ရှိပါသည်၊ နိဿျပြန်, စကားပြေပြန်, အဓိပ္ပာယ်ပြန် စသည်ဖြင့် အမျိုးစုံရှိနေ၏၊ သို့ပါလျက် ပြန်ဆိုပြန်သည်မှာ လွယ်ကူစွာ လေ့လာနိုင်ကြစေရန်ဖြစ်၏။

သင်္ဂြိုဟ်မှာ ကိုးပိုင်း ရှိသည်၊ တပိုင်းလျှင် မဂ္ဂဇင်းဆောင်းပါး တပုဒ်လောက်သာ ရှိသဖြင့် တကယ် လိုလို-လားလားနှင့် လေ့ကျက်ပါလျှင် အလွန်ဆုံး ကိုးရက် အတွင်းမှာပင် သဘောပေါက်ကာ ပြီးမြောက်မည်ဟု ထင်ပါသည်၊ "သဒ္ဒါမှာ ရုပ်—သင်္ဂြိုဟ်မှာ သရုပ်-"ဟု ဆိုရိုးစကား ရှိပါသည်၊ အဓိပ္ပာယ်မှာ သဒ္ဒါသင်လျှင် ရုပ်တွက်တတ်ဘို့ လိုသည်၊ သင်္ဂြိုဟ်အတွက်ကား သရုပ်ကွဲဘို့ လိုသည်၊ သရုပ်ကွဲ

ပါဠိလျှင် သင်္ဂြိုဟ်တတ်ပြီဟု ဆိုနိုင်ပါသည်၊ သို့အတွက် ဤ အဘိဓမ္မာချုပ်တွင် သရုပ်ကွဲစေရန်အတွက် ပဓာနထားပြီး စီစဉ်ထားပါသည်၊ အကယ်၍ ဇယားကွက်ကို ကြည့်တတ် ပါလျှင် တကွက်တည်းနှင့်ပင် သင်္ဂြိုဟ် သရုပ်တို့ကို အလုံးစုံ ငုံမိနိုင်လိမ့်မည်၊ သို့မဟုတ်ကလည်း ဇယားရှုပ်မည် စိုးရ၏။

စင်စစ် သရုပ်တို့မှာ ငြီးငွေ့ဖွယ် ကောင်းလှပါသည်၊ ဆေးဖော်ရန်အတွက် ရေးမှတ် ထားသော ဆေးအညွှန်းနှင့် တူလှပါသည်၊ ထို့ကြောင့် ယင်း သရုပ်တည်းဟူသော ဆေး ညွှန်းကို လိုလားနှစ်သက်စေရန်အတွက် ဆက်လျက် အကျိုး အာနိသင် တရားဓမ္မကို ပါဠိတော်တို့မှ ထုတ်ဖော် ညွှန်ပြ သွားပါမည်၊ ရှင်အနုရုဒ္ဓာ ကိုယ်တိုင်လည်း သင်္ဂြိုဟ်ကျမ်း တွင် အဘိဓမ္မာ သရုပ် ကိုကိုသာ ထုတ်ပြသည် မဟုတ်၊ သုတ္တန် အချက်အလက်တို့ဖြင့်လည်း ဝေဝေဆာဆာ ဖြစ်စေ ခဲ့သည်၊ ထိုအကြောင်းကို လယ်တီဆရာတော်ဘုရား ဤသို့ မိန့်ကြားတော်မူခဲ့ဘူးပါသည်—

> စိတ်ပိုင်း, စေတသိက်ပိုင်း, ပကိဏ်းပိုင်း, ဝီထိ
> ပိုင်း, ရုပ်ပိုင်း, ပစ္စည်းပိုင်း– ဤခြောက်ပိုင်း တို့သည်
> အဘိဓမ္မာ ၇-ကျမ်းကို အကျဉ်း ချုံးသော အပိုင်း
> တို့ ပေတည်း၊ ဘုံပိုင်း (ဝီထိမုတ်ပိုင်း) ပစ္စည်းပိုင်း,
> ကမ္မဋ္ဌာန်းပိုင်း တို့သည် သုတ္တန် ပိဋကကိုလည်း အ
> ကျဉ်း ချုံးသော အပိုင်းတို့ပေတည်း၊ ကိုးပိုင်းလုံး
> ကို သိမ်းကျုံးမိသူတို့သည် ဤဘဝမှာပင် အကျွတ်
> ရနိုင်ရန် ဓမ္မ အဆောက်အဦနှင့် ပြည့်စုံကြ ကုန်၏၊

ဤဘဝ၌ မကျွတ်ခဲ့လျှင် နတ်ပြည်၌ ကျွတ်ကြကုန်လတ္တံ့၊ ဤ သာသနာမှ ကျန်ရှိသော သူတို့သည် သာသနာနောက်ကာလ၌ ပစ္စေကဗုဒ္ဓါဖြစ်၍ ကျွတ်လွတ်ကြကုန်လတ္တံ့၊ ကျန်ရှိသော သူတို့သည် နောက်ဘုရား သာသနာ၌ ပညာဒေတဒဂ် ထက်မြက် သီးသီးအကျော်ကြီးဖြစ်၍ ကျွတ်ကြကုန်လတ္တံ့။

အဘယ်မျှ လှော့လာဖွယ် ကောင်းသော သင်္ဂြိုဟ်ပေနည်း၊ ရှေးအခါကမူ သင်္ဂြိုဟ်ကိုးပိုင်းလုံး သိမ်းကျုံးမိအောင်နှစ် အတန်ကြာကြာကြိုးစားအားထုတ်ရသည်၊ ယခုမူ ရက်ပိုင်းအတွင်းမှာပင် ကိုးပိုင်းကျိုးအောင် စီစဉ်ထားပေးသည်၊ သို့ရာတွင် ရှေး အစဉ်အလာ အတိုင်းပင် ဖြစ်၏၊ အဘိဓမ္မာ၏အမည်နာမ ဝေါဟာရ သရုပ်တို့ကို ရှေးမူအတိုင်းပင် ဖော်ထုတ်သွားပါမည်၊ ယင်းတို့ကို မြန်မာဝေါဟာရသို့ရင်း, အခြား အင်္ဂလိပ်, ကုလား စသော ဝေါဟာရတပါးသို့ချင်း ပြောင်းလဲခေါ်ဆိုချ်မဖြစ်ပါ။

ဥပမာ အဘိဓမ္မာ ဝေါဟာရမှာ လောဘ, ဒေါသ, မောဟ စသည်တို့ဖြစ်၏၊ ၎င်းတွင် လောဘ၏ မြန်မာအနက်မှာ လိုချင် တပ်မက်ခြင်းဖြစ်၏၊ သို့ကြောင့် လောဘဟုဆိုရမည့်နေရာတွင် လိုချင် တပ်မက်ခြင်းဟု ဆို၍ မဖြစ်ပါ၊ ရှေးအစဉ်အလာအတိုင်း လောဘ ခေါ်ဆိုမှဖြစ်မည်၊ ဒေါသ, မောဟ စသည့် ဝေါဟာရတို့တွင်လည်း ထို့အတူပင် ကမ္ဘာသုံး အဘိဓမ္မာ ဝေါဟာရအတိုင်းပင် သုံးစွဲသွားမည် ဖြစ်၏၊

သို့ရာတွင် အနက် အဓိပ္ပာယ်ကိုကား ဆက်လက် ဖွင့်ဆိုထားပါမည်၊ အဘိဓမ္မာ လေ့လာရာတွင် ယင်း သရုပ်နှင့် သရုပ်၏ အနက် အဓိပ္ပါယ်ကို ကောင်းစွာ သိထားဘို့ လိုပါမည်၊သို့မှ သဘောတရားကို ပိုင်ပိုင်-နိုင်နိုင် ကိုင်တွယ်နိုင်မည်။

လောကတွင် မောင်ဆိုးဟု ဆိုသူသည် ဆိုးချင်မှ ဆိုးမည်၊ ကောင်းချင် ကောင်းမည်၊ ထို့အတူ မောင်ကောင်းဟု ဆိုသူသည် ကောင်းချင်မှ ကောင်းမည်၊ ဆိုးချင် ဆိုးမည်၊ အဘိဓမ္မာမှ အကုသိုလ်, ကုသိုလ် ဝေါဟာရတို့ကား ထိုသို့ မဟုတ်ပါ၊ မိမိတို့၏ အမည်နာမ ဝေါဟာရအတိုင်း ပုံသေကားချ ကျင့်သုံးကြသည်၊ သို့ကြောင့် သူတို့၏ သရုပ်နှင့် သူတို့၏ သဘော လက္ခဏာတို့ကို ကောင်းစွာ သိထားပါလျှင် ထူးခြားစွာ အောင်မြင်နိုင်ပါသည်။

ရှင်အနုရုဒ္ဓါသည် သင်္ဂြိုဟ်တွင် အများအားဖြင့် သရုပ်၏ ဝေါဟာရတို့ကိုသာ ပဓာနထားပြီး ဖော်ပြသွား၏၊ အဘိဓမ္မာ ဝေါဟာရပုဒ်တို့၏ အနက်-အဓိပ္ပာယ်တို့ကို ဖွင့်ဆိုခြင်း မရှိပါ၊ ရှင်သုမင်္ဂလာမိ အစရှိသော ဋီကာဆရာတို့ကား အဘိဓမ္မာ သရုပ်တို့ကို ပြည့်ပြည့်-စုံစုံ ဖော်ထုတ်ခြင်း မပြုကြပါ၊ သရုပ်၏ ပုဒ်အနက် တို့ကိုသာ ရှင်းပြကြ၏၊ ဤတွင်မူ အဋ္ဌကထာနှင့် ဋီကာ ဆရာတို့၏ လုပ်ငန်း နှစ်ရပ်ကို ပေါင်းစပ် လုပ်ဆောင်ရမည် ဖြစ်ပါသည်၊ သို့ရာတွင် ပါဠိ နည်းကျ သင်္ဂြိုဟ် ဝစနတ္ထတို့နှင့် ချဲ့ထွင်ပြမည် မဟုတ်ပါ၊ ရှေးအစဉ်အလာ မြန်မာ အဘိဓမ္မာ ဝေါဟာရ ပုဒ်ကိုသာ မြန်မာလို ဖော်ထုတ်ပေးပါမည်။

ဤ အဘိဓမ္မာချုပ်တွင် သင်္ဂြိုဟ် ကိုးပိုင်းမှ သရုပ်ကို အလုံးစုံ အကုန် ဖော်ထုတ်ပြီး ယင်းတို့ကို ပါဠိတော်နှင့် အခြား အဋ္ဌကထာ ဋီကာတို့အပြင် ဟိန္ဒူဒဿန စသည်တို့ဖြင့် တန်ဆာဆင်ကာ ဖွင့်ဆိုသွားပါမည်၊ အဘိဓမ္မာ ဟူသည်မှာ စင်စစ် နက်နဲ ခက်ခဲသော သဘောတရားပင်ဖြစ်၏၊ သို့ရာတွင် လွယ်ကူစွာ လေ့လာနိုင်ကြစေရန် အထူးကြိုးစား စီစဉ်ထားပါ၍ သက်သောင့်သက်သာဖြင့် ကိုးပိုင်းလုံးကို သိမ်းကျုံးမိသူတို့ဖြစ်ကြပါလိမ့်မည်၊ လယ်တီဆရာတော်၏စကားဖြင့်ပင် ဤနိဂုံးကို ပြည်ဖုံးချချင်ပါသည်—

* ခွင့်သာတန်းမှ မရုံးချင်လျှင်
အရှုံး နှင့်ပြင် ရှိသေးရှာလိမ့်လား၊

* ခွင့်သာ ဘဲမှ မခဲချင်လျှင်
အလွဲ နှင့်ပြင် ရှိသေးရှာလိမ့်လား၊

* ခွင့်သာခိုက်မှ မလိုက်ချင်လျှင်
အမိုက် နှင့်ပြင် ရှိသေးရှာလိမ့်လား။

သော်ဇင်

# ဗုဒ္ဓအဘိဓမ္မာချုပ်

## ပဉ္စမ

ချီးကျူး ပူဇော် ထိုက်သော တရား
အရိယာ သံဃာနှင့်တကွ ဖြစ်သော
အတုမဲ့ မြတ်စွာဘုရားကို ရှိခိုးပြီး၍
အဘိဓမ္မတ္ထ သင်္ဂဟကို ဆိုပါအံ့။

ရတနာ မြတ်သုံးပါးကို ရှိခိုးပြီးနောက် အဘိဓမ္မတ္ထ သင်္ဂဟကျမ်းကို ဆိုပါမည်ဟု ပဋိညာဉ် ဝန်ခံခြင်း ဖြစ်၏၊ ရှေးအခါက ကျမ်းပြုဆရာတို့သည် ကျမ်းမပြုမီ ရှေးဦးစွာ မိမိတို့ ကိုးကွယ်သော ဘုရားကို ရှိခိုး ပူဇော်လေ့ရှိကြ၏၊ ဥပမာ မနုသမိတ်ခေါ် မနုဓမ္မသတ် ကျမ်းကို ပြုသော ဘဂုမုနိသည် ထိုကျမ်းကို မပြုမီ ရှေးဦးစွာ—“အတုမဲ့ တန်ခိုး အာနုဘော် ရှိသည့် သယမ္ဘူဖြစ်သော ဗြဟ္မာကို ရှိခိုးပြီး၍ မနု ဖဟာကြားသော အထူးထူးသော တရားကို ဆိုပါအံ့=”ဟု ပမာဏပြု၏၊ ထို့အတူပင် ရှင်အနုရုဒ္ဓာလည်း ပဉ္စာမပြုခြင်းဖြစ်၏၊ အကြောင်းကား အန္တရာယ် ပျောက်ကင်း ကျမ်း ပြီးစေခြင်း အတွက်ဖြစ်၏။

ဤကျမ်းဦး ပဏာမဖြင့် ရှင်အနုရုဒ္ဓာ၏ ကျမ်းပြုရာတွင် အဘယ်မျှ ကျွမ်းကျင်ပုံကို တွေ့နိုင်၏၊ ဤပဏာမကို

အမှတ်မဲ့ကြည့်လျှင် မြတ်စွာဘုရားကိုသာ ရှိခိုးသည်ဟု ထင်ရ၏၊ မဟုတ်ပါ—တရားနှင့် သံဃာလည်း ပါဝင်သည်၊ တရားတို့တွင်လည်း ချီးကျူး ပူဇော်ထိုက်သော တရားဖြစ်သည်၊ သံဃာတို့ တွင်လည်း အရိယာ သံဃာ ဖြစ်သည်၊ ဤရတနာ နှစ်ပါးကို မြတ်စွာဘုရား၏ ဝိသေသန ပြုလုပ်ပြီး ပူဇော်ခြင်း ဖြစ်၏။

ထို့ပြင် အဘိဓမ္မတ္ထ သင်္ဂဟ ဟူသော စကားကိုလည်း စစ်ဆေးကြည့်ပါဦး၊ စကား တလုံးတည်းဖြင့် ကျမ်းဦးအစတွင် ပဏာမပြုပြီးနောက် ပါဝင်ရမည့် အချက် သုံးချက် ပါဝင်လျက် ရှိ၏၊ ယင်းဖြင့် ကျမ်းအနက် ကိုလည်း သိရ၏၊ ကျမ်း၏အနက် ဆိုသည်မှာ ကျမ်း၏ ရည်ရွယ်ချက် ဖြစ်၏၊ အဘိဓမ္မတ္ထ သင်္ဂဟဟု ဆိုသဖြင့် ဤကျမ်းမှာ သုတ္တန် စသည် မဟုတ်၊ အဘိဓမ္မာဖြစ်ကြောင်း သိနိုင်၏၊ ထို့ပြင် ကျမ်းပြုပုံ အခြင်းအရာကိုလည်း ယင်း စကားဖြင့် သိနိုင်၏၊ အဘိဓမ္မာကို ပြဆိုရာမှာ အကျယ်မဟုတ်၊ အကျဉ်းချုပ် ဖြစ်၏၊ ထိုမှတပါး ကျမ်းအမည်လည်း ဤစကားလုံးပင် ဖြစ်၏၊ ကျမ်းဦး ပဏာမ ဂါထာတပုဒ်ဖြင့် ယင်းသို့လျှင် ရတနာ မြတ်သုံးပါးအား ရှိခိုးခြင်း၊ ကျမ်း၏ အနက်၊ ကျမ်းပြုပုံ အခြင်းအရာနှင့် ကျမ်း၏အမည် အလုံးစုံ အကုန် ပါဝင်လျက်ရှိ၏၊ အကယ်၍ ဤအချက်တို့ကို အလေးအနက် စဉ်းစားတတ်ပါလျှင် အရှင်၏ ထက်မျက်ခြင်းကို လွန်စွာ အားရ နှစ်သက်သိမ့်မည်။

# အဘိဓမ္မတ္ထ

အဘိဓမ္မာ ၇-ကျမ်း၌ မြတ်စွာဘုရား ဟောကြားသော အနက်တို့သည် ပရမတ္ထအားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူ၍ ၄-ပါး ရှိ၏။

**အဘိဓမ္မတ္ထ**— ဟူသည်မှာ အဘိဓမ္မာ၏ အနက် အဓိပ္ပါယ် အနှစ်သာရဖြစ်၏၊ အဘိဓမ္မာ၏ အနက် အဓိပ္ပါယ်ကို ဤကျမ်း နိဒါန်း၌ အတန် များပြားစွာ ဖွင့်ဆိုခဲ့ပါပြီ။

**ပရမတ္ထ**— ဟူသည်မှာ အဘိဓမ္မာ၏ အနှစ်သာရပင် ဖြစ်၏၊ ယင်းကို ဋီကာဆရာတို့က "မိမိတို့၏ သဘော လက္ခဏာမှ မဖောက်ပြန်သော အနက် သဘော ကြောင့် ပရမတ္ထ မည်၏၊ တနည်း— မြတ်သော သဗ္ဗညုတ ဉာဏ်၏ အာရုံ ဖြစ်သောကြောင့် ပရမတ္ထမည်၏" ဟု ဖွင့်ဆို ကြ၏၊ လူတို့ သမုတ်သော သစ်သား, ကြိမ်နွယ် စသော ပညတ်တို့သည် ထိုသစ်သား, ကြိမ်နွယ်စသော အဖြစ်မှ အခြား အိမ်, ကျောင်း, ခြင်းတောင်း စသော အဖြစ်သို့ ပြောင်းလဲသွားနိုင်၏၊ သို့ရာတွင် သစ်သား, ကြိမ်နွယ်တွင် ရှိသော ရုပ်ပရမတ်သည်ကား ဘယ်အခါမျှ ပြောင်းလဲမည် မဟုတ်၊ သစ်သား, ကြိမ်နွယ် စသည်တို့ တွင်လည်း ရုပ်ပင် ဖြစ်၏၊ အိမ်, ကျောင်း, ခြင်းတောင်း စသည်တို့တွင်လည်း ရုပ်ပင် ဖြစ်၏၊ ယင်းတို့ကို အခြား ဝေါဟာရ ပညတ်သို့ ဘယ်မျှ

အဆင့်ဆင့် ပြောင်းစေကာမူ ရုပ် ပရမတ် သည်ကား တစုံ တရာ ဖောက်ပြန်ပြောင်းလဲမည်မဟုတ်၊ စိတ်,စေတသိက်နှင့် နိဗ္ဗာန်တို့လည်း ထိုနည်းနှင်နှင်ပင် အပြောင်း အလဲ မရှိကြ၊ မိမိတို့၏ သဘော လက္ခဏာမှ ရွေ့ရှား သွေဖီခြင်း အလျဉ်း မရှိခြင်းကိုပင် မဖောက်မပြန်ဟု ဆိုလိုခြင်း ဖြစ်၏။

**စိတ်—** အာရုံကို သိတတ်သောကြောင့် စိတ်မည်၏၊ ထူးခြားစွာ သိခြင်းပင်တည်း၊ သိခြင်းမှာ မှန်သည် ဖြစ်စေ- မှားသည်ဖြစ်စေ မှတ်မိရုံသိသော သညာသိနှင့် ဟုတ်တိုင်းမှန်စွာ တိုးထွင်းသိသော ပညာ သိတို့မှ ထူးခြားစွာ သိခြင်းဖြစ်၏၊ ယင်း အသိကို ဝိညာဏ်သိဟု ခေါ်၏၊ 'ရဟန်းတို့ အကြင် သဘောတရားသည် ထူး၍ သိတတ်၏၊ ထို့ကြောင့် စင်စစ် ယင်း သဘော တရားကို ဝိညာဏ်ဟု ဆိုအပ်၏''ဟု မြတ်စွာဘုရား ဟောကြားချက် ရှိ၏၊ စိတ်ပိုင်းတွင် တွေ့မြင်ရမည့် စိတ်တခုယုတ် ကိုးဆယ့် အကျယ် (၁၂၁)ပါး တည်း ဟူသော ဝိညာဏက္ခန္ဓာပင် ဖြစ်၏။

"ရဟန်းတို့ ဤစိတ်သည် ပြိုးပြိုးပြက်ပြက် အရောင် လက်နေသည်၊ သို့ရာတွင် ပတ်ဝန်းကျင်မှ ညစ်နွမ်းသော တရားတို့နှင့် ပေါင်းဖေါ်မိသောကြောင့် ညစ်နွမ်းသွားရ ခြင်း ဖြစ်သည်''ဟု ဟောကြားချက်ရှိ၏၊ စိတ်၏ ပတ်ဝန်း ကျင်မှာ စေတသိက်တို့ ဖြစ်၏၊ ဤတွင် စိတ်နှင့်ပတ်သက်၍ သိမှတ်ဖွယ် အချို့ကို ဓမ္မပဒ စိတ္တဝဂ်မှ ကောက်နုတ်ဖေါ် ပြပါမည်။

လေးသမားသည် မြှားကို ဖြောင့်အောင်ပြု သကဲ့သို့ ပညာရှိသည် တုန်လှုပ်လျှပ်ပေါ် လော် လည်ခြင်း သဘောရှိလျက် စောင့်ထိန်းတားမြစ်ရန် ခက်ခဲသော စိတ်ကို ဖြောင့်အောင် ပြုရာ၏။

ရေထည်းမှ ထုတ်ဆောင်၍ ကုန်းပေါ်ပစ်ချ လိုက်သော ငါးသည် တဖျတ်ဖျတ် တုန်လှုပ်သကဲ့သို့ ကိလေသာ ရန်ကို ပယ်ရန် ကာမနယ်မှ ထုတ်ဆောင် လိုက်သော ဤစိတ်သည် တဖျတ်ဖျတ် တုန်လှုပ် နေ၏။

နှိမ်နင်းရန် ခဲယဉ်း၍ လျင်မြန်သည့် သဘော ရှိပြီး အလိုရှိရာ အာရုံ၌ ကျလေ့ရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်း၏၊ ယဉ်ကျေးသော စိတ် သည် ချမ်းသာကို ဆောင်တတ်၏။

လွန်စွာ မြင်နိုင်ခဲလျက် လွန်စွာ သိမ်မွေ့ ပြီး အလိုရှိရာ အာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် ကောင်းစွာ စောင့်ရှောက်ရာ၏၊ စောင့်ရှောက်ထားသော စိတ်သည် ချမ်းသာကို ဆောင်တတ်၏။

အဝေးသို့ သွားတတ်၍ တဦးတည်း ကျက် စားကာ အကောင်အထည် မရှိဘဲ နှလုံးသား၌ မှီတွယ်နေသော စိတ်ကို စောင့်စည်းသူသည် မာန် အနှောင်အဖွဲ့မှ လွတ်မြောက်လိမ့်မည်။

**စေတသိက်—** စိတ်၌ အမြဲ ယှဉ်သောကြောင့် စေတသိက် မည်၏၊ စိတ်၏ မူလ ပင်ကိုယ်သဘာဝမှာ သန့်ရှင်းသော ရေကဲ့သို့ အရောင်အဆင်း မရှိ၊ ဖြူစင်ကြည်လင်တောက်ပ၏၊ သို့ရာတွင် စေတသိက်တို့နှင့် စပ်ယှဉ်ရသောကြောင့် ညစ်နွမ်းရ၏၊ စေတသိက်တို့မှာ ဝေဒနာ, သညာ, သင်္ခါရဟူသော သုံးပါးအပေါင်း ဖြစ်၏၊ စိတ်သည် ဝေဒနာ၏ ခံစားခြင်း, သညာ၏ မှတ်သားခြင်း, သင်္ခါရ၏ ပြုပြင်မှုတို့ကို အတူတကွ မျှတပြီး ရယူခံစားရုံမျှမက တာဝန်လည်း ခံယူရသေး၏။

အကြောင်းကား စိတ်သည် နာမ်ခန္ဓာတို့၏ ရှေ့သွားခေါင်းဆောင် ဦးစီးဥက္ကဋ္ဌဖြစ်သော ကြောင့်တည်း။

ကုသိုလ်, အကုသိုလ်, ဟူသော သဘောမှာ စိတ်တွင် မရှိ၊ စေတသိက်တို့မှာ ရှိ၏၊ သို့ရာတွင် စိတ်က ခေါင်းဆောင်နေသဖြင့် ကုသိုလ်စိတ်, အကုသိုလ်စိတ် စသည်ဖြင့် အခေါ်ခံနေရခြင်း ဖြစ်၏၊ သန့်ရှင်းကြည်လင်နေ သော ပကတိရေထည်းတွင် အရောင် ထည့်လိုက်သော အခါ အကယ်၍ ထိုအရောင်သည် အဝါဖြစ်က ရေဝါ, အနီဖြစ်က ရေနီဟု ခေါ်သကဲ့သို့ပင်တည်း။

လယ်တီဆရာတော်က ပဋ္ဌိစ္စသမုပ္ပါဒ ဒီပနီ တွင် ဤသို့ ပုံဆောင်ပြ၏—

ကြည့်ရှုဖွယ်, နှစ်သက်ဖွယ် ကောင်းသော
အဆင်းသဏ္ဌာန် အရုပ်- အရည်တို့ကိုလည်း ခတ်
ဆေးတို့သည်သာ ထင်အောင် ပြုနိုင် ကုန် ၏၊

ကြည်လှသော ရေပကာတိနှင့် ဝိညာဏ်သည် တူ၏၊ ဆိုး၊ ဟသ်ပြဒါး စသော ဆေးတို့နှင့် စေတသိက် နာမ် တရားစုသည် တူ၏၊ ကားပေါ်၌ ကျက်သော အထည်နှင့် အာရုံ ခြောက်ပါးသည် တူ၏၊ အာရုံ ခြောက်ပါးကို ရှာမှု ယူမှု ရမှုသည်ကား ဝိညာဏ်၏ ကိစ္စတည်း၊ ဝိညာဏ် ရှာ၍ ယူ၍ ရသော အခါ တွေ့ထိမှု ခံစားမှု ကောင်းအောင် ပြုမှု မကောင်း အောင်ပြုမှု စသည်ကား စေတသိက်တို့၏ ကိစ္စ ပေတည်း။

ရုပ်-- ဖောက်ပြန်တတ်သောကြောင့် ရုပ် မည်၏၊ ဆန့် ကျင်ဖက်ဖြစ်သော အကြောင်းရှိလျှင် ဖောက် ပြန်တတ်၏၊ ဖောက်ပြန်ခြင်းသို့ ရောက်တတ်၏၊ အအေး-အပူ စသော ဆန့်ကျင်ဖက် အကြောင်းများနှင့် တွေ့ဆုံလာ လျှင် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏ဟု ဆိုလို၏၊ ကိုယ်ကာယ အသွင်သဏ္ဌာန် ပုံဟန်ပင်တည်း။

နိဗ္ဗာန်-- တဏှာမှ ထွက်မြောက် တတ်သော ကြောင့် နိဗ္ဗာန်မည်၏၊ တနည်း- ရာဂ စသော မီးအ ပေါင်း၏ ငြိမ်းအေးကြောင်း ဖြစ်သောကြောင့် နိဗ္ဗာန် မည် ၏၊ ဤတွင် ကထာဝတ္ထုမှ နိဗ္ဗာန်နှင့် ပတ်သက်၍ သမ္မာ ဝါဒီနှင့် မိစ္ဆာဝါဒီတို့ ဆွေးနွေးကြပုံကို ဖော်ပြပါမည်။

သမ္မာဝါဒီ -ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်သည် ရုပ်-နာမ် ခန္ဓာ ကွယ်ပျောက်ရာ၌ ကျန်ရှိ၍ နေရစ်သလော။

မိစ္ဆာဝါဒီ- ကျန်ရှိ၍ နေရစ်သည် မှန်ပါသည်။

(မိစ္ဆာဆရာကား ပုဂ္ဂိုလ်မည်သည် ပရိနိဗ္ဗာန် မစံမီကပင် အစဉ်ရှိ၍လာခဲ့သည်၊ ပရိနိဗ္ဗာန် စံသောအခါ၌လည်း ခန္ဓာ နာမ် ရုပ်စုသာ ချုပ်ကွယ်သည်၊ ပုဂ္ဂိုလ်မူကား ချုပ်ကွယ်သည်ဟူ၍ မရှိ၊ ရုပ် နာမ်တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်မှာ တည်ရှိ၍ နေသည်ဟု ဆိုလိုခြင်း ဖြစ်၏။)

သမ္မာဝါဒီ- ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်သည် မြဲ၍နေသလော။

မိစ္ဆာဝါဒီ- ဤသို့ မြဲ၍ နေသည်ဟူ၍ကား မဆိုအပ်။

(မိစ္ဆာဆရာသည် မိမိ၏ အလိုအားဖြင့် ပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ မြဲ၍ နေသည်ဟု ဖြေဆိုခွင့် ဆိုက်ပါလျက် သဿတဒိဋ္ဌိနှင့် ငြိသွားမည်စိုး၍ ယင်းသို့ ဖြေဆိုခြင်း ဖြစ်၏။)

မိစ္ဆာဝါဒီ– ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်သည် ရုပ်နာမ် ချုပ်ငြိမ်းရာ၌ မရှိသလော။

သမ္မာဝါဒီ—မရှိပါ။

[သမ္မာဆရာကား ပုဂ္ဂိုလ် မည်သည် ပရိနိဗ္ဗာန် မစံမီကပင် ရှိသည်မဟုတ်၊ ပရိနိဗ္ဗာန် စံပြီးသောအခါ နိဗ္ဗာန်၌ ရှိနေသည်ဟု ယူခွင့် မရှိလေသောကြောင့် မရှိဟု ဖြေဆိုခြင်း ဖြစ်၏။]

မိစ္ဆာဝါဒီ–ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်သည် နာမ်ချုပ် ချု[illegible] ပြတ်တောက် ကွယ်ပျောက်၍ သွားသလော။

သမ္မာဝါဒီ—ဤသို့ ပြတ်တောက်ကွယ်ပျောက် သွားသည်ဟု မဆိုလင့်။

[မူလကပင် မရှိသော ပုဂ္ဂိုလ်သည် ပြတ်သည်ယူ၍ ဆိုဖွယ် မရှိသောကြောင့် ယင်းသို့ မဆိုသင့်ဟု ဖြေဆိုခြင်း ဖြစ်၏၊ ပရိနိဗ္ဗာန် ပြုရာတွင် ပြတ်တောက်၍ သွားသည်ဟု ဆိုခဲ့လျှင် ပရိနိဗ္ဗာန် မစံမီမှာ ပုဂ္ဂိုလ်ရှိ၏ဟု ယူရာရောက်၏၊ ခန္ဓာပုဗ္ဗာတွင် နိဗ္ဗာန်၌ ထိုပုဂ္ဂိုလ် မရှိဟု ဖြေဆိုသည်မှာ နိဗ္ဗာန် မစံမီကလည်း မရှိ၊ စံပြီးသော အခါ၌လည်း မရှိသော ကြောင့် ဖြစ်၏။]

မိစ္ဆာဝါဒီ—ပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ မရှိ သလော။

သမ္မာဝါဒီ—မရှိပါ။

မိစ္ဆာဝါဒီ—မရှိလျှင် ပရိနိဗ္ဗာန် စံရာတွင် ထိုပုဂ္ဂိုလ် လည်း ပြတ်၍ သွားသလော။

သမ္မာဝါဒီ—ပြတ်၍ သွားသည်ဟု မဆိုအပ်။

မိစ္ဆာဝါဒီ—နိဗ္ဗာန်၌မရှိလျှင်လည်း ပြတ်ရမည်၊မပြတ် လျှင်လည်း နိဗ္ဗာန်၌ ရှိမည်၊ အဖြေသည် ရှေ့နောက် မညီ တကား။

သမ္မာဝါဒီ—ကောင်းမှုကံ, မကောင်းမှုကံ တို့၏ အ ကျိုးကို ရအပ်သောကြောင့် ထိုကံတို့၏ အကျိုးကို ခံစား သော ပုဂ္ဂိုလ်ကိုလည်း ရအပ်သလော။

မိစ္ဆာဝါဒီ—ရအပ်၏။

သမ္မာဝါဒီ—နိဗ္ဗာန်ကို ရအပ်သောကြောင့် ခံစား,စံ စားသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ကို ရအပ်သလော။

မိစ္ဆာဝါဒီ—ဤသို့ ရအပ်၏ဟု မဆိုအပ်။

[နိဗ္ဗာန် ချမ်းသာကို ခံစား, စံစား၍ နေသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ဟူ၍ မရှိဟူသော အယူအဆကား မိစ္ဆာနှင့် သမ္မာ နှစ်ဦးလုံး တူညီကြ၏။]

ဤကား ပရမတ္ထတရား လေးပါး၏ သရုပ် အကျဉ်းချုပ် ဖြစ်၏၊ ရှေ့တွင် ထိုလေးပါး တို့၏ သရုပ်ကို တပါးစီ အသီး, အသီး ဖော်ထုတ်သွားပါမည်။

## (၁) စိတ်ပိုင်း

စိတ်သည် ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်နှင့် လောကုတ္တရာစိတ် ဟူ၍ ၄-ပါး အပြား ရှိ၏။

၁။ **ကာမာဝစရစိတ်**=ကာမ(၁၁)ဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောကြောင့် ကာမာဝစရစိတ် မည်၏၊ တနည်း- ဤကာမစိတ်(၅၄)ပါးသည် ကာမတဏှာမ၏ အာရုံပြုသော အားဖြင့် ဖြစ်ရာ ဖြစ်သောကြောင့်လည်း ကာမာဝစရစိတ် မည်၏၊ ယင်း စိတ်ကို အကျဉ်းချုပ်ပြီး 'ကာမစိတ်' ဟု ခေါ်ကြ၏။

၂။ **ရူပါဝစရစိတ်**= အသညသတ် ကြဉ်သော ရူပ(၁၅)ဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောကြောင့် ရူပါဝစရစိတ် မည်၏၊ တနည်း-ဤ ရူပစိတ်(၁၅)ပါးသည် ရူပတဏှာ၏ အာရုံပြုသော အားဖြင့် ဖြစ်ရာဖြစ်သောကြောင့်လည်း ရူပါဝစရစိတ် မည်၏၊ ယင်းစိတ်ကို အကျဉ်းချုပ်ပြီး 'ရူပစိတ်' ဟု ခေါ်ကြ၏။

၃။ **အရူပါဝစရစိတ်**= အရူပ(၄)ဘုံ၌ များသော အားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောကြောင့် အရူပါ ဝစရ စိတ်မည်၏၊ တနည်း- ဤအရူပစိတ် (၁၂)ပါးသည် အရူပတဏှာ၏ အာရုံပြုသော အားဖြင့် ဖြစ်ရာ ဖြစ်သော ကြောင့် အရူပါဝစရစိတ် မည်၏၊ ယင်းစိတ်ကို အကျဉ်းချုပ် ပြီး 'အရူပစိတ်' ဟု ခေါ်ကြ၏။

၄။ **လောကုတ္တရာစိတ်**= လောက သုံးပါးမှ လွတ် မြောက် တတ် သော ကြောင့် လောကုတ္တရာစိတ် မည်၏၊ တနည်း- လောကသုံးပါးထက် လွန်ကဲမြင့်မြတ်သောကြောင့် လောကုတ္တရာစိတ် မည်၏၊ တနည်း-ဤလောကုတ္တရာစိတ် အ ကျဉ်း (၈)ပါး, အကျယ် (၄၀) သည် လောကီ စိတ်ထက် လွန်မြတ်သောကြောင့် လောကုတ္တရာစိတ် မည်၏။

[လောက သုံးပါးမှာ အထက်က အဆိုပါ ကာမ လောက, ရူပလောကနှင့် အရူပလောက ဖြစ်၏။]

စိတ်သည် ဆိုခဲ့သည့် အတိုင်း အကျဉ်း (၈၉)ပါး, အကျယ်(၁၂၁)ပါး ဖြစ်၏၊ ထိုတွင် ကာမစိတ် (၅၄) ပါး ရှိ၏၊ ယင်းတို့မှာ အကုသိုလ်စိတ် (၁၂)ပါး, အဟိတ်စိတ် (၁၈)ပါးနှင့် ကာမာဝစရ သောဘဏစိတ်(၂၄)တို့ ဖြစ်၏၊

## အကုသိုလ်စိတ် ၁၂-ပါး

အကုသိုလ်စိတ်(၁၂)ပါးမှာ လောဘ သဟဂုတ်စိတ် (၈)ပါး, ပဋိဃ သမ္ပယုတ်စိတ်(၂)ပါးနှင့် မောဟမူစိတ်(၂) ပါးတို့ဖြစ်၏။

## လောဘသဟဂုတ်စိတ် ၈-ပါ

(၁) သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက
(၂) ------------- ---------- သသင်္ခါရိက
(၃) ------------- ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက
(၄) ------------- ---------- သသင်္ခါရိက
(၅) ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက
(၆) ------------- ---------- သသင်္ခါရိက
(၇) ------------- ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက
(၈) ------------- ---------- သသင်္ခါရိက

[ကြည့်ရှုရာတွင် ရှင်းလင်းစေရန် အမည်တူ များကို မျဉ်းသားထားပါသည်၊ မျဉ်းကြောင်းတို့ကို အဆက်ပါ အတိုင်း ထုတ်ပေါ်ရေတွက် ခေါ်ဆိုရပါမည်၊ ပါဠိမှာလည်း ပါဠိနည်းဖြင့် ယင်းသို့ပင် အမည်တူ များ ကို မြှုပ်ထား ပါသည်။]

လောဘသဟဂုတ်=လောဘနှင့် တကွ ဖြစ်သော စိတ်၊ လောဘ စေတသိက်နှင့်အတူ ဖြစ်ခြင်း ပင်တည်း၊ ယင်း စိတ်ကို အကျဉ်းချုပ် အားဖြင့် 'လောဘမူစိတ်' ဟု ခေါ်ကြ၏။

သောမနဿ သဟဂုတ်= သောမနဿ ဝေဒနာနှင့် အတူ ဖြစ်ခြင်း။

ဥပေက္ခာ သဟဂုတ်=ဥပေက္ခာဝေဒနာနှင့်အတူဖြစ်ခြင်း။
ဒိဋ္ဌိဂတ သမ္ပယုတ်=မှားယွင်းသော အမြင်နှင့် ယှဉ်ခြင်း။
ဒိဋ္ဌိဂတ ဝိပ္ပယုတ်=မှားယွင်းသောအမြင်နှင့်မယှဉ်ခြင်း။
အသင်္ခါရိက = အားပေး တိုက်တွန်းမှု မပြုရခြင်း။
သသင်္ခါရိက = အားပေး တိုက်တွန်းမှု ပြုရခြင်း၊

[လောဘ သဟဂုတ်စိတ် ဖြစ်ရာ၌ နှစ်သက် ဝမ်းမြောက်ပါလျှင် သောမနဿ သဟဂုတ်ဖြစ်၏၊ လျစ်လျူရှုပါလျှင် ဥပေက္ခာ သဟဂုတ် ဖြစ်၏၊ အပြစ် မရှိပါဟု ယူဆပါလျှင် ဒိဋ္ဌိဂတ သမ္ပယုတ် ဖြစ်၏၊ အပြစ်ရှိသည်ဟု ယူဆပါလျှင် ဒိဋ္ဌိဂတ ဝိပ္ပယုတ် ဖြစ်၏၊ တိုက်တွန်းမှု မပြုရလျှင် အသင်္ခါရိက ဖြစ်၍ တိုက်တွန်းရလျှင် သသင်္ခါရိက ဖြစ်၏။]

ရဟန်းတို့ တခုသော တရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ် ဖြစ်ရေး အတွက် ငါ တာဝန် ယူ၏၊ တခုသော တရား ဟူသည် အဘယ်

နည်း၊ ရဟန်းတို့ တပ်မက်မှု လောက ဟူသော တခု သော တရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာ ဂါမ် ဖြစ်ရေးအတွက် ငါ တာဝန်ယူ၏။

အကြင် လောဘဖြင့် တပ်မက်သော သတ္တဝါတို့သည် မကောင်းသော လားရာ ဂတိသို့ လားရောက်ကြရကုန်၏၊ ထိုလောဘကို ကောင်းစွာ သိ၍ အနိစ္စ စသော အခြင်းအရာ တို့ဖြင့် ရှုသူတို့သည် ပယ်စွန့်ကုန်၏၊ပယ်စွန့်သောကြောင့် ဤလောကသို့ တရံတခါမျှမလာရောက်ကုန်။ [ဣတိဝုတ် ပါဠိတော်]

## ပဋိဃ သမ္ပယုတ်စိတ် ၂-ပါး

(၁) ဒေါမနဿ သဟဂုတ် ပဋိဃ သမ္ပယုတ် အသင်္ခါရိက
(၂) ------------- ---------- သသင်္ခါရိက

ပဋိဃ သမ္ပယုတ် = ထိပါးခြင်း ရန်ငြိုး ဖွဲ့ခြင်းနှင့် ယှဉ်သော စိတ်။

ဒေါမနဿ သဟဂုတ် = ဒေါမနဿ ဝေဒနာ နှင့် အတူ ဖြစ်ခြင်း၊ ယင်း ဒေါမနဿမှာ ဒုက္ခဝေဒနာဖြစ်၍ ဝေဒနက္ခန္ဓာ တွင် ပါဝင်၏။

ပဋိဃ သမ္ပယုတ် = ထိပါးခြင်း, ရန်ငြိုး ဖွဲ့ခြင်းနှင့် ယှဉ်ခြင်း၊ ပဋိဃမှာ ဒေါသ စေတသိက်ဖြစ်၍ သင်္ခါရက္ခန္ဓာတွင် ပါဝင်၏။

[သပုတ်ညှင်းဆဲခြင်း ပြုခိုက်မှာ သောမနဿလည်း မဖြစ်၊ ဥပေက္ခာလည်းမဖြစ်၊ ဒေါမနဿ သဟဂုတ်သာ ဖြစ်၏၊ ထို့အတူ ဒိဋ္ဌိစသည်တို့နှင့်လည်း မယှဉ်၊ ပဋိဃသာယှဉ်၏၊ ထို့ကြောင့် ပဋိဃ သမ္ပယုတ် စိတ်မှာ အခြားသော တရားတို့နှင့် အတူဖြစ်ခြင်း, ယှဉ်ခြင်းမရှိဘဲ ဒုက္ခဝေဒနာနှင့်သာအတူ ဖြစ်၍ ဒေါသစေတသိက်နှင့်သာ ယှဉ်ခြင်းဖြစ်၏၊ ယင်းစိတ်ကို အတိုချုပ်၍ ဒေါသမူ စိတ်ဟု ခေါ်ကြ၏၊ တခါတရံ ဒေါသမူဒွေးဟုလည်း ခေါ်တတ်ကြ၏။]

ရဟန်းတို့ တခုသော တရားကို ပယ်ကြကုန်လော့၊သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါတာဝန်ယူ၏၊တခုသော တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပြစ်မှားမှု ဒေါသ ဟူသော တခုသော တရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ် ဖြစ်ရေးအတွက် ငါတာဝန် ယူ၏။

အကြင် ဒေါသဖြင့် ဖျက်ဆီးခံရသော သတ္တဝါတို့သည် မကောင်းသော လားရာဂတိသို့ လားရောက်ကြရကုန်၏၊ ထိုဒေါသကို ကောင်းစွာ သိ၍ အနိစ္စစသော အခြင်းအရာ တို့ဖြင့် ရှုလူတို့သည် ပယ်စွန့် ကုန်၏၊ ပယ်စွန့်သောကြောင့် ဤ လောကသို့ တရံတခါမျှ မလာရောက်ကုန်။[ဣတိဝုတ်ပါဠိတော်]

## မောဟမူလစိတ် ၂-ပါး

(၁) ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်
(၂) ---------------- ဥဒ္ဓစ္စ သမ္ပယုတ်

မောဟမူလ = အလွန် တွေဝေ မိုက်မဲ မော သော စိတ်၊ ယင်း စိတ်ကို မောဟမူဒွေးဟုလည်း ခေါ်ဆိုကြ၏။

ဝိစိကိစ္ဆာ သမ္ပယုတ် = ယုံမှားမှု မဆုံးဖြတ် နိုင်မှုနှင့် ယှဉ်ခြင်း။

ဥဒ္ဓစ္စ သမ္ပယုတ် = အလွန် တုန်လှုပ်သောစေတသိက် နှင့် ယှဉ်ခြင်း။

ရဟန်းတို့ တခုသော တရားကို ပယ်ကြကုန် လော့၊သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါ တာဝန် ယူ၏၊ တခုသော တရား ဟူသည် အဘယ် နည်း၊ ရဟန်းတို့ တွေဝေမှု မောဟ ဟူသော ဘခုသော တရားကို ပယ်ကြ ကုန်လော့၊ သင်တို့ အနာဂါမ် ဖြစ်ရေး အတွက် ငါ တာဝန်ယူ၏၊

အကြင် မောဘဖြင့် တွေဝေသော သတ္တဝါ တို့သည် မကောင်းသော လားရာဂတိသို့ လားရောက် ကြရကုန်၏၊ ထိုမောဟကို ကောင်းစွာ သိ၍ အနိစ္စ စသော အခြင်းအရာ တို့ဖြင့် ရှုသူတို့သည် ပယ်စွန့် ကုန်၏၊ ပယ်စွန့်သောကြောင့် ဤလောကသို့ တရံ ဘခါမျှ မလာရောက်ကုန်။ [ဣတိဝုတ်ပါဠိတော်]

အကုသိုလ်စိတ် ၁၂-ပါး

- လောဘမူ (၈)
  - သောမနဿ
  - ဥပေက္ခာ
    - ဒိဋ္ဌိဂတ
      - သမ္ပယုတ်
        - အသင်္ခါရိက
        - သသင်္ခါရိက
      - ဝိပ္ပယုတ်
        - အသင်္ခါရိက
        - သသင်္ခါရိက
- ဒေါသမူ (၂)
  - ဒေါမနဿ-ပဋိဃ
    - အသင်္ခါရိက
    - သသင်္ခါရိက
- မောဟမူ (၂)
  - ဥပေက္ခာ
    - အသင်္ခါရိက
    - သသင်္ခါရိက

လောဘမူစိတ် = လောဘဟိတ် မူလအခြေခံသောစိတ်။
ဒေါသမူစိတ် = ဒေါသဟိတ် မူလ အခြေခံသော စိတ်။
မောဟမူစိတ် = မောဟဟိတ် မူလ အခြေခံသော စိတ်။

သူမိုက်သည် မိမိမိုက်သည်၏ အပြစ်ကိုသိ၏၊ ထိုသိမှုကြောင့် ပညာရှိ ဖြစ်နိုင်သေး၏၊ သူမိုက်သည် ငါ ပညာရှိဟု မိမိကိုယ်ကို ထင်မှတ်နေမှုကား စင်စစ် လူမိုက် ဟူ၍ ဆိုအပ်၏။

စပ်ရှားခံခက်သော အကျိုးရှိသည့် မကောင်းမှု အကုသိုလ်ကံကို ပြုကြကုန်သော ပညာမဲ့ ဘုမိုက်ကိုသည် မိမိသည်ပင် ရန်သူကဲ့သို့ဖြစ်၍ လှည့်လည်ကြ၏။

အကြင်ကံကို ပြုလုပ်ခြင်းကြောင့် နောင်တ တဖန် ပူပန်ရ၏၊ ထိုကံမျိုးကို ပြုလုပ် ခြင်းသည် မကောင်း၊မျက်ရည် စက်လက် ငိုကြွေးလျက် အကြင်ကံ၏ အကျိုးကို ခံစားရ၏၊ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် မကောင်း။

သူမိုက်သည် အကြင်ရွေ့မျှလောက်မကောင်းမှုသည် အကျိုး မပေးသေး၊ထိုရွေ့လောက် မကောင်းမှုကို ပျားသကာကဲ့သို့ မှတ်ထင်၏၊ အကြင် အခါ၌ကား မကောင်းမှုသည် အကျိုး ပေး၏၊ ထိုအခါ၌ ဆင်းရဲသို့ ရောက်ရ၏။ [ဓမ္မပဒ ပါဠိတော်]

## အဟိတ်စိတ် ၁၈-ပါး

အဟိတ်စိတ် (၁၈)ပါး မှာ အကုသိုလ် ဝိပါက်စိတ် ၇-ပါး, အဟိတ်ကုသိုလ် ဝိပါက်စိတ် ၈-ပါးနှင့် အဟိတ်ကြိယာ ၃-ပါးတို့ ဖြစ်၏၊ ယှဉ်ဖော်-ယှဉ်ဖက်ဟိတ် မရှိသောကြောင့် အဟိတ်မည်၏။

### အကုသိုလ် ဝိပါက် ၇-ပါး

(၁) ဥပေက္ခာ သဟဂုတ် စက္ခု ဝိညာဏ်
(၂) -------------- သောတ ဝိညာဏ်
(၃) -------------- ဃာန ဝိညာဏ်
(၄) -------------- ဇိဝှာ ဝိညာဏ်
(၅) ဒုက္ခ သဟဂုတ် ကာယ ဝိညာဏ်
(၆) ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆိုင်း
(၇) -------------- သန္တီရဏ

အကုသိုလ် ဝိပါက် = အကုသိုလ်၏ အကျိုးဖြစ်သောစိတ်။
စက္ခုဝိညာဏ် = မျက်စိ အကြည်ကို မှီ၍ ဖြစ်သောစိတ်။
သောတ ဝိညာဏ် = နား အကြည်ကို မှီ၍ ဖြစ်သောစိတ်။
ဃာန ဝိညာဏ် = နှာခေါင်းအကြည်ကိုမှီ၍ဖြစ်သောစိတ်။
ဇိဝှာ ဝိညာဏ် = လျှာအကြည်ကို မှီ၍ ဖြစ်သော စိတ်။
ဒုက္ခ သဟဂုတ် = ဆင်းရဲခြင်းနှင့် အတူတကွ ဖြစ်ခြင်း။
ကာယဝိညာဏ် = ကိုယ်ကာယအကြည်ကိုမှီ၍ဖြစ်သောစိတ်

သမ္ပဋိစ္ဆိုင်း = စက္ခုအစရှိသော ဝိညာဏ် ငါးပါးတို့ ယူပြီးသည့် အာရုံကို ခံလင့်သော အခြင်း အရာ အားဖြင့် ဖြစ်သော စိတ်။

သန္တီရဏ = သမ္ပဋိစ္ဆိုင်း ခံယူပြီးသည့် အာရုံ ငါးပါးကို ကောင်းစွာ စူးစမ်းတတ်သော စိတ်။

## အဟိတ် ကုသိုလ် ဝိပါက် ၈-ပါး

(၁) ဥပေက္ခာ သဟဂုတ် စက္ခု ဝိညာဏ်
(၂) – – သောတ ဝိညာဏ်
(၃) – – ဃာန ဝိညာဏ်
(၄) – – ဇိဝှာ ဝိညာဏ်
(၅) သုခ သဟဂုတ် ကာယ ဝိညာဏ်
(၆) ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆိုင်း
(၇) သောမနဿ သဟဂုတ် သန္တီရဏ
(၈) ဥပေက္ခာ သဟဂုတ် သန္တီရဏ

ကုသိုလ် ဝိပါက် = ကုသိုလ်၏ အကျိုးဖြစ်သော စိတ်။
သုခသဟဂုတ် = ကောင်းသောအတွေ့နှင့်တကွဖြစ်ခြင်း။

## အဟိတ် ကြိယာ ၃-ပါး

(၁) ဥပေက္ခာ သဟဂုတ် ပဉ္စဒွါရာ ဝဇ္ဇန်း
(၂) မနောဒွါရာ ဝဇ္ဇန်း
(၃) သောမနဿ သဟဂုတ် ဟသိတုပ္ပါဒ်

ကြိယာ = ပြုရုံမျှသာဖြစ်သော တရား, (ဝါ) အကျိုး ပေးခွင့်မရှိသောတရား။

ပဉ္စဒွါရာဝဇ္ဇန်း = စက္ခုအစရှိသော ဒွါရငါးပါး၌ ထင်သော အာရုံငါးပါးကိုနှလုံးသွင်းတတ်သောစိတ်။

မနောဒွါရာဝဇ္ဇန်း = မနောဒွါရ၌ ထင်လာသော အာရုံခြောက်ပါးကို ဆင်ခြင်သော စိတ်။


ဟသိတုပ္ပါဒ် = ပြုံးရယ်ခြင်းကို ဖြစ်စေတတ်သော စိတ်။

အကုသိုလ် ဝိပါက်တွင် အဟိတ် မထည့်သည်မှာ အဟိတ် အကုသိုလ် ဝိပါက်သည် အဟိတ်မှတပါး အခြားမရှိသောကြောင့် ဖြစ်၏၊ ကုသိုလ်ဝိပါက်နှင့် ကြိယာမှာ အခြားကုသိုလ်ဝိပါက်နှင့် ကြိယာတို့လည်း ရှိ၏၊ ထို ဝိပါက်, ကြိယာတို့နှင့် ကွဲပြားစေရန် ယင်းစိတ်နှစ်မျိုးမှာ အဟိတ် ထည့်ရ၏၊ အကုသိုလ်နှင့် ကုသိုလ် ဝိပါက် ဝိညာဏ်တို့ကိုလည်း အချင်းချင်း ကွဲပြားကာ စက္ခုဝိညာဏ်ဒွေး, သောတဝိညာဏ်ဒွေး, ဃာနဝိညာဏ်ဒွေး, ဇိဝှါဝိညာဏ်ဒွေး, ကာယဝိညာဏ်ဒွေး, ဟု ခေါ်ကြ၏၊ သ[illegible]ကိုလည်း သမ္ပဋိစ္ဆိုင်း


ဒွေးဟု ခေါ်၏၊ သန္တီရဏ သုံးပါးကိုမူ သန္တီရဏ သုံးပါးဟုပင် ခေါ်၍ အာဝဇ္ဇန်း နှစ်ပါးကို အာဝဇ္ဇန်း ဒွေးဟု ခေါ်၏။]

[အကုသိုလ် စိတ် ၁၂-ပါးနှင့် အဟိတ် ၁၈-ပါး အားဖြင့် (၃၀) သော စိတ် တို့ကို မလှပ မတင့်တယ်သော ကြောင့် အသောဘန စိတ်ဟု ခေါ်၏။]

ရယန်းတို့ ဝိညာဏ်သည် အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်၏၊ ဝိညာဏ်ဖြစ်ပေါ်ခြင်း၏ အကြောင်းအထော အပံ့သည်လည်း အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်၏၊ ရဟန်းတို့ အနိစ္စ, ဒုက္ခ, အနတ္တကြောင့် ဖြစ်ပေါ်လာသော ဝိညာဏ်သည် အဘယ်မှာ နိစ္စ, သုခ, အတ္တ ဖြစ်နိုင်ပါမည်နည်း၊ ရဟန်းတို့ ဤသို့ ရှုမြင်သည့် သုတ ရှိသော အရိယာတပည့်သည် ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့လျှင် တပ်မက်ခြင်းကင်း၏၊ တပ်မက်ခြင်း ကင်းသောကြောင့် လွတ်မြောက်၏၊ လွတ်မြောက်လျှင် လွတ်မြောက်ပြီဟု ဉာဏ်အမြင် ဖြစ်၏၊ ငါ့အား ဇာတိကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်ပြီးပြီ၊ ပြုရန်ကိစ္စကို ငါ ပြုပြီးပြီ၊ ဤအတွက် အခြားတပါး ပြုဖွယ် မရှိတော့ဟု သိ၏။ [သံယုတ်ပါဠိတော်]



အဟိတ်စိတ်
အကုသိုလ်ဝိပါက် (၇)
ကုသိုလ်ဝိပါက်(၈)
ကြိယာ (၃)
ဥပေက္ခာ
ဒုက္ခကာယဝိညာဏ်
ဥပေက္ခာ
သောမနဿ
စက္ခု
သောတ
ဃာန
ဇိဝှာ
ကာယ
သမ္ပဋိစ္ဆိုင်း
သန္တီရဏ
ဝိညာဏ်
အာဝဇ္ဇန်းဒွေး
ဟသိတုပ္ပါဒ်



## ကာမ သောဘန စိတ် ၂၄-ပါး

[အကုသိုလ်နှင့် အဟိတ်မှ တပါးသော စိတ်တို့သည် တင့်တယ် လှပသောကြောင့် သောဘန စိတ်တို့ မည်ကုန်၏၊ ယင်းတို့မှာ ကာမ, ရူပ, အရူပနှင့်လောကုတ္တရာ ဟူ၍ ၄-မျိုး ရှိ၏၊ ထိုတွင် ကာမ သောဘန စိတ်မှာ ကုသိုလ် ၈-ပါး, ဝိပါက် ၈-ပါးနှင့်ကြိယာ ၈-ပါးအားဖြင့်လည်း (၂၄)ပါး အပြားရှိ၏၊ ဝေဒနာ, ဉာဏ်, သင်္ခါရတို့ အပြား အားဖြင့် လည်း (၂၄)စိ အသီး-အသီး ရှိ၏၊ ဝေဒနာမှာ သောမနဿ ဝေဒနာနှင့် ဥပေက္ခာ ဝေဒနာဖြစ်၏၊ ဉာဏ်မှာ ဉာဏသမ္ပယုတ် နှင့် ဉာဏ ဝိပ္ပယုတ်ဖြစ်၏၊ သင်္ခါရမှာ အသင်္ခါရိကနှင့်သသင်္ခါ ရိက ဖြစ်၏၊ ယင်း ကာမ သောဘနစိတ် (၂၄)ကို မဟာ ကုသိုလ် ၈-ပါး, မဟာ ဝိပါက် ၈-ပါး, မဟာ ကြိယာ ၈-ပါး ဟူ၍လည်း ခေါ်ကြ၏။]

(၁) သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် အသင်္ခါရိက
(၂) – – – – – သသင်္ခါရိက
(၃) – – – ဉာဏဝိပ္ပယုတ် အသင်္ခါရိက
(၄) – – – – – သသင်္ခါရိက
(၅) ဥပေက္ခာ သဟဂုတ် ဉာဏ သမ္ပယုတ် အသင်္ခါရိက
(၆) – – – – – သသင်္ခါရိက
(၇) – – ဉာဏ ဝိပ္ပယုတ် အသင်္ခါရိက
(၈) – – – – – သသင်္ခါရိက

[ဤကား မဟာ ကုသိုလ် စိတ် ၈-ပါး သရုပ် ဖြစ်၏၊ မဟာ ဝိပါက်နှင့် မဟာ ကြိယာ တို့၏ သရုပ်တို့ ညီလည်း ထို့အတူပင် ၈-ပါးစီ အသီး-အသီး ရှိကြမည်၊ မဟာကုသိုလ် ဟူသော ခေါင်းစီးတွင် မဟာ ဝိပါက်ဟုရင်း, မဟာ ကြိယာ ဟုရင်း ပြောင်းလဲ လိုက်သဖြင့် မဟာ ဝိပါက်စိတ်နှင့် မဟာ ကြိယာ စိတ်တို့ ဖြစ်သွားကြ၏၊ ဤတွင် ကုသိုလ်ကိုကား ကာမ ကုသိုလ် သို့မဟုတ် မဟာ ကုသိုလ်ဟု ခေါ် လျှင် အဓိပ္ပါယ်ပြည့်စုံ၏၊ ဝိပါက်နှင့်ကြိယာကိုကား မဟာတပ်၍ မခေါ်လျှင် အဟိတ်နှင့် အခြား သောဘာန ဝိပါက်, ကြိယာ များ ရှိနေ၍ သဟိတ် ကာမ ဝိပါက်, သဟိတ် ကာမ ကြိယာ ဟု ခေါ်မှ ပြည့်စုံမည်။]

ကုသိုလ် = အကုသိုလ်၏ ဆန့်ကျင်ဘက် ကောင်းမှု ဖြစ်သော စိတ်။

ဝိပါက် = ကုသိုလ် ကောင်းမှု၏ အကျိုး ဖြစ်သော စိတ်။

ကြိယာ = ပြုရုံသာ ဖြစ်သော စိတ်၊ ဘုရား ရဟန္တာ တို့ ပြုသော ကုသိုလ် ကောင်းမှုများ သည် ဘဝဆက် ဖြစ်စေနိုင်သော အစကြွင်း မရှိသောကြောင့် အကျိုး ဝိပါက် မဖြစ်၊ ပြုရုံမျှသာ ဖြစ်၍ ကြိယာ စိတ်ဟု အမည် ရ၏။


ဉာဏသမ္ပယုတ် = ထိုးထွင်း သိမြင် သည့် ဉာဏ် ပညာနှင့်
ယှဉ်သော ပညိန္ဒြေ မည်ရှိသောအမောဟ
စေတသိက်နှင့် ယှဉ်သော စိတ်။

ဉာဏဝိပ္ပယုတ် = ဉာဏ် ပညာနှင့် မယှဉ်သော စိတ်။

ကောင်းမှု ပြုသူသည် ဤ ဘဝ၌လည်း နှစ်သက်ရ၏၊ တမလွန်ဘဝ၌လည်း နှစ်သက်ရ၏၊ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌လည်း နှစ်သက်ရ၏၊ ငါသည် ကောင်းမှုကို ပြုအပ်ပြီ ဟု နှစ်သက်ရ၏၊ သုဂတိ ဘုံဘဝသို့ ရောက်မူကား အလွန် နှစ်သက်ရ၏။ [ဓမ္မပဒ ပါဠိတော်]

အကြင် ရဟန္တာ ပုဂ္ဂိုလ်တို့အား ကံဟောင်း ကုန်ပြီ၊ ကံသစ် မရှိတော့ပြီ၊ လာလတ္တံ့သော ဘဝ၌ တပ်မက်သောစိတ် မရှိ၊ ပဋိသန္ဓေမျိုးစေ့ ကုန်ပြီဖြစ်၍ စည်ပင်ပြန့်ပွါးသော ဆန္ဒ မရှိ၊ ဆီမီးသည် ငြိမ်းသကဲ့သို့ ပညာရှိသော ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည် ငြိမ်းကုန်ပြီ၊ သံဃာ ဟူသော ဤရတနာသည် အမြတ်ဆုံး ဖြစ်၏။ [သုတ္တနိပါတ် ပါဠိတော်]

အကြင် မြတ်စွာဘုရားအား တစုံတခုသော လောကသို့ ခေါ်ဆောင်ရန် ပိုက်ကွန်ပမာ ငြိကပ်တတ်သော တဏှာ မရှိ၊ အပိုင်းအခြား မရှိ၊ ကျက်စားနိုင်သည့် သဗ္ဗညုတ ဉာဏ်ရှိလျက် ရာဂ စသော




ခရီး လမ်းကြောင်း မရှိသော ထိုမြတ်စွာဘုရားကို အဘယ် ခရီး လမ်းကြောင်းဖြင့် သင်တို့ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။ [ဓမ္မပဒ ပါဠိတော်]

ပေးလှူသော သူအား ကုသိုလ်ကောင်းမှု တိုးပွါး၏၊ စောင့်စည်း သူအား ရန် မပွါးနိုင်၊ ဉာဏ်ရှိသူသည် မကောင်းမှုကို ပယ်စွန့်၏၊ ထိုသို့သောသူသည် ရာဂ ဒေါသ မောဟတို့ ကုန်၍ ငြိမ်းအေး လေသည် မည်ကား။

သူတော်ကောင်းသည် ကောင်းမှုကို ပြုလွယ်၏၊ သူယုတ်သည် ကောင်းမှုကို ပြုနိုင်ခဲ၏၊ သူယုတ်သည် မကောင်းမှုကို ပြုလွယ်၏၊ အရိယာ သူတော်ကောင်းသည် မကောင်းမှုကို ပြုရန် ခဲယဉ်းစွတကား။
[ဥဒါန်းပါဠိတော်]

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော အကုသိုလ်စိတ် ၁၂-ပါး, အဟိတ်စိတ် ၁၈-ပါး, ကာမသောဘနစိတ် ၂၄-ပါး အားဖြင့် (၅၄) ပါးသော စိတ်တို့သည် ကာမာဝစရ စိတ်တို့ မည်ကုန်၏။ ဤသို့ ကာမစိတ်(၅၄)ပါးဟုလည်း ခေါ်၏၊ ထို့ပြင် ဝိပါက်စိတ် ၂၃-ပါး, ကုသိုလ်-အကုသိုလ် ၂၀ နှင့် ကြိယာ ၁၁-ပါး ရှိ၏၊ ဝိပါက် ၂၃-ပါးမှာ အဟိတ် ဝိပါက် ၁၅-ပါးနှင့် မဟာဝိပါက် ၈-ပါးဖြစ်၏၊ ကုသိုလ်-အကုသိုလ် ၂၀-မှာ မဟာကုသိုလ် ၈-ပါးနှင့် အကုသိုလ် ၁၂-ပါး ဖြစ်၏၊ ကြိယာ ၁၁-ပါးမှာ အဟိတ် ကြိယာ ၃-ပါးနှင့် မဟာကြိယာ ၈-ပါး ဖြစ်၏။



နာမ်တရား တို့သည် စိတ်လျှင် ရှေ့သွားရှိကြ ၏၊ စိတ်လျှင် အကြီးအမှူး ရှိကြ၏၊စိတ်ဖြင့် ပြီးကြ၏၊ ပြစ်မှား လိုသော စိတ်ဖြင့် အကယ်၍ပြောဆိုသော် ငြင်း, ပြုလုပ်သော်ငြင်း,ကြံစည်သော်ငြင်း တို့ကြောင့် လှည်းဘီးသည် ဝန်ဆောင် နွား၏ ခြေရာသို့ အစဉ် လိုက်သကဲ့သို့ ထို့အတူ ဆင်းရဲသည် အစဉ်လိုက်၏၊ အကယ်၍ သန့်ရှင်းကြည်လည်သော စိတ်ဖြင့် ပြော ဆို ပြုလုပ် ကြံစည်သော် ထို့ကြောင့် အရိပ်သည် အ စဉ် လိုက်သကဲ့သို့ ထိုသူသို့ ချမ်းသာသည် အစဉ် လိုက်၏။ [ဓမ္မပဒ ပါဠိတော်]

## ရူပါဝစရစိတ် ၁၅-ပါး

ရူပါဝစရ စိတ်သည် စျာန် အင်္ဂါ တို့နှင့် ယှဉ်သော အားဖြင့် ငါးပါး အပြားရှိ၏၊ ယင်းတို့မှာ ဝိတက် စသည့် စျာန်အင်္ဂါ၅-ပါး ရှိသော ပဌမစျာန်, ဝိစာရစသည့် စျာန် အင်္ဂါ ၄-ပါးရှိသော ဒုတိယစျာန်, ပီတိစသည့် စျာန် အင်္ဂါ ၃-ပါးရှိသော တတိယစျာန်, သုခ စသည့် စျာန်အင်္ဂါ ၂-ပါး ရှိသော စတုတ္ထစျာန်နှင့် ဥပေက္ခာ စသည့် စျာန်အင်္ဂါ ၂-ပါး ပင် ရှိသော ပဥ္စမ စျာန် ဖြစ်၏၊ သို့ရာတွင် ယင်း စျာန်တို့မှာ ကုသိုလ် ဝိပါက်, ကြိယာ အားဖြင့် (၁၅) ပါး ဖြစ်၏။

## ရူပကုသိုလ် ၅-ပါး

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ဝိတက် | ဝိစာရ | ပီတိ | သုခ | ဧကဂ္ဂတာနှင့်တကွ | | ပဌမစျာန် |
| ၂။ | × | — | — | — | —— | — | ဒုတိယစျာန် |
| ၃။ | × | × | — | — | —— | — | တတိယစျာန် |
| ၄။ | × | × | × | — | —— | — | စတုတ္ထစျာန် |
| ၅။ | × | × | × | ဥပေက္ခာ—— | | — | ပဉ္စမစျာန် |

[ရူပ ဝိပါက်နှင့် ကြိယာတို့လည်း ထို့အတူပင် ၅-ပါး စီ အသီး-အသီး ရှိကြ၏၊ ရူပ ကုသိုလ် ဟူသော ခေါင်းစီး တွင် ရူပဝိပါက်ဟူရင်း, ရူပကြိယာဟူရင်း ပြောင်းလဲ ထည့် ပြီး ကုသိုလ်ကဲ့သို့ပင် သရုပ်များကို ရေတွက်ရပါမည်။]

စျာန် = ကသိုဏ်း စသော အာရုံကို စူးစိုက် ကာ ကြည့်ခြင်း။

စျာန်အင်္ဂါ = စျာန်၏ အစိတ် အပိုင်း၊ ယင်းကို စျာန်ဟု ခေါ်၏။

ဝိတက်စျာန် = တိုင်းမှိုင်း တွေဝေသော ထိန—မိဒ္ဓ မဖြစ်အောင် ဖယ်ခွာပစ်ပြီး ကသိုဏ်း စသော အာရုံသို့ စိတ်အစဉ် ရောက် အောင် တင်ပေးသော စျာန်အင်္ဂါ။

ဝိစာရစျာန် = အာရုံ၌ကောင်းစွာမတည်၊ အသိသိ ယုံမှားတတ်သော ဝိစိကိစ္ဆာ မဝင်

အောင် ဖယ်ခွာ ပစ်ပြီး ကသိုဏ်း
စသော အာရုံကို အထပ်ထပ်သုံးသပ်
သော စျာန် အင်္ဂါ။

ဝိစာရစျာနင် = အာရုံကို မနှစ်သက်သော ဗျာပါဒ
နီဝရဏကို စိတ် အစဉ်မှာ မဝင်လာ
အောင် ဖယ်ခွာပစ်ပြီး ဝိတက်ကတင်
ပေး၍ ဝိစာရက အထပ်ထပ် သုံးသပ်
သော အာရုံပေါ်မှာ လွန်စွာ နှစ်
သက်သော စျာန် အင်္ဂါ။

သုခစျာနင် = တုန်လှုပ် လှုပ်တက် မငြိမ်သက်သော
ဥဒ္ဓစ္စနှင့် နောင်တ တဖန် ပူပန်သော
ကုက္ကုစ္စ နီဝရဏတို့ စိတ် အစဉ်မှာ
မဝင် လာအောင် ဖယ်ခွာ ပစ်ပြီး
အာရုံ၏အရသာကို မြိန်ရှက်စွာခံစား
၍ စိတ်ကို ပြည့်ဖြိုး တိုးပွားစေသော
စျာန် အင်္ဂါ။

ဧကဂ္ဂတာ စျာနင် = ကာမဂုဏ်ကို နှစ် သက် သော
ကာမစ္ဆန္ဒ နီဝရဏကို စိတ် အစဉ်မှာ
မ ဝင် လာ အောင် ဖယ်ခွာ ပစ်ပြီး
အာရုံပေါ်၌ တည်တန့် စေသော
စျာန် အင်္ဂါ။

ဥပေက္ခာ ဈာန် = သုခ ကဲ့သို့ပင် ငြိမ်သက်အေးမြခြင်း သဘော ရှိသောကြောင့် သုခဈာန်ကဲ့သို့ပင် ဥဒ္ဓစ္စ, ကုက္ကုစ္စ နီဝရဏတို့၏ ဆန့်ကျင်ဖက် ဖြစ်သော ဈာန်အင်္ဂါ။

ရူပစိတ် (၁၅)

ကုသိုလ် (၅) ဝိပါက် (၅) ကြိယာ (၅)

(၁) ပဌမ ဈာန် (ဈာနင် ၅-ပါး)
(၂) ဒုတိယ ဈာန် (ဈာနင် ၄-ပါး)
(၃) တတိယ ဈာန် (ဈာနင် ၃-ပါး)
(၄) စတုတ္ထ ဈာန် (ဈာနင် ၂-ပါး)
(၅) ပဉ္စမ ဈာန် (ဈာနင် ၂-ပါး)

အကြင် ပုဂ္ဂိုလ်သည် မိစ္ဆာ ဝိတက် ငြိမ်းခြင်း၌ သာ မွေ့လျော်၏၊ သတိ ရှိသည်ဖြစ်၍ ဇေခါ ခပ်သိမ်း အသုဘ အာရုံကို ပွား၏၊ ဤပုဂ္ဂိုလ်သည် မာရ်၏ အနှောင် အဖွဲ့ကို ကင်းအောင်ပြု၏၊မာရ်၏ အနှောင် အဖွဲ့ကို ဖြတ်၏။

ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်မှုလုံ့လကြောင့် ပညာပွားရာ၏၊ အားထုတ်မှု လုံ့လမရှိခြင်းကြောင့် ကြောင့် ပညာ ကုန်ခန်း၏၊ ပညာ ပွားခြင်း, ပညာ ဆုတ်ယုတ်ခြင်း၏ ဤခရီး လမ်းနှစ်သွယ်ကို သိ၍ အ ကြင် လမ်းဖြင့် ပညာ တိုးပွား၏၊ ထိုလမ်းဖြင့် မိမိ ကိုယ်ကို သိမ်းသွင်းရာ၏။

သင်သည် ယခုအခါ ဖျော့တော့သော ဖက် ရွက် လျော်ကဲ့သို့ ဖြစ်ခဲ့ပြီ၊ သေမင်း တမန် တို့သည် လည်း သင်၏ အနီး၌ တည်ကုန်ပြီ၊ ဆုတ်ယုတ် ပျက် စီးခြင်း၏ အစ၌သည်း တည်ခဲ့ပြီ၊ သင့်အား ရိက္ခာ လည်း မရှိ။

ထို သင်သည် မိမိ၏ မှီရာ ကျွန်းနှင့် တူသော ကောင်းမှုကို ပြုလော့၊ လျင်မြန်စွာ အားထုတ်၍ ပညာရှိသူ ဖြစ်လေလော့၊ အညစ်-အကြေးကို ပယ် ထုတ်၍ ကိလေသာ မရှိခဲ့မူ အရိယာတို့ နေရာ သုဒ္ဓါ ဝါသဘုံသို့ ကပ်ရောက်ရလတ္တံ့။ [ဓမ္မပဒပါဠိတော်]

## အရူပါဝစရ စိတ် ၁၂-ပါး

အာရုံ၏ အပြားအားဖြင့် ၄-ပါး ရှိသော အရူပါဝစရ စိတ်သည် ကုသိုလ်, ဝိပါက်, ကြိယာ အားဖြင့် (၁၂) ပါး အပြား ရှိ၏၊ အာရုံမှာ ကောင်းကင် ပညတ် အာရုံ, ပဌမာရုပ္ပ ဝိညာဏ် အာရုံ, နတ္ထိဘာဝပညတ် အာရုံနှင့် တတိယာရုပ္ပ ဝိညာဏ် အာရုံတို့ ဖြစ်၏။

## အရူပ ကုသိုလ် ၄-ပါး

(၁) အာကာသာနဉ္စာယတန စျာန်
(၂) ဝိညာဏဉ္စာယတန စျာန်
(၃) အာကိဉ္စညာယတန စျာန်
(၄) နေဝသညာနာသညာယတန စျာန်

[ဤကား အရူပ ကုသိုလ်စိတ် ၄-ပါးတည်း၊ ထို့အတူ ဝိပါက်နှင့် ကြိယာလည်း ၄-ပါးစီ အသီး-အသီး ရှိ၏၊ ကုသိုလ် ဟူသော ခေါင်းစီတွင် ဝိပါက် သို့မဟုတ် ကြိယာဟု ပြောင်း၍ လဲ လိုက်ပါလျှင် ဝိပါက်စိတ် ၄-ပါးနှင့် ကြိယာစိတ် ၄-ပါး တို့အသီး-အသီး ဖြစ်သွားမည်။]

အာကာသာနဉ္စာယတန = အဆုံး မရှိသော ကောင်းကင်ပညတ်ကို အာရုံပြုသော ပဌမာရုပ္ပ ဈာန်စိတ်၊ ပဌမ အရူပ ဈာန်ပင်တည်း။

ဝိညာဏဉ္စာယတန = ပဌမာရုပ္ပ ဝိညာဏ်ကို အာရုံပြုသော ဒုတိယာရုပ္ပ ဈာန်စိတ်၊ ဒုတိယ အရူပ ဈာန် ပင်တည်း။

အာကိဉ္စညာယတန = ပဌမာရုပ္ပ ဝိညာဏ် မရှိကြောင်းဖြစ်သော နတ္ထိဘော ပညတ်ကို အာရုံပြုသော တတိယာ ရုပ္ပ ဈာန်စိတ်၊ တတိယ အရူပ ဈာန် ပင်တည်း။

နေဝသညာနာသညာယတန = တတိယာ ရုပ္ပ ဝိညာဏ်ကို အာရုံပြုသော စတုတ္ထာ ရုပ္ပ ဈာန် စိတ်၊ အရူပဈာန် ပင် တည်း။

အရူပစိတ် (၁၂)

ကုသိုလ်(၄) ဝိပါက်(၄) ကြိယာ(၄)

(၁) အာကာသာနဉ္စာယတန ဈာန်
(၂) ဝိညာဏဉ္စာယတန ဈာန်
(၃) အာကိဉ္စညာယတန ဈာန်
(၄) နေဝသညာနာသညာယတန ဈာန်

[ရူပစိတ် ၁၅-ပါးနှင့် အရူပစိတ် ၁၂-ပါး အားဖြင့် (၂၇)ပါးသောစိတ်တို့ကို မဟဂ္ဂုတ်စိတ်ဟု ခေါ်၏၊ လောကီစိတ်တို့တွင် ဤစိတ်(၂၇)ပါးသည် ကြီးကျယ်မြင့်မြတ်သောကြောင့် ဖြစ်၏၊ လောကီစိတ်မှာ(၈၁)ပါးရှိ၏၊ ယင်းတို့မှာ ကာမစိတ် ၅၄-ပါးနှင့် မဟဂ္ဂုတ်စိတ် ၂၇-ပါးတို့ ဖြစ်၏။]

ရဟန်းတို့ အကြင် ရဟန်းသည် လက်ဖျစ် တတွက် ကာလမျှ လောက်လည်း ဩဒါတ ကသိုဏ်းကို အကယ်၍ ပွားများအံ့၊ ရဟန်းတို့ ဤရဟန်းကို ဈာန်တရားနှင့် မကင်းဆိတ်ဘဲ နေသောသူဟု ဆိုသင့်၏၊ ဗုဒ္ဓသာသနာကို ထမ်းဆောင်သူဟု ဆိုသင့်၏၊ အဆုံးအမ ဩဝါဒကို လိုက်နာပြုကျင့်သူဟု ဆိုသင့်၏၊ ပြည်သူတို့၏ ဆွမ်းကို အချည်းနှီး မဖြစ်စေဘဲ စားသုံးသူ

ဟု ဆိုသင့်၏၊ ရဟန်းတို့ ကြိမ်ဖန် များစွာ ပွားများသော်ကား အဘယ် ဆိုဖွယ် ရှိတော့အံ့နည်း။

ရဟန်းတို့ ပဌမစျာန်ကိုလည်း အမှီပြု၍ အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါ ဟောကြား၏၊ ရဟန်းတို့ ဒုတိယ, တတိယ, စတုတ္ထ, ပဥ္စမ စျာန်ကိုလည်း အမှီပြု၍ အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါဟောကြား၏၊ အာကာသာနဉ္စာယတန စျာန်, ဝိညာဏဉ္စာယတနစျာန်, အာကိဉ္စညာယတန စျာန်, နေဝသညာနာသညာယတန စျာန်ကိုလည်း အမှီပြု၍ အာသဝေါ တရား တို့၏ ကုန်ခြင်းကို ငါ ဟောကြား၏။ [အင်္ဂုတ္တရ ပါဠိတော်]

အိမ်ကို မကောင်းသဖြင့် မိုးသည်ရှိသော် မိုးရေပေါက် ဝင်နိုင်သကဲ့သို့ စိတ်ကို ကောင်းစွာ မပွားမထုံအပ်သည် ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏၊ အိမ်ကို ကောင်းစွာ မိုးသော် မိုးရေ မဖောက် မဝင်နိုင် သကဲ့သို့ စိတ်ကို ကောင်းစွာ ပွား-ထုံ အပ်သည် ရှိသော် ရာဂသည် မဖောက်ဝင်နိုင်။

အကြင် ပညာရှိတို့သည် သမထ စျာန်၌ လေ့ကျက် အားထုတ်ကြ[illegible]၊ [illegible]ကာမမှ ထွက်မြောက်မှုကိ[illegible]ငြိမ်းမှု၌ မွေ့[illegible]ကြ၏၊ သစ္စာတရားကို ကောင်းစွာ သိကြလျက် [illegible] လွန်ကဲသော ဆိုပညာရှိ တို့အား နတ်ပြဟ္မာတို့ ချစ်မြတ်နိုးကြ၏။

[ဓမ္မပဒ ပါဠိတော်]

ချွန်၌ မွေ့လျော်သော ရဟန်းသည် လှည့်
လည် သွားလာခြင်းဖြင့် ခြေ လျှပ်ပေါ်သူ မဖြစ်ရာ၊
ကုက္ကုစ္စမှ ရှောင်ကြဉ်ရာ၏၊ မမေ့-မလျော့ရာ၊ အသံ
တိတ်ဆိတ်သော နေရာ အိပ်ရာတို့၌ နေရာ၏။

[သုတ္တနိပါတ် ပါဠိတော်]

## လောကုတ္တရာ စိတ် ၈-ပါး

လောကုတ္တရာ ကုသိုလ် စိတ်သည် မဂ် ၄-ပါး ၏ အပြား အားဖြင့် ၄-ပါးရှိ၏၊ ထို့အတူ လောကုတ္တရာ ဝိပါက် စိတ်သည် ထိုကုသိုလ်၏အကျိုးဖလ ဖြစ်သောကြောင့် ၄-ပါး အပြားရှိ၏၊ ယင်းသို့လျှင် လောကုတ္တရာ စိတ်သည် ကုသိုလ် တည်းဟူသော မဂ်စိတ် ၄-ပါးနှင့် ဝိပါက်ဖြစ်သော ဖိုလ်စိတ် ၄-ပါး အားဖြင့် (၈) ပါး အပြား ရှိ၏။

## လောကုတ္တရာကုသိုလ် ၄-ပါး

(၁) သောတာပတ္တိ မဂ်
(၂) သကဒါဂါမိ မဂ်
(၃) အနာဂါမိ မဂ်
(၄) အရဟတ္တ မဂ်

လောကုတ္တရာ ဝိပါက် ၄-ပါး

(၁) သောတာပတ္တိ ဖိုလ်
(၂) သကဒါဂါမိ ဖိုလ်
(၃) အနာဂါမိ ဖိုလ်
(၄) အရဟတ္တ ဖိုလ်

မဂ် = နိဗ္ဗာန်ကို ရှာမှီးခြင်း၊ တနည်း—ကိလေသာတို့ကို သတ်ဖြတ်ဖယ်ရှားပြီး နိဗ္ဗာန်သို့ သွားခြင်း။

ဖိုလ် = အကြောင်းတရားဖြစ်သော မဂ်ကြောင့် ဖြစ်ပေါ်သော အကျိုး ဖလ။

သောတာပတ္တိ = အရိယာမဂ်သို့ ရှေးဦးစွာ ရောက်ခြင်း။

သကဒါဂါမိ = တကြိမ် ပဋိသန္ဓေနေသည်၏ အစွမ်းဖြင့် လူ့ပြည်သို့ လာခြင်း။

အနာဂါမိ = ပဋိသန္ဓေ၏ အစွမ်းဖြင့် ဤကာမဘုံသို့ မလာခြင်း။

အရဟတ္တ = ပူဇော် အထူးကိုခံထိုက်ခြင်း, ကိလေသာတို့ကို ပယ်သတ်ခြင်း, မကောင်းမှုပြုရန် ဆိတ်ကွယ်ရာ မရှိခြင်း။

မြတ်သော လောကုတ္တရာ တရားကို မမြင်ဘဲ အနှစ်တရာ ပတ်လုံး အသက် ရှည်ရခြင်းထက် မြတ်

သော လောကုတ္တရာ တရားကို မြင်သော ပုဂ္ဂိုလ်၏ တရက်မျှ အသက် ရှည်ရခြင်းသည် မြတ်၏။

အကြင်သူသည် ကိလေသာငြိမ်း၏၊ ဣန္ဒြေကို ဆုံးမပြီး ဖြစ်၏၊ မဂ်လေးပါးဖြင့် မြဲ၏၊ မြတ်သော အကျင့်ရှိ၏၊ အလုံးစုံသော သတ္တဝါတို့၌ လက်နက်ကို ပစ်ချထားသည် ဖြစ်၍ မေတ္တာဖြင့် အညီ အမျှ ကျင့်၏၊ ထိုသူသည် အဝတ် တန်ဆာ ဆင်စေကာမူ ဗြဟ္မဏ မည်၏၊ သမဏ မည်၏၊ ဘိက္ခု မည်၏။

မြေတပြင်လုံး၌ ဧကရာဇ်မင်းဖြစ်ရသည်ထက် ၎င်း၊ နတ်ပြည်-ဗြဟ္မာ့ပြည်သို့ရောက်ရသည်ထက်၎င်း၊ တလောကလုံးကို အစိုးရသည်ထက်၎င်း သောတာပန် ဖြစ်ရခြင်းက မြတ်၏။ [ဓမ္မပဒ ပါဠိတော်]

ဤစိတ်ပိုင်းအစတွင် စိတ်သည် ကာမာဝစရစိတ်၊ ရူပါဝစရစိတ်၊ အရူပါဝစရစိတ်နှင့် လောကုတ္တရာ စိတ်ဟူ ၄-ပါး အပြား ရှိကြောင်း ဆိုခဲ့ပါသည်၊ ထိုတွင် ကာမစိတ်သည် (၅၄)ပါး အပြားရှိ၏၊ ရူပစိတ်သည်(၁၅)ပါး အပြားရှိ၏၊ အရူပ စိတ်သည်(၁၂)ပါး အပြားရှိ၏၊ လောကုတ္တရာ စိတ်သည်(၈)ပါး အပြား ရှိ၏၊ ပေါင်း စိတ် ပြာ့ ကိုးဆယ်(၈၉)ဖြစ်၏၊ ဤခွဲဝေနည်းသည် ဘုံအားဖြင့် ခွဲဝေသောကြောင့် ဘူမိဘေဒ မည်၏။

ယင်း စိတ် တခုယုတ် ကိုးဆယ်ကို ဇာတိဘေဒ အားဖြင့် လည်း ခွဲဝေနိုင်၏၊ ဇာတိဘေဒ ဟူသည်မှာ အကုသိုလ်ဇာတ်၊

ကုသိုလ်ဇာတ်, ဝိပါက်ဇာတ်, ကြိယာဇာတ် အားဖြင့် သရုပ်ခွဲခြင်း ရေတွက်ခြင်း ဖြစ်၏။

အကုသိုလ်ဇာတ်မှာ လောဘမူစိတ် ၈-ပါး, ဒေါသမူစိတ် ၂-ပါးနှင့် မောဟမူစိတ် ၂-ပါး အားဖြင့် (၁၂) ပါး ဖြစ်၏။

ကုသိုလ်ဇာတ်မှာ မဟာကုသိုလ် ၈-ပါး, ရူပကုသိုလ် ၅-ပါး, အရူပ ကုသိုလ် ၄-ပါးနှင့်လောကုတ္တရာကုသိုလ်၄-ပါး အားဖြင့် (၂၁)ပါး ဖြစ်၏။

ဝိပါက် ဇာတ်မှာ အဟိတ် ဝိပါက် ၁၅-ပါး, မဟာဝိပါက် ၈-ပါး, ရူပဝိပါက်၅-ပါး, အရူပ ဝိပါက် ၄-ပါးနှင့် လောကုတ္တရာ ဝိပါက် ၄-ပါး အားဖြင့် (၃၆)ပါး ဖြစ်၏။

ကြိယာဇာတ်မှာ အဟိတ်ကြိယာ ၃-ပါး, မဟာကြိယာ ၈-ပါး, ရူပ ကြိယာ ၅-ပါးနှင့် အရူပ ကြိယာ ၄-ပါးအားဖြင့် (၂၀) ဖြစ်၏။

ဤကား စိတ်အကျဉ်းတခုယုတ် ကိုးဆယ် ဖြစ်၏၊ ထိုမှတပါး ပညာရှိများသည် စိတ်ကို ၁၂၁-အထိ ချဲ့ကြသေး၏၊ လောကုတ္တရာစိတ် ၈-ပါးကို ဈာန် ၅-ပါးဖြင့် ပွားခြင်းပင် ဖြစ်၏၊ လောကုတ္တရာစိတ် တပါးလျှင် ဈာန် ငါးပါးစီ အသီး-အသီး ပွားလိုက်သဖြင့် ရှစ်ငါးလီ ၄၀-ဖြစ်သွား၏။

## သောတာပတ္တိမဂ် ၅-ပါး


(၁) ပဌမ ဈာန် သောတာပတ္တိမဂ်
(၂) ဒုတိယ ဈာန် သောတာပတ္တိမဂ်
(၃) တတိယ ဈာန် သောတာပတ္တိမဂ်
(၄) စတုတ္ထ ဈာန် သောတာပတ္တိမဂ်
(၅) ပဉ္စမ ဈာန် သောတာပတ္တိမဂ်

ကြွင်းသော မဂ်စိတ် သုံးပါးနှင့် ဖိုလ်စိတ် လေးပါး တို့၌လည်း ထို့အတူပင် ဈာန် ငါးပါးစီ အသီး အသီး ရှိ၍ လောကုတ္တရာစိတ် ရှစ်ပါးသည် (၄၀) ဖြစ်သွား၏။

ထို့ကြောင့် စိတ်အကျယ် ၁၂၁—ပါး ဖြစ်သွားရာ ယင်းတို့မှာ လောကီစိတ် ၈၁-ပါးနှင့် လောကုတ္တရာစိတ် ၄၀—တို့ဖြစ်၏။

ရူပါဝစရ စိတ်နှင့် လောကုတ္တရာ စိတ်ကို ပဌမ ဈာန် အစရှိသော အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့် ဆို သကဲ့သို့ အရူပါဝစရ စိတ်ကိုလည်း ဥပေက္ခာ, ဧကဂ္ဂတာ နှင့် ယှဉ်ခြင်းကြောင့် ပဉ္စမ ဈာန် အဖြစ်ဖြင့် ယူအပ်၏။

ဆိုလိုသည်မှာ ပဉ္စမဈာန်၏ ဈာန် အင်္ဂါမှာ ဥပေက္ခာ နှင့် ဧကဂ္ဂတာ နှစ်ပါး ဖြစ်၏၊ ထို့အတူ အရူပါဝစရ ဈာန် ၁၂-ပါးတို့သည်လည်း ဥပေက္ခာ, ဧကဂ္ဂတာနှင့် ယှဉ်ခြင်း ကြောင့် ယင်း အရူပါဝစရ ဈာန်လည်း ပဉ္စမ ဈာန် ဖြစ်၏ ဟူသတည်း။


(၀၂)
(၂၄)
(၂၆)
(၄၂၄)

ထို့ကြောင့် ပဌမဈာန် စသော ဈာန်တို့မှာ ၁၁ ပါးစီ ဖြစ်၍ ပဌမဈာန်ကား ၂၃-ပါး အပြား ရှိ၏၊ ယင်း ၂၃-ပါးမှာ ရူပါဝစရ ပဌမဈာန် ၃-ပါး, အရူပါဝစရ ပဌမဈာန် ၁၂-ပါးနှင့်လောကုတ္တရာပဌမဈာန် ဂ-ပါးဖြစ်၏။

လောကကို စိတ်သည် ဆောင်အပ်၏၊ စိတ်သည် ဆွဲငင်၏၊ စိတ်ဟု ဆိုအပ်သော တခုသော တရား၏ အလိုသို့ အလုံးစုံပင် အစဉ်လိုက်ကြ၏။

ရဟန်းတို့ သင်တို့သည် လှည့်လည် ပြသသော ပန်းချီကားကို မြင်ဘူးကြသလော။

ရဟန်းတို့ ဆန်းကြယ်လှစွာသော ထိုပန်းချီကားကိုလည်း စိတ်ဖြင့် သာလျှင် ကြံစည်အပ်၏။

ရဟန်းတို့ ဆန်းကြယ်လှစွာသော ထိုပန်းချီကားထက် စိတ်သည်သာလျှင် လွန်စွာ ဆန်းကြယ်လှ၏။

ရဟန်းတို့ ဆန်းကြယ်လှသော တိရစ္ဆာန်များစွာ ရှိ၏၊ ထိုတိရစ္ဆာန်တို့ထက် ဆန်းကြယ်သော အမျိုးကို ငါ မမြင်ဘူး။

ရဟန်းသို့ ထိုတိရစ္ဆာန် သတ္တဝါတို့ကိုလည်း စိတ်ဖြင့် သာလျှင် ဆန်းကြယ်အောင် ပြုအပ်ကုန်၏။

ရဟန်းတို့ ထိုသတ္တဝါမျိုးထက်လည်း စိတ်ကသာလျှင် လွန်စွာ ဆန်းကြယ်လှ၏။

[ သံယုတ်ပါဠိတော် ]

ဤတွင် ဗုဒ္ဓအဘိဓမ္မာချုပ် စိတ်ပိုင်း ပြီးပါပြီ။

## ၂—စေတသိက် ပိုင်း

ပရမတ္ထတရားလေးပါးတို့တွင် ပဌမဆုံးဖြစ်သော စိတ်ပရမတ်ကို ပြဆိုပြီး၍ ယခုအခါ ဒုတိယမြောက် ဖြစ်သော စေတသိက် ပရမတ်ကို ပြဆိုပါမည်၊ ၁စေတသိက်တို့ စိတ်၌ အမြဲယှဉ်ကြသည်မှာ စိတ်နှင့် အတူဖြစ်ခြင်း, အတူချုပ်ခြင်း, အာရုံတူခြင်း, မှီရာတူခြင်း ဟူသော အင်္ဂါ ၄-ရပ်ဖြင့် အမြဲတွဲစပ်နေခြင်း ဖြစ်၏၊ ယင်းစေတသိက်တို့သည် ရာသီ အားဖြင့် အညသမာန်းရာသီ,အကုသလ ရာသီနှင့်သောဘန ရာသီဟူ၍ ၃-ပါး ရှိ၏။

အညသမာန်း ရာသီတွင် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါးနှင့် ပကိဏ်း စေတသိက် ၆-ပါး ဟူ၍ (၁၃)ပါး အပြား ရှိ၏။

အကုသလ ရာသီတွင်မူ အကုသိုလ် စေတသိက် (၁၄)ပါး ရှိ၏။

သောဘန ရာသီတွင် သောဘန သာဓာရဏ စေတသိက်၁၉-ပါး, ဝိရတိစေတသိက် ၃-ပါး, အပ္ပမညာ စေတသိက် ၂-ပါးနှင့် ပညိန္ဒြေ စေတသိက် ၁-ပါးအားဖြင့် (၂၅)ပါး ရှိ၏။

## အညသမာန်း ရာသိ

### သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါး

အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသောကြောင့် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် မည်၏၊ ယင်း စေတသိက်သည် ဖဿ စသည်ဖြင့် ၇-ပါး အပြား ရှိ၏။

(၁) ဖဿ— တွေ့ထိ တတ်သောကြောင့် ဖဿ မည်၏၊ ဤစေသိက်ဖြင့် သမ္ပယုတ် တရားတို့သည် တွေ့ထိသောကြောင့်လည်း ဖဿ မည်၏၊ တွေ့ထိခြင်း ဆိုသည်မှာ အာရုံ၏ ကောင်းသော အရသာ, မကောင်းသော အရသာသို့ ဆိုက်ရောက်အောင် ထိထိ-ခိုက်ခိုက် ယူခြင်း ဖြစ်၏၊ ဖဿ၏ တွေ့ထိခြင်းမှာ ရုပ်တရားတို့၏တွေ့ထိခြင်းမျိုး မဟုတ်၊ တစုံတယောက် ချဉ်သီး စားသည်ကို မြင်ရာတွင် ဝံတွေး ယိုခြင်း စသည် အခါမျိုး၌ ယင်းသဘော ထင်ရှား၏၊ ပွဲသဘင် စသည် ကြည့်ရှုရာတွင် ထိမိသည့် သဘောမျိုး ပင်တည်း၊ အာရုံ အမျိုးမျိုးကို စွဲ၍ ဖဿလည်း အမျိုးမျိုး ရှိ၏။

(၂) ဝေဒနာ— ခံစား တတ် သော ကြောင့် ဝေဒနာ မည်၏၊ အာရုံ၏ အရသာကို ခံစားခြင်း ဖြစ်၏၊ ဤတရားဖြင့် သတ္တဝါ အပေါင်းတို့သည် သာယာဖွယ်, မသာယာဖွယ်ကို ရကြသော ကြောင့်လည်း ဝေဒနာမည်၏၊ စိတ်-စေတသိက် တရားမှန်သမျှ အာရုံ၏ အရသာကို ခံစားခြင်း သဘောရှိကြ၏၊ သို့ရာတွင် ထို တရားတို့သည် မိမိတို့၏ ကိစ္စအသီးသီးရှိကြ၍ ဝေဒနာကဲ့သို့ ပိုင်ပိုင်-

နိုင်နိုင် ခံစားနိုင်ခြင်းမရှိကြ၊ ဝေဒနာကား ဤ ခံစားခြင်းကိစ္စတရပ်သာ ရှိ၏။

(၃) သညာ— နောက်ထပ်တဖန် သိရန် အမှတ် ပြုတတ်သောကြောင့် သညာ မည်၏၊ တစုံတခုသော အရာဝတ္ထု၌ နောက်ထပ်တဖန် သိရန်အတွက် အမှတ်ပြုခြင်း သဘောပင်တည်း၊ မြတ်စွာဘုရား သည်လည်း— "ရဟန်းတို့ မှတ်၍—မှတ်၍ သိတတ်သောကြောင့် သညာမည်၏၊ ဘယ်သို့ မှတ်သနည်း ဟူမူ အညိုကိုလည်း မှတ်၏၊ အရွှေကိုလည်း မှတ်၏" ဟုဟောတော်မူ၏။

(၄) စေတနာ— နှိုးဆော် စေ့ဆော် တတ်သောကြောင့် စေတနာမည်၏၊ မိမိနှင့် အတူတကွ ဖြစ်သော သမ္ပယုတ် တရားတို့ကို ထိုထို အာရုံကိစ္စတို့၌ အညီအညွတ် အစဉ် တစိုက် မိမိ-မိမိတို့ အစွမ်းသတ္တိဖြင့် ဆောင်ရွက်ကြရန် နှိုးဆော် တိုက်တွန်းသော တရားဖြစ်၏၊ အဋ္ဌသာလိနီ၌ ယင်းစေတသိက်ကို မိမိကိစ္စအတွက်လည်း ဆောင်ရွက် ပြုလုပ်ရပြီး သူတပါး တို့ကိုလည်း နှိုးဆော် တိုက်တွန်းရသော တပည့်ကြီးနှင့်တူကြောင်း ဖွင့်ဆို၏၊ မြတ်စွာဘုရားသည် ယင်း စေတနာကိုပင် ကံ ဟု ဟောကြား၏။

(၅) ဧကဂ္ဂတာ— အာရုံ တခုတည်းဟု ဆိုအပ်သော အဘို့အစုရှိသောကြောင့် ဧကဂ္ဂတာ မည်၏၊ အာရုံမပြား တသားတည်း တသိုတည်း စူးစိုက် တည်ကြည်သော စိတ်၏ အဖြစ်ကြောင့် ဧကဂ္ဂတာ မည်၏၊ ယင်း စေတသိက်သည် လေငြိမ်ရာ၌ ထွန်းသော မီးနှင့် တူ၏ဟု အဋ္ဌကထာ၌ ဖွင့်ဆို၏၊ သမာဓိဟုလည်း ခေါ်၏။

(၆) ဗီဝိတိန္ဒြေ— ဤ တရားဖြင့် ယှဉ်ဖက် ဖြစ်သော သမ္ပယုတ် တရားတို့အသက်ရှင်သော ကြောင့် ဇီဝိတ မည်၏၊ သမ္ပယုတ် တရားတို့၏ အသက် ရှင်ကြောင်းလည်း ဖြစ်၍ နာမ်တရား တို့ကိုလည်း အစိုးရသော ကြောင့် ဇီဝိတိန္ဒြေ မည်၏၊ စိတ် အစဉ်သည် မပြတ်-မလပ် ချုပ်ပျက်နေသော်လည်း ဤစေတသိက် အတွက် ထပ်ကာ-ထပ်ယာ အဖန်ဖန် ရှင်ပြန်၍ ဆက်စပ် ဖြစ်ပေါ်နေမှုကိုပင် အသက်ရှင်သည်ဟု ခေါ်၏၊ ဇီဝိတိန္ဒြေသည် ကြာကို အစဉ် စောင့်ရှောက်သော ရေနှင့်တူ၏။

(၇) မနသိကာရ— နှလုံး သွင်း တတ် သော ကြောင့် မနသိကာရ မည်၏၊ သင့်တင့်သော အားဖြင့် အာရုံ၌ စိတ်အစဉ် ကိုင်းညွတ်အောင် ပြုမှုကို ယောနိသော မနသိကာရဟု ခေါ်၏၊မသင့်-မတင့်အားဖြင့် ပြုမှုကို အယောနိသော မနသိကာရဟု ခေါ်၏၊ ယင်း စေတသိက်သည် အာရုံ၌ စိတ်ကိုရင်း,စိတ်၌အာရုံကိုရင်း ဖက်စပ် ယှဉ်တွဲ ထည့်သွင်းတတ်၏၊ ရထားထိန်းသည် မြင်းတို့ကို ရထား၌ ညီညွတ်စွာ က၍ မောင်းနှင်သကဲ့သို့ ယင်းစေတသိက်သည်လည်း သမ္ပယုတ် တရားတို့ကို အာရုံတင်၍ မောင်းနှင်၏ ဟု အဋ္ဌကထာ၌ ဖွင့်ဆို၏။

## ပကိဏ်း စေတသိက် ၆-ပါး

သောဘနစိတ်, အသောဘန စိတ်တို့၌ ပြိုးပြွမ်း ရောနှော၍ ယှဉ်သောကြောင့် ပကိဏ်းစေတသိက် မည်၏၊ ယင်းစေတသိက်သည် ဝိတက်စသည်ဖြင့် ၆-ပါး အပြားရှိ၏။

(၁) ဝိတက်— ထွေထွေ-လာလာ ကြံစည် တတ် သောကြောင့် ဝိတက် မည်၏၊ အာရုံ တခုခုပေါ်သို့ မိမိလည်း တက်ရောက်၍ သမ္ပယုတ် တရား တို့ကိုလည်း တက်ရောက်နိုင်အောင် တင်ပေးခြင်းပင်တည်း၊ အာရုံတခုမှ သက်ဆင်း၍ အာရုံ တ ခုပေါ်သို့ရောက်အောင် တက်ခြင်းကိုပင် ကြံစည်သည်ဟု ခေါ်ဆို၏၊ ဝိတက်သည် အာရုံသစ် တခုသို့ တက်ရောက်လျှင် သမ္ပယုတ် တရား တို့လည်း လိုက်၍ တက်ကြ၏၊ ထို့ကြောင့် သမ္ပယုတ် တရား တို့ကို ဝိတက် ကပင် အာရုံသို့ တင်ပေးသည် မည်၏။

(၂) ဝိစာရ— မိမိလည်း အာရုံ၌ တရစ်ဝဲဝဲဖြစ်၍ သမ္ပယုတ် တရား တို့ကိုလည်း တရစ်ဝဲဝဲ ဖြစ်စေတတ်သောကြောင့် ဝိစာရမည်၏၊ ဝိတက် တင်အပ်သော အာရုံ၏ သဘော သဘာဝ အခြင်းအရာကို ကောင်းစွာ ထင်ရှား ပေါ်လာစေရန် ထိုအာရုံ၌ အဖန်တလဲလဲ သုံးသပ်သော အနေအားဖြင့် ဖြစ်မှုပင်တည်း၊ ဝိတက် နှင့် ဝိစာရ၏ ထူးခြားချက်မှာ ဝိတက်သည် ရှန့်ရင်း ကြမ်းတမ်း၏၊ ရှေ့သွား

ဖြစ်၏၊ အာရုံ တခုခု၌ စိတ်၏ ရှေးဦးစွာ ရပ်နား ကျရောက်မှု ဖြစ်၏၊ ရှေးဦးစွာ တီးခတ်သော ခေါင်းလောင်းသံနှင့် တူ၏၊ ဝိစာရကား နှုးညံ့ သိမ်မွေ့၏၊ ဝိတက်၏ နောက်လိုက် ဖြစ်၏၊ အာရုံ၌ စိတ်ကို နှောင်ဖွဲ့ထားတတ်၏၊ အဆင့်ဆင့် ညီးညူသော ခေါင်းလောင်းသံနှင့် တူ၏။

(၃) အဓိမောက္ခ— အာရုံ၌ သက်ဝင် ဆုံးဖြတ်ခြင်းသည် အဓိမောက္ခ မည်၏၊ မှားသည် ဖြစ်စေ, မှန်သည်ဖြစ်စေ မတွန့် မဆုတ် ကျွတ်ကျွတ် လွတ်လွတ် သက်ဝင် ဆုံးဖြတ်နိုင်ခြင်းသည် အဓိမောက္ခ၏ အမှတ်လက္ခဏာတည်း၊ အာရုံ၌ ခိုင်မြဲသောကြောင့် ကျောက်စာတိုင်နှင့် တူ၏ဟု အဋ္ဌကထာ၌ ဖွင့်ဆို၏။

(၄) ဝီရိယ— ရဲရင့်သူ၏ ဖြစ်ရာ ဖြစ်ကြောင်း သဘောတရားသည် ဝီရိယ မည်၏၊ ဝီရိယနှင့် ပြည့်စုံသူသည် ဘယ်အမှုကိစ္စမျိုးမဆို မပြီးမနေ ဆောင်ရွက် ပြုလုပ်လေ့ရှိ၏၊ ယင်း စေတသိက်၏ အထောက်အပံ့ရသော သမ္ပယုတ်တရားတို့သည် အခါခပ်သိမ်း တွန့်ဆုတ်ခြင်း မရှိဘဲ အလုပ်ကိစ္စ ပြီးမြောက်ရေး ၌သာ ပြုလုပ် ဆောင်ရွက်မည့် အနေ၌ ဖြစ်ကြ၏၊ ယင်းကို လုံ့လ ဥဿာဟ ဝါယမ ဟုလည်း ခေါ်ကြ၏။

(၅) ပီတိ— ကိုယ်စိတ် နှစ်ပါးကို နှစ်သက် ပြည့်ဖြိုး ပွားတိုး စေတတ် သောကြောင့် ပီတိ မည်၏၊ အားရနှစ်လို့ ပျို့စေခြင်း နှစ်သက် အားရခြင်း သဘော ရှိသောကြောင့် ထိုပီတိနှင့် ပြည့်စုံသူသည် ကားကား စွင့်စွင့်ပွင့်သော ပန်းကဲ့သို့ရင်း, အညစ်အကြေး ကင်းသော လဝန်း ကဲ့သို့ရင်း, လှပတင့်တယ် ရှုစဖွယ်သော ကိုယ်စိတ်ရှိ၏။

(၆) ဆန္ဒ— အာရုံကို လိုလား တောင့်တ သောကြောင့် ဆန္ဒမည်၏၊ ပြုလို-ဖြစ်လိုခြင်း ပင်တည်း၊ ယင်းဆန္ဒသည် အာရုံကို အလို ရှိသော်လည်း တဏှာကဲ့သို့ စွဲစွဲ လမ်းလမ်း လိုလားသည် မဟုတ်၊ စင်စစ် လိုအပ်သော အာရုံကို ရယူနိုင်ရန် လက်လှမ်း မြှော်လင့်သော အနေမျှသာ ဖြစ်၏၊ ယင်းသည် အာရုံကို ရှာမှီးခြင်းကိစ္စ ရှိ၏၊ သို့ရာတွင် ကာမဂုဏ်ကို ရှာမှီးသည် မဟုတ်၊ တရားရှာမှု, ပညာရှာမှု တို့ကို အရေးတကြီး လိုချင်တောင့်တမှုများသည် ဤဆန္ဒ၏ သဘောကိစ္စများပင်တည်း။

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးနှင့် ပကိဏ္ဏက စေတသိက် ၆-ပါးအားဖြင့် (၁၃)ပါးကို အညသမာန်း စေတသိက်ဟု ခေါ်၏၊ အညသမာန်း စေတသိက် ဟူသည်မှာ တပါးသောစာရေးတို့နှင့် သဘောတူသော စေတသိက်ဖြစ်၏၊ သောဘနနှင့် အသောဘန တနေးနှစ်ပါးလုံးနှ [illegible]က်ဆံလေ ယင်းစေတသိက်သည် သောဘနအနေဖြစ်လည်း တပါးသော

အသောဘန တရားတို့ နှင့် သဘောတူသော စေတသိက် ဖြစ်၏၊ ထို့ပြင် အသောဘန အနေဖြင့်လည်း ယင်းသည် တပါးသော သောဘန တရားတို့နှင့် သဘောတူသော စေတသိက်ဖြစ်၏၊ ထို့ကြောင့် အညသမာန်း မည်၏၊ သူ့လူ ကိုယ့်ဘက်သား လုပ်တတ်သူနှင့် တူ၏။

## အကုသလ ရာသိ

## အကုသိုလ် စေတသိက် ၁၄-ပါး

(၁) မောဟ— အာရုံ၌ တွေဝေ တတ်သည်၏ အဖြစ်ကြောင့် မောဟ မည်၏၊ ယင်းသည် ဉာဏ်၏ ဆန့်ကျင်ဖက် သဘောလက္ခဏာ ၏၊ အာရုံ၌ တွေဝေခြင်း ဟူရာ၌ ဝိစိကိစ္ဆာ သဘောကဲ့သို့ မဆုံးဖြတ်နိုင်ဘဲ ယောင်လည်လည် ဖြစ်နေခြင်း မဟုတ်၊ အာရုံ၏ အမှန် သဘောကို မသိခြင်းဖြစ်၏၊ အဝိဇ္ဇာဟုလည်း ခေါ်၏။

(၂) အဟိရိက— မကောင်းမှု ဒုစရိုက်တို့မှ မရှက်တတ်သောကြောင့် အဟိရိက မည်၏၊ ယင်းသည် မကောင်းမှုကို မစက်ဆုပ်ခြင်း, မရှက်ခြင်း လက္ခဏာ ရှိ၏၊ ဝက်သည် မစင်ဘင်ပုပ်ကို မစက်ဆုပ် မရွံရှာ သကဲ့သို့ ယင်းစေတသိက်သည်မကောင်းမှုမှ မရှက်ခြင်း သဘောရှိ၏။

(၃) အနောတပ္ပ—မကောင်းမှု ဒုစ္စရိုက်တို့မှ မကြောက်ရွံ့ မထိတ် မလန့်တတ် သောကြောင့် အနောတပ္ပ မည်၏၊ မီးတောက်-မီးလျှံကို ပိုးပရန်ကောင်များ အတင်းတိုးဝင်ကြသကဲ့သို့ မကောင်းမှု ဒုစ္စရိုက်ကို မကြောက်မရွံ့ဘဲ ရဲရင့်စွာ ပြုဝံ့၏။

(၄) ဥဒ္ဓစ္စ—အထက်-အထက်သို့ လွင့်တက် တတ်သော စိတ်၏ ဖြစ်ကြောင်းသည် ဥဒ္ဓစ္စ မည်၏၊ ယင်းစေတသိက်နှင့် ယှဉ်သော စိတ်သည် အာရုံ တခုပေါ်၌ ငြိမ်သက်စွာ မတည်နိုင်၊ အထက်-အထက်သို့ လွင့်ကာ လွင့်ကာ တက်နေသကဲ့သို့ဖြစ်၏၊ လေအဟုန်ကြောင့် ရေအယဉ် မငြိမ်သက်ခြင်းကဲ့သို့ အာရုံကို ငြိမ်သက်စွာ မယူနိုင်ခြင်း လက္ခဏာရှိ၏။

(၅) လောဘ—တပ်မက်-ခင်မင် လိုချင်တတ်သည်၏ အဖြစ်ကြောင့် လောဘ မည်၏၊ ယင်းသည် အာရုံကို ယူခြင်း လက္ခဏာ ရှိ၏၊ အာရုံကို ယူရာ၌ ယူကာမျှသာ မဟုတ်၊ တမ်းတမ်းစွဲ-ငမ်းငမ်းတက် တပ်မက်ခင်မင် လိုချင်သော အယူ မျိုးတည်း၊ ထို့ကြောင့် ယင်း လောဘ၏ အာရုံယူပုံကို မျောက်နှဲစေးက မျောက်ကို ဖမ်းထားပုံ ဥပမာ ပြကြခြင်းဖြစ်၏၊ဆန္ဒ၏ လိုချင်ခြင်းမှာ လောဘကဲ့သို့ အစေးမရှိ၊ တပ်မက်ခြင်း မရှိ၊ လောဘကို တဏှာ, ရာဂ, ကာမ စသဖြင့်လည်း ခေါ်၏။

(၆) ဒိဋ္ဌိ—မှားယွင်းသော အားဖြင့် ရှုတတ်-မြင်တတ်သောကြောင့် ဒိဋ္ဌိ မည်၏၊ ဒိဋ္ဌိမှာ ဒဿန ကဲ့သို့ပင် ရှုမြင်ခြင်းသာ ဖြစ်၏၊ဤတွင် အကုသိုလ်အရာ ဖြစ်၍ မှားယွင်းသော အားဖြင့် ရှုမြင်သော မိစ္ဆာ ဒိဋ္ဌိကို ယူရမည်၊ ယင်းသည် မသင့်မတင့် နှလုံးသွင်းခြင်း လက္ခဏာ ရှိ၏၊ မှားသော အားဖြင့် သုံးသပ်ခြင်း ကိစ္စ ရှိ၏။

(၇) မာန—ငါတကား ဟု ထောင်လွှား ပြုလျက် မှတ်ထင်တတ်သောကြောင့် မာန မည်၏၊ထောင်လွှား တက်ကြွခြင်း လက္ခဏာ ရှိ၏၊ မာန်တက်ခြင်းမှာ မြင့်မြတ်၍ မာန်တက်သော သေယျမာန်, တန်းတူ ဖြစ်၍ မာန်တက်သော သဒိသမာန်နှင့် ယုတ်နိမ့်၍ မာန်တက်သော ဟိနမာန်ဟု သုံးမျိုး ရှိ၏၊ ယင်းသည် တက်ကြွ မြင့်မောက်ခြင်း လက္ခဏာရှိ၏၊ သမ္ပယုတ် တရားတို့ကို ချီးမြှောက်ခြင်း ကိစ္စ ရှိ၏။

(၈) ဒေါသ—ကိုယ်စိတ် နှစ်ပါးကို ဖျက်ဆီးတတ်သောကြောင့် ဒေါသမည်၏၊ယင်းသည် ကြမ်းတမ်းသော ကိုယ်စိတ်၏ ဖြစ်ကြောင်း လက္ခဏာရှိ၏၊မြွေဆိုးကို ပုတ်ခတ်သောအခါ ရှူးရှူး-ရှဲရှဲ ဖြစ်သကဲ့သို့ မနှစ်သက်ဖွယ် အာရုံနှင့် တွေ့ကြုံသောအခါ ကိုယ်ရောစိတ်ပါ ကြမ်းတမ်းလျက် အမျက်ထွက်ခြင်းပင်တည်း၊ မိမိမှီရာကို လောင်ကျွမ်းခြင်း ကိစ္စ ရှိ၏။

(၉) ဣဿာ—ငြူစူတတ်သည်၏အဖြစ်ကြောင့် ဣဿာ မည်၏၊ သူတပါး စည်းစိမ်ကို ငြူစူခြင်း လက္ခဏာရှိ၏၊ သူတပါး စည်းစိမ်၌ မမွေ့လျော်နိုင်ခြင်း ကိစ္စ ရှိ၏၊ ကိုယ့်ထက်သာ မနာလိုသည့် သဘောဖြစ်၏။

(၁၀) မစ္ဆရိယ—ဝန်တိုတတ်သူ၏ အဖြစ်သည် မစ္ဆရိယ မည်၏၊ မိမိ စည်းစိမ်ကို လျှို့ဝှက်ခြင်း လက္ခဏာ ရှိ၏၊ မိမိ စည်းစိမ်၌ သူတပါးနှင့် ဆက်ဆံခြင်းကို သည်းမခံနိုင်ခြင်း ကိစ္စ ရှိ၏။

(၁၁) ကုက္ကုစ္စ—မပြုသင့်သော ဒုစရိုက် မှုကို ပြုလိုက်မိခြင်း, ပြုသင့်သော သုစရိုက်မှုကို မပြုခဲ့မိခြင်းတို့ကြောင့် နောင်တ တဖန် ပူပန်ရသဖြင့် စက်ဆုပ်ဖွယ်သည် ကုက္ကုစ္စ မည်၏၊ ယင်းသည် နောင်တ တဖန် ပူပန်ရခြင်း လက္ခဏာ ရှိ၏၊ အဖန်ဖန် စိုးရိမ်ရခြင်း ကိစ္စ ရှိ၏။

(၁၂) ထိန—စိတ်ကို နုံ့သည်ထက် နုံ့အောင် ပြု၍ လွှမ်းမိုး ဖိစီး တတ် သော ကြောင့် ထိန မည်၏၊ ယင်းသည် အားမထုတ်ခြင်း လက္ခဏာ ရှိ၏၊ ဝီရိယကို ပယ်ခြင်း ကိစ္စ ရှိ၏။

(၁၃) မိဒ္ဓ—စေတသိက် တရားတို့ကို အမှု၌ မခန့်ညားအောင် ဟန့်တား၍ ညှဉ်းဆဲ တတ် သော ကြောင့် မိဒ္ဓ မည်၏၊ အမှု၌ မခန့်ညားခြင်း လက္ခဏာ ရှိ၏၊

သမ္မာယုတ်တရားတို့ကို နှောင်ဖွဲ့ခြင်း ကိစ္စ ရှိ၏၊ ထိုနည်း စိတ်ကို ဖိနှိပ် ဟန့်တား သကဲ့သို့ မိဒ္ဓသည်လည်း ယှဉ်ဖက် စေတသိက် များကို ထက်တက်ကြွကြွ မရှိအောင် ဖိနှိပ် ဟန့်တား သကဲ့သို့ ဖြစ်၏၊ ပျင်းရိ ထိုင်းမှိုင်းသော သဘော တရားတို့ ပင်တည်း။

(၁၄) ဝိစိကိစ္ဆာ—ယုံမှား တတ်၏၊ နှလုံး နှစ်ခွ ဒွိဟ သဘော သို့လော ဤလော အနေဖြင့် ဖြစ်တတ်သောကြောင့် (ဝါ) ဟုတ်မှန်သောသဘောကို စူးစမ်း ဆင်ခြင်သောအခါ ဤသဘော တရားဖြင့် ပင်ပန်းရသော ကြောင့် ဝိစိကိစ္ဆာ မည်၏၊ ယင်းသည် ယုံမှားသံသယ ဖြစ်ခြင်း လက္ခဏာရှိ၏၊ ထိုထို အာရုံတို့၌ တုန်လှုပ်ခြင်း ကိစ္စရှိ၏။

## သောဘန ရာသိ

### သောဘန သာဓာရဏ စေတသိက် ၁၉-ပါး

(၁) သဒ္ဓါ—ယုံကြည် သက်ဝင် တတ် သောကြောင့် သဒ္ဓါ မည်၏၊ ကြည်လင်သော ရေပြင်သည် လဝန်းစသော အရိပ်ကို မိမိ အတွင်း၌ သွင်းထားသကဲ့သို့ သဒ္ဓါသည်လည်း ကောင်းမြတ် သော အာရုံတို့ကို မိမိ အတွင်း၌ သွင်းထားခြင်း သဘော ရှိ၏၊ ယင်းသဘောကို ယုံကြည်မှုဟုဆို၏၊ သဒ္ဓါတရားသည် သန့်ရှင်း ကြည်လင်သော

အာရုံကောင်းကို စွဲ၍ ဖြစ်သောကြောင့် မိမိလည်း ကြည်လင်သော သဘောရှိ၏၊ သမ္ပယုတ် တရားတို့ကိုလည်း ကြည်လင်စေ၏၊ ထို့ကြောင့် သဒ္ဓါကို စကြဝတေး မင်း၏ ပတ္တမြား ရတနာနှင့် တူ၏ဟု ဥပမာ ပြု၏၊ ယုံကြည်ခြင်း,ကြည်ညိုခြင်းပင်တည်း။

(၂) သတိ—အောက်မေ့ခြင်းသည် သတိမည်၏၊ မိမိ ပြုခဲ့ဘူးသော ကောင်းမှု သုစရိုက် တို့ကိုရင်း, ကောင်းမြတ်သော အာရုံတို့ကိုရင်း မမေ့မလျော့သော အစွမ်းဖြင့် ဖြစ်သော သဘောသည် ဤတွင် သတိ မည်၏၊ သတိ သည် သမ္မာ သတိ, မိစ္ဆာ သတိဟု နှစ်မျိုး ရှိ၏၊ ကောင်းသော အာရုံ၌ မမေ့မလျော့ခြင်းသည် သမ္မာသတိ မည်၏၊ ပြုပြီးသောအကုသိုလ်တရားတို့၌ မမေ့ မလျော့ခြင်းသည် မိစ္ဆာသတိ မည်၏၊ ဤဘွင် ကုသိုလ်အရာဖြစ်၍ သမ္မာသတိကို အလိုရှိအပ်၏၊ ယင်းသည် အောက်မေ့ခြင်း လက္ခဏာရှိ၏၊ မေ့လျော့ခြင်းကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။

(၃) ဟိရီ—မကောင်းမှုမှ စက်ဆုပ်ရွံရှာ လွန်စွာ ရှက်နိုးတက်သောကြောင့် ဟိရီ မည်၏၊ ယင်းသည် အယုတ် တရား တို့ကို စက်ဆုပ်ရွံရှာ ရှက်နိုးခြင်း လက္ခဏာ ရှိ၏၊ အယုတ် တရားကို မပြုလုပ်ခြင်း ကိစ္စ ရှိ၏။

(၄) ဩတ္တပ္ပ—မကောင်းမှုမှ ထိတ် လန့် တတ် သောကြောင့် ဩတ္တပ္ပ မည်၏၊ ယင်းသည် မကောင်းမှုမှ ထိတ်လန့်ခြင်း လက္ခဏာ ရှိ၏၊ အယုတ်တရား

တို့ကို မပြုလုပ်ခြင်း ကိစ္စ ရှိ၏၊ ဟိရီသည် မိမိ ဂုဏ် ကျေး ဇူး စသည်များကို ထောက်ထား၍ မကောင်းမှုမှ ရှောင်ကြဉ်၏၊ ဩတ္တပ္ပသည် မိဘဆရာသမား စသူတို့ကို ထောက်ထား၍ မကောင်းမှုမှ ရှောင်ကြဉ်၏။

(၅) အလောဘ—မသာယာ မကပ်ငြိ တတ် သော ကြောင့် အလောဘ မည်၏၊ လောဘ၏ ဆန့်ကျင်ဖက်ဖြစ်သော တရားပင်တည်း၊ ယင်းသည် မတပ်မက်-မတွယ်တာခြင်း လက္ခဏာရှိ၏၊ မသိမ်းဆည်း မသိုမှီခြင်း ကိစ္စရှိ၏။

(၆) အဒေါသ—အမျက် မထွက် တတ် သော ကြောင့် အဒေါသမည်၏၊ ဒေါသ၏ဆန့်ကျင်ဖက် သဘောပင်တည်း၊ ယင်းသည် မကြမ်းတမ်းခြင်း လက္ခဏာ ရှိ၏၊ ရန်ငြိုးဖွဲ့ခြင်း, ပူလောင်ခြင်း တို့ကို ပယ်ဖျောက်ခြင်း ကိစ္စ ရှိ၏။

(၇) တတြမဇ္ဈတ္တတာ—ထိုထိုအကျိုးစီးပွားရှိသော အမှုကိစ္စဟူသမျှတို့၌စိတ်-စေတသိက်တို့၏ ဗဟိုကျမှု လျစ်လျူရှုခြင်းသည် တတြမဇ္ဈတ္တတာ မည်၏၊ ယင်းသည် သမ္ပယုတ် တရားတို့ကို မိမိတို့ ကိစ္စ၌ ညီမျှစွာ ဆောင်ရွက်စေခြင်း လက္ခဏာ ရှိ၏၊ လွန်ခြင်း-ယုတ်လျော့ခြင်းကို တားမြစ်ခြင်း ကိစ္စ ရှိ၏၊ ယင်းကို ဥပေက္ခာဟုခေါ်၏။

(၈) ကာယ ပဿဒ္ဓိ=စေတသိက် အပေါင်း၏ ငြိမ်းချမ်း သက်သာ ခြင်းသည် ကာယ ပဿဒ္ဓိ မည်၏၊ ဤတွင် ကာယ ဟူသည်မှာ ဝေဒနာ စသော စေတသိက် အပေါင်းဖြစ်၏။

(၉) စိတ္တ ပဿဒ္ဓိ=စိတ်၏ ငြိမ်းချမ်းသက်သာခြင်းသည် စိတ္တ ပဿဒ္ဓိ မည်၏၊ ကုသိုလ်မှု၌ စိတ်-စေတသိက် တို့၏ ငြိမ်းချမ်း သက်သာခွင့်ကို ရမှုသည် ပဿဒ္ဓိ မည်၏၊ ယင်း ပဿဒ္ဓိ နှစ်ပါးလုံးပင် ကိလေသာ အပူ အပင် တို့မှ ကြည်လင် ငြိမ်းချမ်းခြင်း လက္ခဏာ ရှိ၏၊ ကိလေသာ ပူကို နှိမ်နင်းခြင်းကိစ္စ ရှိ၏။

(၁၀) ကာယ လဟုတာ–ကုသိုလ်မှုတို့၌ စေတသိက် တို့၏ မနှောင့်မနှေး ဝန်မလေးမှု၍ ပေါ့ ပေါ့-ပါးပါး ဖြစ်မှုသည် ကာယ လဟုတာ မည်၏။

(၁၁) စိတ္တ လဟုတာ–ကုသိုလ်မှုတို့၌ စိတ်တို့၏ မနှောင့် မနှေး ဝန်မလေး မှု၍ ပေါ့ပေါ့-ပါး ပါး ဖြစ်မှုသည် စိတ္တ လဟုတာ မည်၏၊ ယင်း စေတသိက် နှစ်ပါးလုံးပင် ဝန်လေးမှု ကို ငြိမ်းစေခြင်း လက္ခဏာ ရှိ၏၊ ဝန်လေးမှုကို ဖျက်ဆီးခြင်း ကိစ္စ ရှိ၏။

(၁၂) ကာယ မုဒုတာ–ကုသိုလ်မှုတို့၌ စေတသိက် တို့၏ ကြမ်းတမ်း ခက်ထန်ခြင်း မရှိဘဲ နူးညံ့ သိမ်မွေ့ခြင်း သဘောသည် ကာယ မုဒုတာ မည်၏။

(၁၃) စိတ္တ မုဒုတာ—ကုသိုလ်မှုတို့၌ စိတ်တို့၏ ကြမ်းတမ်းခက်ထန်ခြင်း မရှိဘဲ နူးညံ့ သိမ်မွေ့ခြင်း သဘောသည် စိတ္တ မုဒုတာ မည်၏၊ ယင်း စေတသိက်နှစ်ပါးတို့သည် ကြမ်းတမ်း ခက်ထန်သည်၏ အဖြစ်ကို ငြိမ်းစေခြင်း လက္ခဏာ ရှိ၏၊ ကြမ်းတမ်း ခက်ထန်မှုကို ဖျက်ဆီးနှိပ်စက်ခြင်း ကိစ္စ ရှိ၏။

(၁၄) ကာယ ကမ္မညတာ—ကုသိုလ်မှု တို့၌ စေတသိက်တို့၏ ကောင်းမှန် ခံ့ငြားလိုက်လျောခြင်းသည် ကာယ ကမ္မညတာ မည်၏။

(၁၅) စိတ္တ ကမ္မညတာ—ကုသိုလ် မှု တို့ ၌ စိတ် တို့ ၏ ကောင်းမှန် ခံ့ငြား လိုက်လျောခြင်းသည် စိတ္တ ကမ္မညတာ မည်၏၊ ယင်း စေတသိက် နှစ်ပါးလုံးပင် ကောင်းမှု၌ မခံ့ခြင်းကို ငြိမ်းစေခြင်း လက္ခဏာ ရှိ၏၊ ကောင်းမှု၌ မခံ့ခြင်းကို ဖျက်ဆီး နှိပ်စက်ခြင်း ကိစ္စရှိ၏။

(၁၆) ကာယ ပါဂုညတာ—ကုသိုလ်မှု တို့၌ စေတသိက်တို့၏ လေ့ကျက် ကျွမ်းကျင်ခြင်းသည် ကာယ ပါဂုညတာ မည်၏။

(၁၇) စိတ္တ ပါဂုညတာ—ကုသိုလ်မှု တို့၌ စိတ် တို့၏ လေ့ကျက် ကျွမ်းကျင်ခြင်းသည် စိတ္တ ပါဂုညတာ မည်၏၊ ယင်း စေတသိက် နှစ်ပါး လုံးပင် ကိလေသာ တည်းဟူသော မမာမကျန်းခြင်းကိုငြိမ်းစေခြင်းလက္ခဏာ

ရှိ၏၊ ကိလေသာ တည်းဟူသော မမာ မကျန်းခြင်းကို နှိမ်နင်း ဖျက်ဆီးခြင်း ကိစ္စ ရှိ၏။

(၁၀) ကာယုဇုကတာ (ကာယ ဥဇုကတာ)—ကုသိုလ်မှု တို့၌ စေတသိက်တို့၏ ဖြောင့်မတ်စွာ ရှိခြင်းသည် ကာယုဇုကတာ မည်၏။

(၁၉) စိတ္တုဇုကတာ (စိတ္တ ဥဇုကတာ)—ကုသိုလ်မှု တို့၌ စိတ်တို့၏ ဖြောင့်မတ်စွာရှိခြင်းသည် စိတ္တုဇုကတာ မည်၏၊ ယင်း စေတသိက် နှစ်ပါးလုံးပင် ဖြောင့်မတ်ခြင်း လက္ခဏာ ရှိ၏၊ အကောက်-အကွေ့ သဘောကို နှိမ်နင်း ဖျက်ဆီးခြင်း ကိစ္စ ရှိ၏။

## ဝိရတိ စေတသိက် ၃-ပါး

(၁) သမ္မာဝါစာ—ကောင်းစွာ ဆိုတတ် သောကြောင့် သမ္မာဝါစာ မည်၏၊ ဝစီ ဒုစ္စရိုက် တို့ကို ပယ်စွန့်သည်၏ အစွမ်း ဖြင့်ဖြစ်သော ဝစီဒုစ္စရိုက် စင်ကြယ်မှု ကိုသာ သမ္မာဝါစာဟု ဆိုလိုရင်း ဖြစ်၏။

(၂) သမ္မာ ကမ္မန္တ—ကောင်း စွာ ပြု လုပ် တတ် သော ကြောင့် သမ္မာကမ္မန္တ မည်၏၊ ကာယ ဒုစ္စရိုက် တို့ကို ပယ်စွန့်သည်၏ အစွမ်းဖြင့် ဖြစ်သော ကာယ ဒုစ္စရိုက်မှ စင်ကြယ်ခြင်း ကိုသာ သမ္မာ ကမ္မန္တဟု ဆိုလိုရင်း ဖြစ်၏၊

(၃) သမ္မာ အာဇီဝ—ကောင်း စွာ အ သက် မွေး တတ် သောကြောင့် သမ္မာ အာဇီဝ မည်၏၊ ယင်း စေတသိက် သုံးပါး လုံးပင် ဒုစ္စရိုက် တို့ကို မလွန်ကျူး မကျော်နင်းခြင်း လက္ခဏာ ရှိ၏၊ ဒုစ္စရိုက်တို့မှ တွန့်ဆုတ်ခြင်း ကိစ္စ ရှိ၏။

ဝိရတိ ဟူသည်မှာ ရှောင်ကြဉ်ခြင်း, ဖွန့်ပယ်ခြင်း ဖြစ် ၏၊ ဒုစ္စရိုက်မှုတို့မှ ဖင်ကြယ်ခြင်း ပင်တည်း။

## အပ္ပမညာ စေတသိက် ၂-ပါး

(၁) ကရုဏာ—သူတပါးတို့ ဆင်းရဲလျှင် သနားခြင်း ရှိ သူ၏ နှလုံး ပင်ပန်းခြင်းကို ပြုတတ်သော ကြောင့် ကရုဏာ မည်၏၊ ဒုက္ခိတ သတ္တဝါတို့၏ ဆင်းရဲ ဒုက္ခ ရောက်မှုကို မြင်လျှင် သနားခြင်း သဘောပင်တည်း၊ ယင်း စေတသိက်သည် သူတပါးတို့၏ ဆင်းရဲ ဒုက္ခကို ပယ်ရှား လို ခြင်း သဘောရှိ၏၊ သူတပါးတို့၏ ဆင်းရဲ ဒုက္ခကို သည်းမခံ ခြင်း ကိစ္စ ရှိ၏။


(၂) မုဒိတာ—သူတပါးတို့၏ ချမ်းသာ ပြည့်စုံမှုကို မြင်၍ နှစ်သက် ဝမ်းမြောက်တတ်သောကြောင့် မုဒိတာ မည်၏၊ သူတပါးတို့၏ ပြည့်စုံ ကြွယ်ဝ တင့်တယ် လှပ ခြင်းကို မြင်လျှင် ရွှင်လန်း ဝမ်းမြောက်ခြင်းပင်တည်း၊ ယင်း စေတသိက်သည် သူတပါးတို့၏ စည်းစိမ်ချမ်းသာကို နှစ်သက် ဝမ်းမြောက်ခြင်း လက္ခဏာ ရှိ၏၊ မငြူစူခြင်း ကိစ္စ ရှိ၏။

ဤကရုဏာနှင့် မုဒိတာ နှစ်ပါးသည် အဆုံး-အပိုင်း မရှိ အနန္တ သတ္တဝါတို့၌ ဖြစ်သောကြောင့် အပ္ပမညာ မည်၏၊ ယင်း နှစ်ပါးကို အပ္ပမညာ ဒွေးဟု ခေါ်၏။

## ပညိန္ဒြေ စေတသိက် ၁-ပါး

ပညာ– အပြားအားဖြင့် သိတတ်သောကြောင့် ပညာ မည်၏၊ ယင်း ပညာကို မောဟနှင့် ဆန့်ကျင်ဖက် ဖြစ်သောကြောင့် အမောဟဟုလည်း ခေါ်၏၊ သိတတ်သောကြောင့် ဉာဏ်ဟုရင်း, ဝိဇ္ဇာဟုရင်း, မေဓာဟုရင်း, ဗုဒ္ဓိ ဟုရင်း ခေါ်၏၊ ယင်းစေတသိက်သည် ဟုတ်မှန်သော သဘော အတိုင်း ထိုးထွင်း၍ သိမြင်ခြင်း လက္ခဏာရှိ၏ အာရုံကို ထွန်းပြခြင်း ကိစ္စ ရှိ၏။

ယင်းသို့လျှင် အညသမာန်း ရာသိ၌ စေတသိက် ၁၃-ပါး, အကုသလ ရာသိ၌ စေတသိက် ၁၄-ပါး, သောဘန ရာသိ၌ စေတသိက် ၂၅-ပါး အားဖြင့် စေတသိက်ပေါင်း (၅၂) ပါး ဖြစ်၏။


စေတသိက် (၅၂)
အညသမာန်း ရာသီ (၁၃)
အကုသလ ရာသီ (၁၄)
သောဘန ရာသီ (၂၅)
သဗ္ဗ စိတ္တ သာဓာရဏ
ပကိဏ်း
အကုသိုလ်စေတသိက်
သောဘန သာဓာရဏ
ဝိရတီ
အပ္ပမညာ
ပညာ

## သမ္ပယောဂနည်း

သမ္ပယောဂ— ဟူသည် ယှဉ်ခြင်းပင်တည်း၊ စေတသိက်တို့သည် စိတ်တို့၌ ယှဉ်ခြင်းကိုပြဆိုသော နည်းပင်တည်း၊ ဤစေတသိက်တို့သည် ဤမျှသော စိတ်တို့၌ ရအပ်၏ဟု ပြဆိုခြင်းကို သမ္ပယောဂနည်းဟု ခေါ်၏၊ စေတသိက်ကို မူတည်၍ ပြသောနည်းဖြစ်၍ စေတသိက်တို့ကို ဆိုခဲ့သော အစီအစဉ် အတိုင်း ခေါင်းတည်ပြီး ထိုနှင့် ယှဉ်သော စိတ်တို့ကို ရေတွက်ပြမည် ဖြစ်၏၊ စိတ်–စေတသိက် တို့၏ သဘော တရားသို့ သိခဲ့ပါလျှင် အဘယ်ကြောင့် ယှဉ်သည်–ကြဉ်သည်ကို ကောင်းစွာ သဘော ပေါက်ပါလိမ့်မည်။

သဗ္ဗစိတ္တသာဓာရဏ— စေတသိက် ၇-ပါး တို့သည် စိတ် အလုံးစုံတို့၌ အကုန်ယှဉ်၏၊ စိတ် ဟူ သမျှ တွေ့ထိ ခံစား မှတ်သားမှုမရှိလျှင် မဖြစ်နိုင်သောကြောင့် ယင်း စေတသိက် ၇-ပါးသည် စိတ်၏ သည်းခြေသဖွယ် ဖြစ်၏၊ ထို့ကြောင့် စိတ်တိုင်းမှာပင် ဤစေတသိက် ၇-ပါးရှိ၏၊ ဤစေတသိက်တို့နှင့် မယှဉ်သော စိတ် မရှိ။

ပကိဏ်း—စေတသိက် ၆-ပါးတို့သည်ကား စိတ် တရာ့ဆယ် ကိုးဆယ်တို့၌ ယှဉ်သင့်သည် အားလျော်စွာ ယှဉ်ကြ၏၊ ယှဉ်ကြပုံမှာ ဤသို့တည်း—

ဝိတက် စေတသိက်သည် ဒွေးပဉ္စ ဝိညာဏ် ကြဉ်သော ကာမစိတ် ၄၄-ပါး, ပဉ္စမ စျာန် ၁၁-ပါး အားဖြင့် စိတ် (၅၅)ပါးတို့၌ ယှဉ်၏။

ဝိစာရ စေတသိက်သည် ဝိတက်ယှဉ်သောစိတ် ၅၅-ပါး, ဒုတိယ စျာန် ၁၁-ပါး အားဖြင့် စိတ် (၆၆)ပါး တို့၌ ယှဉ်၏။

အဓိမောက္ခ စေတသိက်သည် ဒွေးပဉ္စ ဝိညာဏ် ၁၀-ပါး, ဝိစိကိစ္ဆာ သဟဂုတ် ၁-ပါး အား ဖြင့် စိတ် ၁၁-ပါးကို ကြဉ်၍ စိတ်(၇၈)ပါး တို့၌ ယှဉ်၏။

ဝီရိယ စေတသိက်သည် ပဉ္စဒွါရာဝဇ္ဇန်း,ဒွေးပဉ္စ ဝိညာဏ် ၁၀, သမ္ပဋိစ္ဆိုင်း ဒွေး, သန္တီရဏ ၃-ပါး အားဖြင့် စိတ် ၁၆-ပါးကိုကြဉ်၍စိတ်(၇၃)ပါးတို့၌ယှဉ်၏။

ပီတိ စေတသိက်သည် ဒေါသမူဒွေး, ဥပေက္ခာသဟဂုတ် ၅၅-ပါး, ကာယ ဝိညာဏ် ဒွေး, စတုတ္ထ စျာန် ၁၁-ပါး ကြဉ်သောစိတ်(၅၁) ပါး တို့၌ ယှဉ်၏။

ဆန္ဒ စေတသိက်သည် အဟိတ်စိတ် ၁၈ပါး, မောဟမူ ဒွေး ကြဉ်သော စိတ်(၆၉)ပါးတို့၌ ယှဉ်၏။

ယင်းသို့လျှင် အညသမာန်း ရာသိ၌ စေတသိက်တို့ သည် စိတ်တို့၌ ယှဉ်သော သမ္ပယောဂနည်း ၇ ပါးရှိ၏။

ယှဉ်သော စိတ်ကို ဆိုသဖြင့် ကြဉ်သော စိတ်-(၀၇) မယှဉ်သော စိတ်တို့ကိုလည်း သိနိုင်၏၊ ကြဉ်သောစိတ်နှင့် ယှဉ်သော စိတ်ကို ပေါင်းလျှင် စိတ် တခုယုတ် ကိုးဆယ် ပြည့်လျှင် မှန်၏။

အကုသိုလ် စေတသိက် ၁၄ပါးတို့သည် အကုသိုလ် စိတ် ၁၂-ပါးတို့၌ ယှဉ်သင့်သည့် အား လျော်စွာ ယှဉ်ကြ၏၊
ယှဉ်ကြပုံမှာ ဤသို့တည်း—

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ စေတသိက် ၄-ပါးတို့သည် အကုသိုလ်စိတ် ၁၂-ပါးလုံးနှင့် ဆက်ဆံသော ကြောင့် သဗ္ဗာကုသလ သာဓာရဏ စေတသိက်တို့ မည်၏၊ ဤစေတသိက် ၄-ပါးတို့သည် အကုသိုလ်စိတ် ၁၂-ပါး လုံး၌ ယှဉ်ကြ၏၊ ယင်း စေတသိက် ၄-ပါး မယှဉ်သော အကုသိုလ် စိတ် မရှိ၊ သဗ္ဗာကုသလ ဟူသည် သဗ္ဗအကုသလ ဖြစ်၏၊ သဗ္ဗစိတ္တနှင့် မတူ၊ သဗ္ဗာဟု အာသရ ပါသည်။

လောဘ စေတသိက်သည် လောဘ သဟဂုတ်စိတ် (၈) ပါး တို့၌ ယှဉ်၏။

ဒိဋ္ဌိ စေတသိက်သည် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် (၄) ပါးတို့၌ ယှဉ်၏။

မာန စေတသိက်သည် ဒိဋ္ဌိ ဂတ ဝိပ္ပယုတ် စိတ် (၄) ပါးတို့၌ ယှဉ်၏။

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ  စေတသိက် တို့သည် ပဋိဃ သမ္ပယုတ် စိတ် (၂) ပါးတို့၌ ယှဉ်ကြ၏။

ထိန, မိဒ္ဓ  စေတသိက်တို့သည် သသင်္ခါရိက စိတ် (၅) ပါး တို့၌ ယှဉ်ကြ၏။

ဝိစိကိစ္ဆာ  စေတသိက်သည် ဝိစိကိစ္ဆာ သဟဂုတ် စိတ်၌ သာ ယှဉ်၏။

ယင်းသို့လျှင် အကုသိုလ်စေတသိက် ၁၄-ပါးတို့သည် အကုသိုလ်စိတ် ၁၂-ပါး တို့၌ ယှဉ်သော သမ္ပယောဂ နည်း (၅) ပါး ရှိ၏။

သောဘန  စေတသိက် ၂၅-ပါးတို့သည် သောဘန စိတ် တို့၌သာ ယှဉ်သင့်သည် အားလျော်စွာ ယှဉ်ကြ၏၊ ယှဉ်ကြပုံမှာ ဤသို့တည်း—

သောဘန သာဓာရဏ  စေတသိက် ၁၉-ပါး တို့သည် သောဘဏ စိတ် အလုံးစုံ တို့၌ ယှဉ်ကြ၏။

ဝိရတီ  စေတသိက် ၃-ပါး တို့သည် လောကုတ္တရာ စိတ် ၈-ပါးနှင့် အခြင်းခပ်သိမ်း အမြဲ ယှဉ်ကြ၏၊ လောကီကာမာဝစရ ကုသိုလ်စိတ်တို့၌ ကား ရံခါ [illegible] အသီး-အသီး ယှဉ်ကြ၏။

အပ္ပမညာ  စေတသိက် ၂-ပါး တို့သည် ပဉ္စမဈာန် ၁၅-ပါး ကြဉ်သော မဟဂ္ဂုတ် စိတ် ၁၂-ပါး, မဟာကုသိုလ် ၈-ပါး, မဟာကြိယာ ၈-ပါး အားဖြင့်

စိတ်(၂၈)ပါးတို့၌ ရံခါသာအသီး-အသီးယှဉ်ကြ၏၊ အချို့ကမူ မဟာကုသိုလ်နှင့် မဟာကြိယာတို့တွင် ဥပေက္ခာသဟဂုတ်စိတ်၈-ခု တို့၌ ကရုဏာ, မုဒိတာ စေတသိက်တို့ မယှဉ်ကြဟု ဆိုကြ၏။

ယင်းသို့လျှင် သောဘန စေတသိက် ၂၅-ပါးတို့သည် သောဘနစိတ် တခုယုတ် ခြောက်ဆယ်(၅၉)တို့၌ ယှဉ်သော သမ္ပယောဂနည်း ၄-ပါး ရှိ၏။

ဤသမ္ပယောဂနည်းတွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ ၃-ပါးနှင့် ကရုဏာ, မုဒိတာ အားဖြင့် စေတသိက် (၈)ပါးတို့သည် အသီး-အသီး တပါးစီရင်း, ရံခါသာရင်း ဖြစ်ကြ၏၊ မာန စေတသိက်ကား ရံခါသာ ဖြစ်၏၊ ထိန, မိဒ္ဓ စေတသိက် နှစ်ပါးတို့ကား ရံခါရင်း, အတူတကွရင်း ဖြစ်ကြ၏၊ ဤစေတသိက် ၁၁-ပါး တို့သည် မိမိယှဉ်သော စိတ်တို့၌ အမြဲ မယှဉ်သောကြောင့် 'အနိယတ ယောဂီ' စေတသိက်တို့ မည်ကြ၏၊ ကြွင်းသော စေတသိက် (၄၁)ပါး တို့သည် မိမိ ယှဉ်သော စိတ်၌ အမြဲယှဉ်ကြသောကြောင့် 'နိယတ ယောဂီ စေတသိက်တို့မည်ကြ၏။

'အသီး-အသီး' ဖြစ်ပုံမှာ [illegible] သောအခါ [illegible] စည်းစိမ်ကို ယှဉ်ပြိုင်သောအခါ မစ္ဆရိယ ဖြစ်၏၊ [illegible], ကုက္ကုစ္စ မဖြစ်၊ နောင်တ တဖန် ပူပန်သောအခါ ကုက္ကုစ္စ ဖြစ်၏၊ ဣဿာ, မစ္ဆရိယ မဖြစ်၊ ယင်းသို့လျှင် ထိုစေတသိက် တို့သည် အသီး-အသီး ဖြစ်ကြ၏။

'ရုံခါ' ဖြစ်ပုံမှာ သူတပါးစည်းစိမ်ကို ငြူစူသော အခါမှာသာ ဣဿာ ဖြစ်၏၊ မငြူစူသော အခါ ဣဿာ မဖြစ်၊ မိမိစည်းစိမ်ကို လျှို့ဝှက်သော အခါမှာသာ မစ္ဆရိယ ဖြစ်၏၊ မလျှို့ဝှက်သောအခါ မစ္ဆရိယ မဖြစ်၊ နောင်တ တဖန် ပူပန်သော အခါ ကုက္ကုစ္စ ဖြစ်၏၊ မပူပန်သော အခါ ကုက္ကုစ္စ မဖြစ်၊ ယင်းသို့လျှင် ထိုစေတသိက်တို့သည် ရုံခါ ဖြစ်ကြခြင်း ဖြစ်၏။

## သင်္ဂဟ နည်း

'သင်္ဂဟ' ဟူသည် ရေတွက် ပေါင်းရုံးခြင်းဖြစ်၏၊ ဤတွင် စိတ်တို့၌ ယှဉ်သော စေတသိက် တို့ကို ပေါင်းစု ရေတွက် ပြဆိုထား၏၊ ဤစိတ်၌ ဤမျှသော စေတသိက်တို့ ယှဉ်ကြ-ဖြစ်ကြ၏ဟု ပိုင်းခြား ရေတွက် ပြသော နည်းပင်တည်း၊ စိတ်-စေတသိက်တို့၏ သဘော တရားကို သိပါလျှင် သမ္ပယောဂ နည်းအတွက် အခက်-အခဲ မရှိနိုင်ပါ၊ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ ဟူသကဲ့သို့ရင်း, တံငါနားနီး တံငါ-မုဆိုးနားနီးမုဆိုး ဟူသကဲ့သို့ရင်း-သဘာဝ တူ အချင်းချင်း တရားများကို ယှဉ်စပ်ပြီး သဘာဝမတူသော တရားများကိုကြဉ်ဖယ်ပစ်၏၊ ထိုသမ္ပယောဂနည်းကို သဘော ပေါက်လျှင်လည်း ဤ သင်္ဂဟနည်းကို လွယ်ကူစွာ ပေါင်းရုံး နိုင်၏၊ ယင်း နှစ်နည်း၏ ထူးခြားချက်မှာ စေတသိက်၌ ယှဉ်

သော စိတ်တို့ကိုရေတွက်ပြခြင်းနှင့် စိတ်၌ ယှဉ်သော စေတသိက်တို့ကို ရေတွက်ပြခြင်းပင်တည်း၊ အသီး-အသီး ယှဉ်သော စိတ်နှင့် စေတသိက်တို့ကို အပြန်-အလှန် သရုပ်ခွဲခြင်းဖြစ်၏။

'လောကုတ္တရာစိတ်' ၌ စေတသိက် (၃၆)ပါးရ၏၊ ယင်းစိတ်မှာ ဈာန်ငါးပါး ရှိသဖြင့် သင်္ဂဟနည်းလည်း ငါးနည်းရှိ၏။

'ပဌမဈာန်' လောကုတ္တရာ စိတ်တို့၌ အညသမာန်း စေတသိက် ၁၃-ပါး, အပ္ပမညာ ဒွေးကြဉ်သော သောဘန စေတသိက် ၂၃-ပါး အားဖြင့် စေတသိက် (၃၆) ပါးတို့ ယှဉ်ကြ၏။

'ဒုတိယဈာန်' လောကုတ္တရာစိတ်တို့၌ ဝိတက်ကြဉ်သော အဆိုပါ စေတသိက် (၃၅) ပါး တို့ ယှဉ်ကြ၏။

'တတိယဈာန်' လောကုတ္တရာစိတ်တို့၌ ဝိတက် ဝိစာရ ကြဉ်သော စေတသိက် (၃၄) ပါးတို့ ယှဉ်ကြ၏။

'စတုတ္ထဈာန်' လောကုတ္တရာ စိတ်တို့၌ ဝိတက်, ဝိစာရ, ပီတိ ကြဉ်သော စေတသိက်(၃၃)ပါးတို့ ယှဉ်ကြ၏။

'ပဉ္စမဈာန်' လောကုတ္တရာ စိတ် တို့၌ ဥပေက္ခာ ဝေဒနာနှင့် တကွ စေတသိက် (၁၃) ပါး တို့ပင် ယှဉ်ကြ၏။

'မဟဂ္ဂုတ်' ၌ စေတသိက်(၃၅)ပါး ရ၏၊ ယင်း စိတ်တို့မှာလည်း ဈာန် ၄ါးပါး အပေါင်း၏ အစွမ်းဖြင့် သင်္ဂဟနည်း ၄ါးနည်းပင် ရှိ၏။

'ပဌမဈာန် စိတ်' ၃-ပါး၌ အညသမာန်း စေတသိက် ၁၃-ပါး, ဝိရတီ ၃-ပါး ကြဉ်သော သောဘန စေတသိက် ၂၂-ပါး အားဖြင့် စေတသိက် (၃၅) ပါး ယှဉ်၏၊ ထိုရာတွင် အပ္ပမညာ ဒွေးမှာ ပြိုင်တူမယှဉ်ကြ၊ ကရုဏာ ယှဉ် ခိုက် မုဒိတာ မယှဉ်၊ ထို့အတူ မုဒိတာ ယှဉ်ခိုက် ကရုဏာ မယှဉ်။

'ဒုတိယဈာန် စိတ်' ၃-ပါး၌ ဝိတက် ကြဉ်သော အဆိုပါ စေတသိက်(၃၄)ပါးယှဉ်၏။

'တတိယဈာန် စိတ်' ၃-ပါး၌ ဝိတက်, ဝိစာရ ကြဉ်သော စေတသိက်(၃၃)ပါး ယှဉ်၏။

'စတုတ္ထဈာန် စိတ်' ၃-ပါး၌ ဝိတက်, ဝိစာရ, ပီတိ ကြဉ်သော စေတသိက် (၃၂)ပါး ယှဉ်၏။

'ပဉ္စမဈာန် စိတ်' ၁၅-ပါး၌ အပ္ပမညာ စေတသိက် နှစ်ပါး ကြဉ်သောစေတသိက်(၃၀)ယှဉ်၏။

'ကာမ သောဘနစိတ်'၌ စေတသိက်(၃၈)ပါးရ၏။

'မဟာကုသိုလ်စိတ်' ၈-ပါးတို့တွင်—

'ပဌမဒွေး' ၌အညသမာန်း စေတသိက် ၁၃-ပါး, သောဘန စေတသိက် ၂၅-ပါး အားဖြင့် စေတသိက်(၃၈)ပါး ယှဉ်၏။

'ဒုတိယဒွေး' ၌ ဉာဏ်ကြဉ်သော စေတသိက် (၃၇) ပါး
ယှဉ်၏။
'တတိယဒွေး' ၌ ဉာဏ်ယှဉ်၍ ပီတိကြဉ်သော စေတသိက်
(၃၇) ပါး ယှဉ်၏။
'စတုတ္ထဒွေး' ၌ ဉာဏ်, ပီတိ ကြဉ်သော စေတသိက် (၃၆)
ပါး ယှဉ်၏။

'မဟာကြိယာ စိတ်' ၈-ပါး တို့တွင်—

'ပဌမဒွေး' ၌ အညသမာန်း စေတသိက် ၁၃-ပါး, ဝိရတီ
၃-ပါး ကြဉ်သော သောဘန စေတသိက်
၂၂-ပါး အားဖြင့် စေတသိက် (၃၅) ပါး
ယှဉ်၏။
'ဒုတိယဒွေး' ၌ ဉာဏ်ကြဉ်သော စေတသိက် (၃၄) ပါး
ယှဉ်၏။
'တတိယဒွေး' ၌ ဉာဏ်ယှဉ်၍ ပီတိကြဉ်သော စေတသိက်
(၃၄) ပါး ယှဉ်၏။
'စတုတ္ထဒွေး' ၌ ဉာဏ်, ပီတိကြဉ်သော စေတသိက် (၃၃)
ပါး ယှဉ်၏။

'ပဌမဒွေး' ၌ အညသမာန်း စေတသိက် ၁၃-ပါး, အပ္ပ
မညာ, ဝိရတီ ကြဉ်သော သောဘန စေတ
သိက် ၂၀-အားဖြင့် စေတသိက် ၃၃ ပါး ယှဉ်၏။

'ဒုတိယဒွေး' ၌ ဥာဏ်ကြဉ်သော စေတသိက် (၃၂)ပါး ယှဉ်၏။
'တတိယဒွေး' ၌ ဥာဏ်ယှဉ်၍ ပီတိကြဉ်သော စေတသိက် (၃၁)ပါး ယှဉ်၏။
'စတုတ္ထဒွေး' ၌ ဥာဏ်,ပီတိ ကြဉ်သော စေတသိက်(၃၀) ယှဉ်၏။

ကာမ သောဘနစိတ် နှစ်ပါးစီတွဲသော ဒွေး၏ အစွမ်းဖြင့် ကုသိုလ်၌ ၄-နည်း၊ ကြိယာ၌ ၄-နည်း၊ ဝိပါက်၌ ၄-နည်း ဖြစ်၍ သင်္ဂဟနည်း (၁၂)ပါး ရှိ၏။

ဤ ကာမ သောဘန စိတ်တို့တွင် မဟာ ကြိယာစိတ် ၈-ပါးနှင့်မဟဂ္ဂုတ်စိတ် ၂၇-ပါးတို့၌ ဝိရတီစေတသိက်၃-ပါးတို့ မယှဉ်ကြပါ၊ လောကုတ္တရာစိတ် ၈-ပါး၌ အပ္ပမညာ စေတသိက် ၂-ပါး မယှဉ်ပါ၊ မဟာ ဝိပါက် စိတ် ၈-ပါး၌ အပ္ပမညာ, ဝိရတီ စေတသိက်တို့ မယှဉ်ပါ၊ လောကုတ္တရာ စိတ်၌ ချာန်တရားများ, မဟဂ္ဂုတ်စိတ်၌ ချာန်နှင့် အပ္ပမညာ စေတသိက်များ, ကာမ သောဘနစိတ်၌ အပ္ပမညာ,ဝိရတီ,ပညိန္ဒြေ, ပီတိ စေတသိက် များသည် စိတ် နည်းအောင်–များအောင် အထူးပြုကြ၏။

'အကုသိုလ်စိတ်' ၁၂-ပါးတို့တွင်သင်္ဂဟနည်း(၇)ပါးရှိ၏။

လောဘမူ စိတ် ၈–ပါး တို့တွင်–

'ပဌမ အသင်္ခါရိကစိတ်' ၌ အညသမာန်း စေ တ သိက် ၁၃-ပါး, အကုသလ သာဓာရဏ

စေတသိက် ၄-ပါး, လောဘ,ဒိဋ္ဌိ အားဖြင့် စေတသိက် (၁၉) ပါး ယှဉ်၏။

'ဒုတိယ အသင်္ခါရိကစိတ်' ၌ ဒိဋ္ဌိကြဉ်၍ မာန ယှဉ်သော စေတသိက်(၁၉)ပါးယှဉ်၏။

'တတိယ အသင်္ခါရိကစိတ်' ၌ ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါး, အကုသလ သာဓာရဏ စေတသိက် ၄-ပါး, လောဘ, ဒိဋ္ဌိ အားဖြင့် စေတသိက် (၁၈)ပါ ယှဉ်၏။

'စတုတ္ထ အသင်္ခါရိကစိတ်' ၌ ဒိဋ္ဌိ ကြဉ်၍ မာနယှဉ်သော စေတသိက်(၁၁)ပါးယှဉ်၏။

'ပဌမ အသင်္ခါရိက' ဖြစ်သော 'ဒေါသမူ'ပဋိဃ သမ္ပယုတ်စိတ်၌ကား ပီတိကြဉ်သောအညသမာန်း စေတသိက် ၁၂-ပါး, အကုသလ သာဓာရဏ စေတသိက် ၄-ပါး, ဒေါသ, ဣဿာ, မစ္ဆရိယ ကုက္ကုစ္စ ၄-ပါးအားဖြင့် စေတသိက်(၂၀)ယှဉ်၏။

ဤတွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ တို့မှာ အနိယတယောဂီ စေတသိက်တို့ အသီး-အသီး ယှဉ်ကြ၏။

'သသင်္ခါရိကစိတ်' ငါးပါး၌လည်း အထက်တွင် ဖော်ပြခဲ့သော အသင်္ခါရိကစိတ် အတူ သာလျှင် ထိန,မိဒ္ဓ အတူးပြု၍ ယှဉ်၏၊

'မောဟမူစိတ်' ၂-ပါးတို့တွင်—

'ဥဒ္ဓစ္စ သဟဂုတ်'စိတ်၌ ဆန္ဒ,ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၁-ပါး, အကုသလ သာဓာရဏ စေတသိက် ၄-ပါး အားဖြင့် စေတသိက် (၁၅)ပါးယှဉ်၏။

ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ ဆန္ဒ, ပီတိ, အဓိမောက္ခ ကြဉ်သော အည သမာန်း စေတသိက် ၁၀-ပါး, အကုသလ သာဓာရဏ စေတသိက် ၄-ပါး, ဝိစိကိစ္ဆာ ၁-ပါးအားဖြင့် စေတသိက်(၁၅)ပါးပင် ယှဉ်၏။

ဤတွင် အကုသလ သာဓာရဏ စေတသိက် ၄-ပါး, ဆန္ဒ, ပီတိ, အဓိမောက္ခ ကြဉ်သော အညသမာန်း စေတသိက် ၁၀-ပါးအားဖြင့် (၁၄)ပါးတို့သည် အကုသိုလ်စိတ် အလုံးစုံတို့၌ ယှဉ်သောကြောင့် 'သဗ္ဗာ ကုသလ ယောဂီ' စေတသိက်တို့ မည်၏၊ [သဗ္ဗအကုသလကို သန္ဓိစပ်ပြီး သဗ္ဗာ ကုသလဟု ခေါ်၏။]

'အဟိတ်စိတ်' ၁၈-ပါး၌ သင်္ဂဟနည်း(၄)ပါးရှိ၏။

'ဟသိတုပ္ပါဒ်စိတ်'၌ဆန္ဒ ကြဉ်သော အညသမာန်း စေတသိက် (၁၂)ပါး ယှဉ်၏။

'မနောဒွာရာဝဇ္ဇန်းစိတ်'၌ ဆန္ဒ, ပီတိ ကြဉ်သော အညသမာန်း စေတသိက်(၁၁)ပါး ယှဉ်၏။

'သောမနဿ သန္တီရဏစိတ်' ၌ ဆန္ဒ, ပီတိ ကြဉ် သော အညသမာန်း စေတသိက် (၁၁) ပါးပင် ယှဉ်၏။

'ပဉ္စဒွါရာ ဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း ဒွေး, ဥပေက္ခာ သန္တီရဏ ၂-ပါး' တို့၌ ဆန္ဒ, ပီတိ, ဝီရိယ ကြဉ်သော အညသမန်း စေတသိက် (၁၀) ယှဉ်၏။

'ဒွေး ပဉ္စဝိညာဏ် ၁၀' ၌ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါးတို့သာ ယှဉ်၏။

ဤကား စိတ်ယှဉ် စေတသိက်ယှဉ်ခေါ် သမ္ပယောဂ နည်း, သင်္ဂဟနည်း ဖြစ်၏၊ အဘိဓမ္မာကို လေ့လာရန် အတွက် ဤနည်း နှစ်မျိုးကို ကောင်းစွာ သဘောပေါက်ဖို့ လို၏၊ အကယ်၍ ဝေခွဲ သယ်လယ် ဖြစ်နေပါက စိတ်ပိုင်း နှင့် စေတသိက် ၅၂—ပါးတို့၏ သဘောကို ပြန်ပြီး လေ့လာ သင့်သည်၊ သို့မဟုတ်က သရုပ်နှင့် ပတ်သက်၍ ခက်နေ လိမ့်မည်။

ဥပမာ— မြတ်စွာဘုရားသည် အဘိဓမ္မာ၏ အစ ဓမ္မသင်္ဂဏီ ကျမ်း၌ —'ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာ' ဟူ၍သာ ဟောကြားတော်မူ၏။

ထိုတရားတို့၏ သရုပ်ကို ဖော်ထုတ် ဟောကြားတော် မမူပါ၊ ယင်း သရုပ်တို့ကို ဤ အဘိဓမ္မာချုပ် ဖြင့် သာ သိရှိနိုင်၏။

'ကုသလာဓမ္မာ' ဟူသော ပဌမပုဒ်၏ အရကား ကုသိုလ်
စိတ် ၂၁-ပါး, စေတသိက် ၃၈—ပါးရ၏။
'အကုသလာဓမ္မာ' ဟူသော ဒုတိယပုဒ်၏ အရကား
အကုသိုလ်စိတ် ၁၂—ပါး, စေသိက်
၂၇—ပါး ရရှိ၏။
အဗျာကတာဓမ္မာ' ဟူသော တတိယပုဒ် အရကား
ဝိပါက်စိတ် ၃၆—ပါး, ကြိယာ စိတ်
၂၀, စေတသိက် ၃၈—ပါး ရရှိ၏။

ယင်းသို့ တရားကိုယ် ကောက်နိုင်ရန်မှာ စိတ်—စေတသိက်တို့၏ သဘာဝနှင့် စိတ်ယှဉ်— စေတသိက် ယှဉ်တို့ကို ကောင်းစွာ သဘောပေါက်မှ ဖြစ်မည်၊ ဤအတွက် အဆင့်ဆင့် ဖော်ပြခဲ့ပါပြီ၊ သုံးဆောင်ရန် အသင့် ပြင်ဆင်ထားပါသည်။

အကျိုးမဲ့ ပုဒ်နှင့်သာ ဆိုင်သောဂါထာသည် တထောင် ဖြစ်စေကာမူ ကြားနာရသဖြင့် ငြိမ်းအေးကြောင်း ဖြစ်သော တပုဒ်—တဂါထာသာ မြတ်၏၊ ပျင်းရိသည် ဖြစ်၍ လုံ့လ ဝီရိယ မရှိဘဲ အနှစ်တရာ အသက်ရှည် နေရခြင်းထက် လုံ့လ ဝီရိယကို မြဲမြံစွာအားထုတ်သော သူ၏ တရက်မျှ အသက် ရှည်ရခြင်းသည် မြတ်၏။

[ ဓမ္မပဒ ပါဠိတော် ]

ဤတွင် ဗုဒ္ဓအဘိဓမ္မာချုပ် စေတသိက်ပိုင်း ပြီးပါပြီ

# ၃ — ပကိဏ်းပိုင်း

ယှဉ်သင့်သည့် အားလျော်စွာ အညီအညွတ် အပြားအားဖြင့် ယှဉ်ကြသော စိတ်-စေတသိက် တရားတို့သည် မိမိမိမိတို့၏ သဘော လက္ခဏာအားဖြင့် (၅၃)ပါး အပြားရှိ၏၊ ထိုသဘောတရားတို့ကို ယခုအခါ ထိုက်သည့်အားလျော်စွာ ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထု ဟူသော သင်္ဂဟ ၆-ပါးဖြင့် ပကိဏ်းပိုင်းကို ဆိုပါအံ့။

ပကိဏ်းပိုင်း= ဟူသည်မှာ စိတ်-စေတသိက်တို့ကို ရောနှော၍ ပြသော အပိုင်း ဖြစ်၏၊ ဤအပိုင်းတွင် ပြဆိုမည့် တရားတို့မှာ စိတ်—စေတသိက်တို့ပင် ဖြစ်၏၊ စိတ်သည် တခုယုတ် ကိုးဆယ် အကျယ် ၁၂၁-ပါး ရှိသော်လည်း အလုံးစုံပင် အာရုံကို သိခြင်း သဘော လက္ခဏာ ပြားသောကြောင့် ၅၂-ပါးလုံးပင် သတ်မှတ်ထား၏၊ သို့ဖြင့် ဤတွင် ရောနှောပြမည့် နာမ်တရားတို့သည် (၅၃) ပါးသာ ဖြစ်၏၊ ယင်းတို့ကိုပင် ဝေဒနာ သင်္ဂဟ, ဟေတု သင်္ဂဟ စသဖြင့် သင်္ဂဟ ၆-ပါးဖြင့် ဝေဖန်သွားမည်ဖြစ်၏၊

## ဝေဒနာသင်္ဂဟ

စိတ်—စေတသိက်တို့ကို ဝေဒနာ၏ အပြားအားဖြင့် ပေါင်းရုံးရေတွက်ခြင်းကိုပင် 'ဝေဒနာ သင်္ဂဟ' ဟု ခေါ်၏၊ ဤသင်္ဂဟ၌ ဝေဒနာသည် အာရုံကို ခံစားသော အပြား အားဖြင့် သုခ ဝေဒနာ, ဒုက္ခ ဝေဒနာ, ဥပေက္ခာဝေဒနာ ဟူ၍ သုံးပါး အပြားရှိ၏။

ဣန္ဒြေအားဖြင့်ကား သုခ ဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿ ဝေဒနာ, ဥပေက္ခာ ဝေဒနာ ဟူ၍ ၅—ပါး အပြားရှိ၏။

၁— သုခဝေဒနာ သည် အလိုရှိအပ်ကောင်းမြတ်သော ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိ၏၊ ယင်းဝေဒနာနှင့် တကွ ဖြစ်သော စိတ်သည်ကား အဟိတ် ကုသိုလ် ဝိပါက် ကာယဝိညာဏ် တပါးသာတည်း။

၂— ဒုက္ခဝေဒနာ သည် အလိုမရှိအပ် မကောင်းမြတ် မြတ်သော အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိ၏၊ ယင်း ဝေဒနာနှင့် တကွဖြစ်သော စိတ်ကား အဟိတ် အကုသိုလ် ဝိပါက် ကာယဝိညာဏ် တပါးသာတည်း။

၃— သောမနဿ ဝေဒနာသည် အလိုရှိအပ် ကောင်း မြတ်သော ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိ၏၊

ယင်း ဝေဒနာနှင့် တကွ ဖြစ်သော စိတ်ကား လောဘမူ သောမနဿ ၄-ပါး, အဟိတ် သုခ သန္တိရဏ, ဟသိတုပ္ပါဒ်, ကာမသောဘန သောမနဿ ၁၂-ပါး, ပဌမဈာန် ၁၁-ပါး, ဒုတိယဈာန် ၁၁-ပါး, တတိယဈာန် ၁၁-ပါး,စတုတ္ထဈာန် ၁၁-ပါး,အပြားအားဖြင့် (၆၂)ပါးရှိ၏။

၄—ဒေါမနဿ ဝေဒနာသည် အလိုမရှိအပ် မကောင်း မြတ်သော အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိ၏၊ ယင်းဝေဒနာနှင့် တကွ ဖြစ်သော စိတ်သည် ဒေါမနဿ သဟဂုတ် ပဋိဃ သမ္ပယုတ် ၂-ပါး ဖြစ်၏။

၅—ဥပေက္ခာဝေဒနာ သည် ဣဋ္ဌာရုံလည်း မဟုတ်, အနိဋ္ဌာရုံလည်း မဟုတ်သော မဇ္ဈတ္တာရုံကို ခံစားခြင်း လက္ခဏာ ရှိ၏၊ ယင်း ဝေဒနာနှင့် တကွ ဖြစ်သော စိတ်သည်ကား အထက် အဆိုပါ ဝေဒနာ လေးပါးနှင့် တကွ ဖြစ်သော စိတ်မှ ကြွင်းသည့် စိတ် (၅၅)ပါး ဖြစ်၏။

စိတ်-စေတသိက် ဟူသော နာမ်တရား နှစ်မျိုးတွင် ဤတွင် စိတ်တို့ကိုသာ ရေတွက်ပြထား၏၊ ဝေဒနာ စေတသိက်တို့လည်း အတူတကွပင် ပါဝင်၏၊ စိတ်ယှဉ် စေတသိက် ယှဉ်တို့ကို သိပါက ထိုစေတသိက် တို့ကိုလည်း အသီး-အသီး ရေတွက်နိုင်ပါသည်၊ ဓမ္မသင်္ဂဏီ ကျမ်းတွင် ဝေဒနာ တို့ကို ဤသို့ ဟောတော်မူ၏။

၁—သုခါယ ဝေဒနာ သမ္ပယုတ္တာ ဓမ္မာ

၂—ဒုက္ခာယ ဝေဒနာ သမ္ပယုတ္တာ ဓမ္မာ

၃—အဒုက္ခ မသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။

ပဌမပုဒ်၏ အရကား သုခသည် ဒုက္ခသဟဂုတ် စိတ် ၆၃-ပါး, ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၆၄-ပါးရ၏။

ဒုတိယ ပုဒ်၏ အရကား ဒုက္ခသဟဂုတ် စိတ်သုံးပါး, ဝေဒနာ, ပီတိ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၂၁-ပါးရ၏။

တတိယပုဒ်၏ အရကား ဥပေက္ခာသဟဂုတ် စိတ် ၅၅-ပါး, ဝေဒနာ, ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ကြဉ်သော စေတသိက် ၄၆-ပါးရ၏။

ဤဓမ္မသင်္ဂြိုဟ်ကျမ်းမှာကား အာရုံခံစားသော အပြား အားဖြင့် ဝေဒနာ သုံးပါးသာ ဟောကြား၏၊ ဣန္ဒြေအပြား အပြား အားဖြင့် ဝေဒနာ ငါးပါးမှာ ဝိဘင်း ကျမ်းအရ ဖြစ်၏၊ သုခနှင့် သောမနဿ, ဒုက္ခနှင့် ဒေါမနဿမှာ သဘာဝတူ ဖြစ်၏၊ ထို့ကြောင့် တခါတရံ အကြောင်းအားလျော်စွာ ယင်းသို့လည်း ပူပေါင်း၍ တခါတရံ အကြောင်းအားလျော်စွာ ခွဲခြား ဟောကြား၏။

## ဟေတုသင်္ဂဟ

အကျိုးတရားကို ဖြစ်စေတတ်သောကြောင့် 'ဟိတ်' မည်၏၊ ရေသောက်မြစ်သည် သစ်ပင်ကို ရှင်သန် ကြီးပွား အောင် ကျေးဇူးပြုသကဲ့သို့ ဟိတ်တရားတို့သည် မိမိနှင့်အတူ တကွဖြစ်သော တရားတို့ကို ထို့အတူ ရှင်သန်ကြီးပွားအောင် ကျေးဇူးပြု၏၊ ဤတွင် ယင်းဟိတ်၏ အပြား အားဖြင့် ထို ဟိတ်နှင့်ယှဉ်သော စိတ်-စေတသိက်တို့ကို စုပေါင်းရေတွက်၍ ပြဆိုပါမည်။

ဟေတုသင်္ဂဟ၌ ဟိတ်တို့သည် လောဘဟိတ်, ဒေါသ ဟိတ်, မောဟဟိတ်ဟူ၍ အကုသိုလ်ဟိတ် ၃-ပါး၊ အလောဘ ဟိတ်, အဒေါသဟိတ်, အမောဟဟိတ် ဟူ၍ အဗျာကတ ဟိတ် ၃-ပါး အားဖြင့် ၆-ပါး အပြား ရှိ၏။

[ဤဟိတ် ၆-ပါးအကြောင်းကို ပစ္စည်းပိုင်း ပဋ္ဌာန်း နည်း၌ ရှုပါ၊ ဤတွင် အဘိဓမ္မတ္ထသင်္ဂဟ အတိုင်း အဟိတ်, သဟိတ်, ဒွိဟိတ်, တိဟိတ်တို့ အကြောင်းနှင့် ထို တွင် ပါဝင်သော စိတ်တို့ကို ရေတွက် ပြပါမည်။]

အဟိတ်— ယှဉ်ဖော်-ယှဉ်ဖက် ဟိတ်မရှိသောကြောင့် အ ဟိတ် မည်၏၊ ယင်းအဟိတ်စိတ်တို့သည် ပဉ္စ ဒွါရာဝဇ္ဇန်း, ဒွေးပဉ္စဝိညာဏ် ၁၀, သမ္ပဋိစ္ဆိုင်း ဒွေး, သန္တီရဏ ၃-ခု, ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း)ဟသိတုပ္ပါဒ်တို့၏ အစွမ်းဖြင့် (၁၈) ပါး အပြား ရှိ၏၊ စင်စစ် အဟိတ်စိတ် (၁၈) ပါး ပင်တည်း။

သဟိတ်—ယှဉ်ဖော်-ယှဉ်ဖက် ဟိတ် ရှိသောကြောင့် သဟိတ် မည်၏၊ အဟိတ်စိတ် ၁၈-ပါးမှ ကြွင်းသည့် အလုံးစုံသော စိတ် (၇၁) ပါးသည် သဟိတ် မည်၏။

ဧကဟိတ်—ဟိတ် တပါးသာ ရှိသောကြောင့် ဧကဟိတ် မည်၏၊ မောဟမူဒွေးပင် ဖြစ်၏၊ ယင်း စိတ် ၂-ပါးမှာ ဟိတ် ၆-ပါးတို့ အနက်မှ မောဟဟိတ် တပါးသာ ရှိ၏။

ဒွိဟိတ်—ဟိတ်နှစ်ပါးရှိသောကြောင့် ဒွိဟိတ် မည်၏၊ မောဟမူဒွေးမှကြွင်းသော အကုသိုလ်စိတ် ၁၀-ပါး, ကာမဝစရသောဘန ဉာဏ ဝိပ္ပယုတ် ၁၂-ပါး အားဖြင့် စိတ် (၂၂) ပါးတို့သည် ဒွိဟိတ် မည်၏။

တိဟိတ်— ဟိတ်သုံးပါး ရှိသောကြောင့် တိဟိတ် မည်၏၊ ကာမ သောဘန ဉာဏ သမ္ပယုတ် ၁၂-ပါး, မဟဂ္ဂုတ် လောကုတ္တရာ ၃၅-ပါး အားဖြင့် စိတ် (၄၇) ပါး တို့သည် ဟိတ် သုံးပါးရှိသော တိဟိတ် မည်၏။

ဤဟိတ်တရားတို့ကို ဓမ္မသင်္ဂဏီ ကျမ်း၌ ဟောကြားပုံမှာ "ဟိတ် မည်သောတရားများ, ဟိတ် မမည်သော တရားများ, သမ္ပယုတ်ရှိသော တရားများ, သမ္ပယုတ်ဟိတ်မရှိသော တရားများ, ဟိတ်နှင့် ယှဉ်သော တရားများ, ဟိတ်နှင့် မယှဉ်သော တရားများ, ဟိတ်လည်း မည် သမ္ပယုတ် ဟိတ်လည်း ရှိသော တရားများ, သမ္ပယုတ် ဟိတ် လည်း ရှိ ဟိတ်လည်း မမည်သော တရားများ, ဟိတ်လည်း မည် ဟိတ် နှင့်လည်း

ယှဉ်သော တရား, ဟိတ်နှင့်လည်းယှဉ်- ဟိတ်လည်းမမည်သော တရားများ, ဟိတ်မမည်-သမ္ပယုတ် ဟိတ် ရှိသော တရားများ, ဟိတ်မမည်-သမ္ပယုတ်ဟိတ်လည်း မရှိသော တရားများ" ဟူ၍ ဖြစ်၏၊ အကယ်၍ ဟိတ်ကို သဘောပေါက်လျှင် ဤတရားတို့ကို လွယ်ကူစွာ ကောက်နိုင်မည်။

## ကိစ္စ သင်္ဂဟ

ပြုခြင်းသည် 'ကိစ္စ' မည်၏၊ ဤအရာ၌ စိတ်-စေတသိက်တို့၏ ပြုလုပ်မှုကို ကိစ္စဟု ခေါ်ဆိုခြင်း ဖြစ်၏၊ ထိုတရားတို့၏ ကိစ္စမှာ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ စသည်ဖြင့် ၁၄-ပါး အပြား ရှိ၏။

၁. ပဋိသန္ဓေ ကိစ္စ— တဖန် ဘဝ အသစ်- အသစ် ဆက်လက်ခြင်း(ဝါ)ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ခြင်း အလုပ်။

၂. ဘဝင် ကိစ္စ— ဘဝ၏ အင်္ဂါဖြစ်သော အလုပ်သည် ဘဝင် ကိစ္စမည်၏၊ ဥပပတ္တိ ဘဝဟု ဆိုအပ်သော ပစ္စုပ္ပန်ဘဝ၌ ဖြစ်နေသော ခန္ဓာအစဉ်၏ အသက်ထက်ဆုံး မပြတ်မလပ် ဖြစ်ခြင်း၏ အကြောင်း ကိစ္စပင်တည်း။

၃- အာဝဇ္ဇန်း ကိစ္စ– အလုံးစုံသော အာရုံကို နှလုံးသွင်းဆင်ခြင် ခြင်း အလုပ်ကို အာဝဇ္ဇန်းကိစ္စ ဟုခေါ်၏၊ ယူမြဲတိုင်းသောအာရုံဟောင်းကို ယူ၍ နေသော ဘဝင်မှ ဖဲ၍ အသစ် ဖြစ်သော အာရုံတပါးသို့ စိတ်ကိုရှေးရှုဦးတည်၍ ပေးခြင်းကိုပင် ဆင်ခြင်သည်ဟု ဆို၏။

၄- ဒဿန ကိစ္စ– မြင်ခြင်း အလုပ် သည် ဒဿန ကိစ္စ မည်၏။

၅- သဝန ကိစ္စ– ကြားခြင်း အလုပ်သည် သဝန ကိစ္စ မည်၏။

၆- ဃာယန ကိစ္စ– နမ်းခြင်း အလုပ်သည် ဃာယနကိစ္စ မည်၏။

၇- သာယန ကိစ္စ– လျက်ခြင်း အလုပ် သည် သာယန ကိစ္စ မည်၏။

၈- ဖုသန ကိစ္စ– တွေ့ထိခြင်း အလုပ်သည် ဖုသန ကိစ္စ မည်၏။

၉- သမ္ပဋိစ္ဆိုင်းကိစ္စ– အာရုံကို ကောင်းစွာ ခံလင့်ခြင်း, အာရုံကိုကောင်းစွာ ယူသကဲ့သို့ ဖြစ်ခြင်း အလုပ်သည် သမ္ပဋိစ္ဆိုင်း ကိစ္စ မည်၏၊ လက်ခံ သိမ်းပိုက်ခြင်း ပင်တည်း။

၁၀- သန္တီရဏ ကိစ္စ– ကောင်းစွာစူးစမ်းခြင်း အလုပ်သည် သန္တီရဏ ကိစ္စ မည်၏။

၁၁- ဝုဋ္ဌော ကိစ္စ– သိုးသန့် ပိုင်းခြား သတ်မှတ်ခြင်း အလုပ်သည် ဝုဋ္ဌော ကိစ္စ မည်၏။

၁၂- ဇော ကိစ္စ—အာရုံ၌ ထိုထိုသို့သော ကိစ္စကို ပြီးစေသည့် အစွမ်းဖြင့် အာရုံကို ပိုင်းခြား သိလျက် အရှိန်လျှင်မြန်စွာဖြစ်ခြင်း အလုပ်သည် ဇော ကိစ္စ မည်၏။

၁၃- တဒါရုံ ကိစ္စ—ဇော ယူပြီးသော အာရုံကို အာရုံပြု၍ ဖြစ်ခြင်း အလုပ်သည် တဒါရုံကိစ္စ မည်၏။

၁၄- စုတိ ကိစ္စ—ဖြစ်ဆဲ ပစ္စုပ္ပန်ဘဝ၏ ပျက်စီး ချုပ်ဆုံး ကွယ်လွန်ခြင်း အလုပ် သည် စုတိ ကိစ္စ မည်၏။

[ကိစ္စတပ်ရာ ဌာနမှာ ပဋိသန္ဓေ ဌာန, ဘဝင် ဌာန, အာဝဇ္ဇန်း ဌာန, ပဉ္စ ဝိညာဏ် ဌာန, သမ္ပဋိစ္ဆိုင်း ဌာန, သန္တီရဏ ဌာန, ဝုဋ္ဌော ဌာန, ဇော ဌာန, တဒါရုံ ဌာန, စုတိ ဌာန ဟူ၍ (၁၀)ပါး ရှိ၏၊ ကိစ္စ ၁၄-ပါးတွင် ဌာန ၁၀-ပါး သာ ရှိသည်မှာ ဒဿန, သဝန, ဃာယန, သာယန, ဖုသန ကိစ္စ ၄ါးပါးတို့ကို ပဉ္စဝိညာဏ်ဌာနဟု တဌာနတည်း၌ ပေါင်းလိုက်၍ ဖြစ်၏၊ ကိစ္စ ဟူသည်မှာ စိတ်တို့၏ အစွမ်းသတ္တိ ဖြစ်၏၊ ဌာန ဟူသည်မှာ ယင်း အစွမ်း သတ္တိ၏ တည်ရာ စိတ်ဒြပ် ဖြစ်၏။]

'ပဋိသန္ဓေ ကိစ္စ, ဘဝင် ကိစ္စ, စုတိ ကိစ္စ' တပ်သော စိတ်မှာ ဥပေက္ခာ သဟဂုတ် သန္တီရဏ ၂-ပါး, မဟာ ဝိပါက် စိတ် ၈-ပါး, ရူပ ဝိပါက် ၅-ပါး, အရူပ ဝိပါက် ၄-ပါး အားဖြင့် စိတ်(၁၉)ပါးတို့ ဖြစ်ကြ၏။

'ဒဿန ကိစ္စ' တပ်သော စိတ်မှာ စက္ခု ဝိညာဏ် ဒွေး ဖြစ်၏။

'သဝန ကိစ္စ' တပ်သော စိတ်မှာ သောတ ဝိညာဏ် ဒွေး ဖြစ်၏။

'ဃာယန ကိစ္စ' တပ်သော ကိစ္စမှာ ဃာန ဝိညာဏ် ဒွေး ဖြစ်၏။

'သာယန ကိစ္စ' တပ်သော စိတ်မှာ ဇိဝှါ ဝိညာဏ် ဒွေး ဖြစ်၏။

'ဖုသန ကိစ္စ' တပ်သော စိတ်မှာ ကာယ ဝိညာဏ် ဒွေး ဖြစ်၏။

'သမ္ပဋိစ္ဆိုင်း ကိစ္စ' တပ်သော စိတ်မှာ သမ္ပဋိစ္ဆိုင်း ဒွေး ဖြစ်၏။

'သန္တိရဏ ကိစ္စ' တပ်သော စိတ်မှာ သန္တီရဏ ၃-ပါး ဖြစ်၏။

'ဝုဋ္ဌော ကိစ္စ' တပ်သော စိတ်မှာ မနောဒွာရာ ဝဇ္ဇန်း ဖြစ်၏။

'ဇော ကိစ္စ' တပ်သော စိတ်မှာ အကုသိုလ်စိတ် ၁၂-ပါး, ကုသိုလ်စိတ် ၂၁-ပါး, ဖိုလ်စိတ် ၄-ပါး, အာဝဇ္ဇန်း ဒွေး ကြဉ်သော ကြိယာ ၁၈ အားဖြင့်(၅၅)ပါး ဖြစ်၏။

'တဒါရုံ ကိစ္စ' တပ်သော စိတ်မှာ မဟာ ဝိပါက် ၈-ပါး, သန္တီရဏ ၃-ပါး အားဖြင့် (၁၁) ပါး ဖြစ်၏။

'ဥပေက္ခာ သန္တီရဏ' ၂-ပါးသည် ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ, သန္တီရဏ ကိစ္စ တို့၏ အစွမ်းဖြင့် ၅-ကိစ္စ တပ်၏။

'မဟာ ဝိပါက်စိတ်' ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စ တို့၏ အစွမ်းဖြင့် ၄-ကိစ္စ တပ်၏။

'မဟဂ္ဂုတ် ဝိပါက်' ၉-ပါးသည် ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စတို့၏ အစွမ်းဖြင့် ၃-ကိစ္စတပ်၏။

'သောမနဿ သန္တီရဏ' သည် တဒါရုံ ကိစ္စ တို့၏ အစွမ်းဖြင့် ၂-ကိစ္စ တပ်၏။

ဆိုခဲ့သည်မှ ကြွင်းသော 'ဇော' ၅၅-ပါး, 'မနော ဓာတ်' ၃-ပါး, 'ဒွေးပဉ္စ ဝိညာဏ်' ၁၀-အားဖြင့် စိတ်(၆၈) ပါးသည် တကိစ္စသာ တပ်၏။

## ဒွါရ သင်္ဂဟ

'ဒွါရ' ဟူသည်မှာ တံခါးဖြစ်၏၊ တံခါးသည် လူတို့၏ ထွက်ဝင်ရာ-ထွက်ဝင်ကြောင်း ဖြစ်သကဲ့သို့ စက္ခု, သောတ စသည် တို့သည် အာဝဇ္ဇန်း အစ ရှိသော နာမ်တရား တို့၏

ဖြစ်ကြောင်း ဖြစ်သောကြောင့် တံခါး မည်၏၊ ဒွါရ သင်္ဂဟ ဟူသည်မှာ ဒွါရ၏ အပြား အားဖြင့် ထို ဒွါရနှင့်ယှဉ်သော စိတ်-စေတသိက် တို့ကို စုပေါင်း ရေတွက်ပြသော သင်္ဂဟ ဖြစ်၏။

ဤ သင်္ဂဟ၌ ဒွါရ တို့သည် စက္ခု ဒွါရ စသည်ဖြင့် ၆-ပါး အပြားရှိ၏။

၁- စက္ခုဒွါရ= စက္ခု ပသာဒ ရုပ်ကို စက္ခုဒွါရဟု ခေါ်၏၊ ယင်း ဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး, ၁-ပါး,စက္ခု ဝိညာဏ် ဒွေး,သမ္ပဋိစ္ဆိုင်း ဒွေး, သန္တီရဏ ၃-ပါး, ဝုဋ္ဌော ၁-ပါး, ကာမဇော ၂၉-ပါး, တဒါရုံ မဟာဝိပါက် ၈-ပါး အားဖြင့် စိတ်(၄၆)ပါးတို့ ဖြစ်ကြ၏။

၂- သောတ ဒွါရ= သောတပသာဒရုပ်ကို သောတဒွါရ ဟု ခေါ်၏၊ ယင်းဒွါရ၌ ဖြစ်သော စိတ် လည်း တို့ အတူ သောတ ဝိညာဏ် ဒွေး နှင့် (၄၆)ပါးပင် ဖြစ်၏။

၃- ဃာန ဒွါရ=ဃာနပသာဒရုပ်ကို ဃာနဒွါရဟု ခေါ် ၏၊ ယင်း ဒွါရ၌ ဖြစ် သော စိတ် လည်း တို့ အတူ ဃာန ဝိညာဏ် ဒွေးနှင့်(၄၆) ပါးပင် ဖြစ်၏။

၄- ဇိဝှါဒွါရ= ဇိဝှါပသာဒရုပ်ကို ဇိဝှါဒွါရဟု ခေါ်၏၊ ယင်းဒွါရ၌ ဖြစ်သော စိတ်လည်း တို့ ဇိဝှါ ဝိညာဏ် ဒွေး နှင့် (၄၆) ပါးပင် ဖြစ်၏။

၅- ကာယ ဒွါရ= ကာယ ပသာဒ ရုပ်ကို ကာယ ဒွါရဟု ခေါ်၏၊ ယင်း ဒွါရ၌ဖြစ်သော စိတ်ထည်း ထို့အတူ ကာယဝိညာဏ်ဒွေးနှင့် (၄၆) ပါးပင် ဖြစ်၏။

၆- မနော ဒွါရ= မနောဒွါရ ဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်သော ဘဝင်ုပစ္ဆေဒ ၁၉-ခုကိုမနောဒွါရ ဟုခေါ်၏၊ ယင်းဒွါရ၌ ဖြစ်သော စိတ်မှာ မနောဒွါရဝဇ္ဇန်း ၁-ပါး, ဇော ၅၅-ပါး, တဒါရုံ ၁၁-ပါး အားဖြင့် (၆၇) ပါး ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသည့် ဒွါရ ၆-ပါးမှ လွတ်သော စိတ်များ လည်းရှိသေး၏၊ ယင်းစိတ်တို့မှာ ပဋိသန္ဓေ, ဘဝင်, စုတိ စိတ် (၁၉) ပါးတို့ ဖြစ်၏၊ ဤ စိတ် ၁၉-ပါးကို ဒွါရ ခြောက်ပါးမှ လွတ်သောကြောင့် ဒွါရဝိမုတ်ဟု ခေါ်၏၊ အဆိုပါ ၆-ဒွါရ၌ မဖြစ်သော စိတ်တို့ပင်တည်း။

ဒွေးပဥ္စဝိညာဏ် ၁၀,မဟာဂ္ဂုတ် ၁၈-ပါး,လောကုတ္တရာဇော ၈-ပါး အားဖြင့် စိတ် (၃၆) ပါး တို့သည် ထိုက်သည် အားလျော်စွာ တဒွါရ၌ ဖြစ်ကြ၏။

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း ဒွေး ဟူသော မနောဓာတ်(၃)ပါးသည် ငါးဒွါရ၌ ဖြစ်၏။

သောမနဿ သန္တီရဏ, ဝုဋ္ဌော, ကာမ ဇော(၂၉)ပါး အားဖြင့် စိတ် (၃၁)ပါးသည် ခြောက်ဒွါရ၌ ဖြစ်၏။

ဥပေက္ခာ သန္တီရဏ ၂-ပါး, မဟာ ဝိပါက် ၈-ပါး အားဖြင့် စိတ်(၁၀)ပါးသည် ခြောက်ဒွါရ၌လည်း ဖြစ်၏၊ ခြောက်ဒွါရမှလည်း လွတ်၏။

မဟာဂုတ် ဝိပါက်စိတ်တို့ကား ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စ တင်သောကြောင့် အခြင်း ခပ်သိမ်း ခြောက် ဒွါရမှ လွတ်၏။

## အာလမ္ဗဏ သင်္ဂဟ

'အာလမ္ဗဏ' ဟူသည်မှာ အာရုံဖြစ်၏၊ အာရုံ၏ အပြား အားဖြင့် ထိုအာရုံနှင့် ယှဉ်သော စိတ်–စေတသိက် အပေါင်းတို့ကို ရေတွက်၍ ပြသော သင်္ဂဟ ဖြစ်၏၊ အာရုံသည် ရူပါရုံ စသည့်ဖြင့် ၆-ပါး အပြား ရှိ၏။

၁- ရူပါရုံ = အဆင်း
၂- သဒ္ဒါရုံ = အသံ
၃- ဂန္ဓာရုံ = အနံ့
၄- ရသာရုံ = အရသာ
၅- ဖောဋ္ဌဗ္ဗာရုံ = အတွေ့
၆- ဓမ္မာရုံ = တရား

ဓမ္မာရုံမှာ ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက် နိဗ္ဗာန်, ပညတ် အားဖြင့် ၆-ပါး အပြားရှိ၏။

စက္ခုဒွါရ၌ ဖြစ်သော စိတ်တို့သည် ပစ္စုပ္ပန် ရူပါရုံကို သာ အာရုံ ပြု၏၊ ထို အတူ သောတဒွါရ, ဃာနဒွါရ, ဇိဝှါ

ဒွါရ, ကာယဒွါရ၌ ဖြစ်သော စိတ်တို့လည်း အသီး-အသီး ပစ္စုပ္ပန် သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြု၏။

မနောဒွါရ၌ ဖြစ်သော စိတ်တို့သည် အာရုံ ၆-ပါးလုံးကိုအာရုံပြု၏၊ သို့ရာတွင် ကာလသုံးပါး၌ ဖြစ်သော အာရုံကို ဖြစ်စေ, ကာလသုံးပါးမှ လွတ်သော အာရုံကိုဖြစ်စေ,ထိုက်သည်အားလျော်စွာ အာရုံ ပြု၏။

ပဋိသန္ဓေ, ဘဝင်, စုတိဟု ဆိုအပ်သော ဒွါရဝိမုတ်စိတ်(၁၉)ပါးတို့သည် ရှေးဘဝက ခြောက်ဒွါရတွင် တပါး-ပါးသော ဒွါရ၌ ထင်လာသော မရဏာသန္န ဇော၏ အာရုံဖြစ်သည့် ကံ, ကမ္မ, ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးကို အာရုံ ပြု၏။

စက္ခုဝိညာဏ်စိတ်သည် ရူပါရုံကိုသာ အာရုံပြု၏၊ထို့အတူ သောတဝိညာဏ်,ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်,ကာယဝိညာဏ် စိတ်တို့သည် အသီး-အသီး သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြု၏။

မနောဓာတ် ၃-ပါးသည် ရူပါရုံ စသော အာရုံငါး ပါးကို အာရုံ ပြု၏။

ကြွင်းသော ကာမဝိပါက်နှင့် ဟသိတုပ္ပါဒ် တို့သည် ခပ်သိမ်းသော အပြား အားဖြင့် ကာမာရုံကိုသာ အာရုံပြုကြ၏။

အကုသိုလ် စိတ်, ဉာဏ ဝိပ္ပယုတ် ကာမဇော တို့သည် လောကုတ္တရာ တရား ကြဉ်သော အလုံးစုံ အာရုံ ပြု၏။

ဉာဏ သမ္ပယုတ် ကာမကုသိုလ်, ပဉ္စမဈာန် အဘိညာဉ် ကုသိုလ်တို့သည် အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော အလုံးစုံအာရုံကို အာရုံ ပြုကြ၏။

ဉာဏ သမ္ပယုတ် ကာမ ကြိယာ, ကြိယာ အဘိညာဉ်, ဝုဋ္ဌောတို့သည် ခပ်သိမ်းသော အခြင်းအရာ အားဖြင့် အလုံးစုံကို အာရုံ ပြု၏။

အရူပစိတ်တို့တွင် ဒုတိယနှင့် စတုတ္ထ ဈာန် တို့သည် မဟဂ္ဂုတ်ကို အာရုံ ပြုကြ၏။

လောကုတ္တရာ စိတ် ဟူကား နိဗ္ဗာန်ကိုသာ အာရုံ ပြုကြ၏။

## ဝတ္ထု သင်္ဂဟ

စိတ်-စေတသိက် တို့၏ တည်ရာ-မှီရာ ဖြစ်သော ဝတ္ထု ၏ အပြားအားဖြင့် ထိုဝတ္ထုနှင့် ယှဉ်သော စိတ်သော စိတ်-စေတသိက်တို့ကို စုပေါင်းရေတွက်ပြသော အခန်းကို 'ဝတ္ထု သင်္ဂဟ' ဟု ခေါ်၏၊ ဤသင်္ဂဟတွင် ဝတ္ထုတို့သည် စက္ခုဝတ္ထု စသဖြင့် ၆-ပါး အပြား ရှိ၏။

၁- စက္ခုဝတ္ထု = စက္ခုပသာဒသည် စက္ခုဝတ္ထု မည်၏။

၂- သောတဝတ္ထု = သောတပသာဒသည်သောတ ဝတ္ထု မည်၏၊

၃- ဃာန ဝတ္ထု = ဃာန ပသာဒသည် ဃာန ဝတ္ထု မည်၏။

၄- ဇိဝှါ ဝတ္ထု = ဇိဝှါပသာဒသည် ဇိဝှါ ဝတ္ထု မည်၏။

၅- ကာယ ဝတ္ထု = ကာယ ပသာဒသည် ကာယ ဝတ္ထု မည်၏။

၆- ဟဒယ ဝတ္ထု = ဟဒယရုပ်သည် ဟဒယဝတ္ထု မည်၏။

'ကာမဘုံ' ၌ ထိုဝတ္ထုရုပ် ၆-ပါးလုံးကို ရ၏။
'ရူပဘုံ' ၌ ဃာန, ဇိဝှါ, ကာယ ဝတ္ထုရုပ်တို့ကို မရ။
'အရူပဘုံ' ၌ ဝတ္ထုရုပ်အလုံးစုံ မရ။

စက္ခုဝိညာဏ်သည် စက္ခုဝတ္ထု, သောတဝိညာဏ်သည် သောတ ဝတ္ထု, ဃာန ဝိညာဏ်သည် ဃာန ဝတ္ထု, ဇိဝှါဝိညာဏ်သည် ဇိဝှါဝတ္ထု, ကာယဝိညာဏ်သည် ကာယ ဝတ္ထုကို အသီး-အသီး မှီ၍ ဖြစ်၏။

ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းနှစ်ခု ဟူသော မနောဓာတ် ၃-ပါးတို့သည် ဟဒယ ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ကြ၏။

ကြွင်းသော သန္တီရဏ, မဟာဝိပါက်, ဒေါသမူ, သောတာပတ္တိမဂ်, ဟသိတုပ္ပါဒ်, ရူပစိတ် ဟူသော မနော ဝိညာဏ ဓာတ်တို့လည်း ဟဒယဝတ္ထုကိုသာ မှီ၍ ဖြစ်ကြ၏။

ကြွင်းသော ကုသိုလ်, အကုသိုလ်,ကြိယာ, လောကုတ္တရာ ဟူသော မနောဝိညာဏ ဓာတ်တို့ကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုကို မှီ၍ ဖြစ်ကြ၏၊ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ မမှီဘဲ ဖြစ်ကြ၏။

အရူပ ဝိပါက် စိတ်တို့ကား ဟဒယ ဝတ္ထုကို မမှီ မူ၍သာ ဖြစ်ကြ၏၊

ဤတွင် ဗုဒ္ဓ အဘိဓမ္မာချုပ် ပကိဏ်းပိုင်း ပြီးပါပြီ။

# ၄—ဝီထိပိုင်း

'ဝီထိ' ဟူသည်မှာ လမ်းခရီးစဉ် ဖြစ်၏၊ သတ္တဝါတို့ သန္တာန်၌ ဖြစ်သော စိတ်အစဉ်သည်လည်း သွားရာ လမ်းခရီးစဉ်နှင့် တူသောကြောင့် ဝီထိ မည်၏။ ဤဝီထိပိုင်း၌ ဝတ္ထု ၆-ပါး, ဒွါရ ၆-ပါး, အာရုံ ၆-ပါး, ဝိညာဏ် ၆-ပါး, ဝိသယပဝတ္တိ ၆-ပါး ဟူ၍ ၆-ပါး တွဲပေါင်း ၆-ပါး အပြား ရှိ၏၊ ထိုတွင် ဝတ္ထု ၆-ပါး, ဒွါရ ၆-ပါးနှင့် အာရုံ ၆-ပါးတို့ကို ပကိဏ်းပိုင်း၌ ဖော်ပြခဲ့ပြီး ဖြစ်၏။

ဝိညာဏ် ၆-ပါးမှာ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်နှင့် မနောဝိညာဏ်တို့ ဖြစ်ကြ၏။

'ဝီထိ ၆-ပါးမှာ စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိနှင့် မနောဒွါရဝီထိဟု မှီရာ ဒွါရ၏ အမည်ဖြင့် ၆-ပါး ရှိ၏၊ ထို့ပြင် စက္ခုဝိညာဏဝီထိ, သောတဝိညာဏဝီထိ, ဃာနဝိညာဏ

စိတ်, ဇိဝှာဝိညာဏ စိတ်, ကာယဝိညာဏ စိတ်နှင့် မနောဝိညာဏ စိတ် ဟူ၍ ဒွါရ၌ မှီ၍ ဖြစ်သော ဝိညာဏ်၏ အစွမ်းဖြင့်လည်း ၆-ပါး အပြားရှိ၏။

ဝိသယ ပဝတ္တိမှာ အာရုံတို့၏ ဖြစ်ခြင်း ဖြစ်၏၊ ယင်းအာရုံမှာ စိတ်-စေတသိက်တို့၏ ဖြစ်ရာပင်တည်း၊ ဤ ဝိသယပဝတ္တိ သည်လည်း အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိ ပရိတ္တာရုံ ဟူ၍ ပဉ္စဒွါရ၌ ၄-ပါး, ဝိဘူတာရုံနှင့် အဝိဘူတာရုံ ဟူ၍ မနောဒွါရ၌ နှစ်ပါးအားဖြင့် ၆-ပါး ရှိ၏။

၁။ အတိမဟန္တာရုံ = အလွန်များစွာ စိတ္တက္ခဏအသက်ရှိသော အာရုံ။

၂။ မဟန္တာရုံ = များစွာ စိတ္တက္ခဏ အသက် ရှိသော အာရုံ။

၃။ ပရိတ္တာရုံ = နည်းစွာ စိတ္တက္ခဏ အသက် ရှိသော အာရုံ။

၄။ အတိ ပရိတ္တာရုံ = အလွန် နည်းစွာ စိတ္တက္ခဏ အသက်ရှိသော အာရုံ။

၅။ ဝိဘူတာရုံ = အထူး သဖြင့် ထင်သောအာရုံ။

၆။ အဝိဘူတာရုံ = အထူးသဖြင့် မထင်သော အာရုံ။

'စိတ္တက္ခဏ' ဟူသည်မှာ စိတ်၏ အခိုက်အတန့် ဖြစ်သော ခဏကို ဆိုသည်၊ စိတ် ဖြစ်ပေါ်ခြင်း ဥပါဒ်၊ ဖြစ်ပြီး၍ မပျက်စီးမီ အကြား ခဏ ဋ္ဌီနှင့် ပျက်သော ဘင်၏ အစွမ်းဖြင့် ခဏငယ် သုံးခုတို့၏ အပေါင်းသည် စိတ္တက္ခဏ မည်၏၊ ယင်း စိတ္တက္ခဏသည် လက်ဖျစ်တတွက်, လျှပ်တပြက်, မျက်စိတမှိတ် အတွင်းမှာ ကုဋေတသိန်းမျှ ဖြစ်၏၊ စိတ္တက္ခဏ တခု၏ အသက်မှာ အဆိုပါ ဥပါဒ်, ဋ္ဌီ, ဘင် ဟူသော ခဏငယ် သုံးခုမျှသာ ဖြစ်၏၊ ရုပ်တရားတို့၏အသက်မှာ ယင်း စိတ္တက္ခဏ ၁၇-ချက်မျှ ရှိ၏။

ဝိထိစိတ်တို့ ဖြစ်ဟန်ကို ပုံစံပြရာတွင် စိတ္တက္ခဏ တခု၏ ခဏငယ် သုံးခုဖြစ်သော ဥပါဒ်, ဋ္ဌီ, ဘင်ကို ဝလုံး သုံးလုံး တွဲစပ် ပြထား၏၊ ပဌမ ဝလုံးမှာ ဥပါဒ် ဖြစ်၏၊ ဒုတိယ ဝလုံးမှာ ဋ္ဌီ ဖြစ်၏၊ တတိယ ဝလုံးမှာ ဘင် ဖြစ်၏၊ ယင်း ခဏငယ် သုံးခု တည်းဟူသော စိတ္တက္ခဏတို့မှာ ဘဝင်စိတ် ဝိထိစိတ် စသည်တို့၏ အမှတ် လက္ခဏာ ဖြစ်၏။

'အတီတ ဘဝင်' = တခုသော စိတ္တက္ခဏကို လွန်၍ရင်း, များစွာသော စိတ္တက္ခဏကိုလွန်၍ရင်း

ရုပ်၏ဋ္ဌီသို့ ရောက်မှသာလျှင် အာရုံ ငါးပါး တို့သည် ဒွါရ ငါးပါးတို့၌ အသီး-အသီး ထင်နိုင်ကြ၏၊ ယင်းသို့ ရုပ်၏ ဋ္ဌီသို့ ရောက်မှ အာရုံ ထင်နိုင်သောကြောင့် အာရုံနှင့်ပသာဒရုပ်တို့ ထိခိုက် ထင်မြင်လာစအခါ အာရုံ မထင်မီ ဘဝင်စိတ်တချက် ချုပ်ပျောက် ကွယ်လွန်သွား၏၊ ယင်း ဘဝင်သည် အတီတ ဘဝင် မည်၏။ အတိတ် ဘဝင် ပင်တည်း။

'ဘဝင်္ဂစလန' = ထို အာရုံနှင့် ပသာဒ ထင်ပြီး သည့် နောက်မှ ဘဝင် နှစ်ကြိမ်လှုပ်၏၊ ယင်း ဘဝင်ကိုမူ ဘဝင်္ဂစလနဟု ခေါ်၏၊လှုပ် သော ဘဝင်ဟု ဆိုလို၏။

'ဘဝင်္ဂုပစ္ဆေဒ' = ထို့နောက် ဝီထိ စိတ် ဖြစ်ရန် ဘဝင် ၏ အလျဉ် ပြတ်၏၊ ယင်းဘဝင်ကို ဘဝင်္ဂုပစ္ဆေဒဟု ခေါ်၏၊ ပြတ်သော ဘဝင် ပင်တည်း။

'ပဉ္စဒွါရာဝဇ္ဇန်း' = ဘဝင်္ဂုပစ္ဆေဒ ချုပ်ပြီးနောက် ထို ထင် လာ သော အာရုံကို ဆင်ခြင် သော ပဉ္စဒွါရာဝဇ္ဇန်းဖြစ်ပြီးချုပ်၏။

'ဝိညာဏ်' = ထို့နောက် ပဉ္စဒွါရာဝဇ္ဇန်း ဆင်ခြင် ပြီးသော အာရုံကို သိတတ် သော ဝိညာဏ် ဖြစ်၍ ချုပ်၏။

'သမ္ပဋိစ္ဆိုင်း' = ထို့နောက် ယင်းအာရုံကိုပင်ကောင်း စွာ ခံလင့် တတ်သော သမ္ပဋိစ္ဆိုင်း ဖြစ်၍ ချုပ်၏။

'သန္တီရဏ' = ထို့နောက် ယင်းအာရုံကိုပင် ကောင်း စွာ စူးစမ်း တတ် သော သန္တီရဏ ဖြစ်၍ ချုပ်၏။

'ဝုဋ္ဌော' = ထို့နောက် ယင်းအာရုံကိုပင်ကောင်းစွာ ပိုင်းခြား မှတ်သား တတ်သော ဝုဋ္ဌော ဖြစ်၍ ချုပ်၏။

'ဇော' = ထိုဝုဋ္ဌော ချုပ်ပြီးနောက် ကာမဇော ၂၉-ပါးတို့တွင် အာရုံ အားလျော်စွာ တစုံ တခုသော ဇောသည် ရအပ်သော အကြောင်း ရှိသည် ဖြစ်၍ ၇-ကြိမ်ဇော၏။

'တဒါရုံ' = ထိုဇော၏အခြားမဲ့၌ ဇောသို့ အစဉ်လိုက်၍ ဖြစ် တတ် သော တဒါရုံ ဝိပါက် စိတ်တို့ နှစ်ကြိမ် တိုင်တိုင် ထိုက်သည်အားလျော်စွာ ဖြစ်၏။

'ဘဝင်' = ဒုတိယ တဒါရုံ၏ အခြားမဲ့၌ ဘဝင်ကျ၏။

ယင်းသို့လျှင် ပဉ္စဒွါရာဝဇ္ဇန်းအစ—တဒါရုံ အဆုံး ရှိသော ဝီထိ စိတ် ၁၄-ပါး, အတီတ ဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ အားဖြင့် ဘဝင်စိတ် ၃-ပါး ဟူ၍ စိတ္တက္ခဏ ၁၇-ချက်ကြာ၍ ဒုတိယ တဒါရုံ၏ ဘဝင်နှင့် ပြိုင်၍ချုပ်သော အာရုံသည် လွန်စွာ အားကြီးဘည့် အာရုံဖြစ်သောကြောင့် 'အတိမဟန္တာရုံ' ဝီထိ မည်၏။

ဤကား အတိမဟန္တာရုံ ဝီထိ စိတ် ဘဝင် စိတ်တို့ ဖြစ်ပုံဖြစ်၏၊ ပဉ္စဒွါရ သို့မဟုတ် ပဉ္စဝိညာဏ် ဝီထိမှာ ၆ကွဲ

ဒွါရ—စက္ခုဝိညာဏ် စသဖြင့် ငါးမျိုး ရှိ၏၊ ထိုဘွင် စက္ခု တမျိုးကို ပုံစံ ထုတ်ပြ ပါမည်၊ ကြွင်းကျန်သည့် သောတ စသော ဝိထိတို့ကိုလည်း သိနိုင်၏။

## အတိ မဟန္တာရုံ

အတိ မဟန္တာရုံ စက္ခု ဒွါရ ဝိထိ ဖြစ်ဟန်မှာ ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှု အတူ ဥပါဒ်ကြသည်မှ စ၍ အတိတ ဘဝင် တကြိမ် အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံသင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်, တဒါရုံ နှစ်ကြိမ် ဖြစ်ပြီးသည့်အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ ၁၇-ချက် ရုပ်သက်စေ့၍ ဒုတိယ တဒါရုံ၏ ဘင် နှင့် ပြိုင်၍ ချုပ်၏။

ဘ တီ န ဒ ပ စ သံ ဏ ဝု ဇ
— — — — — — — — — —
ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ
— — — — — — — — —

[ဘ = ဘဝင်, တီ = အတီတ ဘဝင်, န = ဘဝင်္ဂစလန, ဒ = ဘဝင်္ဂုပစ္ဆေဒ, ပ = ပဉ္စဒွါရာဝဇ္ဇန်း, စ = စက္ခုဝိညာဏ်, သံ = သမ္ပဋိစ္ဆိုင်း, ဏ = သန္တီရဏ, ဇ = ဇော, ရုံ = တဒါရုံ။]

## မဟန္တာရုံ

ဤဝိထိ၌ တဒါရုံမကျနိုင်သောကြောင့် ဇော အဆုံးကွင် ဘဝင်ကျ၏၊ ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေး၌ရှု အဘူ ဥပါဒ် ကျသည်မှ စ၍ အတီတ ဘဝင် နှစ်ကြိမ် အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ရောက်သဖြင့် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ် ဖြစ်ပြီးလျှင် ဘဝင်တကြိမ် ကျသောအခါ ရူပါရုံနှင့်စက္ခုပသာဒတို့ ၁၇-ချက် ရပ်သက်စေ၍ ပဌမ ဘဝင်၏ ဘင်နှင့် ပြိုင်၍ ချုပ်၏။

ဘ တီ တီ န ဒ ပ စ သံ ဏ ဝုံ

— — — — — — — — — —

ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

— — — — — — — —

## ပရိတ္တာရုံ

ဇော ကျနိုင်လောက်အောင် အားမရှိသောကြောင့် အတီတ ဘဝင် ၄-ကြိမ်လွန်မှ ထင်ခြင်းသို့ ရောက် စေ နိုင်သော အာရုံသည် ပရိတ္တာရုံ မည်၏၊ ယင်း ဝိထိ၌ ဇောမကျမူ၍ ဝုဋ္ဌော နှစ်ကြိမ်-သုံးကြိမ် ကျပြီးနောက် ဘဝင် ကျ၏၊

ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ် ကျသည်မှစ၍ အတီတ ဘဝင် ၄-ကြိမ် အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော ၃-ကြိမ်ဖြစ်ပြီးလျှင် ဘဝ ၄-ကြိမ် ကျသည့်အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ ၁၇-ချက် ရပ်သက် စေ့၍ စတုတ္ထ ဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်၏။

တီ တီ တီ တီ န ဒ ပ စ သံ ဏ
— — — — — — — — — —

ဝုံ ဝု ဝု ဘ ဘ ဘ ဘ
— — — — — —

## အတိပရိတ္တာရုံ

ဝုဋ္ဌော မဖြစ်နိုင်၊ ဘဝင်သာလှုပ်၍ ချုပ်ခြင်းအနီးသို့ ရောက်သော အာရုံသည် အတိပရိတ္တာရုံ မည်၏၊ ဤဝီထိ၌ ဘဝင်နှစ်ကြိမ်သာ လှုပ်၏၊ ဝီထိစိတ် လုံးဝမဖြစ်၊ ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှု အတူ ဥပါဒ် ကျသည်မှ စ၍ အတီတ ဘဝင် ဆယ်ကြိမ်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန နှစ်ကြိမ် ဖြစ်ပြီးနောက် ဝီထိစိတ် မဖြစ်ဘဲ ဘဝင်ဆက်၍ကျပြီးလျှင် ဘဝင်ငါးကြိမ်ကျပြီး

သည့်အခါ ရူပါရုံနှင့် စက္ခုပသာဒတို့ ၁၇-ချက် ရုပ်သက်စေ့၍ ဘဝင်္ဂစလန နောင် ပဉ္စမ ဘဝင်၏ ဘင် နှင့် ပြိုင်၍ ချုပ်၏။

တိ တိ တိ တိ တိ တိ တိ တိ တိ တိ
— — — — — — — — — —

န န ဘ ဘ ဘ ဘ ဘ
— — — — — — —

ဤ ဆိုခဲ့သော နည်းဖြင့် စက္ခု ဒွါရ၌ ဝိသယပဝတ္တိ ၄-ပါးရှိ၏၊ ထို့အတူ သောတဒွါရစသည်တို့၌လည်း ဝိသယပဝတ္တိ ၄-ပါးစီ အသီး-အသီး ရှိ၏၊ ယင်းသို့လျှင် ခပ်သိမ်းသော အပြား အားဖြင့် ပဉ္စဒွါရ၌ တဒါရမ္မဏ ဝါရ = တဒါရုံမှာ ချုပ်သောအကြိမ်, ဇဝနဝါရ = ဇောမှာချုပ်သော အကြိမ်, ဝုဋ္ဌောဝါရ = ဝုဋ္ဌောမှာ ချုပ်သော အကြိမ်နှင့် မောဃဝါရ = ဝီထိ စိတ် မကျဘဲ ချုပ်သော အကြိမ်ဟူ၍ ၄-ဝါရ ရှိ၏။

## မနောဒွါရ ဝီထိ

မနောဒွါရ၌ အကယ်၍ အာရုံထင်ခဲ့သည် ဖြစ်အံ့၊ ထိုသို့ ထင်လာပြီးနောက် ဘဝင်္ဂစလန, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်ကျ၍ အဆုံး၌ တဒါရုံ ၂-ကြိမ်ကျပြီး ဘဝင်

ကျ၏၊ ပစ္စုပ္ပန် နိပ္ဖန္နရုပ်တို့ ဥပါဒ်ပြီးနောက် အတီတ ဘဝင် တကြိမ် အလွန်တွင် မနောဒွါရ၌ ထင်ရှားစွာ ထင်လာသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇ကြိမ်, တဒါရုံ ၂-ကြိမ်ဖြစ်ပြီးနောက် ဘဝင် ၄-ကြိမ်မြောက်တွင် နိပ္ဖန္နရုပ် အဋ္ဌာရသတို့ ၁၇-ချက် ရုပ်သက်စေ့၍ စုတိဘဝင်၏ ဘင်နှင့် ပြိုင်၍ ချုပ်၏။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| တီ | န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ |
| — | — | — | — | — | | — | — | — |
| ဇ | ဇ | ရုံ | ရုံ | ဘ | ဘ | ဘ | ဘ | |
| — | — | — | — | — | — | — | — | |

[ဤတွင် 'မ'မှာ မနောဒွါရာဝဇ္ဇန်းကို ဆိုလို၏၊ ယင်း အဝိဘူတာရုံ ဝိထိ၌ ဇောကျပြီး အဆုံး၌ ဘဝင် ကျ၏၊ တဒါရုံ မကျတော့၊ အိပ်မက် မြင်မက်သကဲ့သို့ ကြားသကဲ့သို့ ဖြစ်ရန် အတွက် အဝိဘူတာရုံ တခုခု ထင်လာသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း နှစ်ကြိမ်-သုံးကြိမ် ဖြစ်ပြီး နောက် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၏။]

ဤမနောဒွါရ ဝိထိ၌ ဝိထိစိတ်တို့သည် မနောဒွါရာ ဝဇ္ဇန်း, ဇော, တဒါရုံ-ဟူ၍ (၃)ပါးသာ ရှိ၏၊ စိတ္တုပ္ပါဒ် အားဖြင့်ကား မနောဒွါရာဝဇ္ဇန်း ၁-ပါး, ဇော ၇ ပါး, တဒါရုံ ၂—ပါးအားဖြင့် (၁၀)ပါးရှိ၏၊ အကျယ်အားဖြင့် ကား မနောဒွါရာ ဝဇ္ဇန်း ၁, ဇော ၂၉, တဒါရုံ ၁၁ ဟူ၍ (၄၁)ပါး အပြားရှိ၏။

## အပ္ပနာ ဇော ဝါရ

အပ္ပနာဇောကျသောအကြိမ်ကို အပ္ပနာဇောဝါရဟု ခေါ်၏၊ အပ္ပနာ ဟူသည်မှာ ယှဉ်ဖက်စိတ်ကို အာရုံသို့ အပ်နှံဘိတ် ရှေးရှုတင် တတ်သောကြောင့် ဝိတက်သည် အပ္ပနာ မည်၏။ အာရုံသို့ တင်ပေးခြင်း ကိစ္စ အထူးကြောင့် ဆိုင်ရာ အာရုံ၌ ခိုင်မြဲသော လောကီ-လောကုတ္တရာ ပဌမ ဈာန်စိတ်—စေတသိက်ကို အပ္ပနာမည်သော စေတသိက်နှင့် တကွ ဖြစ်သောကြောင့် တကွဖြစ်ဖက်နည်း အရ အပ္ပနာဟု ခေါ်ဆိုရ၏၊ ဆန့်ကျင်ဖက် နီဝရဏတို့မှ ဝေးကွာ၍ ဆိုင်ရာ အာရုံ၌ စွဲမြဲ တည်တန့် ခိုင်မြဲစေခြင်းအားဖြင့် အပ္ပနာ မည်သော ပဌမဈာန်နှင့် အလားတူသောကြောင့် ဒုတိယ ဈာန် တို့သည်လည်း သဒိသူပစာ အားဖြင့် အပ္ပနာဟု ခေါ်၏။

အပ္ပနာ ဇောဝါရ၌ ဉာဏသမ္ပယုတ် ကာမဇော ၈-ခု တို့တွင် အမှတ် မရှိ တခု—ခုသော ဇောသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုဟူသော အမည်ဖြင့် ၄—ကြိမ် သို့မဟုတ် ၃—ကြိမ် အစဉ်အတိုင်း ဖြစ်၏၊ ထိုဇော ချုပ် ပြီးသည်၏ အခြားမဲ့၌ ဆိုက်သည်အားလျော်စွာ ၄—ကြိမ် ၅—ကြိမ်မြောက်၌ မဟဂ္ဂုတ်, လောကုတ္တရာ အပ္ပနာဇော ၂၆— ပါးတို့တွင် ရူပ, အရူပ, လောကုတ္တရာ မဂ်—ဖိုလ် တို့အားလျော်စွာ အမှတ်မရှိ တခု—ခုသော အပ္ပနာဇော ဖြစ်ပေါ်လာ၏။

'ပရိကံ' = အပ္ပနာဇော ဖြစ် ပေါ် လာ အောင် ပြုသောစိတ်။

ဥပစာ = အပ္ပနာ၏ အနီး၌ ဖြစ်ခြင်း။

အနုလုံ = ရှေးရှေးသော ပရိကံနှင့် နောက်နောက် သော အပ္ပနာတို့အား လျော်စွာပြုခြင်း။

'ဂေါတြဘူ' = ကာမ အနွယ် ပုထုဇဉ် အနွယ်ကို နှိပ်စက် လွှမ်းမိုး၍ ဖြစ်ခြင်း။

ပထဝီ စသော ကသိုဏ်းကို စီးဖြန်းဖန် များသဖြင့် ဈာန်ရခါနီး နီးသော် ပထဝီ ပညတ် အစရှိသော ဆိုင်ရာ အာရုံ တခု-ခု မနောဒွါရ၌ ထင်လာသဖြင့် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း (ပညာနုံ့ သူ၌) ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု ဥပစာရ သမာဓိဇော ၄- ကြိမ် (ပညာထက်သူ၌) ဥပစာ, အနုလုံ, ဂေါတြဘူ ၃—ကြိမ်- အပ္ပနာ သမာဓိ ဇောဟု ဆိုအပ်သော ဈာန် တကြိမ် ဖြစ်၏၊ ထို့နောက် ထိုက်သင့်သမျှ ဘဝင်ခြား၍ ဝိတတ်စသည့် ဈာန် အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိများ ထိုက်သည်အား လျော်စွာ ဖြစ်၏။

ဘ န ဒ မ ပ ဥ နု ဂေါ ဇ ဘ

[ ပ = ပရိကံ, ဥ = ဥပစာ, နု = အနုလုံ,ဂေါ = ဂေါတြဘူ, ဈ = ဈာန် ]

ထိုကာမ ဉာဏသမ္ပယုတ် ဇော ၈—ခုတို့တွင် ရှေးပရိကံစသော ကာမဇောသည် သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄-ခုဖြစ်ခဲ့သော် ယင်းဇော၏ အခြားမဲ့၌ ဖြစ်သော အပ္ပနာဇောလည်း သောမနဿ သဟဂုတ် ဖြစ်သော အပ္ပနာကိုသာ အလိုရှိအပ်၏။

ရှေးပရိကံစသော ကာမဇောသည် ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄-ခုဖြစ်ခဲ့သော် ယင်း၏ အခြားမဲ့၌ ဖြစ်သော အပ္ပနာဇောလည်း ဥပေက္ခာ သဟဂုတ် အပ္ပနာကိုသာ အလိုရှိအပ်၏။

ထိုသောမနဿ, ဥပေက္ခာ ဝေဒနာလည်း မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇော ၄—ခု၏ အခြားမဲ့၌ ကုသိုလ် ဖြစ်သော မဟဂ္ဂုတ် အပ္ပနာ, လောကုတ္တရာ အပ္ပနာဇောနှင့် အောက်ဖိုလ် ၃—ခု အပေါင်း ဖြစ်၏။

မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခု၏ အခြားမဲ့၌ ဖြစ်ပါမူ ကြိယာဖြစ်သော မဟဂ္ဂုတ် အပ္ပနာ, လောကုတ္တရာ အပ္ပနာဇောနှင့် အောက်ဖိုလ် ၃—ခုအပေါင်း ဖြစ်၏။

မဟာကြိယာ ဉာဏ သမ္ပယုတ် ၄-ခု၏ အခြားမဲ့၌ ဖြစ်ပါမူ ကြိယာဖြစ်သော အပ္ပနာဇောနှင့် အရဟတ္တဖိုလ်ဇော ဖြစ်၏။

ပုထုဇဉ်, သေက္ခ ပုဂ္ဂိုလ်တို့အား ကာမတိဟိတ်ဇော ၄-ခု နောက်မှသာလျှင် အပ္ပနာဇောတို့ ဖြစ်၏၊ ရဟန္တာ ပုဂ္ဂိုလ်တို့အား ကာမကြိယာ တိဟိတ်ဇော နောက်မှသာလျှင် အပ္ပနာဇောတို့ ဖြစ်၏။

မဟာကုသိုလ် သောမနဿဇော နောက်၌ အပ္ပနာဇော ၃၂-ပါး

မဟာကုသိုလ် ဥပေက္ခာဇော နောက်၌ အပ္ပနာဇော ၁၂-ပါး

မဟာကြိယာ သောမနဿဇော နောက်၌ အပ္ပနာဇော ၈-ပါး

မဟာကြိယာ ဥပေက္ခာဇော နောက်၌ အပ္ပနာဇော ၆-ပါး

## တဒါရုံ နိယမ

အလုံးစုံသော ပဉ္စဒွါရ, မနောဒွါရတို့၌လည်း အလိုမရှိအပ်သော အနိဋ္ဌာရုံ၌ အကုသိုလ် ဝိပါက် ဖြစ်သော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့ ဖြစ်၏၊ အလိုရှိအပ်သော ဣဋ္ဌာရုံ၌ ကုသိုလ် ဝိပါက်ဖြစ်သော ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့ ဖြစ်၏၊ အလွန် အလိုရှိအပ်သော အတိဣဋ္ဌာရုံ၌ သောမနဿ သဟဂုတ် သန္တီရဏ, တဒါရုံတို့သာ ဖြစ်၏။

ထိုတွင် သောမနဿ သဟဂုတ် ကြိယာဇော အဆုံး၌ သောမနဿ သဟဂုတ် တဒါရုံတို့သာ ဖြစ်၏၊ ဥပေက္ခာ သဟဂုတ် ကြိယာဇော အဆုံး၌လည်း ဥပေက္ခာ သဟဂုတ် တဒါရုံတို့သာ ဖြစ်၏။

ဒေါမနဿ သဟဂုတ် ဇော၏ အဆုံး၌ တဒါရုံနှင့် ဘဝင် တို့သည် ဥပေက္ခာ သဟဂုတ် တို့သာ ဖြစ်၏၊ ထို့ကြောင့် သောမနဿ ပဋိသန္ဓေ နေသူအား ဒေါမနဿ သဟဂုတ် ဇောအဆုံး၌ တဒါရုံ မဖြစ်၊ ထိုအခါ ရှေးအခါ အမှတ်မထင် လေ့ကျက်ခဲ့ဘူးသည့် တခုခုသော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာ သဟဂုတ် သန္တီရဏ ဖြစ်၏၊ ယင်းအာဂန္တုက ဘဝင်စိတ်ကို အနန္တရ ပစ္စည်း ပြု၍ သောမနဿ ဘဝင်သာ ဖြစ်၏ဟုဆရာတို့ဆိုကြ၏၊ ထို့အတူ ကာမ ဇော၏ အဆုံး၌ ကာမသတ္တဝါတို့အား အာရုံဖြစ်သော ကာမ တရားတို့သာလျှင် တဒါရုံကို အလိုရှိအပ်၏။

ကာမဇော, ကာမ သတ္တဝါ, ကာမ အာရုံဟု အင်္ဂါ ၃-ရပ်ဖြင့် သတ်မှတ်ခြင်း ရှိပါသော် ဝိဘူတာရုံနှင့် အတိမဟန္တာရုံ၌ တဒါရုံကျ၏၊ တဒါရုံ ဟူသည်ကား သန္တီရဏ ၃-ပါး, မဟာဝိပါက် ၈-ပါးအားဖြင့်(၁၁)ပါးသော တရားတို့ဖြစ်၏၊ ကာမဘုံသား တို့၏ ပဋိသန္ဓေ စိတ်များသာ ဖြစ်သောကြောင့် ကာမဘုံသားများသာ တဒါရုံကျနိုင်၏။

## ဇော နိယာမ

ဇော ၅၅-ပါးတို့တွင် ကာမဇော ဝီထိ၌ ကာမ ဇော တို့သည် ၇-ကြိမ်–၈-ကြိမ် ဇောနိုင်-ကျနိုင်၏၊ သေခါနီး၍

ရုပ်အားနည်းသောအခါမျိုး၌ မှီရာ ဝတ္ထုရုပ် လွန်စွာ အားနည်းသောကြောင့် ဇော ၅-ကြိမ်သာ ဇောနိုင်၏၊ မြတ်စွာဘုရား၏ ရေမီး အစုံ-အစုံ စသော တန်ခိုးပြာဋိဟာပြသောအခါ စသည်တို့၌ အလျင်အမြန် ဖြစ်သောကြောင့် ပစ္စဝေက္ခဏာ ဇော ၄-၅-ကြိမ် ဇော၏၊ အစ ပဌမ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ရှိသော အာဒိကမ္မိက ပုဂ္ဂိုလ်အား ရှေးဦးစွာ ဖြစ်သော အပ္ပနာ၌ မဟဂ္ဂုတ်ဇောတို့ တကြိမ်သာ ဇော၏၊ အဘိညာဉ်ဇောတို့ကား အမြဲပင် တကြိမ်သာ ဇော၏ ထိုဇော ချုပ်ပြီးနောက်မှ ဘဝင်ကျ၏။

မဂ်စိတ် ၄-ပါးသည်ကား စိတ္တက္ခဏ တချက် ရှိ၏၊ ထို့နောက် ဖိုလ်စိတ် နှစ်ကြိမ်-သုံးကြိမ်တို့ ဆိုက်သည် အားလျော်စွာ ဖြစ်ပြီးနောက် ဘဝင် ကျ၏၊ နိရောဓသမာပတ် ဝင်စားသောအခါ စိတ်-စေတသိက်တို့ မချုပ်မီ ရှေးအဖို့၌ နေဝသညာ နာသညာ ယတန ကုသိုလ် ကြိယာဇော နှစ်ကြိမ်စီ ဖြစ်ပြီး နောက်မှ စိတ်-စေတသိက်တို့ မဖြစ်ဘဲ ချုပ်၏၊ နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမိ ဖိုလ်ဇောနှင့် အရဟတ္တဖိုလ်ဇောသည် အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်တို့၌ ဆိုက်သည် အားလျော်စွာ တကြိမ် ဖြစ်၍ ချုပ်ပြီးသော် ဘဝင်ကျ၏။

အလုံးစုံသော ဈာနသမာပတ္တိ ဝီထိတို့၌ ဘဝင်၏ အလျဉ်ကဲ့သို့ ဝီထိကို မှတ်ခြင်းမရှိ၊ ထို့ကြောင့် ဝိသိဝိဘော် အများ ရ၏။

ကာမဇောတို့သည် ၇-ကြိမ် ဇော၏။

မဂ် ဖောသည် တကြိမ်သာ ဖောစ်။
အဘိညာဉ် ဖောလည်း တကြိမ်သာ ဖော၏။
ကြွင်းသော ဈာန သမာပတ်, ဖလသမာပတ် ဇောတို့ကား အကြိမ်များစွာ ဖော၏။

## ပုဂ္ဂလ ဘူမိ ဘေဒ

ဒွိဟိတ်နှင့် အဟိတ် ပုဂ္ဂိုလ်တို့သည် ကြိယာ ဇောနှင့် အပ္ပနာဇောကို မရကြ။
ထို့အတူ ဒွိဟိတ်, သုဂတိ အဟိတ် ပုဂ္ဂိုလ် တို့သည် ဉာဏသမ္ပယုတ် ဝိပါက်စိတ်ကို မရကြ။
ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်ကား မဟာဝိပါက် ဉာဏသမ္ပယုတ်-ဝိပ္ပယုတ်တို့ကိုမရ။
တိဟိတ်တို့တွင် ရဟန္တာပုဂ္ဂိုလ်တို့အား ကုသိုလ်ဇော, အကုသိုလ်ဇောတို့ကို မရကြ။
ထို့အတူ သေက္ခပုထုဇဉ်တို့အား ကြိယာဇောမဇော။
သေက္ခ တို့အား ဒိဋ္ဌိဂတ သမ္ပယုတ် ဝိစိကိစ္ဆာ ဇော မဇော။
အနာဂါမ် ပုဂ္ဂိုလ် တို့အား ဒေါသမူ ဇော မဇော၊ လောကုတ္တရာ ဇောတို့သည် ထိုက်သည်အားလျော်စွာ အရိယာ ပုဂ္ဂိုလ်တို့အား အသီး-အသီး ဇော၏။
ရဟန္တာတို့ ရသော စိတ် ၄၄-ပါး။
သေက္ခတို့ ရသော စိတ်-၅၆-ပါး။

ကြွင်းသော ပုဂ္ဂိုလ်တို့ ရသော စိတ်ကား ၅၄-ပါး။

ကာမ ဘုံ၌သာလျှင် စိတ်အားလုံးတို့ကို ထိုက်သည့်လျော်စွာ ရကြ၏။

ရူပဘုံ၌ကား ဒေါသဇောနှင့် တဒါရုံ ၁၁-ပါးကြဉ်သော စိတ်တို့ကို ရ၏။

အရူပဘုံ၌ သောတာပတ္တိ မဂ်, ရူပစိတ်, ဟသိတုပ္ပါဒ်နှင့် အောက်ဖြစ်သော အရူပ စိတ် တို့ကို ကြဉ်၍ ကျန်သော စိတ်တို့ကို ရ၏၊

ခပ်သိမ်းသော ကာမ, ရူပ, အရူပဘုံတို့၌ အကြွင်းပသာဒ ချို့တဲ့၏၊ ထိုချို့တဲ့သည့် ပသာဒ၌ ဖြစ်သော စိတ်တို့ကို မရကြ။

အသညသတ် သတ္တဝါများ အခါခပ်သိမ်း စိတ်ဖြစ်ခြင်းမရှိကြ။

ကာမဘုံ၌ ဝီထိစိတ် ၈၀
ရူပဘုံ၌ ဝီထိစိတ် ၆၄
အရူပဘုံ၌ ဝီထိစိတ် ၄၂

ဤတွင် ဗုဒ္ဓအဘိဓမ္မာချုပ် ဝီထိပိုင်း ပြီးပါပြီ

## ၅- ဝိထိမုတ်ပိုင်း

'ဝိထိမုတ်ပိုင်း' ဟူသည်မှာ ဝိထိစိတ်တို့မှ လွတ်သော အပိုင်း ဖြစ်၏၊ ယင်းကို ဘုံပိုင်းဟူလည်း ခေါ်ကြ၏၊ အကြောင်းကား ဤအပိုင်းတွင် ၃၁-ဘုံ အကြောင်း ပါဝင်သောကြောင့် ဖြစ်၏၊ ရှင်အနုရုဒ္ဓါသည် ဤဝိထိမုတ်ပိုင်းကို အကြောင်းအရာ လေးပါးစီပါဝင်သော စတုက္ကလေးပါးဖြင့် စုပေါင်းထား၏၊ ယင်းလေးပါးမှာ ဘူမိ စတုက္က, ပဋိသန္ဓေ စတုက္က, ကမ္မ စတုက္ကနှင့် မရဏုပ္ပတ္တိ စတုက္ကဖြစ်၏။

### ၁-ဘူမိ စတုက္က

'ဘူမိ စတုက္က' = ဟူသည်မှာ ဘုံလေးမျိုး ဖြစ်၏၊ ဘုံဆိုမှာ သတ္တဝါတို့ဖြစ်ရာ-နေရာ အရပ်တည်း၊ ယင်းဘုံသည် အပါယ်ဘုံ, ကာမသုဂတိဘုံ၊ ရူပ ဘုံ, အရူပဘုံအားဖြင့် လေးပါး အပြားရှိ၏။

၁-အပါယ်ဘုံ = ချမ်းသာဖြစ်ကြောင်းကုသိုလ်ကောင်းမှုမှ ကင်းသောနေရာဖြစ်၏၊ ထိုတွင် ကုသိုလ်ကောင်းမှု ပြုခွင့် မရသူတို့နေကြ၏၊ ယင်း အပါယ်ဘုံသည် ငရဲ ဘုံ, တိရစ္ဆာန်ဘုံ ပြိတ္တာဘုံ နှင့် အသုရကာယ်ဘုံတို့ဖြစ်၏။

(က) ငရဲဘုံ = ချမ်းသာသုခ မရှိသော သူတို့၏ နေရာ အရပ် ဖြစ်၏၊ ထို ငရဲ ဘုံတို့မှာ သိဥ္စိုဝ်း,ကာဠသုတ်, သံဃာတ, ဇာလရောရုဝ, မဟာ ရောရုဝ, တာပန, ပတာပနနှင့် အဝီစိတို့ ဖြစ်ကြ၏၊ ထိုငရဲတို့သည် ယူဇနာနှစ်သိန်း လေးသောင်း အထုရှိသော မြေကြီး အောက်၌တည်ရှိ၏။

(ခ) တိရစ္ဆာန်ဘုံ = ဖီလာ—အလျားလိုက် သွားသော သတ္တဝါတို့၏ နေရာအရပ်ကို တိရစ္ဆာန် ဘုံဟုခေါ်၏၊ ထိုသတ္တဝါတို့သည် လူကဲ့သို့ မတ်မတ် မသွား၊

အလျားလိုက် သွား၏၊ ဘုံ
သီခြားမရှိ၊ တိရစ္ဆာန်အများ
စုဝေးနေရာ အရပ်သည်ပင်
တိရစ္ဆာန်ဘုံ ဖြစ်၏။

(ဂ) ပြိတ္တာဘုံ = ချမ်းသာ သုခ အပေါင်းမှ
ဝေးသော အရပ်သို့ ရောက်
သော သူတို့၏ နေရာ အရပ်
ကို ပြိတ္တာဘုံဟု ခေါ်၏၊ ထို
သူတို့ နေရာဖြစ်သော တော
တောင် မြစ် ချောင်း သုံသာန်
စသော အရပ်ပင် ပြိတ္တာဘုံ
ဖြစ်၏။

(ဃ)အသုရကာယ်ဘုံ = အစိုးရမှု ခြူးတူး ပျော်ပါး
မှု စသည်တို့ဖြင့် နတ်များ
ကဲ့သို့ မတောက်ပ နိုင်သော
ကြောင့် အသုရာမည်၏၊ ထို
သူတို့၏ အပေါင်းသည် အ
သုရကာယ် မည်၏၊ နေရာ
ဘုံ သီးခြားမရှိ၊ အသုရာ
အပေါင်းတို့ နေရာ ကိုပင်
အသုရကာယ်ဘုံဟုခေါ်၏။

၂။ကာမ သုဂတိဘုံ = ရောက် ထိုက်သော ဘုံဘဝကို ဂတိဟု ခေါ်၏၊ ထိုက်သည် အားလျော်စွာ စည်းစိမ် ခံစားရသော ဘုံဘဝသည် သုဂတိမည်၏၊ ကာမတဏှာနှင့် တကွ ဖြစ်သော သုဂတိ ပင်တည်း၊ ယင်းဘုံမှာ ၇-ပါး အပြားရှိ၏။

(က) လူ့ဘုံ = မနုဿ လူသားတို့ နေရာအရပ်၊ ကမ္ဘာဦးအခါ မဟာသမ္မတမင်း မနု၏ သားမြေးများဖြစ်၍ မနုဿ ခေါ်၏။

(ခ) စာတုမဟာရာဇ်ဘုံ = နတ်မင်းကြီး ၄-ပါးတို့ကြီးစိုးရာ နေရာအရပ်၊ ထိုနတ်မင်းကြီး လေးဦးမှာ ဓတရဋ္ဌ, ဝိရူဠှက, ဝိရူပက္ခနှင့် ကုဝေရတို့ဖြစ်၏။

(ဂ) တာဝတိံသာဘုံ = မဃ လုလင် အမှူးရှိသော လူ ၃၃-ယောက်တို့ နတ်ဖြစ်ပြီး နေရာဖြစ်၍ တာဝတိံသာဟု ခေါ်ခြင်းဖြစ်၏။

(ဃ) ယာမာဘုံ = နတ်ချမ်းသာသို့ ကောင်းစွာ ရောက်သူများနေရာ။

(င) တုသိတာဘုံ = နှစ်သက် ရွှင်လန်း ခြင်းသို့ ရောက်နေကြသော နတ်များ နေရာ။

(စ) နိမ္မာနရတိဘုံ = ကိုယ်တိုင် ဖန်ဆင်း သည့် စည်းစိမ်၌ မွေ့လျော်သော နတ်များနေရာ။

(ဆ) ပရနိမ္မိတ ဝသဝတ္တီဘုံ = သူတပါး ဖန်ဆင်း သော အာရုံ၌ မိမိ အလိုကို လိုက် စေနိုင်သောနတ်များနေရာ။

[အပါယ် ၄-ဘုံ, ကာမသုဂတိ ၇-ဘုံအားဖြင့် (၁၁) ဘုံသည် ကာမဆဲ့တဘုံ မည်၏။]

၃ - ရူပဘုံ = ရူပ ဗြဟ္မာ တို့၏ နေရာသည် ရူပဘုံ မည်၏။ ထို ဘုံတို့မှာ ပဌမ စျာန် ၃-ဘုံ, ဒုတိယ စျာန် ၃-ဘုံ, တတိယ စျာန် ၃-ဘုံနှင့် စတုတ္ထစျာန် ၇-ဘုံ အားဖြင့် (၁၆) ဘုံ ရှိ၏။

(က) ပဌမစျာန် ၃-ဘုံမှာ ဗြဟ္မ ပါရိသဇ္ဇာ, ဗြဟ္မ ပုရောဟိတာ, မဟာ ဗြဟ္မာ ဖြစ်၏။

(ခ) ဒုတိယစျာန် ၃-ဘုံမှာ ပရိတ္တာဘာ, အပ္ပမာဏာဘာနှင့် အာဘဿရာ ဖြစ်၏။

(ဂ) တတိယဈာန် — ၃-ဘုံမှာ ပရိတ္တာ သုဘာ, အပ္ပမာဏ သုဘာနှင့် သုဘကိဏှာ ဖြစ်၏။

(ဃ) စတုတ္ထဈာန် — ၇-ဘုံမှာ ဝေဟပ္ဖိုလ်, အသညသတ်နှင့်သုဒ္ဓါဝါသ ၅ဘုံတို့ ဖြစ်၏။ သုဒ္ဓါဝါသ ၅ဘုံမှာ အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီနှင့် အကနိဋ္ဌာတို့ ဖြစ်၏။

၄—အရူပဘုံ = ရုပ်မရှိ၊ နာမ်သာ ရှိသော ဗြဟ္မာတို့နေရာ၊ စင်စင်ဘုံ မရှိ၊ ဟင်းလင်းပြင် အာကာသ ကောင်းကင်ကိုပင် တင်စားချက်ဖြင့် ဘုံဟုခေါ်ခြင်း ဖြစ်၏။ ယင်းဘုံမှာ အာကာသာနဉ္စာ ယတနဘုံ, ဝိညာ ဘုံ, ဝိညာဏ ဉ္စယတနဘုံ, အာကိဉ္စ ညာယတနဲ ဘုံနှင့် နေဝသညာ နာသညာ ယတနဘုံဟု (၄)ပါးအပြားရှိ၏။

သုဒ္ဓါဝါသ ၅-ဘုံ၌ ပုထုဇဉ်, သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့ အခြင်းခပ်သိမ်း မရ-မရောက်နိုင်၊ အသညသတ်ဘုံ, အပယ်ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့မဖြစ်ကြ၊ ကြွင်းသော ဘုံတို့၌ကား အရိယာ, ပုထုဇဉ်ပုဂ္ဂိုလ်တို့ ထိုက်သည်အားလျော်စွာ ဖြစ်ကြ၏။

## ၂—ပဋိသန္ဓေ စတုက္က

'ပဋိသန္ဓေ စတုက္က' — ဟူသည်မှာ ပဋိသန္ဓေ လေးမျိုးပင် ဖြစ်၏၊ ယင်းတို့မှာ အပါယ် ပဋိသန္ဓေ, ကာမသုဂတိ ပဋိသန္ဓေ, ရူပ ပဋိသန္ဓေ နှင့် အရူပ ပဋိသန္ဓေတို့ ဖြစ်၏။

(၁) အပယ်ပဋိသန္ဓေ — အကုသိုလ်ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်သည်အပယ် ၄-ဘုံ၌ သက်သော အခိုက်တွင် ပဋိသန္ဓေစိတ်ဖြစ်၏၊ ဘဝ၏ အဆုံး စုတိသော အခါ စုတိစိတ် ဖြစ်၏။

(၂) ကာမသုဂတိပဋိသန္ဓေ— အဟိတ် ကုသိုလ် ဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ စိတ်သည် ကာမသုဂတိဘုံ၌ ပဋိသန္ဓေအခါ မျက်စိစသည့် အင်္ဂါချွတ်ယွင်းသော ဇစ္စန္ဓ မူဂိုလ်နှင့် ဝိနိပါတိခေါ် ဘုမ္မစိုးနတ်တို့၏ ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စဖြစ်၏၊ မဟာ ဝိပါက်စိတ် ၈-ခုတို့သည် အလုံးစုံ ကာမသုဂတိဘုံ၌ပဋိသန္ဓေ,ဘဝင် စုတိ ကိစ္စတို့၏ အစွမ်းဖြင့် ဖြစ်၏။

[အပါယ် ပဋိသန္ဓေ ၁-ပါး, ကာမသုဂတိ ပဋိသန္ဓေ ၉-ပါးအားဖြင့် (၁၀) ပါးကို ကာမ ပဋိသန္ဓေဟု ခေါ်၏။]

ထိုတွင် အပါယ် ၄-ဘုံသား, လူ, ဝိနိပါတိက, အသုရာတို့၏ အသက် အပိုင်း အခြား မရှိ။

'စတုမဟာရာဇ်' — နတ်တို့၏ အသက်သည် နတ်တို့၏ အရေ အတွက်အားဖြင့် အနှစ် (၅၀၀) ဖြစ်၏၊ လူတို့ အရေ အတွက်ဖြင့်ကား အနှစ် ၉-သန်းရှိ၏။

'တာဝတိံသာ' — နတ်တို့၏ အသက်သည် စာတု မဟာရာဇ် နတ်တို့၏ အသက်ထက် ၄-ဆ ဖြစ်၏။

'ယာမာ'နတ်တို့၏ — အသက်သည် တာဝတိံသာ နတ်တို့၏ အသက်ထက် ၄-ဆ ဖြစ်၏။

'တုသိတာ'နတ်တို့၏ — အသက်သည် ယာမာ နတ်တို့၏ အသက်ထက် ၄-ဆ ဖြစ်၏။

'နိမ္မာနရတိ' နတ်တို့၏ — အသက်သည် တုသိတာနတ်တို့၏ အသက်ထက် ၄-ဆ ဖြစ်၏။

'ပရနိမ္မိတ ဝသဝတ္တီ' — နတ်တို့၏ အသက်သည် နိမ္မာနရတိ နတ်တို့၏အသက်ထက် ၄-ဆ ဖြစ်၏။

(၃) ရူပ ပဋိသန္ဓေ — ပဌမဈာန် ဝိပါက်စိတ်သည် ပဌမ ဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်စုတိ ဖြစ်၏၊ ထို့အတူ ဒုတိယဈာန် ဝိပါက်စိတ်နှင့် တတိယဈာန် ဝိပါက် စိတ်သည် ဒုတိယ ဈာန်ဘုံ၌ ပဋိသန္ဓေ,ဘဝင်, စုတိဖြစ်၏၊

စတုတ္ထဈာန် ဝိပါက် စိတ်
သည် တတိယဈာန်ဘုံ၌၎င်း
ပဉ္စမဈာန်ဘုံ၌၎င်း ပဋိသန္ဓေ
ဘဝင်, စုတိစိတ် ဖြစ်၏။

အသညသတ် ပုဂ္ဂိုလ်တို့ကား ရုပ်ဖြင့်သာ ပဋိသန္ဓေနေကြ၏၊ ပဝတ္တိအခါ, စုတိသောအခါ၌လည်း ရုပ်ဖြင့်သာလျှင် ဖြစ်၍ ချုပ်၏။

ယင်းသို့လျှင် ရူပ ပဋိသန္ဓေသည် ၆-ပါး အပြားရှိ၏၊

ထိုတွင်—

'ဗြဟ္မပါရိသဇ္ဇ' - ဗြဟ္မာတို့၏ အသက်သည် အသင်္ချေယျ ကပ်၏ သုံးပုံ—တပုံ ဖြစ်၏။

'ဗြဟ္မပုရောဟိတ' — ဗြဟ္မာ တို့၏ အသက်သည် အသင်္ချေယျကပ်၏ထက်ဝက် ဖြစ်၏။

'မဟာဗြဟ္မာ တို့၏' — အသက်သည် အသင်္ချေယျ တကပ် ဖြစ်၏။

'ပရိတ္တာဘ' ဗြဟ္မာတို့၏ - အသက်သည် မဟာကပ် ၂—ကပ် ဖြစ်၏။

'အပ္ပမာဏာဘာ' -- ဗြဟ္မာ တို့၏ အသက်သည် မဟာကပ် ၄-ကပ် ဖြစ်၏။

'အာဘဿရာ' — ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၈–ကပ် ဖြစ်၏။

'ပရိတ္တသုဘာ' — ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၁၆-ကပ်ဖြစ်၏။

'အပ္ပမာဏသုဘာ' — ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၃၂-ကပ် ဖြစ်၏။

'သုဘကိဏှာ' -- ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၆၄-ကပ်ဖြစ်၏။

'ဝေဟပ္ဖိုလ်, အသညသတ်' ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၅၀၀– ဖြစ်၏။

'အဝိဟာ' - ဗြဟ္မာတို့၏ အသက်သည် မဟာကပ် တထောင်ဖြစ်၏။

'အတပ္ပါ' - ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၂-ထောင်ဖြစ်၏။

'သုဒဿာ' -- ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၄-ထောင်ဖြစ်၏။

'သုဒဿီ' -- ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၈-ထောင်ဖြစ်၏။

'အာကိဉ္စ' ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၈ သောင်း ခြောက်ထောင် ဖြစ်၏။

(၄) အရူပ ပဋိသန္ဓေ = ပဉ္စမ အရူပ စသော ဝိပါက် စိတ်တို့သည် ပဉ္စမ အရူပ စသောဘုံတို့၌ အစဉ်အတိုင်း ပဋိသန္ဓေ, ဘဝင်, စုတိ စိတ် တို့ဖြစ်၏၊ ထိုတွင်—

'အာကာသာနဉ္စာယတန' ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၂— သောင်း ဖြစ်၏။

'ဝိညာဏဉ္စာယတန' ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၄- သောင်း ဖြစ်၏။

'အာကိဉ္စညာယတန' ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၆- သောင်း ဖြစ်၏။

'နေဝသညာနာသညာယတန' ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၈- သောင်း ဖြစ်၏။

ကပ် (ကပ္ပ) သည် အန္တရာယ်ကပ်, အသင်္ချေယျကပ်နှင့် မဟာကပ်ဟူ၍ ၃-ပါးရှိ၏၊ ထိုတွင်—

| | |
|---|---|
| 'အန္တရကပ်' | အပိုင်း အခြားကား လူတို့ အသက် ၁၀—နှစ်တမ်းမှ အသင်္ချေယျတိုင် တက်ကပ်နှင့် အ သ င်္ချေယျ တမ်း မှ ၁၀-နှစ်တမ်းတိုင်း ဆုတ်ကပ် အားဖြင့် နှစ်ပါး စုပေါင်း ကာလ ဖြစ်၏၊ ယင်းတက်ကပ်,ဆုတ်ကပ် နှစ်ရပ်ပေါင်းကို အန္တရကပ်ဟု ခေါ်၏။ |
| 'အသင်္ချေယျကပ်' | အန္တရကပ်ပေါင်း ၆၄-ကပ် တနည်း ၂၀-သည် အသင်္ချေယျကပ် မည်၏။ |
| 'မဟာကပ်' | အသင်္ချေယျကပ် ၄- ကပ် အပေါင်းသည် မဟာ ကပ် မည်၏၊ |

## ၃-ကမ္မ စတုက္က

ကံသည် ကိစ္စ၏ အစွမ်းဖြင့် ၄-ပါး, အကျိုးပေးစဉ်ဖြင့် ၄-ပါး, အကျိုးပေး ရာ ကာလဖြင့် ၄-ပါး, အကျိုးပေးရာဌာနဖြင့် ၄-ပါး၊ ယင်းသို့လျှင် လေးမျိုးစီ ၄-ပါး အပြားရှိ၏။

၁-ကိစ္စ၏ အစွမ်းဖြင့် ကံလေးပါးမှာ ဖြစ်စေတတ်သော ဇနကကံ၊ ကူညီ ထောက်ပံ့စေတတ်သော ဥပတ္ထမ္ဘကကံ၊ ကပ်၍ နှိပ်စက်တတ်သော ဥပပီဠကကံနှင့် ကပ်၍ ဖြတ်တတ်သော ဥပဃာတကကံ ဖြစ်၏။

၂-အကျိုးပေးစဉ်ဖြင့် ကံ ၄-ပါးမှာ ကံတပါး မဘား မြစ်နိုင်အောင် ကြီးလေးသော ဂရုကံ၊ သေခါနီး ကာလ၌ ပြုသော အာသန္နကံ၊ အဖန်ဖန် ဆည်းပူး လေ့ကျက်သော အာစိဏ္ဏကံနှင့် ပြုပြီးသောကြောင့်သာလျှင် ကံမည်သော ကဋတ္တာကံ ဖြစ်၏။

၃-အကျိုးပေးရာကာလဖြင့် ကံ၄-ပါးမှာ မျက်မှောက် ဘဝ၌ ခံစားရသည့် အကျိုးကို ပေးသော ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ ဒုတိယဘဝ၌ ခံစားရသည့် အကျိုးကို ပေးသော ဥပပဇ္ဇ ဝေဒနီယကံ၊ ဘဝ အဆက်ဆက်၌ ခံစားရသည့် အကျိုးကို ပေးသော အပရာပရိယ ဝေဒနီယကံနှင့် အကျိုးပေးခွင့် မရ၍ လုံးဝ အကျိုး မပေးသော အဟောသိကံ ဖြစ်၏။

၄-အကျိုးပေးရာဌာနဖြင့် ကံ၄-ပါးမှာ အကုသိုလ်ကံ၊ ကာမာဝစရ ကုသိုလ်ကံ၊ ရူပါဝစရ ကုသိုလ်ကံဖြစ်၏၊ ထိုတွင်-

(က) အကုသိုလ်ကံမှာ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှောက်မှား သွန်ကြူး ခြင်း ဟူသော ကာယကံ ၃-ပါး၊ မဟုတ် မမှန် ပြောဆိုခြင်း၊ သူနှစ်ယောက်တို့ အချစ်ပျက်အောင် ရန်တိုက်ခြင်း၊ ကြမ်း တမ်းသော စကားပြောဆိုခြင်းနှင့် သိမ်ဖျင်းသော စကား ပြောဆိုခြင်း ဟူသော ဝစီကံ ၄-ပါး၊ သူ့ဥစ္စာကို မိမိသို့

ညှတ်စေခြင်း, သူတပါး ပျက်စီးရန် လိုလားခြင်းနှင့် အယူဝါဒ မှားယွင်းခြင်း ဟူသော မနောကံ ၃-ပါး ဖြစ်၏၊

ထိုတွင်-

သူ့အသက် သတ်ခြင်း, ကြမ်းတမ်းသော စကားပြော ခြင်း, သူတပါး ပျက်စီးအောင် လိုလား တောင့်တခြင်း ၃-မျိုးမှာ ဒေါသမူ စိတ်ကြောင့်ဖြစ်၏။

ကာမဂုဏ်တို့၌ မှောက်မှား လွန်ကျူးခြင်း, သူ့ဥစ္စာကို မိမိသို့ ညွတ်စေခြင်း, အယူဝါဒ မှားယွင်းခြင်း ၃-မျိုးမှာ လောဘမူ စိတ်ကြောင့် ဖြစ်၏။

သူ့ဥစ္စာခိုးခြင်း, မဟုတ် မမှန် ပြောဆိုခြင်း, သူနှစ်ယောက်တို့ အချစ်ပျက်အောင် ရန်တိုက်ခြင်း, သိမ်ဖျင်းသော စကား ပြောခြင်း ၄-မျိုးမှာ လောဘမူ၊ ဒေါသမူ နှစ်ပါးတို့ကြောင့် ဖြစ်၏။

[အကုသိုလ်ကံ အရာ၌ မောဟလည်း အမြဲပါ၏၊ သို့ရာတွင် မောဟသည် အကုသိုလ် အလုံးစုံနှင့် ဆက်ဆံသော ကြောင့် အထူး မဆိုခြင်း ဖြစ်၏။]

(ခ) ကာမာဝစရ ကုသိုလ်ကံသည် ကာယကံ, ဝစီကံ, မနောကံအားဖြင့် ၃-ပါး၊ ဒါန, သီလ, ဘာဝနာအားဖြင့်လည်း ၃-ပါးရှိ၏၊ စိတ္တုပ္ပါဒ် အစွမ်းဖြင့်ကား ၈-ပါးရှိ၏၊ ဒါန, သီလ စသည် အစွမ်းဖြင့်ကား ဆယ်ပါး အပြားရှိ၏။

(၁) ဒါန = ပေးကမ်း လှူဒါန်းခြင်း,
(၂) သီလ = ကာယကံ, ဝစီကံကို စောင့်ထိန်းခြင်း,
(၃) ဘာဝနာ = ကုသိုလ်တရားကို တိုးပွါးစေခြင်း,
(၄) အပစာယန = ရိုသေထိုက်သူကို ရိုသေခြင်း,
(၅) ဝေယျာဝစ္စ = ကောင်းမှုကို ဆောင်ရွက်ခြင်း,
(၆) ပတ္တိဒါန = ကုသိုလ် အဘို့ကို အမျှပေးဝေခြင်း,
(၇) ပတ္တာနုမောဒနာ = ကုသိုလ်မှုကို သာဓု ခေါ်ခြင်း,
(၈) ဓမ္မသဝန = တရားနာခြင်း,
(၉) ဓမ္မဒေသနာ = တရားဟောခြင်း,
(၁၀) ဒိဋ္ဌုဇုကမ္မ = အယူဝါဒ ဖြောင့်မှန်ခြင်း။

[အကုသိုလ်ကံ ၁၂-ပါး, ကုသိုလ်ကံ ၈-ပါး အားဖြင့် ကံ(၂၀)သည် ကာမဘုံ၌သာ ပဋိသန္ဓေ အကျိုးကို ပေးတတ်သောကြောင့် ကာမာဝစရ မည်၏။]

(၈) ရူပါဝစရ ကုသိုလ်ကံ သည် နေ့ကံသာတည်း၊ ယင်းကံသည်သည်းပွားများ လေ့ရှိ သော ဘာဝနာဖြင့် ပြီး၏၊အပ္ပနာစျာန်သို့ရောက်၏၊ စျာန်အင်္ဂါ အပြားအားဖြင့် ၅-ပါး ရှိ၏။

(ဃ) အရူပါဝစရကုသိုလ်ကံ သည်လည်း မနော ကံပင် တည်း၊ ယင်း ကံ သည် လည်း ဘာဝနာဖြင့် ပြီး၏၊ အပ္ပနာ စျာန်သို့ ရောက်၏၊ ၏၊ အာရုံ အပြားအားဖြင့် ၄-ပါးရှိ၏။

ဤတွင် ဥဒ္ဓစ္စမှတပါး အကုသိုလ်ကံ (၁၁)ပါးသည် အပါယ်ဘုံ၌ ပဋိသန္ဓေအကျိုးကိုဖြစ်စေ၏၊ ပဝတ္တိအခါ၌ကား အကုသိုလ်ကံ(၁၂)ပါးလုံးသည် အဟိတ် အကုသိုလ်ဝိပါက် ၇-ပါးကို ကာမဘုံ, ရူပဘုံတို့၌ ထိုက် သည် အားလျော်စွာ အကျိုးပေး၏။

ကာမ ကုသိုလ်ကံ သည်လည်း ကာမ သုဂတိ ဘုံ၌ ပဋိသန္ဓေအကျိုးကိုပေး၏၊ ပဝတ္တိ အခါ၌ကား ကာမဘုံ, ရူပဘုံ အလုံးစုံတို့၌ မဟာ ဝိပါက်စိတ် ၈-ပါး, အဟိတ် ကုသိုလ် ဝိပါက် ၈-ပါး အားဖြင့် အကျိုးဝိပါက် ၁၆-ပါး တို့ကို ထိုက် သည်အားလျော်စွာ ဖြစ်၏။

ဤတွင်လည်း တိဟိတ် ဥက္ကဋ္ဌ ကုသိုလ် စေတနာသည် တိဟိတ် ပဋိသန္ဓေကိုပေး၍ ပဝတ္တိ အခါ၌ကား မဟာဝိပါက် ၈-ပါး, အဟိတ် ကုသိုလ် ဝိပါက် အားဖြင့် ၁၆-ပါးသော အကျိုးကို ဖြစ်စေ၏။

တိဟိတ် ဩမက ဖြစ်သော ကုသိုလ်ကံနှင့် ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံ နှစ်ပါးသည် ဒွိဟိတ် ပဋိသန္ဓေကို ပေး၍

ပဝတ္တိ အခါ၌ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ပါး, အဟိတ် ကုသိုလ် ဝိပါက် ၈-ပါး အားဖြင့် အကျိုး ၁၂-ပါး ကို ပေး၏။

ဒွိဟိတ် ဩမက ကုသိုလ်ကံသည် ပဋိသန္ဓေ အခါ၌ အဟိတ်ပဋိသန္ဓေကိုသာပေး၏၊ ပဝတ္တိ အခါ၌ကား အဟိတ် ကုသိုလ်ဝိပါက်၈-ပါးကိုသာပေး၏။

[အသင်္ခါရိက ကုသိုလ်သည် သသင်္ခါရိက အကျိုး မပေးနိုင်၊ သသင်္ခါရိက ကုသိုလ် သည်လည်း အသင်္ခါရိက အကျိုးကို မပေးနိုင်ဟု အချို့သော ဆရာတို့ ဆိုကြ၏၊ ထို ဆရာတို့ အယူအဆ၌ ဆိုခဲ့သော နည်းကို မှီး၍ ၁၂-ပါး, ၁၀-ပါးနှင့် ၈-ပါးသော အကျိုး ဝိပါက်တို့ ဖြစ်သင့်သည် အားလျော်စွာ ညွှန်ပြရာ၏။]

ရူပကုသိုလ် ပဌမစျာန်ကို အာနုဘော် နည်းနည်း ပွားများပါမူ ဗြဟ္မပါရိသဇ္ဇ ဘုံ၌ ဖြစ်၏၊ ယင်းပဌမစျာန်ကို အလယ်-အလတ် ပွားများပါမူ ဗြဟ္မပုရောဟိတ ဘုံ၌ ဖြစ်၏၊ ယင်းစျာန်ကိုပင် မြတ်သော အာနုဘော်ရှိအောင် ပွားများ ပါမူ မဟာ ဗြဟ္မာဘုံ၌ ဖြစ်၏။

ဒုတိယ စျာန်နှင့် တတိယစျာန် တို့ကို အာနုဘော် နည်းစွာ ပွားများပါမူ ပရိတ္တာဘာဘုံ၌ ဖြစ်၏၊ ယင်း စျာန် နှစ် ပါးကိုပင် အလယ်-အလတ် ပွားများပါမူ အပ္ပမာဏာဘာဘုံ၌ ဖြစ်၏၊ ယင်းစျာန်နှစ်ပါးကိုပင် အမြတ်အာနုဘော် ရှိအောင် ပွားများပါမူ အာဘဿရ ဘုံ၌ ဖြစ်၏။

စတုတ္ထစျာန်တို့ အာနုဘော် နည်းနည်း ပွားများပါမူ ပရိတ္တသုဘာ ဘုံ၌ ဖြစ်၏၊ ယင်းစျာန်ကိုပင် အလယ်-အလတ်

အာနုဘော် ရှိအောင် ပွားများပါမူ အပ္ပမာဏ သုဘ ဘုံ၌ ဖြစ်၏၊ ယင်း ဈာန်ကိုပင် အမြတ် အာနုဘော်ရှိအောင် ပွားများပါ သုဘကိဏှာဘုံ၌ ဖြစ်၏။

ပဥ္စမဈာန်ကို ပွားများ သော ကြောင့် ဝေဟပ္ဖိုလ် ဘုံ၌ ဖြစ်၏၊ ယင်း ဈာန်ကိုပင် သညာ ကင်းအောင် ပွား များသောကြောင့် အသညသတ် ဘုံ၌ ဖြစ်၏။

အရူပ ကုသိုလ်ကံကိုလည်း အစဉ်အတိုင်း ပွားများ၍ အာရုပ္ပလေးဘုံ၌ အစဉ်အတိုင်း ဖြစ်ကြ၏။

ယင်းသို့လျှင် မဟဂ္ဂုတ် ကုသိုလ် ကံသည် ပဋိသန္ဓေ အခါ၊ ပဝတ္တိအခါ၌ ဘုံကို မှတ်သည်အားလျော်စွာ မိမိနှင့် တူသော ဝိပါက်စိတ်ကို ဖြစ်စေ၏၊

## ၄-မရဏုပ္ပတ္တိ စတုက္က

ဤစတုက္ကတွင် သေခြင်း ၄-မျိုးရှိ၏၊ ယင်းတို့မှာ အသက်ကုန်၍သေသော အာယုက္ခယ, ကံကုန်၍သေခြင်း ကမ္မက္ခယ, အသက်-ကံ နှစ်ပါးကုန်၍ သေခြင်း ဥဘယက္ခနှင့် တစုံ-တခုသော ကံဝင်၍ဖြတ်သဖြင့် သေခြင်းဥပစ္ဆေဒဖြစ်၏။

သတ္တဝါတို့အား သေခါနီးအခါ ကံ, ကမ္မနိမိတ်, ဂတိ နိမိတ် ၃-ပါးတို့တွင် တပါးပါးသည် ထိုက်သည်အား လျော်စွာ ကံ၏ အစွမ်းဖြင့် ဒွါရ ခြောက်ပါးတွင် တပါး ပါး၌ ထင်လာ၏။

ကံ = မိမိသန္တာန်၌ တည်ရှိပြီးလျှင် ယခုအခါ အကျိုးပေးခွင့်ကို ရရှိသဖြင့် အသင့် ရှေးရှု တည်ရှိသော ကုသိုလ်၊ အကုသိုလ် ဇနက ကံတို့သည် ဤအရာ၌ ကံအာရုံမည်၏။

ကမ္မနိမိတ် = ကံကို ပြုစဉ်အခါ ကံပြီးမြောက်စေရန် အဆောက် အဦး ဖြစ်သော ကုသိုလ်ဖြစ်လျှင် လှူဖွယ်ဘဏ္ဍာ၊ အလှူခံပုဂ္ဂိုလ် စသော အာရုံ၊ အကုသိုလ် ဖြစ်လျှင် ဆုတ် လှံ လေးမြား စသော အာရုံသည် ကမ္မနိမိတ် မည်၏။

ဂတိနိမိတ် = ကံအားလျော်စွာ ဖြစ်မည့် ဘ၀နိမိတ်သည် ဂတိနိမိတ် မည်၏၊ သုဂတိနိမိတ်ဖြစ်လျှင် နတ်သမီး၊ ဘုံ- ဗိမာန်၊ ဥယျာဉ်-ရေကန် စသည်တို့ ဖြစ်၏၊ ဒုဂ္ဂတိ နိမိတ်ဖြစ်လျှင် ငရဲမီး၊ ငရဲအိုး စသည်တို့ဖြစ်၏။

ယင်းသို့ နိမိတ်ထင်ပြီးနောက် ထိုထင်သော အာရုံကိုပင် အာဖွဲ့ပြု၍ ပဋိသန္ဓေကို ဖြစ်စေသည့် ကံအားလျော်စွာ ကုသိုလ် ဇနကကံ ဖြစ်လျှင် စင်ကြယ်သန့်ရှင်း မွန်မြတ်သော စိတ်အစဉ်၊ အကုသိုလ် ဇနကကံဖြစ်လျှင် ညစ်နွမ်း ယုတ်ညံ့သော စိတ်အစဉ်သည် မိမိရောက်မည့် ဘ၀သို့ ညွတ်ကာ အစဉ်မပြတ် အကြိမ်ကြိမ် ဖြစ်၏၊ ဇနကကံသည် မိမိကိုယ်ကို အသစ်ပြုသည့် အစွမ်းဖြင့် ထင်လာ၏။

သောခါနီး သတ္တဝါအား ဝိထိစိတ် အဆုံး သို့မဟုတ် ဘဝင် အဆုံး၌ သေသဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်သော စုတိစိတ်ဖြစ်၍ ချုပ်၏၊ ထို့နောက် အခြားဘဝ၌ မရဏာသန္နဇောဟူသော အာရုံကို အာရုံပြု၍မှီရာဝတ္ထု ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ပဋိသန္ဓေ စိတ်သည်ဖြစ်ဆဲဖြစ်၍ဘဝ သစ်၌ တည်၏။

မရဏာသန္န ဝီထိ၌ ဇောတို့သည် အားနည်းသဖြင့် နုံ့သောကြောင့် ငါးကြိမ်သာ စော၏၊ ထို့ကြောင့်ပစ္စုပ္ပန် အာရုံတို့ ထင်ရှားရှိစဉ် သေပါလျှင် ပဋိသန္ဓေ, ဘဝင်စိတ် တို့သည်လည်း ပစ္စုပ္ပန်ကိုပင် အာရုံပြုကြ၏၊ ထို့ကြောင့် ကာမပဋိသန္ဓေ၏ အာရုံကို ခြောက်ဒွါရဖြင့် ယူအပ်သည့် ပစ္စုပ္ပန်, အတိတ်ဖြစ်သော ကမ္မနိမိတ်, ဂတိနိမိတ် အာရုံကို ရ၏၊ ကံသည်ကား အတိတ်ဖြစ်၍ ယင်းကို မနောဒွါရဖြင့် ယူ၏။

မရဏာသန္နဝီထိ ကျပုံမှာ- ဆွေမျိုး စသူတို့က ယူ ဆောင်၍ ပြသော်၎င်း, အလိုအလျောက် သော်၎င်း-ရူပါရုံ သည် ဥပါဒ်သည်မှစ၍ အတီတဘဝင် တချက်အလွန်ယှဉ် စက္ခုပသာဒ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂု ပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ဝုဋ္ဌော, မရဏာသန္နဇော ၅-ကြိမ်, စုတိ, ပဋိသန္ဓေ, ဘဝင် ၁၅-ချက်- ၁၆-ချက်, မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိက လောဘဇော ၇-ကြိမ်, ထို့နောက် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၏။

ဘ တီ န ဒ ပ စ သံ ဏ ဗု
— — — — — — — —

ဇ ဇ ဇ ဇ ဇ စု ဋိ ဘ ၁၄
— — — — — — — —

ကြိမ် ဘ မ ဇ ၇ ကြိမ် ဇ ဘ
— — — — — — — —

ဘဝနိကန္တိက လောဘဇော ဟူသည်မှာ ဘဝကို တပ်မက်သော လောဘပင်တည်း။

ရူပပဋိသန္ဓေ၏ အာရုံကား ပညတ် ကမ္မနိမိတ် အာရုံသာဖြစ်၏၊ ထို့အတူပင် အရူပ ပဋိသန္ဓေ စိတ်သည်ကား မဟဂ္ဂုတ် ပညတ် ကမ္မနိမိတ် အာရုံကို တိုက်သည်အား လျော်စွာ အာရုံပြု၏၊ အသညသတ် ပုဂ္ဂိုလ်တို့အား ဇီဝိတ နဝက ကလာပ်ရုပ်သည် သာလျှင် ပဋိသန္ဓေ ဖြစ်၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့သည် ရုပ်ပဋိသန္ဓေတို့ မည်၏၊ အရူပ ပုဂ္ဂိုလ်တို့သည် နာမ်လျှင် ပဋိသန္ဓေရှိသူတို့ မည်ကြ၏၊ ကြွင်းသော ပုဂ္ဂိုလ်တို့သည်ကား ရုပ်-နာမ် နှစ်ပါးလျှင် ပဋိသန္ဓေ နေသူတို့ မည်ကြ၏။

အရူပ စုတိစိတ် နောက်၌ အောက်- အောက်သော အရူပ ပဋိသန္ဓေ ကြဉ်သော မိမိ ပဋိသန္ဓေနှင့်တကွ အထက် အထက် အရူပ ပဋိသန္ဓေနှင့် ကာမ တိဟိတ် ပဋိသန္ဓေ ၄-ခုတို့ ဖြစ်၏။

ရူပစုတိမှ နောက်၌ အဟိတ် ပဋိသန္ဓေ ကြဉ်သော ပဋိသန္ဓေ ၁၇-ပါးတို့ ဖြစ်၏။
ဒွိဟိတ်, အဟိတ် စုတိနောက်မှ ကာမဘုံ၌သာ ပဋိသန္ဓေ ၁၀-ပါးတို့ ဖြစ်ကြ၏။

ယင်းသို့ ပဋိသန္ဓေယူသော သတ္တဝါတို့အား ရှေးဦးစွာ ပဋိသန္ဓေစိတ်ဖြစ်၍ ချုပ်ပြီးသည်၏ အခြားမဲ့၌ ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြု၍ ပဋိသန္ဓေ စိတ်သည်ပင်လျှင် စုတိစိတ် ဖြစ်သည့်တိုင်အောင် ဝီထိစိတ်တို့ မပြတ်ဖြစ်ခဲ့သော် ဘဝ၏ အကြောင်း အဖြစ်ဖြင့် ဘဝအစဉ်သည် မြစ်ရေယဉ်ကဲ့သို့ မပြတ်ဖြစ်၏၊ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် ဘဝ၏အဆုံး၌ စုတိစိတ်ဖြစ်၍ ချုပ်၏၊ ထို့ကြောင့်လည်း ပဋိသန္ဓေစသော စိတ်တို့သည် ရထားလှည်းဘီး စက်ပမာ လည်၍ အစဉ်အတိုင်း ဖြစ်ကြ၏။

ပညာရှိတို့ကား မမြဲသော ဝဋ်တရားကို ပညာဖြင့် ဆင်ခြင်၍ ရှည်မြင့်စွာသော ကာလပတ်လုံး အကျင့်ကောင်းဖြင့် နိဗ္ဗာန်ကို မဂ်ဉာဏ်- ဖိုလ်ဉာဏ်ဖြင့် သိ၍ ဝဋ် ဆင်းရဲ အားလုံး၏ ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်မည်ဟု သံသရာဝဋ် ပြတ်ပုံကို ပြကြ၏။

ဤတွင် ဗုဒ္ဓအဘိဓမ္မာချုပ် ဝီထိမုတ်ပိုင်း ပြီးပါပြီ

## ၆—ရုပ်ပိုင်း

ပရမတ္ထတရား ၄—ပါးရှိသည့်အနက်မှ စိတ်နှင့်စေတသိက် ပရမတ္ထတရား နှစ်ပါးကို အပိုင်း ၄ါးပိုင်းခြား၍ ခွဲခြမ်း ဝေဖန်ကာ ပြဆိုပြီး၍ ယခုအခါ တတိယမြောက် ပရမတ္ထတရား ဖြစ်သော ရုပ်ကို သင်္ဂဟနည်း ၅-ပါးဖြင့် ပြဆိုပါမည်၊ ယင်းလေးပါးမှာ ရူပသမုဒ္ဒေသ, ရူပဝိဘာဂ, ရူပသမုဋ္ဌာန, ရူပကလာပနှင့် ရူပပဝတ္တိက္ကမတို့ ဖြစ်၏။

### ၁—ရူပသမုဒ္ဒေသ

ရူပသမုဒ္ဒေသ ဟူသည်မှာ ရုပ်ကို အကျဉ်းပြသော သင်္ဂဟ ဖြစ်၏၊ ရုပ်သည် ဖေါက်ပြန်တတ်သော လက္ခဏာအားဖြင့် တပါးသာ ရှိ၏၊ ယင်းရုပ်၏ အထည်ကိုယ် အမာခံမှာ မဟာဘုတ်ဖြစ်၏၊ မဟာဘုတ်ဟူသည်မှာ အမှီခံ ရုပ်ဖြစ်၏၊ အမှီခံရုပ် ရှိလျှင် မှီသောရုပ်လည်း ရှိမည် ဖြစ်၏၊ သို့မဟုတ် မှီသော ရုပ်ရှိ၍သာ အမှီခံ

ရုပ်၎င်း ဖြစ်၏၊ မဟာဘုတ်ကို မှီ၍ ဖြစ်သော ရုပ်မှာ ဥပါဒါရုပ် ဖြစ်၏၊ ထို့ကြောင့် တပါးသာရှိသော ရုပ်သည် မဟာဘုတ်နှင့် ဥပါဒါရုပ်ဟု နှစ်မျိုး ဖြစ်သွား၏။

မဟာဘုတ်= အထည်ကိုယ်အားဖြင့် ကြီးမား ထင်ရှားသောကြောင့် မဟာဘုတ် မည်၏၊ ယင်း မဟာဘုတ်သည် ပထဝီ-မြေဓာတ်, အာပေါ- ရေဓာတ်, တေဇော- မီးဓာတ်နှင့် ဝါယော-လေဓာတ်ဟူ၍ လေးပါး အပြား ရှိ၏။

၁-ပထဝီ = သဟဇာတ် ဖြစ်သော ရုပ်ကလာပ်တို့၏ တည်ရာ မှီရာ အဖြစ်ဖြင့် ထင်ရှားသောကြောင့်၎င်း, ကြီးကျယ်စွာ ဖြစ် တတ် သော ကြောင့် ၎င်း ပထဝီ မည်၏၊ ယင်းပထဝီဓာတ်၏ လက္ခဏာမှာ ခက်မာ၏၊ အချို့သော ပထဝီမှာ လွန်စွာ သိမ်မွေ့သော် အခြားသော ဓာတ်တို့နှင့် ထောက်လျှင် ခက်မာသောကြောင့် ခက်မာပထဝီဟု သတ်မှတ်ခြင်း ဖြစ်၏၊ ယင်းဓာတ်၏ ကိစ္စမှာ သဟဇာတ် တရားတို့၏ တည်ရာ၏။

၂-အာပေါ=စိုစွတ်သော သတ္တိဖြင့် သဟဇာတ် ရုပ်တရားတို့ကို အလုံးစုန့်၍ တည်တတ်သောကြောင့်၎င်း, သဟဇာတ် ရုပ်တရား တို့ကို ကြီးပွားအောင် ဆောင်ရွက်တတ်သောကြောင့်၎င်း, သဟဇာတ် ရုပ်တရား

တို့ကို ဖရို-ဖရဲတကွဲတပြားစီဖြစ်မည်သွားအောင် စောင့်ရှောက်သောကြောင့်ရင်း, အာပေါမည်၏၊ယင်း ဓာတ်သည် နှောင်ဖွဲ့ခြင်း(ဝါ)ယိုစီးခြင်းလက္ခဏာရှိ၏၊ကြီးပွားစေခြင်းကိစ္စရှိ၏။

၃-တေဇော=ထက်မြက်သော သဘောဂုဏ်ဖြင့် ထင်ရှားတတ်သောကြောင့်ရင်း, သဟဇာတ်တရားတို့ကို ထက်မြက်သည့် အဖြစ် ပြုတတ်သောကြောင့်ရင်း, သဟဇာတ် တရားတို့ကို ရင့်ကျက် စေတတ်သောကြောင့်ရင်း တေဇော မည်၏၊ ယင်းဓာတ်သည် အေးခြင်း-ပူခြင်း ဟူသော ထက်မြက်သည့် စွမ်းရည်သတ္တိဖြင့် ထင်ပေါ် ကျော်စော၏၊မိမိနှင့် သဟဇာတ်ဖြစ်သော ရုပ်ကလာပ်တို့ကိုလည်း ရင့်ကျက်စေ၏။

၄-ဝါယော=ဘုတ် အစုကို အရပ်တပါးသို့ လှုပ်ရှားစေတတ်-ရောက်စေ တတ်သော ကြောင့်ရင်း, သဟဇာတ် ရုပ်တရားတို့ကို ဆောင်တတ်သောကြောင့်ရင်း-ဝါယော မည်၏၊ ယင်းဓာတ်သည် ထမ်းဆောင်ပင့်မြှောက်ခြင်း(ဝါ)ရွေ့ရှားစေခြင်း လက္ခဏာရှိ၏၊ မကျစေဘဲ ဆောင်ခြင်း ကိစ္စ ရှိ၏။

ဥပါဒါရုပ်= မဟာဘုတ်တို့ကို စွဲမှီ၍ ဖြစ်သောကြောင့်, မှီ၍ ဖြစ်တတ်သောကြောင့်ရင်း- ဥပါဒါရုပ် မည်၏၊ ဤရုပ်သည် ပသာဒရုပ်, ဂေါစရရုပ်, ဘာဝရုပ်, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ်, ဝိကာရရုပ်,လက္ခဏရုပ် ဟူ၍ ဆယ်ပါး အပြား ရှိ၏၊ သရုပ်အရေအတွက်မှာ ၂၄-ပါး ရှိ၏၊

ပသာဒရုပ်=ကြည်လင်တတ်သောကြောင့်ဝှင်း, လဝန်း အစရှိသော အာရုံ နိမိတ်တို့ ကြည်ကြည် လင်လင် ထင်တတ်ကြောင့်ဝှင်း-ပသာဒ မည်၏၊ မှန်, ကြေးမုံ, ရေကြည် စသည် တို့သည် အနီးအနားရှိ အာရုံ အမျိုးမျိုး ထင်သကဲ့သို့ ပသာဒတို့လည်း ကြည်လင်သောကြောင့် အာရုံ အမျိုးမျိုးတို့၏ ထင်ရာဖြစ်၏၊ ယင်းအကြည်ပသာဒရုပ်သည် စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ နှင့် ကာယပသာဒဟု ငါးပါး ရှိ၏။

၁—စက္ခုပသာဒ (မျက်စိအကြည်) ညီညွတ်သည်-မညီ ညွတ်ကိုပြောကြားတတ်သောကြောင့် ဝှင်း, ထင်လာ- ရောက်လာသော အာရုံကို သာယာ တတ်, ထင်လင်းစေတတ်,ထင်ရှားပြတ်သားတတ်သောကြောင့်ဝှင်း စက္ခု မည်၏၊ အနီးအနားကျ၍ ရှိရှိသမျှ ရူပါရုံဟူသမျှသည် ဤစက္ခုပသာဒ၌ ထင်ကြ၏၊ ယင်း ပသာဒသည် ရူပတဏှာ လျှင် အကြောင်းရင်း ရှိသည့် ကံကြောင့် ဖြစ်သော မဟာ ဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏၊ ရူပါရုံ၌ ပုဂ္ဂိုလ်နှင့် စက္ခုဝိညာဏ်ကို ဆွဲငင်ခြင်း ကိစ္စ ရှိ၏။

၂—သောတပသာဒ (နားအကြည်) ကြား နာ တတ် သော ကြောင့် ဝှင်း, ဤ ရုပ်ဖြင့် ကြားဘတ်-ကြားအပ် သောကြောင့်ဝှင်း- သောတ မည်၏၊ ဝါယောဓာတ်နှင့်ပေါင်း၍ လာသော သဒ္ဒါရုံ ဟူသမျှသည် ဤသောတပသာဒ၏ အနီးအနားတွင် တည်၍ ထင်လာ၏၊

ယင်းပသာဒသ သဒ္ဒတဏှာလျှင် အရင်းခံရှိသည့် ကံကြောင့် ဖြစ်သော မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာ ရှိ၏၊ သဒ္ဒါရုံ၌ ပုဂ္ဂိုလ်နှင့် သောတဝိညာဏ်ကို ဆွဲငင်ခြင်းကိစ္စရှိ၏။

၃—ဃာနပသာဒ (နှာခေါင်းအကြည်) နမ်းတတ်သော ကြောင့်ဝင်း, ဤ ရုပ်ဖြင့် နမ်းတတ်-နမ်းအပ်သောကြောင့်ဝင်း-ဃာန မည်၏၊ လေနှင့် အဖော် ပြု၍ လာသော ဂန္ဓာရုံတို့သည် ဤဃာနပသာဒ၌ ထိခိုက် တိုးဝှေ့၍ ထင်ကြ၏၊ ယင်းပသာဒသည် ဂန္ဓ တဏှာလျှင် အကြောင်းရင်းရှိသည့်ကံကြောင့်ဖြစ်သော မဟာဘုတ် တို့၏ ကြည်လင်ခြင်း လက္ခဏာ ရှိ၏၊ ဂန္ဓာရုံ၌ ပုဂ္ဂိုလ်နှင့် ဃာန ဝိညာဏ်ကို ဆွဲငင်ခြင်း ကိစ္စ ရှိ၏။

၄—ဇိဝှါပသာဒ (လျှာအကြည်) အသက်ရှည်ကြောင်း ဖြစ်သော ရသာရုံကို ခေါ်တတ်သော ကြောင့် ဇိဝှါ မည်၏၊ လျှာသည် ရသာရုံကိုခေါ်သကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် ဇိဝှါ မည်၏၊ လျက်တတ်သောကြောင့် လည်း ဇိဝှါ မည်၏၊ အာပေါဓာတ်နှင့် ပေါင်း၍လာသော ရသာရုံသည် ဇိဝှါ ပသာဒ၌ထိ၍ တည်၏၊ ယင်းပသာဒသည် ရသတဏှာလျှင် အကြောင်းရင်းရှိသည့်ကံကြောင့်ဖြစ်သော မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာ ရှိ၏၊ ရသာရုံ၌ ပုဂ္ဂိုလ်နှင့်ဇိဝှါ ဝိညာဏ်ကို ဆွဲငင်ခြင်း ကိစ္စ ရှိ၏။

၅—ကာယပသာဒ (ကိုယ်အကြည်) စက်ဆုပ်ဖွယ်သော ဆံပင် စသည် တို့၏ ၎င်း, အယုတ်တရားတို့၏၎င်း- ဖြစ်ပေါ် ကြီးပွား စီးဆင်းရာ ဖြစ်သောကြောင့် ကာယမည်၏၊ ပထဝီနှင့် မိတ်ဖွဲ့၍လာသော ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးသည် ဤကာယပသာဒ၌ ထိ၍ ထိ၍ ထင်၏၊ ယင်း ပသာဒသည် ဖောဋ္ဌ ဗ္ဗတဏှာလျှင် အကြောင်းရင်းရှိသည့် ကံကြောင့် ဖြစ်သော မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာ ရှိ၏၊ ဖောဋ္ဌဗ္ဗာရုံ၌ပုဂ္ဂိုလ်နှင့် ကာယဝိညာဏ်ကို ဆွဲငင်ခြင်း ကိစ္စ ရှိ၏။

ဂေါစရရုပ်=နွားတို့ ကျက်စား သောကြောင့် ဂေါစရ မည်၏၊ ရူပါရုံစသည်တို့သည် နွားစားကျက်နှင့် တူသောကြောင့် ဂေါစရ မည်၏၊ ယင်း ဂေါစရ ရုပ်သည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံနှင့် ဖောဋ္ဌဗ္ဗာရုံဟု ၅-ပါး အပြားရှိ၏။

၁—ရူပါရုံ (အဆင်း) မိမိကိုယ်ကို ထင်ရှားဖော်ပြတတ်သော ကြောင့် ရူပ-အဆင်း မည်၏၊ ယင်း အဆင်းသည် စက္ခုပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိ၏၊ ဝိညာဏ်၏ အာရုံအဖြစ်ကို ဆောင်ရွက်ခြင်း ကိစ္စရှိ၏။

၂—သဒ္ဒါရုံ (အသံ) သောတ ဝိညာဏ်၏ သိအပ်သော အာရုံ အဖြစ်သို့ ရောက်တတ် သောကြောင့် ၎င်း, မြည်စေအပ်-ရွတ်ဆိုအပ် သည်၏ အဖြစ်ကြောင့်၎င်း, တခဏခြင်းဖြင့် ရွေ့ရှားပြန့်နှံ့တတ်သောကြောင့်၎င်း, သဒ္ဒ-အသံမည်၏၊ ယင်းအသံသည် သောတပသာဒ၌ ထင်ခြင်း

ထိခိုက်ခြင်း လက္ခဏာရှိ၏၊ သောတဝိညာဏ်အဖြစ်၏ အာရုံကို ဆောင်ရွက်ခြင်း ကိစ္စ ရှိ၏။

၃—ဂန္ဓာရုံ (အနံ့) မိမိ၏ တည်ရာ အထည် ဝတ္ထုကို ပြတတ်သောကြောင့်ဒင်း ဂန္ဓ-အနံ့ မည်၏၊ ယင်း အနံ့သည် လေနှင့် မိတ်ဖွဲ့၍ အနီးအနားတွင် တည်ရှိသော သူတို့၏ နှာခေါင်းသို့ ချဉ်းကပ်ပြီးလျှင် မိမိ၏မှီရာ ဝတ္ထုကိုဖော်ပြသကဲ့သို့ဖြစ်၏၊ယင်းအနံ့သည် ဃာနပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာ ရှိ၏၊ ဃာနဝိညာဏ်၏အာရုံအဖြစ်ကို ဆောင်ရွက်ခြင်း ကိစ္စ ရှိ၏။

၄—ရသာရုံ (အရသာ) သာယာ အပ် သော ကြောင့် ရသ-အရသာ မည်၏၊ ယင်းအရသည် ဇိဝှါပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိ၏၊ ဇိဝှါဝိညာဏ်၏ အာရုံအဖြစ်ကို ဆောင်ရွက်ခြင်း ကိစ္စ ရှိ၏။

၅—ဖောဋ္ဌဗ္ဗာရုံ (အတွေ့)တွေ့အပ် ထိအပ်သောသဘောသည် ဖောဋ္ဌဗ္ဗ-အတွေ့ မည်၏၊ ယင်း ဖောဋ္ဌဗ္ဗသည် တရားကိုယ် သီးခြား မရှိ၊ ပထဝီ၊ တေဇော၊ ဝါယော-သုံးပါးတို့ပင် ဖြစ်၏၊ ယင်းအတွေ့သည် ကာယပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိ၏၊ ကာယဝိညာဏ်၏ အာရုံအဖြစ်ကို ဆောင်ရွက်ခြင်း ကိစ္စရှိ၏။

[များသောအားဖြင့် ဂေါစရရုပ်ကို ၇-ပါးရှိ၏ဟု သရုပ်ထုတ်ပြ၏၊ အကြောင်းကား ဖောဋ္ဌဗ္ဗာရုံမှာ ပထဝီ

တေဇော,ဝါယော ဟူသော ရုပ်သုံးပါး အပေါင်းဖြစ်သော ကြောင့်တည်း၊ ဤတွင်ကား ထိုရုပ်သုံးပါးကို အထက် မဟာဘုတ်တွင် ဖော်ပြပြီးဖြစ်၍ အာရုံ အတိုင်းပင် ၅– ပါးဟု ဖော်ပြလိုက်ခြင်း ဖြစ်၏။

ဘာဝရုပ်သည် ဣတ္ထိဘာဝနှင့် ပုမ္ဘာဝဟူ၍ နှစ်ပါး အပြား ရှိ၏။

၁–ဣတ္ထိဘာဝ = မိန်းမ၏ အဖြစ်သည် ဣတ္ထိဘာဝရုပ် မည်၏၊ ယင်းရုပ်သည် မိန်းမဟူ၍ သိကြောင်း မိန်းမဟူ သော စကား၏ ဖြစ်ကြောင်း လက္ခဏာရှိ၏၊ မိန်းမဟူ၍ ဖော်ပြခြင်း ကိစ္စ ရှိ၏။

၂–ပုမ္ဘာဝ = ယောကျ်ား၏ အဖြစ်သည် ပုမ္ဘာဝရုပ် မည်၏၊ ယင်းရုပ်သည် ယောကျ်ားဟူ၍ သိကြောင်း, ယောကျ်ား ဟူသော စကား၏ ဖြစ်ကြောင်း လက္ခဏာရှိ၏၊ ယောကျ်ားဟူ၍ ဖော်ပြခြင်း ကိစ္စ ရှိ၏။

ဟဒယဝတ္ထုရုပ် = ဤရုပ်တရားဖြင့် သတ္တဝါတို့သည် ထိုထို အကျိုးစီးပွားနှင့် ထိုအကျိုး မဲ့တို့ကို ပြည့်စေကြ–ပြည့်ကြသောကြောင့်ရင်း,ဤရုပ်တရားမှ သတ္တဝါတို့သည် ဤရုပ်တရားကို ဆောင်ရွက်ကြ-အသက် ကဲ့သို့ စောင့်ရှောက်ကြသောကြောင့်ရင်း– ဟဒယ မည်၏၊ ဤဟဒယသည် မနောဓာတ်, မနောဝိညာဏ ဓာတ်တည်း ဟူသော စိတ် – စေတသိက်တို့၏ မှီရာဖြစ်သောကြောင့် ဝတ္ထုလည်း မည်၏၊ ထို့ကြောင့် ဟဒယဝတ္ထုရုပ်ဟု ခေါ်

ကြ၏၊ ယင်းဝတ္ထုရုပ်သည် မနောဓာတ်, မနောဝိညာဏ ဓာတ်တို့၏ မှီရာ ဖြစ်ကြောင်းလျှင် လက္ခဏာ ရှိ၏၊ ထိုဓာတ် နှစ်ပါးကို အားကြီးစွာ ဆောင်ခြင်း ကိစ္စ ရှိ၏။

ဇီဝိတရုပ် = အကြင် ရုပ်တရားဖြင့် အတူတကွ ဖြစ် သော သဟဇာတ် ရုပ်တရား တို့သည် အသက်ရှင်ကြသောကြောင့် ဇီဝိတ မည်၏၊ ဤဇီဝိတသည် သဟဇာတ် ရုပ်တရားတို့၏ အသက်သဖွယ် ဖြစ်၏၊ အသက် ရှင်ကြောင်း ဖြစ်၏၊ သဟဇာတ်ရုပ်တို့ကို အစဉ် စောင့် ရှောက်ခြင်း လက္ခဏာ ရှိ၏၊ အသက်ရှင်စေခြင်း ကိစ္စဖြင့် သဟဇာတ် ရုပ်တရားတို့၏ အပေါ်၌ အစိုးရသောကြောင့် ဣန္ဒြေဟု ဆိုအပ်၏၊ ထို့ကြောင့် ဇီဝိတိန္ဒြေကိုပင် ဇီဝိတရုပ် ဟု ခေါ်ခြင်းဖြစ်၏။

အာဟာရရုပ် = စားသောက်ဖွယ်ဟူသော ကဗဠီကာရ သည် အာဟာရ ရုပ် မည်၏၊ အလုပ် အလွေးကို ပြုအပ်သောကြောင့် ကဗဠီကာရ မည်၏၊ မျို အပ်သောကြောင့် အာဟာရ မည်၏၊ တနည်း-ခဲဖွယ် ဘော ဇဉ်စသော ကဗဠီကာရကို စားသော သတ္တဝါတို့၏ အတ္တ ဘောကို လွန်စွာ ဆောင်တတ်, အမှန်ရှည်စွာ တည်စေတတ် သောကြောင့် အာဟာရ မည်၏၊ ယင်းအာဟာရသည် ပွါး ခြင်း လက္ခဏာရှိ၏၊ ဩဇဋ္ဌမက ရုပ်ကို ဆောင်ခြင်း ကိစ္စ ရှိ၏၊ ဩဇဟုလည်း ခေါ်၏။

ဤဆိုခဲ့ပြီးသော မဟာဘုတ် ၄-ပါး, ပသာဒရုပ် ၅-ပါး, ဂေါစရရုပ် ၄-ပါး, ဘာဝရုပ် ၂-ပါး, ဟဒယရုပ် ၁-ပါး, ဇီဝိတရုပ် ၁-ပါး, အာဟာရရုပ် ၁-ပါးအားဖြင့် (၁၈) ပါးသော ရုပ်တို့သည် ခက်မာခြင်း အစရှိသော မိမိ သဘောအားဖြင့် ပြီးစီး ထင်ရှားသောကြောင့် သဘာဝ ရုပ်လည်း မည်၏၊ ဖြစ်ခြင်း အစရှိသော သင်္ခတ လက္ခဏာ တို့နှင့် တကွဖြစ်သောကြောင့် သလက္ခဏာရုပ်လည်း မည်၏၊ ကံ,စိတ်,ဥတု,အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် တိုက်ရိုက် ဖြစ်စေအပ်- ပြီးစေအပ်သော ကြောင့် နိပ္ဖန္နရုပ်လည်း မည်၏၊ ဖောက်ပြန်ခြင်း လက္ခဏာ နှင့် ပြည့်စုံသောကြောင့် ရူပရုပ်လည်း မည်၏၊ အနိစ္စ အစ ရှိသော လက္ခဏာရေး သုံးပါးသို့တင်၍ သုံးသပ် ဆင်ခြင်ရန် ထိုက်သောကြောင့် သမ္မသန ရုပ်လည်း မည်၏။

ပရိစ္ဆေဒရုပ် = အာကာသဓာတ်သည် ပရိစ္ဆေဒရုပ် မည်၏၊ ဤဓာတ် ဖြင့် ထိုထိုမြေ အဆောက်အဦနှင့် ထိုထို ရုပ်ကလာပ်တို့သည် အသီး-အသီး လွန်စွာ ထင်ရှားသောကြောင့် အာကာသ မည်၏၊ ယင်း အာကာသသည်ပင် ကလာပ်တပါး၌ တည်သော မဟာဘုတ် တို့ကို အခြားကလာပ်တပါး၌ တည်သော မဟာဘုတ်တို့နှင့် မရောနှောင် မကူး- မစပ်ရအောင် ပိုင်းခြားတတ်သော ကြောင့် ပရိစ္ဆေဒ မည်၏၊ ဤပရိစ္ဆေဒရုပ်သည် အပေါက် ဟင်းလင်းသဘော သက်သက်ဖြစ်သောကြောင့် ဥပါဒ်နှင့် တကွသော တရားကိုယ် သီးခြား မဟုတ်၊ တစုံတခုသော

ကလာပ်အတွင်းသို့ သွင်း၍ ရေတွက်အပ်သော တရားလည်း မဟုတ်။

ဝိညတ်ရုပ် = သူတပါးကို သိစေတတ်, မိမိလည်း သိအပ်သောကြောင့် ဝိညတ်မည်၏၊ ယင်းဝိညတ်ရုပ်သည် ကာယဝိညတ် နှင့် ဝစီဝိညတ်ဟု နှစ်ပါးအပြားရှိ၏။

၁–ကာယဝိညတ် = အတွင်း သဘော အလိုဆန္ဒကို လှုပ်ရှားသော ကိုယ်ကာယဖြင့် သိစေတတ်သော အမူအရာ အထူးသည်ကာယဝိညတ်မည်၏။

၂–ဝစီဝိညတ် = အတွင်းသဘော အလိုဆန္ဒကို ပြောဆိုသော စကားသံဖြင့် သိစေတတ်သော အမူအရာ အထူးသည် ဝစီဝိညတ် မည်၏။

ထူးခြားသော အမူအရာ လက္ခဏာရှိသော ဝိညတ်တို့သည် အင်္ဂါယ်ကို ထင်ရှားခြင်း ကိစ္စ ရှိကြ၏။

ဝိကာရရုပ် = တသီး-တခြား ပရမတ္ထ အထည်ကိုယ်ကောင်းသော ရုပ်စစ် မဟုတ်နိပ္ဖန္နရုပ်တို့၏ ပကတိ အနေထက် ထူးခြားသော အမူအရာကိုဝိကာရခေါ်၏၊ ဤရုပ်သည် သရုပ်အားဖြင့် လဟုတာ, မုဒုတာ, ကမ္မညတာ နှင့် ဝိညတ်ရုပ် ၂-ပါးဖြင့် ၅-ပါး ရှိ၏။

၁---လဟုတာ = ပေါ့ပါးသော နိပ္ဖန္နရုပ်၏ အဖြစ် သည် လဟုတာ မည်၏၊ ဤရုပ်သည် ပေါ့ပါးသည်၏ အဖြစ်ဟူသော လက္ခဏာ ရှိ၏၊ အာပေါ ဓာတ် ဖေါက်ပြန်သဖြင့် လေးလံသည်၏ အဖြစ်ကို ပယ်ရှား ခြင်း ကိစ္စ ရှိ၏။

၂--- မုဒုတာ = နူးညံ့သော နိပ္ဖန္နရုပ်၏ အဖြစ်သည် မုဒုတာမည်၏၊ ဤရုပ်သည် နူးညံ့ သည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏၊ ပထဝီဓာတ် ဖောက် ပြန်သဖြင့် ခက်ထန်သည်၏ အဖြစ်ကို ပယ်ရှားခြင်း ကိစ္စရှိ၏။

၃-- ကမ္မညတာ = ထိုထို အမှု၌ ကောင်း သော နိပ္ဖန္နရုပ်၏ အဖြစ်သည်ကမ္မညတာ မည်၏၊ ဤရုပ်သည် ကိုယ်အမှုကိစ္စ၌ ကောင်းသည်၏ အဖြစ် ဟူသော လက္ခဏာရှိ၏၊ ဝါယောဓာတ် ပျက်သဖြင့် ကိုယ်မှု ကိစ္စ၌ မခံညားသည်၏ အဖြစ်ကို ပယ်ရှားခြင်း ကိစ္စရှိ၏။

၄-- ဝိညတ်ရုပ် နှစ်ပါးကိုကား အထက်တွင် ပြဆိုပြီး ဖြစ်၏၊ ထိုရုပ် နှစ်ပါးသည်လည်း ထူး ခြားသော အမူ-အရာ သဘောမျှသာဖြစ်၍ ဝိကာရရုပ်တွင် သက်ဝင်၏။

လက္ခဏာရုပ် = မှတ်သားကြောင်း- သိကြောင်း ဖြစ် သော ရုပ်သည် လက္ခဏာရုပ် မည်၏၊ ထိုသို့သိမှတ်ကြောင်း လက္ခဏာမှာ ဥပစယ, သန္တတိ, ဇရတာ နှင့် အနိစ္စတာဟု ၄-ပါး အပြားရှိ၏။

၁-ဥပစယ=ရှေးဦး အစဥ် ၄င်း, အထက် အဘို့ဥ ၄င်း-
ပေါင်းစည်း၍ ဖြစ်မှုသည် ဥပစယ မည်၏;
ဤရုပ်သည် ရှေးဦးစွာဖြစ်ခြင်း, အထက်ဥ ပွားခြင်း လက္ခဏာ ရှိ၏၊ အနာဂါတ်အဘို့မှထုတ်၍ ရုပ်တို့ကိုပေါ်စေခြင်း ပေါ်ခြင်း ကိစ္စ ရှိ၏။

၂-သန္တတိ=အဖန်ဖန် ချဲ့ခြင်းသည် သန္တတိမည်၏၊ ဖြစ်
ပေါ် စုံလင်ပြီးသော အာယတနတို့၏ အရှည်နှင့်
ရှည်စွာ ဆက်လက် ဖြစ်ပေါ်မှု ပင်တည်း၊ ဤရုပ်သည် ရုပ်တို့၏ အစဥ်တည်၍ အရှည်ရှည်စွာနေခြင်း လက္ခဏာရှိ၏၊ ရှေ့နောက် စပ်တွဲ အဖန်တလဲလဲ ဖွဲ့ခြင်း ကိစ္စ ရှိ၏။

၃-ဇရတာ=ရုပ်တို့၏ ရင့်ရော် အိုမင်း ဆွေးမြေ့ မှုသည်
ဇရာ မည်၏၊ ဤ ရုပ်သည် ရင့်ရော် အိုမင်း
ခြင်း လက္ခဏာ ရှိ၏၊ ဘင်သို့ ရောက်အောင် ပို့ဆောင်ခြင်း ကိစ္စ ရှိ၏။

၄-အနိစ္စတာ = ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ဆုံးခြင်းတို့ဖြင့်
မတုန်လှုပ် တတ်သောကြောင့် နိစ္စ မည်၏၊
စင်စစ်နိစ္စဟူသည် ဖြစ်မှု ရင့်မှု ပျက်မှုတို့မှကင်းသောအသင်္ခတ တရားပင်ဖြစ်၏၊ အနိစ္စကား နိစ္စမဟုတ်၊ ဖြစ်မှု ရင့်မှု ပျက်မှု တို့ဖြင့် တုန်လှုပ်သော မမြဲသော သင်္ခတ တရားဖြစ်၏၊ ဤရုပ်သည် ထက်ဓန်းကျင်မှပျက်စီးခြင်း လက္ခဏာ ရှိ၏၊ သင်္ခတ တရားတို့ကို နှစ်ခြင်း နစ်စေခြင်း ကိစ္စရှိ၏။

[ဤလက္ခဏာရုပ် ၄-ပါးတွင် ဥပစယနှင့် သန္တတိမှာ ဇာတိရုပ်တခု၏ အမည် ဖြစ်၏၊ ရုပ်၏ ဖြစ်ပေါ်မှု တခုပေါ်

မှာပင် ဥပစယဟုရင်း, သန္တတိဟုရင်း ခွဲခြားပြီး ခေါ်ခြင်း ဖြစ်၏၊ ဓမ္မသင်္ဂဏီ ရူပကဏ္ဍ ပါဠိတော်၌ကား တဘာဝ– တဘာဝ၌– "အစစွာဖြစ်ခြင်း, ပြည့်စုံသည့်တိုင်အောင် တိုး တက်၍ ဖြစ်ခြင်း, ပြည့်စုံ ပြီးနောက် ဆက်စပ်၍ အထပ်ထပ် ဖြစ်ခြင်း" ဟု ဖြစ်ပုံ အခြင်းအရာ ကွဲပြားမှုကို ဟောကြား တော်မူ၏၊ ဤတွင် အစစွာ ဖြစ်ခြင်းနှင့် ပြည့်စုံသည့် တိုင် အောင် တိုးတက်၍ဖြစ်ခြင်းသည် ဥပစယ မည်၏၊ ပြည့်စုံပြီး နောက် ဆက်စပ်၍ အထပ်ထပ် ဖြစ်ခြင်းမှာ သန္တတိမည်၏၊ အဋ္ဌသာလိနီ အဋ္ဌကထာတွင် မြစ်ကမ်းပါး၌ လက် ယက် တွင်းငယ် တူးသည့် ဥပမာဖြင့် ရှင်းပြ၏၊ မြစ်ကမ်းပါး၌ လက်ယက်တွင်း တူးရာ ရှေးဦးစွာ ရေထွက်သော အခါနှင့် ရေပြည့်လျှံသော အခါကို ဥပစယနှင့် နှိုင်းယှဉ်၍ ရေတွင်း ကမ်းပါးကို လျှံ၍ ရေလွှမ်းသွားသော အခါနှင့် သန္တတိကို နှိုင်းယှဉ်၏။]

ယင်းသို့လျှင် (၁၁)ပါး အပြား ရှိသော ရုပ်သည် သင်္ချာအားဖြင့် (၁၈)ပါး ဖြစ်၏၊ ထိုတွင် ဘူတ(မဟာဘုတ်) ရုပ်, ပသာဒရုပ်, ဝိသယ (ဂေါစရ)ရုပ်, ဘာဝရုပ်, ဟဒယ ရုပ်, ဇီဝိတရုပ်နှင့် အာဟာရရုပ် ဟူ၍ (၇) ပါး အပြား ရှိသော ရုပ်(၁၈)ပါးသည် နိပ္ဖန္နရုပ် မည်၏၊ ဤရုပ် ၁၈-ပါး တွင် သဘာဝ, သလက္ခဏ အစရှိသော အမည်များ ရှိသေး ၏၊ သို့ရာတွင် နိပ္ဖန္နရုပ် ဟူသော အမည်ဖြင့် ပိုမိုးထင်ရှား၏။

ထိုမှတပါး ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ်, ဝိကာရရုပ်နှင့် လက္ခဏာရုပ် ဟူ၍(၄)ပါး အပြားရှိသော ရုပ်(၁၀)ပါးသည် ကံ အစရှိသော အကြောင်း တရား လေးပါးတို့ ဖြစ်ပေါ် ပြီးစီးခြင်းမရှိသောကြောင့် အနိပ္ဖန္နရုပ် မည်၏။

ဖောက်ပြန်ခြင်း လက္ခဏာ တပါးသာ ရှိသော ရုပ်သည် မဟာဘုတ်နှင့် ဥပါဒါရုပ် ဟူ၍ နှစ်ပါး အပြားရှိ၏၊

ထိုတွင်—

မဟာဘုတ် ရုပ်မှာ ပထဝီ, အာပေါ, တေဇော, ဝါယော ဟူ၍ ၄-ပါး အပြားရှိ၏။

ဥပါဒါရုပ် ကား ပသာဒရုပ်, ဂေါစရရုပ်, ဘာဝရုပ်, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒ ရုပ်, ဝိညတ်ရုပ်, ဝိကာရရုပ်နှင့်လက္ခဏာရုပ်ဟူ၍ ၁၀-ပါး အပြားရှိ၏။

တဖန် ထိုဖောက်ပြန်ခြင်းလက္ခဏာတပါးသာရှိသော ရုပ်သည် နိပ္ဖန္နရုပ်နှင့် အနိပ္ဖန္နရုပ် ဟူ၍ နှစ်ပါး အပြားရှိ၏၊

ထိုတွင်—

နိပ္ဖန္န ရုပ်မှာ ဘူတရုပ်, ပသာဒရုပ်, ဝိသယရုပ်, ဟဒယ ရုပ်, ဇီဝိတရုပ်နှင့်အာဟာရရုပ် ဟူ၍(၇ ပါး အပြား ရှိသော ရုပ်(၁၈)ပါး ဖြစ်၏။


အနိပ္ဖန္နရုပ် မှာ ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ်, ဝိကာရရုပ်နှင့် လက္ခဏာရုပ်ဟူ၍ (၄)ပါးအပြားရှိသော ရုပ် (၁၀)ပါး ဖြစ်၏။

## ၂။ ရူပ ဝိဘာဂ

ရူပဝိဘာဂ ဟူသည်မှာရုပ်ကိုဝေဖန်ခြင်းဖြစ်၏၊ အလုံးစုံ သော ရုပ်သည် အလောဘ အစရှိသည့် သမ္ပယုတ် ဟိတ် မရှိသောကြောင့် 'အဟိတ်' လည်း မည်၏၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား ၄-ပါးနှင့် တကွ ဖြစ်သောကြောင့် 'သပစ္စယ' လည်း မည်၏၊ အာသဝေါတရား ၄-ပါးတို့၏ အာရုံ ဖြစ်သောကြောင့် 'သာသဝ' လည်း မည်၏၊ ကံ စသော အကြောင်း တရား ၄-ပါးတို့ ပေါင်း၍ ပြုပြင်အပ် သောကြောင့် 'သင်္ခတ' လည်း မည်၏၊ ဥပါဒါန်၏ အာရုံ ဖြစ်သော သင်္ခါရ လောက၌ အကျုံးဝင် သောကြောင့် 'လောကိယ' လည်း မည်၏၊ ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် 'ကာမာဝစရ' လည်း မည်၏၊ အာရုံကို မယူတတ်သောကြောင့် 'အနာရမ္မဏ' မည်၏၊ ပဟာန် တို့၏ အစွမ်းဖြင့် မပယ်အပ် သော ကြောင့် 'အပ္ပဟာတဗ္ဗ' လည်း မည်၏၊ ယင်းသို့လျှင် ရုပ်သည် တပါးသာ ရှိ၏၊ သို့ ရာတွင် အဇ္ဈတ္တိက, ဗာဟိရ စသော အားဖြင့် များသော အပြား ရှိ၏။

ပသာဒရုပ် ၅-ပါးသည် အဇ္ဈတ္တိက ရုပ်မည်၏၊ ကြွင်း ရုပ် ၂၃-ပါးသည် ဗာဟိရရုပ် မည်၏။

အဇ္ဈတ္တိက = အတွင်းထက် အတွင်း ကျသော တရား, သိမ်းပိုက်အပ်သည်ထက် သိမ်းပိုက်အပ်သော တရား, ချစ်ခင်အပ်သည်ထက် ချစ်ခင် အပ်သောတရားသည် အဇ္ဈတ္တိက မည်၏။



ဗာဟိရ = ရုပ,သဒ္ဒစသော တရားတို့သည် စက္ခုပသာဒ စသည်တို့ကဲ့သို့ အတွင်းထက် အတွင်းထား၍ သိမ်းပိုက်အပ်သော တရားမဟုတ်၊ ပေါ့ပေါ့-ပါးပါး သိမ်းပိုက်အပ်သောကြောင့် ဗာဟိရ မည်၏၊အဇ္ဈတ္တိကကို ထောက်၍ ဗာဟိရဟု ဆိုခြင်းဖြစ်၏။

ပသာဒရုပ် ၅-ပါး, ဟဒယရုပ် ၁-ပါးအားဖြင့် ရုပ် (၆)ပါးသည် ဝတ္ထုရုပ် မည်၏၊ ကြွင်းသောရုပ် (၂၂)ပါးသည် အဝတ္ထုရုပ် မည်၏။

ဝတ္ထုရုပ်= စိတ်စေတသိက်တို့၏ မှီရာ-တည်ရာ ဖြစ်သောကြောင့် ဝတ္ထုရုပ် မည်၏။

အဝတ္ထုရုပ် = စိတ်-စေတသိက်တို့၏ မှီရာ-တည်ရာ မဖြစ်သောကြောင့် အဝတ္ထုရုပ် မည်၏။

ပသာဒရုပ် ၅-ပါး, ဝိညတ်ရုပ် နှစ်ပါးအားဖြင့် ရုပ် (၇) ပါးသည် ဒွါရရုပ် မည်၏၊ ကြွင်းသောရုပ် (၂၁) ပါးသည် အဒွါရရုပ် မည်၏။

ဒွါရရုပ် = ပသာဒရုပ် ငါးပါးမှာ ပဥ္စဒွါရ ဝီထိစိတ်တို့ ဖြစ်ရာ တံခါးပေါက်သဖွယ်ဖြစ်၍ ဝိညတ်ရုပ် နှစ်ပါးမှာ ပါဏာတိပါတစသော ကံတို့ဖြစ်ရာ တံခါးပေါက် သဖွယ်ဖြစ်၍ ဒွါရရုပ် မည်၏။

အဒွါရရုပ် = ကြွင်းသော ရုပ်တို့မှာ တံခါးသဖွယ် မဟုတ်၍ အဒွါရ မည်၏။

ပသာဒရုပ် ငါးပါး၊ ဘာဝရုပ် နှစ်ပါး၊ ဇီဝိတရုပ် တပါးအားဖြင့် ရုပ် (၈)ပါးသည် ဣန္ဒြိယရုပ် မည်၏၊ ကြွင်းသော ရုပ် (၂၀)သည် အနိန္ဒြိယ ရုပ် မည်၏။

ဣန္ဒြိယရုပ် = မိမိတို့ ဆိုင်ရာ ဌာနတို့၌ အသီး-အသီး အစိုးရသောကြောင့် ဣန္ဒြိယ မည်၏။

အနိန္ဒြိယရုပ် = မိမိတို့ ဆိုင်ရာ ဌာနတို့၌ အစိုး မရသောကြောင့် အနိန္ဒြိယ မည်၏။

ပသာဒရုပ် ငါးပါး၊ ဝိသယရုပ်၇-ပါးအားဖြင့် (၁၂) ပါးသည် သြဠာရိကရုပ် မည်၏၊ သန္တိကေရုပ်လည်း မည်၏၊ သပ္ပဋိဃရုပ်လည်း မည်၏၊ ကြွင်းသောရုပ် (၁၆)ပါးသည် သုခုမရုပ်လည်း မည်၏၊ ဒူရေရုပ်လည်း မည်၏၊ အပ္ပဋိဃရုပ်လည်း မည်၏။

သြဠာရိကရုပ် = ပဏီတသော မိမိတို့၏ ပကတိသဘော အားဖြင့် ကြမ်းတမ်းသောကြောင့်ရင်း ပသာဒရုပ်တို့နှင့် ဂေါစရရုပ်တို့၏ ထိခိုက်မှုဟု ဆိုအပ်သော ကိစ္စ၏ ရုံ့ရင်းကြမ်းတမ်းသောကြောင့်ရင်း သြဠာရိက မည်၏။

သုခုမရုပ် = ကြမ်းတမ်းသော သဘောကိစ္စမှ ကင်း၍ လိမ်မွေ့သောကြောင့် သုခုမ မည်၏။

သန္တိကေရုပ် = အဝေး၌တည်သော်လည်း အနီး၌တည်သော ရုပ်ကဲ့သို့ လျင်မြန်စွာ အာရုံ၏ အဖြစ်ဖြင့် ယူရန်ခံ့သောကြောင့် သန္တိကေ မည်၏။

ဒူရေရုပ် = ဝေးသောရုပ် ဖြစ်သော ကြောင့် ဒူရေ မည်၏။

သပ္ပဋိဃရုပ် = အချင်းချင်း ထိခိုက်မှုနှင့်တကွ ဖြစ်သော ကြောင့် သပ္ပဋိဃ မည်၏။

အပ္ပဋိဃရုပ် = အချင်းချင်း ထိခိုက်မှု မရှိသောကြောင့် အပ္ပဋိဃ မည်၏။

ကမ္မဇရုပ် ၁၈-ပါးသည် ဥပါဒိန္နရုပ် မည်၏၊ ကြွင်းသော ရုပ် ၁၀-ပါးသည် အနုပါဒိန္နရုပ် မည်၏။

ဥပါဒိန္နရုပ် = တဏှာ ဒိဋ္ဌိတို့ ပြင်းစွာ သိမ်းယူအပ်သော ကြောင့် ဥပါဒိန္န မည်၏။

အနုပါဒိန္နရုပ် = တဏှာ ဒိဋ္ဌိတို့ ပြင်းစွာ သိမ်းယူမှု မရှိ သောကြောင့် အနုပါဒိန္န မည်၏။

ရူပါရုံသည် သနိဒဿနရုပ် မည်၏၊ ကြွင်းသော ရုပ် (၂၇)ပါးသည် အနိဒဿန မည်၏။

သနိဒဿနရုပ် = မြင်အပ်သောကြောင့် သနိဒဿန မည်၏။

အနိဒဿနရုပ် = မမြင်အပ်သောကြောင့် အနိဒဿန မည်၏။

စက္ခု၊ သောတ နှစ်ပါးသည် မရောက်သည်၏ အစွမ်းဖြင့် အာရုံကို ယူ၏၊ ဃာန၊ ဇိဝှါ၊ ကာယ သုံးပါးသည် ရောက်သည်၏ အစွမ်းဖြင့် အာရုံကို ယူ၏၊ ထို့ကြောင့် ဤရုပ် ၅-ပါးသည် ဂေါစရဂ္ဂါဟိကရုပ် မည်၏၊ ကြွင်းသော ရုပ် ၂၃-ပါးသည် အဂေါစရဂ္ဂါဟိကရုပ် မည်၏။

ဂေါစရဂ္ဂါဟိကရုပ် = အာရုံကို ယူတတ်သောကြောင့် ဂေါစရဂ္ဂါဟိကမည်၏၊ အာရုံမှာ မရောက်လာသော အာရုံနှင့် ရောက်လာသော အာရုံဟူ၍ နှစ်မျိုး ရှိ၏၊ စက္ခုနှင့် သောတသည် မရောက်လာသော အာရုံကိုယူသောကြောင့် အသမ္ပတ္တ မည်၏၊ ဃာန, ဇိဝှါ,ကာယသည် ရောက်လာသော အာရုံကို ယူသောကြောင့် သမ္ပတ္တ မည်၏၊ ဃာန, ဇိဝှါ, ကာယသည် ရောက်လာသော အာရုံကို ယူသောကြောင့် သမ္ပတ္တ မည်၏။

အဂေါစရဂ္ဂါဟိကရုပ် = အာရုံကို မယူသော ကြောင့် အဂေါစရဂ္ဂါဟိက မည်၏။

မဟာဘုတ် ၄-ပါး,ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇ-အားဖြင့် ရုပ် ၈-ပါးသတ အဝိနိဗ္ဘောဂ မည်၏၊ ကြွင်းသော ရုပ်(၂၀)သည် ဝိနိဗ္ဘောဂ မည်၏။

အဝိနိဗ္ဘောဂ = အသီး-အသီး ခွဲခြားအပ်သော တရား မဟုတ် သောကြောင့် အဝိနိဗ္ဘောဂ မည်၏။

ဝိနိဗ္ဘောဂ = ဒေသ,ဌာန, ဖြစ်ကြောင်းအားဖြင့် အသီး အသီး ခွဲခြမ်း ဖြစ် လော့ ရှိသောကြောင့် ဝိနိဗ္ဘောဂမည်၏။

ယင်းသို့လျှင် ရုပ် ၂၈-ပါးတို့ကို ထိုက်သည့်အား လျော်စွာ ပညာရှိတို့ ဝေဖန်ကြရာ၏။

## ၃—ရူပသမုဋ္ဌာန

ရူပသမုဋ္ဌာန = ရုပ်တို့၏ ဖြစ်ကြောင်းသည် ရူပသမုဋ္ဌာန မည်၏၊ ယင်းကို ရူပသမုဋ္ဌာန်ဟု ခေါ်၏ ရုပ်တို့၏ဖြစ်ကြောင်း ရူပသမုဋ္ဌာန်သည် ကံ, စိတ်ဥတု, အာဟာရဟူ၍ ၄-ပါးရှိ၏။

၁—ကမ္မဇရုပ် = ကံကြောင့်ဖြစ်၍ ကမ္မဇရုပ် မည်၏၊ အကုသိုလ် ၁၂- ပါး, မဟာကုသိုလ် ၈-ပါး, ရူပကုသိုလ် ၅-ပါးအားဖြင့် ၂၅-ပါးသောအကုသိုလ် ကုသိုလ်ကံသည် အဇ္ဈတ္တိက သန္တာန်၌ ပဋိသန္ဓေ စိတ်၏ ဥပါဒ်တိုင်း, ဋ္ဌီတိုင်း, ဘင်တိုင်း ကမ္မဇရုပ်ကို ဖြစ်စေ၏။

၂-စိတ္တဇရုပ် = စိတ်ကြောင့် ဖြစ်၍ စိတ္တဇရုပ် မည်၏၊ အရူပဝိပါက် ၄-ပါး, ဒွေပဉ္စဝိညာဏ် ၁၀-အလုံးစုံသော ပဋိသန္ဓေစိတ်နှင့် ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော စိတ် (၇၅) ပါးတို့သည် ပဌမဘဝင်ကာလ၌ ဖြစ်သောအခါ ပဌမ ဘဝင်မှစ၍ ဥပါဒ်တိုင်း အဇ္ဈတ္တိက သန္တာန်၌ စိတ္တဇရုပ်ကို ဖြစ်စေ၏။

ထိုတွင် အပ္ပနာဇော ၂၆-ခုသည် ဣရိယာပုတ်ကို လည်း ထောက်ပံ့နိုင်စေနိုင်၏၊ ဝုဋ္ဌော, ကာမဇော ၃၉-ပါး နှင့် အဘိညာဏ်ဒွေးတို့သည် ဝိညာဏ်ကိုလည်း ဖြစ်စေနိုင်၏၊ ဤတွင် သောမနဿဇော ၁၃-ပါးတို့ကား ရယ်ရွှင်ခြင်းကို လည်း ဖြစ်စေတတ်၏။

၃-ဥတုဇရုပ် = ဥတုကြောင့်ဖြစ်၍ ဥတုဇရုပ် မည်၏၊ အအေးဟူသော သီတ တေဇော, အပူဟူသော ဥဏှတေဇောသည် ဥတုမည်၏၊ ယင်း ဥတုသည် ပဋိသန္ဓေစိတ် ဌီသို့ ရောက်သောအခါ အဇ္ဈတ္တ၌ရင်း, ဗဟိဒ္ဓ၌ရင်း, ထိုက်သည်အားလျော်စွာ ဥတုဇရုပ်ကို ဖြစ်စေ၏။

၄—အာဟာရဇရုပ် = အာဟာရကြောင့်ဖြစ်၍ အာဟာရဇရုပ် မည်၏၊ ဩဇဟု ဆိုအပ်သောအာဟာရသည် စားမျိုးသောအခါ ရုပ်၏ ဌီသို့ ရောက်မှသာ အာဟာရဇရုပ်ကို ဖြစ်စေ၏၊ ထိုတွင်—

ဟဒယဝတ္ထုနှင့်ဣန္ဒြိယရုပ်သည်ကံကြောင့်သာဖြစ်၏။
ဝိညတ်ရုပ် နှစ်ခုသည် စိတ်ကြောင့်သာ ဖြစ်၏၊

လဟုတာ, မုဒုတာနှင့် ကမ္မညတာ ၃-ခု အပေါင်းသည် စိတ်နှင့် အာဟာရကြောင့် ဖြစ်၏၊ ဤရုပ် ၃-ခုသည် စိတ်ကြောင့်လည်း ဖြစ်၏၊ အာဟာရကြောင့်လည်း ဖြစ်၏၊

အဝိနိဗ္ဘောဂရုပ် ၈-ပါးနှင့် အာကာသဓာတ် အားဖြင့် ရုပ် ၉-ပါးသည် ကံ, စိတ်, ဥတု, အာဟာ ဘည်းဟူသော အကြောင်းတရား ၄-ပါးကိုကြောင့် ဖြစ်၏။

လက္ခဏာရုပ် ၄-ပါးသည် အဘယ်အကြောင်းကြောင့်မျှ မဖြစ်၊အကြောင်းကား ဤရုပ် ၄-ပါးသည် နိပ္ဖန္နရုပ်တို့၏

ဖြစ်ဆဲ အစရှိသော သဘောမျှသာ ဖြစ်၍ တစုံ-တခုသော အကြောင်းကြောင့် မဖြစ်ခြင်း ဖြစ်၏။

ယင်းသို့လျှင် ရုပ သမုဋ္ဌာန်မှာ ကမ္မဇရုပ် ၁၈-ပါး, စိတ္တဇရုပ် ၁၅-ပါး, ဥတုဇရုပ် ၁၃-ပါးနှင့် အာဟာရဇ ရုပ် ၁၂-ပါးတို့ ဖြစ်၏၊

## ၄ - ရူပကလာပ

ရူပကလာပ—ဟူသည်မှာ အတူလည်း ဖြစ်, အတူလည်း ချုပ်ပြီး မှီ ရာ လည်း တူ သော ရုပ်တို့ကို ပေါင်းစုဖွဲ့စည်းထားသော ရုပ်ကလာပ်တို့ ဖြစ်၏၊ ယင်းတို့မှာ ကမ္မဇ ကလာပ် ၉-စည်း, စိတ္တဇ ကလာပ် ၆-စည်း, ဥတုဇ ကလာပ် ၄-စည်းနှင့် အာဟာရဇ ကလာပ် ၂-စည်းတို့ ဖြစ်၏။

ကမ္မဇ ကလာပ် ၉-စည်း = ဇီဝိတရုပ်၁-ပါး, အဝိနိဗ္ဘောဂ ရုပ် ၈-ပါး, စက္ခု ပသာဒ အားဖြင့် ရုပ် ၁၀-ပါးတို့သည် စက္ခုဒသက ကလာပ်မည်၏။ ထို့အတူ သောတ ပသာဒ စသည် တို့နှင့် တကွ သောတ ဒသက, ဃာန ဒသက, ဇိဝှါ ဒသက, ဣတ္ထိဘာဝ ဒသက, ပုမ္ဘာဝ ဒသက, ဝတ္ထု ဒသကဟု အစဉ်အတိုင်း ယှဉ်အပ်၏၊ အဝိနိဗ္ဘောဂ ရုပ် ၈-ပါး, ဇီဝိတ, နဝကလာပ်ဟု ခေါ်၏၊ ယင်း ကလာပ် ကိုးစည်းသည် ကံကြောင့် ဖြစ်သော ရုပ် ကလာပ်တို့ မည်၏၊ ထိုကလာပ်တို့၏ သရုပ်မှာ အောက်ပါ အတိုင်းဖြစ်၏—

(၁) ဇီဝိတရုပ် ၁-ပါး, အဝိန်ိဗ္ဘောဂရုပ် ဂ-ပါး, စက္ခုပသာဒ
(၂) — — — — — — — — — သောတပသာဒ
(၃) — — — — — — — — — ဃာနပသာဒ
(၄) — — — — — — — — — ဇိဝှါပသာဒ
(၅) — — — — — — — — — ကာယပသာဒ
(၆) — — — — — — — — — ဣတ္ထိဘာဝ
(၇) — — — — — — — — — ပုမ္ဘာဝ
(ဂ) — — — — — — — — — ဟာဒယဝတ္ထု
(၉) × — — — — — ဇီဝိတိန္ဒြေ

[ ဤကမ္မဇ ကလာပ် ၉-စည်းကို သဘောပေါက် အောင် ကြည့်ပါ၊ မပေါက်လျှင် အညွှန်းတို့ ပြန် ကြည့်ပါ၊ သို့မှ နောက်ကလာပ်အတွက် လွယ်ကူမည်။]

စိတ္တဇ ကလာပ် ၆-စည်း = အဝိနိဗ္ဘောဂ ဟု ဆို အပ် သော သုဒ္ဓဋ္ဌက ကလာပ်၊ ယင်း ရုပ် ဂ-ပါး, ကာယဝိညတ်နှင့် တကွ ကာယဝိညတ္တိ နဝက ကလာပ်၊ ဝစီဝိညတ်,သဒ္ဒနှင့် တကွ ဝစီဝိညတ္တိ သဒ္ဒ ဒသက ကလာပ်၊ လဟုတာ စသည်တို့နှင့် တကွ လဟုတာဒိ ဧက ဒသက ကလာပ်၊ ကာယဝိညတ်, လဟုတာ စသည် တို့နှင့် တကွ ကာယ ဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ်၊ ဝစီ ဝိညတ် သဒ္ဒ, လဟုတာ စသည်တို့နှင့် တကွ ဝစီဝိညတ္တိ သဒ္ဒ လဟုတာဒိ တေရသက ကလာပ်၊ ယင်းသို့လျှင် စိတ်ကြောင့်

ဖြစ်သော စိတ္တဇ ကလာပ် ၆-စည်း ဖြစ်၏၊ ယင်းတို့မှာ သုဒ္ဓဋ္ဌ ကလာပ်, ကာယဝိညတ္တိ နဝက ကလာပ်, ဝစီ ဝိညတ္တိ သဒ္ဒ ဒသက ကလာပ်, လဟုတာဒိ ဧကဒသက ကလာပ်, ကာယ ဝိညတ္တိ လဟုတာဒိ ဒွာဒသက ကလာပ်, ဝစီဝိညတ္တိ သဒ္ဒ လဟုတာဒိ တေရသက ကလာပ်တို့ ဖြစ်၏။

(၁) သုဒ္ဓဋ္ဌ ကလာပ် မှာ အဝိနိဗ္ဘောဂ ၈-ခု သက်သက် ဖြစ်၏။

(၂) ကာယ ဝိညတ္တိ နဝက ကလာပ် မှာ အဝိနိဗ္ဘောဂ ရုပ် ၈-ခုနှင့် ကာယ ဝိညတ် တပါး အားဖြင့်ရုပ်၉-ခုအပေါင်းအစုဖြစ်၏

(၃) ဝစီဝိညတ္တိ သဒ္ဒ ဒသက ကလာပ်မှာ အဝိနိဗ္ဘောဂ ရုပ် ၈ခု, ဝစီဝိညတ်, သဒ္ဒ အားဖြင့် ရုပ် ၁၀-ခု အပေါင်းအစု ဖြစ်၏။

(၄) လဟုတာဒိ ဧက ဒသက ကလာပ်မှာ အဝိနိဗ္ဘောဂ ရုပ်-၈ခု, လဟုတာ, မုဒုတာ, ကမ္မ အားဖြင့် ရုပ် ၁၁-ခု အပေါင်းအစု ဖြစ်၏။

(၅) ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသ ကကလာပ် မှာ အဝိနိဗ္ဘောဂရုပ်၈-ခု,ကာယဝိညတ်, လဟုတာ,မုဒုတာ,ကမ္မညတာ အား ဖြင့် ရုပ် ၁၂-ခုအပေါင်းအစုဖြစ်၏။

(၆) ဝစီ ဝိညတ္တိ သဒ္ဒ လဟုတာဒိ တေရသက ကလာပ် မှာ အဝိနိဗ္ဘောဂ ရုပ် ၈-ခု, ဝစီ ဝိညတ်, သဒ္ဒ, လဟုတာ, မုဒုတာ, ကမ္မညတာ အားဖြင့် ရုပ် ၁၃-ခု အပေါင်း အစု ဖြစ်၏။

ဥတုဇ ကလာပ် ၄-စည်း = သုဒ္ဓဋ္ဌက ကလာပ်, သဒ္ဒနဝက ကလာပ်, လဟုတာဒိ ဧကာ ဒသက ကလာပ်နှင့် သဒ္ဒ လဟုတာဒိ ဒွါဒသက ကလာပ် ဟူသော ကလာပ် ၄-စည်းသည် ဥတုကြောင့်ဖြစ်သော ဥတုဇကလာပ် မည်၏၊ ယင်းကလပ် ၄-စည်း၏သရုပ်ကို အထက် ဖော်ပြပါ စိတ္တဇ ကလာပ်တို့ကို မှီ၍ သိနိုင်၏။

အာဟာရဇ ကလာပ် ၂-စည်း = သုဒ္ဓဋ္ဌက ကလာပ် နှင့် လဟုတာဒိ ဧကာဒသက ကလာပ် သည် အာဟာရကြောင့် ဖြစ်သော အာဟာဇ ကလာပ် နှစ်စည်း ဖြစ်၏။

ဥတုဇ ကလာပ် ၄-စည်း အနက် သုဒ္ဓဋ္ဌက ကလာပ်နှင့် သဒ္ဒနဝက ကလာပ် နှစ်စည်းကို ဗဟိဒ္ဓ၌လည်း ရ၏၊ ကြွင်းသော ကလာပ်တို့ကား အဇ္ဈတ္တ၌သာ ဖြစ်၏၊ အာကာသဓာတ်နှင့် လက္ခဏရုပ် ၄-ခု တို့ကို ကလာပ် တို့အား ပိုင်းခြား သတ်မှတ်ကြောင်း ဖြစ်သောကြောင့် ကလာပ်၏ အင်္ဂါဟု ပညာရှိတို့ မဆိုကြ။

# ၅—ရူပ ပဝတ္တိက္ကမ

ရူပ ပဝတ္တိက္ကမ ဟူသည်မှာ ရုပ်တို့၏ ဖြစ်စဉ်ဖြစ်၏၊ အမိဝမ်းတွင်း ပဋိသန္ဓေနေသော ဂဗ္ဘသေယျက သတ္တဝါ၊ အညှီအဟောက်တွင် ပဋိသန္ဓေနေသော သံသေဒဇ သတ္တဝါနှင့် ကိုယ်ထင်ရှားဖြစ်သော ဩပပါတ် သတ္တဝါတို့၏ ဖြစ်ရာဘုံနှင့်တကွ ရုပ်ဖြစ်စဉ်ပင်တည်း။

ကာမဘုံ၌ ပဝတ္တိ အခါအလုံးစုံသော ရုပ်တို့ကို ထိုက်သည်အားလျော်စွာ ရကြ၏၊ ပဋိသန္ဓေ အခါ သံသေဒဇနှင့် ဩပပါတ် သတ္တဝါတို့အား စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထုဒသကဟု ဆိုအပ်သော ကလာပ် ၇-စည်းတို့များအားဖြင့် တပြိုင်တည်း ဖြစ်ပေါ်လာကြ၏၊ တခါတရံ အချို့မှာမူ စက္ခု, သောတ, ဃာန, ဘာဝ ဒသက ကလာပ်တို့ကို မရကြ၊ သို့ဖြင့် ကလာပ်တို့၏ ယုတ်လျော့မှုကို သိဘာ့၏။

ဂဗ္ဘသေယျက သတ္တဝါတို့အား ကာယ, ဘာဝ, ဝတ္ထုဟူ ဆိုအပ်သော ကလာပ် ၃-စည်းတို့ တပြိုင်တည်း ထင်ရှား ဖြစ်ပေါ်လာ၏၊ သို့ရာတွင် တခါတရံ ဘာဝ ဒသကကို မရ၊ ထို့နောက် ပဝတ္တိ အခါ၌ကား အစဉ်အတိုင်း စက္ခုဒသက စသည်တို့ ထင်ရှားဖြစ်ပေါ်လာကြ၏။

ယင်းသို့လျှင် ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ ကမ္မဇရုပ် ဖြစ်၏၊ ဒုတိယ စိတ်(ပဌမဘဝင်)၏ ဥပါဒ်ခဏ၌ စိတ္တဇရုပ် ဖြစ်၏၊ ဌီခဏ၌ ဥတုဇရုပ် ဖြစ်၏၊ ဩဇ ပြန့်နှံ့သော အခါမှစ၍ အာဟာရဇရုပ် ဖြစ်၏၊ ဤအကြောင်း လေးပါးကြောင့်

ဖြစ်သော ရုပ်ကလာပ် အစဉ်သည် ကာမဘုံ၌ ဆီမီးသို့ ကဲ့သို့၄င်း, မြစ်ရေ အလျဉ်ကဲ့သို့၄င်း- အသက်ရှင်သမျှ ကာလပတ်လုံး ရုပ်အဆက်ဆက် အဆင့်ဆင့် မပြတ်--မလပ် စပ်ကာ စပ်ကာ ဖြစ်နေ၏။

သေခါနီးအခါ စုတိမှ ပြန်၍ ရေသော် ၁၇-ချက် မြောက်သော စိတ်၏ ဌီခဏမှစ၍ ကမ္မဇရုပ် အသစ် မဖြစ်၊ ရှေးက ဖြစ်နှင့်ပြီးသော ကမ္မဇရုပ်တို့လည်း စုတိနှင့် အတူ ဖြစ်၍ ချုပ်ကြ၏၊ ထို့နောက် စိတ္တဇရုပ်နှင့် အာဟာရဇ ရုပ်တို့လည်းပြတ်၏၊ ဥတုဇရုပ်အဆက်ဆက်သည်ကား သေ၍ အကောင်ပုပ် ဖြစ်သည့်တိုင်အောင် ဖြစ်နေကြ၏၊ ယင်းသို့ သေသော သတ္တဝါတို့အား တဖန် ဘဝကပါး၌ ပဋိသန္ဓေ ဥပါဒ်ကို အစပြု၍ ဖြစ်သင့်သည့်အားလျော်စွာ ဖြစ်၏။

ရူပဘုံ၌ကား ဃာန, ဇိဝှာ, ကာယ, ဘာဝ ဒသက နှင့် အာဟာရဇကလာပ်ကို မရကြ၊ ထို့ကြောင့် ထိုသူတို့ အား ပဋိသန္ဓေအခါ၌ စက္ခု, သောတ, ဝတ္ထု၏ အစွမ်း ဖြင့် ဒသက ၃-စည်းနှင့် ဇီဝိတ နဝက ကလာပ်အားဖြင့် ကမ္မဇကလာပ် ၄-စည်းကို မရ၊ ပဝတ္တိအခါ၌ကား စိတ္တဇ နှင့် ဥတုဇ ကလာပ်တို့ကို ရ၏။

အသညသတ်ဘုံ၌ စက္ခု, သောတ, ဝတ္ထု, သဒ္ဒတို့ကို လည်း မရ၊ ထို့အတူ စိတ္တဇရုပ် အလုံးစုံကိုလည်း မရ၊ ထို့ ကြောင့် ထိုသူတို့အား ပဋိသန္ဓေအခါ ဇီဝိတ နဝက ကလာပ် သာ ရ၏၊ ပဝတ္တိ အခါ၌ကား သဒ္ဒကြဉ်သော ဥတုဇရုပ် တို့ ရ၏။

ဤဆိုခဲ့ပြီးသော နည်း၏ အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၌ ကာမဘုံ, ရူပဘုံ, အသညသတ်ဘုံဟုဆိုအပ်သောရုပ်ဖြစ်ရာ ဘုံတို့၌ ပဋိသန္ဓေအခါ ရုပ်ဖြစ်ပုံနှင့် ပဝတ္တိ အခါ ရုပ်ဖြစ်ပုံအားဖြင့် ရုပ်ဖြစ်ပုံ နှစ်ပါး အပြားရှိသည်ကို သိအပ်၏။

ကာမဘုံ၌ ကာမသတ္တဝါတို့အား ရုပ်ပေါင်း ၂၈-ပါးကို ရအပ်၏။

အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၌ ဃာန, ဇိဝှာ, ကာယနှင့် ဘာဝရုပ် နှစ်ပါးကြဉ်သော ရုပ် ၂၃-ပါးကိုရအပ်၏။

အသညသတ် ဗြဟ္မာတို့အား ရူပဗြဟ္မာတို့ ရသော ရုပ် ၂၃-ပါးတွင် စက္ခု, သောတ, ဝတ္ထု, သဒ္ဒနှင့် ဝိညတ်ဒွေး ကြဉ်သော ရုပ် ၁၇-ပါးကို ရအပ်၏။

အရူပဘုံ၌ကား ရုပ် မရှိ။

သဒ္ဒ, ဝိကာရရုပ်, ဇရတာ, အနိစ္စတာ- ဤရုပ် ၈-ပါးကို ပဋိသန္ဓေအခါ၌ မရ၊ ပဝတ္တိအခါ၌ကား ရုပ် ၂၈-ပါး လုံးပင်ရ၏၊ စုတိအခါ၌ သဒ္ဒ, ဝိကာရရုပ်နှင့် ဥပစယကိုမရ။

# နိဗ္ဗာန်

လောကုတ္တရာ တရားဟု ဆိုအပ်သော၊ မဂ်ဉာဏ် ၄-ပါးဖြင့် မျက်မှောက် ပြုအပ်သော မဂ်-ဖိုလ်တို့၏ အာရုံ ဖြစ်သော နိဗ္ဗာန်ကိုကား ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်သောကြောင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏။

ထိုနိဗ္ဗာန်သည်ပင်လျှင် သဘောအားဖြင့် တပါးသာ ရှိသော်လည်း အကြောင်း အမြွက်အားဖြင့် သဉပါဒိသေသ နိဗ္ဗာနဓာတ်နှင့် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဟူ၍ နှစ်ပါး အပြားရှိ၏။

သဉပါဒိသေသ နိဗ္ဗာန် = ခန္ဓာငါးပါး အကြွင်းရှိသော နိဗ္ဗာန်။

အနုပါဒိသေသ နိဗ္ဗာန် = ခန္ဓာငါးပါး အကြွင်း မရှိသော နိဗ္ဗာန်။

ထိုမှတပါး နိဗ္ဗာန်သည် သုညတ နိဗ္ဗာန်၊ အနိမိတ္တ နိဗ္ဗာန်နှင့် အပ္ပဏိဟိတ နိဗ္ဗာန်ဟု အခြင်းအရာ အားဖြင့် သုံးပါး အပြားရှိ၏။

သုညတ နိဗ္ဗာန် = ရာဂစသည်တို့၏ အာရုံအဖြစ်မှဆိတ်သော နိဗ္ဗာန်။

အနိမိတ္တ နိဗ္ဗာန် = ရာဂစသည့် ကိလေသာ အကြောင်းခံ မရှိသော နိဗ္ဗာန်။

အပ္ပဏိဟိတ နိဗ္ဗာန် = ရာဂစသည်တို့သည် မတောင့်တအပ်သော နိဗ္ဗာန်။

အစ္စုတ—စုတိခြင်း မရှိသော, အစ္စန္တ—စုတိခြင်းကို လွန်သော, အသင်္ခတအကြောင်းတရားတို့ မပြုပြင်အပ်သော, အနုတ္တရ- မိမိထက် လွန်မြတ်သော တရား မရှိသော သဘော, တရားကို နိဗ္ဗာန်ဟူ၍ ဝါနမှ လွတ်မြောက်သော မြတ်စွာဘုရားတို့ ဟောကြားတော်မူ၏။

ရဟန်းတို့ နိဗ္ဗာနဓာတ်သည် သဉပါဒိသေသ နိဗ္ဗာနဓါတ်နှင့် အနုပါဒိသေသ နိဗ္ဗာန ဓါတ်ဟု နှစ်ပါးတည်း၊ ရဟန္တာ ပုဂ္ဂိုလ်တို့အား ရာဂ,ဒေါသ, မောဟ ကုန်ခန်းမှုကိုပင် သဉပါဒိသေသ နိဗ္ဗာန ဓါတ်ဟု ဆိုအပ်၏၊ ယင်းနိဗ္ဗာနဓါတ်သည် ဤမျက်မှောက် အတ္တဘော၌ ဖြစ်၏၊ ခန္ဓာငါးပါး ကြွင်းကျန်၏၊ ဘဝ တဏှာ ကုန်ခန်း၏၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်ကား ခန္ဓာပျက်ပြီးသော အခါ၌ ဖြစ်၏၊ ယင်း နိဗ္ဗာန ဓာတ်၌ အလုံးစုံအားဖြင့် ဘဝတို့သည် ချုပ်ကုန်၏။ [ဣတိဝုတ်ပါဠိတော်]

ရဟန်းတို့ အကြင်နိဗ္ဗာန် အရာ၌ ပထဝီ,အာပေါ, တေဇော,ဝါယော ဓာတ်တို့မရှိ၊ အရူပဈာန် ၄-ပါးလည်း မရှိ၊ ပစ္စုပ္ပန်-တမလွန်လောက မရှိ၊ နေ-လ နှစ်ပါးတို့လည်း မရှိ၊ ထိုနိဗ္ဗာန်သည် ရှိသည်သာတည်း၊ ရဟန်းတို့ ထိုနိဗ္ဗာန်၌သည်း တစုံတခုသော ဘဝမှ လာခြင်းကို ငါမဆို၊ တစုံတခုသော ဘဝသို့ သွားခြင်းကိုလည်း ငါ မဆို၊ တစုံတခုသော အရပ်၌ တည်ခြင်း, ရွေ့လျောခြင်း, ဖြစ်ခြင်းကိုလည်း ငါ မဆို၊ ထို နိဗ္ဗာန်သည် တည်ရာ မရှိ၊ ဖြစ်ခြင်း မရှိ၊ အာရုံပြုမှု မရှိသည်သာတည်း၊ ဤ သဘောသည် ဆင်းရဲ၏ အဆုံးတည်း။

တဏှာကင်းရာ နိဗ္ဗာန်ကား မြင်နိုင်ခဲသော တရားတည်း၊ နိဗ္ဗာန်သည် မြင်ရန် လွယ်သော တရား မဟုတ်၊ နိရောဓ သစ္စာကို အာရုံပြုသော အားဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသောအားဖြင့် မဂ္ဂ သစ္စာကို ပွားသောအားဖြင့် ထိုးထွင်း၍ သိသကဲ့သို့ တဏှာတည်းဟူသော သမုဒယသစ္စာကိုလည်း ပယ်သောအားဖြင့် ထိုးထွင်း၍ သိအပ်၏၊ ဤသို့ သစ္စာ ၄-ပါးကို မဂ်ဉာဏ်ဖြင့် သိသူအား ကြောင့်ကြမှု မရှိတော့ပြီ။


ရဟန်းတို့ ဖြစ်ပေါ်မှု မရှိသော, ထင်ရှား ဖြစ်ပေါ်မှု မရှိသော, ပြုလုပ်ထားမှု မရှိသော, စီရင်ထားမှုမရှိသော နိဗ္ဗာန်သည် ရှိ၏၊ ရဟန်းတို့ထိုနိဗ္ဗာန်

အကယ်၍ မရှိပါမူ ဤလောကဉ် ဖြစ်ပေါ်ထင်ရှား ပြုလုပ်၊ စီရင်ထားမှု သဘောရှိသော ခန္ဓာငါးပါးမှ ထွက်မြောက်ရာသည် မထင်ရှားရာ၊ ရဟန်းတို့ ထိုနိဗ္ဗာန်ရှိသောကြောင့်သာ ခန္ဓာငါးပါးမှ လွတ်မြောက်ရာသည် ထင်ရှား၏။

ရုပ်အနေ ရှိသော သင်္ခါရဉ် တကျာ ဒိဋ္ဌိတို့ဖြင့် မမှီသော သူအား တုန်လှုပ်မှု မရှိ၊ တုန်လှုပ်မှု မရှိသော် ငြိမ်းအေး၏၊ ငြိမ်းအေးမှု ဖြစ်သော် တဏှာ မဖြစ်၊ တဏှာ မရှိသော် ပဋိသန္ဓေအားဖြင့် ဤဘဝသို့လာခြင်းစုတိခြင်းဖြင့် ထိုဘဝသို့သွားခြင်းမဖြစ်၊လာခြင်း-သွားခြင်း မရှိသော် စုတိခြင်း- ပဋိသန္ဓေနေခြင်း မဖြစ်၊ စုတိခြင်း-ပဋိသန္ဓေနေခြင်း မရှိသော် မျက်မှောက်- တမလွန် နှစ်ဘဝလုံး၌ မဖြစ်လတ္တံ့၊ ဤသည်ပင်လျှင် ဆင်းရဲ၏ အဆုံးတည်း။

[ ဥဒါန်းပါဠိတော် ]

အကြင် အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်စိတ်၊ စေတသိက်၊ ရုပ်၊နိဗ္ဗာန်ဟူ၍ ပရမတ္ထ တရားတို့ကို လေးဘို့အားဖြင့် ဟောကြားတော်မူ၏၊ ထို့ထက်အပို- အလွန်မရှိ။




ဤတွင် ဗုဒ္ဓအဘိဓမ္မာချုပ် ရုပ်ပိုင်း ပြီးပါပြီ

## ၇—သမုစ္စည်းပိုင်း

မိမိတို့ သဘော လက္ခဏာနှင့် တကွသော သဘော တရား (၇၂)ပါးတို့ကို ပြဆိုပြီး၍ ယခုအခါ ယင်းတရားတို့ကို စုပေါင်း၍ ရသင့်သည်အားလျော်စွာ ဆိုပေအံ့။

သမုစ္စည်း ဟူသည်မှာ စုစည်းခြင်းဖြစ်၏၊ အထက်တွင် အပိုင်း ၆-ပိုင်းဖြင့် သဘောတရား(၇၂)ပါး တို့ကို ပြဆိုခဲ့၏၊ ယင်းတို့မှာ စိတ် တပါး, စေတသိက် ၅၂-ပါး, နိပ္ဖန္နရုပ် ၁၈-ပါးနှင့် နိဗ္ဗာန် တပါးဖြစ်၏၊ ယခု တဖန် ယင်းတရားတို့ကို ရသင့်သည်အားလျော်စွာ စုစည်းပြီး အကုသလ သင်္ဂဟ, မိဿက သင်္ဂဟ, ဗောဓိပက္ခိယ သင်္ဂဟနှင့် သဗ္ဗ သင်္ဂဟဟု သင်္ဂဟ ၄-ပါးဖြင့် ပြဆိုမည် ဖြစ်၏။

### ၁-အကုသလ သင်္ဂဟ

အကုသလ သင်္ဂဟ ဟူသည်မှာ အဆိုပါ သဘောတရား (၇၂)ပါးတို့ အနက်မှ မကောင်းမှု အကုသိုလ်ဖြစ်သော တရားတို့ကို စုပေါင်းပြဆိုရာဖြစ်၏၊ ယင်း တရားတို့မှာ အာသဝ, ဩဃ, ယောဂစသည်တို့ဖြစ်၏။

အာသဝ = ကြာမြင့်စွာ ထုံအပ်သော ကြောင့်၎င်း, ယိုစီးတတ်သောကြောင့်၎င်း အာသဝမည်၏၊ ယင်းတို့သည် ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝနှင့် အဝိဇ္ဇာသဝဟူ၍ ၄-ပါး အပြားရှိ၏။

(၁) ကာမာသဝ ဟူသည်မှာ ကာမနှင့် အာသဝကို တွဲစပ်ထားသော ပုဒ်ဖြစ်၏၊ ကြာမြင့်စွာထုံထားသော သို့မဟုတ် ယိုစီးနေသော ကာမဟု ဆိုလို၏၊ ကာမသဝ၏ တရားကိုယ်မှာ လောဘ ဖြစ်၏၊ ကာမတဏှာပင်တည်း။

(၂) ဘဝါသဝ ဟူသည်မှာလည်း ဘဝနှင့် အာသဝကို တွဲစပ်ထားသော ပုဒ်ဖြစ်၏၊ အဓိပ္ပာယ်မှာ ထို့အတူပင် ကြာမြင့်စွာ ထုံထားသော သို့မဟုတ် ယိုစီးနေသော ဘဝဖြစ်၏၊ ဘဝ တဏှာ အာဘယ်မျှအထုံပါနေသည်ကို တင်ရှားစေ၏၊ တရားကိုယ်မှာ လောဘပင်တည်း။

(၃) ဒိဋ္ဌာသဝ ကိုလည်း ထို့အတူပင် ဒိဋ္ဌိ အာသဝဟု ပုဒ်ဖြတ်ပြီး အဓိပ္ပာယ် ပြန်ရမည်၊ အဘွားအမြင် အယူအဆဖြစ်သော ဒိဋ္ဌိ လည်း ကြာမြင့်စွာ ထုံထား၍ ယိုစီးနေသော အာသဝ ဖြစ်၏၊ ယင်း တရားကိုယ်မှာ ဒိဋ္ဌိပင် ဖြစ်၏။

(၄) အဝိဇ္ဇာသဝ (အဝိဇ္ဇာ+အာသဝ) မှာ ဝိဇ္ဇာ၏ ဆန့်ကျင် ဖက်ဖြစ်သော အဝိဇ္ဇာဖြစ်၏၊ ယင်း အဝိဇ္ဇာ တရားကိုယ်မှာ မောဟဖြစ်သည်၊ တွေဝေ မိန်းမော ခြင်းပင်တည်း။

ဩဃ = လွှမ်းမိုး ညှဉ်း ပန်းတတ်သော ကြောင့် သို့မဟုတ် နစ်မြုပ်တတ်သောကြောင့် ဩဃ မည်၏၊ ယင်း ဩဃလည်း ကာမောဃ, ဘဝေါဃ, ဒိဋ္ဌော ဃနှင့် အဝိဇ္ဇောဃဟူ၍ ၄-ပါး အပြားရှိ၏။

(၁) ကာမောဃ ဟူသည်မှာ ကာမနှင့် ဩဃကို တွဲ စပ်ထားသော ပုဒ်ဖြစ်၏၊ ကာမ သည် လွှမ်းမိုး ညှဉ်းပန်းတတ်သော သို့မဟုတ် နစ်မြုပ်တတ် သော တရားဟု ဆိုလို၏၊ တရားကိုယ်မှာ လောဘပင်တည်း။

(၂) ဘဝေါဃ ကိုလည်း ဘဝ ဩဃဟု ပုဒ်ဖြတ်ပြီး ဆိုခဲ့သည့် နည်းကို မှီး၍ အဓိပ္ပါယ် ပြန်နိုင်၏၊ တရားကိုယ်မှာ လောဘ ဘကျာပင်တည်း။

(၃) ဒိဋ္ဌောဃ လည်း ထို့အတူပင် ဒိဋ္ဌိနှင့် ဩဃဖြစ်၏၊ မကောင်းသော [illegible]ခြင်း အယူ ဝါဒသည် ညှဉ်းပန်း နှိပ်စက်တတ်သည်၊ နစ်မြုပ်တတ်သည် ဟု ဆိုလို၏၊ တရားကိုယ်မှာ ဒိဋ္ဌိ စေတသိက်တည်း။

(၄) အဝိဇ္ဇောဃလည်း အဝိဇ္ဇာနှင့် သြဃပင် ဖြစ်၏၊ တွေဝေ မိန်းမော သော မောဟလည်း သြဃ ပင် ဖြစ်သည်။

ယောဂ = ဝဋ်ဆင်းရဲ ဘဝစက်၌ ယှဉ်စေတတ်သော ကြောင့် ယောဂ မည်၏၊ ယင်းယောဂသည် ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂနှင့် အဝိဇ္ဇာယောဂ ဟူ၍ ၄-ပါးအပြားရှိ၏၊ ဤယောဂတရားတို့မှာ လွယ်ကူ သိသာ ထင်ရှားလှပါ၍ တပုဒ်စီ ရှင်းပြရန် မလိုတော့ပါ၊ အထက်ပါတရားတို့ကိုမှီး၍ သိနိုင်လောက်၏၊ တရားကိုယ် လည်း ဆိုခဲ့သည့်အတိုင်းပင် လောဘ, ဒိဋ္ဌိနှင့် မောဟဖြစ်၏။

ဂန္ထ = စိတ်နှင့် ပဋိသန္ဓေကို ဆက်စပ် ထုံးဖွဲ့တတ်သော ကြောင့် ဂန္ထမည်၏၊ ကြိုးနှစ်စကို ထုံးဖွဲ့ ဆက် စပ်သကဲ့သို့ ဤတရားတို့သည် စိတ်နှင့် ပဋိသန္ဓေကို ဆက်စပ် ထုံးဖွဲ့ထား၏၊ ယင်းတို့မှာ အဘိဇ္ဈာ ကာယဂန္ထ, ဗျာပါဒ ကာယဂန္ထ, သီလဗ္ဗတ ပရာမာသ ကာယဂန္ထနှင့် ဣဒံသစ္စာ ဘိနိဝေသ ကာယဂန္ထဟု ၄-ပါးအပြားရှိ၏။

(၁) အဘိဇ္ဈာကာယဂန္ထ ဟူသည်မှာ အလွန် အလိုရှိ ခြင်းဖြစ်၏၊ မိမိဥစ္စာဖြစ်စေ သူတပါးဥစ္စာဖြစ်စေ ထို့ပြင် တရားသည် ဖြစ်စေ မတရား သည်ဖြစ်စေ လိုချင်မက်မောသော လောဘ အကြမ်းစား ဖြစ်၏။

(၂) ဗျာပါဒ ကာယဂန္ထ ဟူသည်မှာ သူတပါး၏ သေကြေ ပျက်စီး မှုကို လိုလားသော ဒေါသ အကြမ်းစား ဖြစ်၏။

(၃) သီလဗ္ဗတ ပရာမာသ ကာယဂန္ထ ဟူ သည် မှာ တိရစ္ဆာန်တို့၏ မှားယွင်းသော အလေ့ဆိုး အကျင့်ဆိုးကို အမှန်ဟု ယူဆသုံးသပ်သော ဒိဋ္ဌိစေတသိက် ဖြစ်၏။

(၄) ဣဒံ သစ္စာဘိနိဝေသ ကာယဂန္ထ = ဟူသည်မှာ မိမိ အယူ အဆသာ မှန်သည်၊ သူတပါး အယူ အဆ အမှားဟု စွဲမြဲစွာ သက်ဝင်နေသော ဒိဋ္ဌိစေတသိက်ပင် ဖြစ်၏။

ဥပါဒါန် = ပြင်းထန်စွာယူတတ်သောကြောင့် ဥပါဒါန် မည်၏၊ ယင်းဥပါဒါန်သည် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတု ပါဒါန်နှင့် အတ္တဝါဒုပါဒါန်ဟု ၄ ပါး အပြားရှိ၏။

(၁) ကာမုပါဒါန်- ဟူသည်မှာ ကာမဥပါဒါန် ဖြစ်၏။ ကာမဂုဏ် [illegible] စွဲယူသော လောဘ [illegible] ကာမ သစနှင့် တူ၏။

(၂) ဒိဋ္ဌုပါဒါန် ဟူသည်မှာ ဒိဋ္ဌိ ဥပါဒါန်ဖြစ်၍ ဒိဋ္ဌာ
သဝနှင့် တူ၏။

(၃) သီလဗ္ဗတုပါဒါန်မှာ သီလဗ္ဗတနှင့် ဥပါဒါန်ဖြစ်၍
သီလဗ္ဗတ ပရာမာသ ကာယ
ဂန္ထနှင့် တူ၏။

(၄) အတ္တဝါဒုပါဒါန်လည်း အတ္တဝါဒနှင့် ဥပါဒါန်
ကို ပေါင်း စပ် ထား
သော ပုဒ်ဖြစ်၏၊ ဘုရားသခင် ဖန်ဆင်းသည်ဟု ဆိုသော
အသက်ဇီဝ အတ္တဝါဒကို စွဲယူခြင်း ဒိဋ္ဌိပင်တည်း။

နီဝရဏ = ကုသိုလ်ကောင်းမှု ပြုခွင့် မရအောင် တားဆီး
ပိတ်ပင်သောကြောင့် နီဝရဏ မည်၏၊ ယင်း
တို့ကား ကာမစ္ဆန္ဒ နီဝရဏ, ဗျာပါဒ နီဝရဏ, ထိန-မိဒ္ဓ
နီဝရဏ, ဥဒ္ဓစ္စ-ကုက္ကုစ္စ နီဝရဏ, ဝိစိကိစ္ဆာ နီဝရဏနှင့်
အဝိဇ္ဇာ နီဝရဏဟု ၆-ပါး အပြားရှိ၏။

(၁) ကာမစ္ဆန္ဒ နီဝရဏ ဟူသည်မှာ အားကြီးသော
ရာဂဖြစ်၏၊ တရားကိုယ်မှာ
လောဘတည်း။

(၂) ဗျာပါဒ နီဝရဏမှာ အသုံးစုံသော ဒေါသတည်း။

(၃) ထိန-မိဒ္ဓ နီဝရဏမှာ ထိနနှင့်-မိဒ္ဓ တရားကိုယ်
နှစ်ပါးရှိ၏။

(၄) ဥဒ္ဓစ္စ-ကုက္ကုစ္စ နီဝရဏသည် ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ ဟု
တရားကိုနှစ်ပါးပင်။

(၅) ဝိစိကိစ္ဆာ နီဝရဏ၏ တရားကိုယ်မှာ ဝိစိကိစ္ဆာ စေတသိက် ဖြစ်၏။

(၆) အဝိဇ္ဇာ နီဝရဏ၏ တရားကိုယ်မှာ မောဟဖြစ်၏။

အနုသယ = အစဉ် ကိန်းဝပ် တတ်သောကြောင့် အနုသယမည်၏၊ ယင်းတို့ကား ကာမ ရာဂါနုသယ, ဘဝရာဂါနုသယ, ပဋိဃာနုသယ, မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယနှင့် အဝိဇ္ဇာနုသယဟု ၇-ပါးအပြားရှိ၏။

(၁) ကာမရာဂါနုသယ ဟူသည်မှာ ကာမတရားတို့၌ သာယာသော တဏှာလောဘပင်တည်း။

(၂) ဘဝရာဂါနုသယမှာ မဟဂ္ဂုတ် တရားတို့၌ တပ်သော တဏှာ လောဘပင် ဖြစ်၏။

(၃) ပဋိဃာနုသယမှာ အမျက် ဒေါသ ဖြစ်သော စေတသိက်ဖြစ်၏။

(၅) ဒိဋ္ဌာနုသယာမှာ ဒိဋ္ဌိဖြစ်သောအနုသယပင်တည်း။
(၆) ဝိစိကိစ္ဆာ ကိန်းဝပ်နေသော အနုသယ ဖြစ်၏။
(၇) အဝိဇ္ဇာနုသယ သည်ကား မောဟ ကိန်းအောင်းနေမှုပင်တည်း။

သံယောဇဉ် = တုပ်နှောင် ဖွဲ့ချည် တတ်သောကြောင့် သံယောဇဉ်မည်၏၊ ယင်းသည် သုတ္တန်၌ ကာမရာဂ သံယောဇဉ်, ရူပရာဂ သံယောဇဉ် အရူပရာဂ သံယောဇဉ် ပဋိဃ သံယောဇဉ်, မာန သံယောဇဉ်, ဒိဋ္ဌိ သံယောဇဉ်,သီလဗ္ဗတ ပရာမာသ သံယောဇဉ်, ဝိစိကိစ္ဆာ သံယောဇဉ်, ဥဒ္ဓစ္စ သံယောဇဉ်နှင့် အဝိဇ္ဇာ သံယောဇဉ်ဟု ၁၀-ပါးအပြားရှိ၏။အဘိဓမ္မာ၌ကား-ကာမရာဂသံယောဇဉ်, ဘဝ ရာဂ သံယောဇဉ်, ပဋိဃ သံယောဇဉ်, မာန သံယော ဇဉ်, ဒိဋ္ဌိ သံယောဇဉ်, သီလဗ္ဗတ ပရာမာသ သံယောဇဉ်, ဝိစိကိစ္ဆာ သံယောဇဉ်, ဣဿာ သံယောဇဉ်၊ မစ္ဆရိယ သံယောဇဉ်နှင့် အဝိဇ္ဇာ သံယောဇဉ်ဟု ၁၀-ပါးပင်ရှိ၏။

ဤသံယောဇဉ်တို့၏ အဓိပ္ပာယ်ကို အထက်ပါ တရား တို့နှင့် ယှဉ်၍ သိနိုင်လောက်သောကြောင့် တပါးစီ ခွဲခြား ပြီး မပြတော့ပါ၊ သုတ္တန်နှင့် အဘိဓမ္မာ နှစ်မျိုးလုံးမှာ သံယောဇဉ် ဆယ်ပါးစီ ရှိသော်လည်း တရား ကိုယ် ကား ကိုးပါးသာရှိ၏။

ကိလေသာ = စိတ်ကို ညစ်နွမ်းနှိပ်စက် ပူပန်စေတတ် သောကြောင့်ရင်း, သတ္တဝါတို့သည် ထို တရားတို့ဖြင့် ညစ်နွမ်း ယုတ်ညံ့သည့်အဖြစ်သို့ ရောက်သော ကြောင့်ရင်း ကိလေသာ မည်၏၊ ယင်းသည် လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက နှင့် အနောတ္တပ္ပ-ဟု ၁၀-ပါး အပြားရှိ၏။

မြန်မာတို့သည် အများအားဖြင့် ကာမတဏှာကိုသာ ကိလေသာဟု မှတ်ထင်နေကြ၏၊ စင်စစ် ဒေါသ, မောဟ စသည်တို့လည်း ကိလေသာများပင် ဖြစ်၏၊ ဤကိလေသာ တို့၏ သဘောတရားတို့ကို စေတသိက်ပိုင်းက ရှင်းပြခဲ့ပြီး ဖြစ်၏၊ တရားကိုယ်မှာ ၁၀-ပါးပင် ရှိ၏။

ဤ အကုသလ သင်္ဂဟ အာသဝ စသည်တို့၌ ကာမ ဟူသော အမည်, ဘဝဟူသော အမည်ဖြင့် ထိုအမည်၏ မှီရာဖြစ်သော တဏှာကို အလိုရှိအပ်၏၊ သီလဗ္ဗတ ပရာမာသ, ဣဒံ သစ္စာဘိနိဝေသ, အတ္တဝါဒုပါဒါန်သည်လည်း တရား ကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက် တပါးတည်းသာ ဖြစ်၏။

အာအဝ, ဩဃ, ယောဂတို့၌ လောဘ, ဒိဋ္ဌိ,မောဟ ဟူ တရားကိုယ်သုံးပါးစီ၊
ဂန္ထ ၄-ပါး၌ လောဘ, ဒေါသ, ဒိဋ္ဌိဟု တရားကိုယ် သုံးပါး၊
ဥပဒါန် ၄-ပါး၌ လောဘ, ဒိဋ္ဌိဟု တရားကိုယ် နှစ်ပါး၊
နီဝရဏ ၆-ပါး၌ တရားကိုယ် ရှစ်ပါး၊
အနုသယ ၇-ပါး၌ တရားကိုယ် ခြောက်ပါး၊
သံယောဇဉ် ဆယ်ပါး၌ တရားကိုယ် ကိုးပါး၊
ကိလေသာ ၁၀-ပါး၌ တရားကိုယ် ဆယ်ပါး၊
ယင်းသို့လျှင် အကုသလ သင်္ဂဟ၌ သင်္ဂဟနည်း ၉-နည်းဖြစ်၏။

မိဿကသင်္ဂဟ ဟူသည်မှာ ကုသိုလ်နှင့် အကုသိုလ်တရား နှစ်ပါးကို ရောနှော ပြဆိုသောအခန်း ဖြစ်၏၊ ဤတွင် ဟိတ်, ဈာနင်, မဂ္ဂင် စ သည် ဖြင့် သင်္ဂဟနည်း ၇-ပါး ရှိ၏။

ဟိတ် = အကျိုးကို ဖြစ်စေ တတ်သော ကြောင့် ဟိတ် မည်၏၊ ယင်းသည် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသနှင့် အမောဟ ဟူ၍ ၆-ပါး အပြား ရှိ၏၊ ဤတွင် လောဘ, ဒေါသ, မောဟမှာ အကုသိုလ် ဟိတ် ဖြစ်၍ အလောဘ, အဒေါသ, အမောဟမှာ ကုသိုလ် ဟိတ် ဖြစ်၏။

ဈာနင် = ရှုးစိုက်ရှုမှု ဖြစ်သော ဈာန်၏ အင်္ဂါ အစိတ် အပိုင်း ဖြစ်သောကြောင့် ဈာနင် မည်၏၊ ယင်းသည် ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, သောမနဿ, ဒေါမနဿနှင့် ဥပေက္ခာ ဟူ၍ ၇-ပါးအပြား ရှိ၏၊ မြန်မာ တို့သည် အများအားဖြင့် ဈာန်ဟုဆိုလျှင် မိုးပျံ မြေလျှိုးသည့် တန်ခိုးဟုသာ ထင်မြင် နေတတ်ကြ၏၊ ဤဈာန်အင်္ဂါတို့ကို ကြည့်ပါဘိ၊ အကုသိုလ်တရားတို့လည်း ဈာနင်တွင် ပါဝင် နေသည်ကို တွေ့နိုင်၏၊ စင်စစ် ကောင်းမှုမှာဖြစ်စေ, မကောင်း မှုမှာ ဖြစ်စေ ရှုးစိုက်ခြင်းပင် ဈာန် မည်၏။

မဂ္ဂင် = လမ်းစဉ်ဖြစ်သော မဂ်၏ အစိတ်-အစိတ် ဖြစ်သော အင်္ဂါသည် မဂ္ဂင် မည်၏၊ယင်းသည် သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ,သမ္မာအာဇီဝ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယမနှင့် မိစ္ဆာသမာဓိဟု ၁၂-ပါး အပြားရှိ၏၊ ဤတွင် ရှေ့မဂ္ဂင် ၈-ပါးသည် စိတ်ဖြောင့်မတ်စွာ သွားရန် လမ်းခရီး၏ အင်္ဂါ ဖြစ်၏၊ နောက်မဂ္ဂင် ၄-ပါးသည် စိတ်ကောက်ကွေ့သွားရန် လမ်းခရီး၏ အင်္ဂါ ဖြစ်၏။

(၁) သမ္မာဒိဋ္ဌိ = ကောင်းစွာ မြင်သော ပညာ၊
(၂) သမ္မာ သင်္ကပ္ပ = ကောင်းစွ ကြံသော ဝိတက်၊
(၃) သမ္မာဝါစာ = ကောင်းစွာ ဆိုသော ဝိရတီ၊
(၄) သမ္မာကမ္မန္တ = ကောင်းစွာ ပြုသော ဝိရတီ၊
(၅) သမ္မာအာဇီဝ = ကောင်း စွာ အသက် မွေးသော ဝိရတီ၊
(၆) သမ္မာဝါယမ = ကောင်းစွာ အား ထုတ် သော ဝီရိယ၊
(၇) သမ္မာသတိ = ကောင်းစွာအောက်မေ့သောသတိ
(၈) သမ္မာသမာဓိ = ကောင်း စွာ တည် ကြည် သော ဧကဂ္ဂတာ၊
(၉) မိစ္ဆာဒိဋ္ဌိ = မှားယွင်းစွာ မြင်သော ဒိဋ္ဌိ၊
(၁၀) မိစ္ဆာသင်္ကပ္ပ = မှားယွင်းစွာ ကြံသော အကုသိုလ်စိတ္တုပ္ပါဒ်၊

(၁၁) မိစ္ဆာဝါယမ = မှားယွင်းစွာ အားထုတ်သော အကုသိုလ်စိတ္တုပ္ပါဒ်၊
(၁၂) မိစ္ဆာသမာဓိ = မှားယွင်းစွာ တည်ကြည်သော အကုသိုလ်စိတ္တုပ္ပါဒ်။

[ဤတရားသုံးပါးနှင့် ပတ်သက်၍ စေတသိက် သီးခြင်းမရှိ၍အကုသိုလ်စိတ္တုပ္ပါဒ်ကိုပင်တရားကိုယ်ကောက်ရ၏]

'ဣန္ဒြေ' = မိမိနှင့်စပ်သော တရားတို့ အပေါ်၌ အသီး-အသီးသော ကိစ္စဖြင့် အစိုးရ သော ကြောင့် ဣန္ဒြေမည်၏၊ ယင်းသည် စက္ခုန္ဒြေ, သောတိန္ဒြေ စ သည် ဖြင့် ၂၂-ပါး အပြား ရှိ၏။

(၁) စက္ခုန္ဒြေ —စက္ခု ဣန္ဒြေ၊ စက္ခုပသာဒရုပ်၊
(၂) သောတိန္ဒြေ —သောတဣန္ဒြေ၊ သောတပသာဒရုပ်၊
(၃) ဃာနိန္ဒြေ —ဃာနဣန္ဒြေ၊ ဃာန ပသာဒရုပ်၊
(၄) ဇိဝှိန္ဒြေ —ဇိဝှါ ဣန္ဒြေ၊ ဇိဝှါ ပသာဒရုပ်၊
(၅) ကာယိန္ဒြေ —ကာယဣန္ဒြေ၊ ကာယပသာဒရုပ်၊
(၆) ဣတ္ထိန္ဒြေ —ဣတ္ထိ ဣန္ဒြေ၊ ဣတ္ထိ ဘာဝရုပ်၊
(၇) ပုရိသိန္ဒြေ —ပုရိသ ဣန္ဒြေ၊ ပုမ္ဘာဝ ရုပ်၊
(၈) ဇီဝိတိန္ဒြေ —ဇီဝိတ ဣန္ဒြေ၊ ရုပ် ဇီဝိတနှင့် နာမ် ဇီဝိတ၊
(၉) မနိန္ဒြေ —မနဣန္ဒြေ၊ စိတ်၊
(၁၀) သုခိန္ဒြေ —သုခဣန္ဒြေ၊ သုခ ဝေဒနာ၊
(၁၁) ဒုက္ခိန္ဒြေ —ဒုက္ခ ဣန္ဒြေ၊ ဒုက္ခ ဝေဒနာ၊

(၁၂) သောမနဿ ) = သောမနဿ ဣန္ဒြေ၊ သောမနဿ
သိန္ဒြေ ) ဝေဒနာ၊

(၁၃) ဒေါမနဿိန္ဒြေ— ဒေါမနဿ ဣန္ဒြေ၊ ဒေါမနဿ
ဝေဒနာ၊

(၁၄) ဥပေက္ခိန္ဒြေ —ဥပေက္ခာဣန္ဒြေ၊ ဥပေက္ခာဝေဒနာ၊

(၁၅) သဒ္ဓိန္ဒြေ —သဒ္ဓါ ဣန္ဒြေ၊ သဒ္ဓါစေတသိက်၊

(၁၆) ဝီရိယိန္ဒြေ —ဝီရိယ ဣန္ဒြေ၊ ဝီရိယစေတသိက်၊

(၁၇) သတိန္ဒြေ —သတိ ဣန္ဒြေ၊ သတိ စေတသိက်၊

(၁၈) သမာဓိန္ဒြေ—သမာဓိဣန္ဒြေ၊ဧကဂ္ဂတာစေတသိက်

(၁၉) ပညိန္ဒြေ —ပညာ ဣန္ဒြေ၊ ပညာစေတသိက်၊

(၂၀) အနညာ ) = အနညာ တညဿာမိတိ ဣန္ဒြေ၊
တညဿာ မိတိန္ဒြေ) မသိအပ် သေးသော သစ္စာ လေ
ပါးကို သိအံ့ဟု ကျင့်သောပုဂ္ဂိုလ်၏
ဣန္ဒြေ ဖြစ်၏၊သောတာပတ္တိမဂ်ဉာဏ်
တည်းဟူသော ပညာတည်း၊

(၂၁) အညိန္ဒြေ —အည ဣန္ဒြေ၊ အင်အား ကောင်းစွာ
ထပ် ၍ သိ သော ဣန္ဒြေ ဖြစ် ၏၊
အရဟတ္တ ဖိုလ်ဉာဏ် တည်းဟူသော
ပညာတည်း၊

(၂၂) အညာတာဝိန္ဒြေ အညာတာဝီဣန္ဒြေ၊ အလုံးစုံ သိ
အပ်သောဣန္ဒြေဖြစ်၏၊ အထက်မဂ်
သုံးပါးနှင့်အောက်ဖိုလ်ဉာဏ် သုံးပါး
ဟူသော ပညာ။

'ဗိုလ်' ကြံ့ခိုင်ခြင်းကြောင့် ဗိုလ် မည်၏၊ ယင်းသည် သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ဟိရီဗိုလ်, ဩတ္တပ္ပဗိုလ်, အဟိရိကဗိုလ်နှင့် အနောတ္တပ္ပဗိုလ်ဟု ၉-ပါး အပြား ရှိ၏၊ ဤ နောက် ဆုံး ဗိုလ် နှစ်ဗိုလ်မှာ အကုသိုလ်ဗိုလ် သက်သက်ဖြစ်၏၊ ဟိရီ,ဩတ္တပ္ပ,သဒ္ဓါ,သတိ, ပညာဗိုလ်သည် ကုသိုလ် အဗျာကတ ဗိုလ် ဖြစ်၏၊ ဝီရိယနှင့် သမာဓိ နှစ် ပါး သည် ကုသိုလ်, အကုသိုလ်, အဗျာကတ ဗိုလ်တည်း။

'အဓိပတိ'—ပြိုင်ဘက်မရှိ စိုးမိုးကြီးကဲသောကြောင့် အဓိပတိ မည်၏၊ ယင်းသည် ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိနှင့်ဝီမံသာဓိပတိဟု ၄-ပါး အပြား ရှိ၏။

(၁) ဆန္ဒာဓိပတိ—ဆန္ဒ အဓိပတိ၊ ဆန္ဒ စေတသိက်၊
(၂) ဝီရိယာဓိပတိ—ဝီရိယ အဓိပတိ၊ဝီရိယစေတသိက်၊
(၃) စိတ္တာဓိပတိ—စိတ္တ အဓိပတိ၊ စိတ်၊
(၄) ဝီမံသာဓိပတိ—ဝီမံသ အဓိပတိ၊ စူးစမ်း ဆင်ခြင်သော ပညာ။

'အာဟာရ'—ဆောင် တတ် သော ကြောင့် အာဟာရ မည်၏၊ ယင်းသည် ကဗဠီကာရာဟာရ, ဖဿာဟာရ, မနောသဉ္စေတနာ ဟာရနှင့် ဝိညာဏာ ဟာရ ဟု ၄-ပါး အပြား ရှိ၏။

(၁) ကဗဠီကာရအာဟာရ=စားသောက်သော အစား အစာမှ ဖြစ်သောဩဇာ၊ အာဟာရရုပ်၊
(၂) ဖဿ အာဟာရ=ခံစားမှု အမျိုးမျိုး ဖြစ် သော ဖဿ စေတသိက်၊
(၃) မနောသဉ္စေတနာ အာဟာရ=စေ့ ဆော် တိုက် တွန်းမှု စေတနာ စေတသိက်၊
(၄) ဝိညာဏ အာဟာရ=စက္ခုဝိညာဏ် စသည်၊

ဒွေပဉ္စဝိညာဏ် ၁၀-တို့၌ ဈာနင် တို့ကို မရ၊ ဝီရိယ ယှဉ်သော စေတသိက် ၁၆-ပါးတို့၌ ဗိုလ်မဖွဲ့ထိုက်၊ အဟိတ် စိတ် ၁၈-ပါး၌ မဂ္ဂင် မဖွဲ့ထိုက်၊ဝိစိကိစ္ဆာ သဟဂုတ်၌ ရှိသော ဧကဂ္ဂတာ စေတသိက်သည် မဂ်, ဣန္ဒြေ, ဗိုလ် မထိုက်၊ ဒွိဟိတ်ဇော ၁၈-ပါး၊ တိဟိတ်ဇော ၃၄-ပါးတို့၌သာဖြစ်သင့်သည့် အားလျော်စွာ အဓိပတိကို ယူအပ် ၏။

ဆိုခဲ့သော တရားတို့ကို တရားကိုယ်တူရောပေါင်းသော် ဟိတ် ၆-ပါး၊ ဈာနင် ၅-ပါး, မဂ္ဂင် ၉-ပါး, ဣန္ဒြေ ၁၆-ပါး, ဗိုလ် ၉-ပါး, အဓိပတိ ၄-ပါး, အာဟာ ၄-ပါး အသီး-အသီး ဖြစ်၏။

## ၄-ဗောဓိပက္ခိယ သင်္ဂဟ

'ဗောဓိပက္ခိယ' ဟူသည်မှာ သိတတ်သော မဂ်ဉာဏ်၏ အဖို့အစု ဖြစ်၏၊ ယင်းသည် သတိပဋ္ဌာန် စသဖြင့် ၇-ပါး အပြားရှိ၏။

'သတိပဋ္ဌာန်'—ဆိုင်ရာ အာရုံ၌ စွဲစွဲ-မြဲမြဲ သက်ဝင် တည်နေသော သတိ စေတသိက်ကို သတိပဋ္ဌာန်ဟု ခေါ်၏၊ ယင်းသည် ကာယာနုပဿန သတိပဋ္ဌာန် စသဖြင့် ၄-ပါး ရှိ၏။

(၁) ကာယာနုပဿနာ—ကိုယ်၌ အဖန်ဖန် ရှုဆင်ခြင်ခြင်းတည်း၊ ဤကိုယ်၌ ထွက်သက် အစရှိသော အစိတ်-အစိတ်ဖြင့်၎င်း, အနိစ္စ အစရှိသော အခြင်းအရာအား ဖြင့်၎င်း အဖန်ဖန် ရှုဆင်ခြင်မှုသည် ကာယာနုပဿနာ မည်၏။

(၂) ဝေဒနာနုပဿနာ—ဝေဒနာတို့၌ ထိုထို ဝေဒနာ၏ အဖြစ်ဖြင့်၎င်း, ဖြစ်ခြင်း- ပျက်ခြင်း၏ အစွမ်းဖြင့်၎င်း အဖန်ဖန် ရှုဆင်ခြင်မှုသည်ဝေဒနာနုပဿနာမည်၏။

(၃) စိတ္တာနုပဿနာ—စိတ်တို့၌ ထိုထိုစိတ်၏ အဖြစ်ဖြင့်၎င်း, ဖြစ်ခြင်း-ပျက်ခြင်း၏ အစွမ်းဖြင့်၎င်း အဖန်ဖန် ရှုဆင်ခြင်မှုသည် စိတ္တာနုပဿနာ မည်၏။

(၄) ဓမ္မာနုပဿနာ– ဘုရားတို့၌ ထိုထိုတရားမျာ၏ အဖြစ်ဖြင့်၎င်း, ဖြစ်ခြင်း-ပျက်ခြင်း၏ အစွမ်းအားဖြင့်၎င်း အဖန်ဖန်ရှုဆင်ခြင်မှုသည် ဓမ္မာနုပဿနာ မည်၏။

သတိပဋ္ဌာန် ၄-ပါးတို့သည် တရားကိုယ် အားဖြင့် သတိစေတသိက် တပါးသာတည်း။

သမ္မပ္ပဓာန် = ကောင်းစွာ ကျိုးစား အားထုတ်ခြင်း ဖြစ်သောကြောင့် သမ္မပ္ပဓာန် မည်၏၊ ချီးမွမ်းဖွယ်ကောင်းသော ဝီရိယပင်တည်း၊ ယင်းသည် ဖြစ်ပြီးသော ဒုစရိုက်တို့ကို ပယ်ရန် အားထုတ်ခြင်း· မဖြစ်သေးသော ဒုစရိုက်တို့ကို မဖြစ်စေရန် အားထုတ်ခြင်း, မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်စေရန် အားထုတ်ခြင်းနှင့် ဖြစ်ပြီးသော ကုသိုလ်တို့ကို တိုးပွားရန် အားထုတ်ခြင်းဟု ၄-ပါး အပြားရှိ၏။

ဣဒ္ဓိပါဒ် = အလိုရှိတိုင်း ပြည့်စုံပြီးစီးသော တန်းခိုးကို ဣဒ္ဓိပါဒ်ဟု ခေါ်၏၊ ဈာန် သို့မဟုတ် မဂ်ဖိုလ် ရအောင် အားထုတ်သဖြင့် ထိုတရားတို့ ထမြောက်-အောင်မြင်မှုပင်တည်း၊ ယင်း သည် ဆန္ဒိဒ္ဓိပါဒ် စသဖြင့် ၄-ပါး အပြားရှိ၏။

(၁) ဆန္ဒိဒ္ဓိပါဒ် = ဆန္ဒ ဣဒ္ဓိပါဒ်၊ ဆန္ဒ စေတသိက်၊
(၂) ဝီရိယိဒ္ဓိပါဒ် ဝီရိယ ဣဒ္ဓိပါဒ်၊ ဝီရိယ စေတသိက်၊
(၃) စိတ္တိဒ္ဓိပါဒ် = စိတ္တ ဣဒ္ဓိပါဒ်၊ စိတ်၊
(၄) ဝီမံသိဒ္ဓိပါဒ် = ဝီမံသ ဣဒ္ဓိပါဒ်၊ ပညာ။

ဣန္ဒြေသည် သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိယိန္ဒြေ,သမာဓိန္ဒြေနှင့် ပညိန္ဒြေဟူ၍ ၅-ပါးအပြားရှိ၏။
ဗိုလ်သည်လည်း သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်နှင့် ပညာဗိုလ်ဟု ၅-ပါး အပြား ရှိ၏။

ဗောဇ္ဈင် = သစ္စာကို သိကြောင်းတရား၏ အစိတ်အပိုင်းဖြစ်သောကြောင့် ဗောဇ္ဈင် မည်၏၊ ယင်းသည် သတိ သမ္ဗောဇ္ဈင်, ဓမ္မဝိစရ သမ္ဗောဇ္ဈင်, ဝီရိယ သမ္ဗောဇ္ဈင်, ပီတိ သမ္ဗောဇ္ဈင်, ပဿဒ္ဓိ သမ္ဗောဇ္ဈင်, သမာဓိ သမ္ဗောဇ္ဈင်နှင့် ဥပေက္ခာ သမ္ဗောဇ္ဈင်ဟု ၇-ပါး အပြားရှိ၏၊ ဤတွင်—ဓမ္မဝိစရိယ၏ တရားကိုယ်မှာ ပညာဖြစ်၍ ဥပေက္ခာ၏ တရားကိုယ်မှာ တတြမဇ္ဈတ္တတာ စေတသိက် ဖြစ်၏၊

မဂ္ဂင်မှာ သမ္မာ ဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိနှင့် သမ္မာ သမာဓိဟု အပြားရှိ၏။

ဗောဓိပက္ခိယ တရားတို့သည် တရားကိုယ် အားဖြင့် ဆန္ဒ,စိတ်,ဥပေက္ခာ, သဒ္ဓါ, ပဿဒ္ဓိ ပီတိ, သမ္မာ ဒိဋ္ဌိ,ဝိတက် ဝီရိယ,ဝိရတိ ၃-ပါး, သတိနှင့် သမာဓိဟု ၁၄-ပါး ရှိ၏၊ သဘာဝအားဖြင့်ကား သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး,ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါးနှင့် မဂ္ဂင် ၈-ပါးဟု ၃၇-ပါး အပြားရှိ၏၊ ယင်းကိုပင် ဗောဓိ ပက္ခိယတရား ၃၇-ပါးဟု ခေါ်ကြ၏။

ဝိတက်, ပဿဒ္ဓိ, ပီတိ, ဥပေက္ခာ, ဆန္ဒ, စိတ်, ဝိရတိ ၃—ပါးအားဖြင့် တရား ၉—ပါးတို့သည် တကိစ္စ တပ်၏၊ ဝိတက် (သမ္မာသင်္ကပ္ပ) ဝိရတိ ၃-ပါးတို့သည် မဂ္ဂင် ကိစ္စ တပ်၏၊ ပဿဒ္ဓိ, ပီတိနှင့် ဥပေက္ခာသည် ဗောဇ္ဈင် ကိစ္စ တပ်၏၊ ဆန္ဒ,နှင့် စိတ်သည် ဣဒ္ဓိပါဒ် ကိစ္စ တပ်၏။

သဒ္ဓါသည် ဣန္ဒြေ, ဗိုလ်အားဖြင့် ၂-ကိစ္စ တပ်၏။
သမာဓိသည် ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင် မဂ္ဂင်အားဖြင့် ၄-ကိစ္စ တပ်၏။
ပညာသည် ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် အားဖြင့် ၅-ကိစ္စ တပ်၏။
သတိသည် သတိပဋ္ဌာန် ၄-ကိစ္စ, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အားဖြင့် ၈-ကိစ္စ တပ်၏။
ဝီရိယသည် သမ္မပ္ပဓာန် ၄-ကိစ္စ, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အားဖြင့် ၉—ကိစ္စ တပ်၏။

လောကုတ္တရာ စိတ်တို့၌ ဗောဓိပက္ခိယတရား ၃၇— လုံး တပြိုင်နက်ရ၏၊ သို့ရာတွင် ဝိတက်သည် ပဌမစျာန်၌သာ ဖြစ်၏၊ ဒုတိယစျာန် စသည်တို့၌ မဖြစ်၊ ပီတိသည်ကား ပဌမ, ဒုတိယနှင့် တတိယစျာန်တို့၌သာ ဖြစ်၏၊ စတုတ္ထ, ပဉ္စမစျာန်တို့၌ မဖြစ်၊ လောကီ ကုသိုလ်, ကြိယာ သောဘန စိတ်တို့၌ လောကီ ဝိသုဒ္ဓိ ၆-ပါးဖြစ်လျှင် ယှဉ်သင့်သည် အားလျော်စွာ ဖြစ်၏။

## ၄=သဗ္ဗသင်္ဂဟ

သဗ္ဗသင်္ဂဟဟူသည်မှာ တရားအလုံးစုံတို့ကို စုပုံ၍သော အခန်း ဖြစ်၏၊ ဤတွင် ခန္ဓာ, ဥပါဒါနက္ခန္ဓာစသည်ဖြင့် သဘော တရား ငါးပါး ပါဝင်၏။

ခန္ဓာ = အစုအပုံ ဟူသော အနက်ကြောင့် ခန္ဓာ မည်၏၊ ယင်းသည် ရူပက္ခန္ဓာစသည် ဖြင့် ၅-ပါးအပြားရှိ၏။

(၁) ရူပက္ခန္ဓာ = ရုပ် ၂၈-ပါးသည် ရူပက္ခန္ဓာမည်၏၊

(၂) ဝေဒနာက္ခန္ဓာ = ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏၊

(၃) သညာက္ခန္ဓာ = သညာ စေတသိက်သည် သညာ က္ခန္ဓာ မည်၏၊

(၄) သင်္ခါရက္ခန္ဓာ = ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါ ရက္ခန္ဓာ မည်၏၊

(၅) ဝိညာဏက္ခန္ဓာ = စိတ် တခုယုတ် ကိုးဆယ်သည် သည် ဝိညာဏက္ခန္ဓာ မည်၏။

ဥပါဒါနက္ခန္ဓာ = လောကုတ္တရာ မဟုတ် လောကီသက် သက်ဖြစ်သော ခန္ဓာ ၅-ပါးသည် ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံ ဖြစ်သောကြောင့်

ဥပါဒါနက္ခန္ဓာ မည်၏၊ နိဗ္ဗာန်မှတပါး အလုံးစုံသော တရားတို့ကို သိမ်းကျုံး၍ သာသဝ, အနာသဝဖြစ်သော တရားတို့ကို ပဉ္စက္ခန္ဓာဟု ဟောတော်မူသည်၊ ဝိပဿနာဉာဏ်၏ တည်ရာဘုံဖြစ်သော တရားတို့ကို သိမ်းကျုံး၍ သာသဝဖြစ်သော လောကီတရားတို့ကို ပဉ္စုပါဒါနက္ခန္ဓာဟု ဟောတော်မူသည်၊ တရားကိုယ်မှာ ခန္ဓာငါးပါးနှင့် တူ၏။

(၁) ရူပုပါဒါနက္ခန္ဓာ = ရူပ ဥပါဒါနက္ခန္ဓာ၊
(၂) ဝေဒနုပါဒါနက္ခန္ဓာ = ဝေဒနာ ဥပါဒါနက္ခန္ဓာ၊
(၃) သညုပါဒါနက္ခန္ဓာ = သညာ ဥပါဒါနက္ခန္ဓာ၊
(၄) သင်္ခါရုပါဒါနက္ခခန္ဓာ = သင်္ခါရ ဥပါဒါနက္ခန္ဓာ၊
(၅) ဝိညာဏုပါဒါနက္ခန္ဓာ = ဝိညာဏ ဥပါဒါနက္ခန္ဓာ၊

အာယတန = မိမိနှင့်ဆိုင်သော အကျိုးတရားတို့ ဖြစ်ပေါ်စေရန် အားထုတ်သော တရားတို့သည် အာယတန မည်ကုန်၏၊ ၁၊ စိတ်- စေတသိက်တို့ ဖြစ်ရန် အကြောင်းစေရာသည် အာယတန မည်၏၊ ယင်းသည် စက္ခာယတနစသည်ဖြင့် ၁၂-ပါး အပြားရှိ၏။

(၁) စက္ခာယတန = (စက္ခု အာယတန) စက္ခုပသာဒသည် စက္ခာယတန မည်၏။
(၂) သောတာယတန = (သောတ အာယတန) သောတပသာဒ တာယတန မည်၏၊

(၂) ဃာနာယတန – (ဃာန အာယတန) ဃာန ပသာဒသည် ဃာနာယတန မည်၏၊

(၄) ဇိဝှါယတန = (ဇိဝှါ အာယတန) ဇိဝှါ ပသာဒသည် ဇိဝှါယတန မည်၏၊

(၅) ကာယာယတန = (ကာယ အာယတန) ကာယ ပသာဒသည် ကာယာယတန မည်၏၊

(၆) မနာယတန = (မန အာယတန) စိတ် တခု ယုတ် ကိုးဆယ်သည် မနာ ယတန မည်၏၊

(၇) ရူပါယတန = (ရူပ အာယတန) ရူပါရုံသည် ရူပါယတန မည်၏၊

(၈) သဒ္ဒါယတန = (သဒ္ဒ အာယတန) သဒ္ဒါရုံ သည် သဒ္ဒါယတန မည်၏၊

(၉) ဂန္ဓာယတန = (ဂန္ဓ အာယတန) ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏၊

(၁၀) ရသာယတန = (ရသ အာယတန) ရသာ ရုံသည် ရသာယတန မည်၏၊

(၁၁) ဖောဋ္ဌဗ္ဗာယတန = (ဖောဋ္ဌဗ္ဗ အာယတန) ဖော ဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏၊

(၁၂) ဓမ္မာယတန = (ဓမ္မ အာယတန) ဓမ္မာရုံသည် ဓမ္မာယတန မည်၏၊ ဤတွင် ဓမ္မာရုံ ဟူသည်မှာ စေတသိက် ၅၂-ပါး, သုခုမရုပ် ၁၆-ပါးနှင့်နိဗ္ဗာန်တည်း။

ဓာတ် = သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်သော အကြောင်းရင်း, မိမိ၏ သဘောကို ဆောင်တတ်သော အကြောင်းရင်း ဓာတ်မည်၏၊ ယင်းသည် စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှာဓာတ်, ကာယဓာတ်, ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှာဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်နှင့် မနောဝိညာဏဓာတ် ဟူ၍ ၁၈-ပါး အပြားရှိ၏၊ အာယတန ၁၂-ပါးတွင် စိတ်တခုယုတ် ကိုးဆယ် ဟူသော မနာ ဓမ္မဓာတ်တနကို ဓာတ် ၇-ပါး ပြုလုပ်ထား၏၊ အကြွင်း နည်းတူ။

သစ္စာ = အရိယာ ပုဂ္ဂိုလ်တို့၏ မဖောက်- မပြန်သော အမှန်တရား၊ ယင်းသည် ဒုက္ခ အရိယ သစ္စာ, ဒုက္ခ သမုဒယ အရိယ သစ္စာ, ဒုက္ခ နိရောဓ အရိယ သစ္စာနှင့် ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာဟု ၄-ပါးအပြားရှိ၏။

(၁) ဒုက္ခအရိယ သစ္စာ = လောကီစိတ် ၈၁- ပါး, လောဘကြဉ်သော စေတသိက် ၅၁-ပါး, ရုပ် ၂၈-ပါးသည် ဒုက္ခသစ္စာ မည်၏။

(၂) ဒုက္ခ သမုဒယ အရိယ သစ္စာ = လောဘသည် ဒုက္ခသမုဒယ သစ္စာ မည်၏။

(၃) ဒုက္ခ နိရောဓ အရိယ သစ္စာ = နိဗ္ဗာန် သည် ဒုက္ခနိရောဓ သစ္စာမည်၏။

(၄) နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စာ = မဂ္ဂင်တရား ကိုယ် ရှစ်ပါးသည်၊ မဂ္ဂသစ္စာ မည်၏။

ဤတွင် စေတသိက် ၅၂-ပါး, သုခုမရုပ် ၁၆-ပါး, နိဗ္ဗာန်အားဖြင့် ၆၉-ပါးသော တရားတို့သည် ဓမ္မာယတန, ဓမ္မဓာတ်မည်၏၊ မနာယတနသာလျှင် ဝိညာဏဓာတ် ၇-ပါး၏ အစွမ်းဖြင့် ကွဲပြား၏။

ရုပ် ၂၈-ပါး,ဝေဒနာ,သညာ,ယင်းမှကြွင်းသော စေတသိက် ၅၀-နှင့် စိတ်တခုယုတ် ကိုးဆယ်အားဖြင့် တရားငါးပါးကို ခန္ဓာငါးပါးဟု ဆိုအပ်၏၊ ဘုံသုံးပါး၌ ဖြစ်သော ထိုတရားတို့ကို ဥပါဒါနက္ခန္ဓာဟု ဆိုအပ်၏၊ နိဗ္ဗာန်ကား အတိတ်,အနာဂတ်စသည် အပြား မရှိသောကြောင့် ခန္ဓာမှ လွတ်၏။

ဒွါရ ၆-ပါး, အာရုံ ၆-ပါး အားလျော်စွာ အာယတန ၁၂-ပါး အပြားရှိ၏၊ ယင်းဒွါရ, အာရုံနှင့် ဝိညာဏ် ၆-ပါး အားလျော်စွာ ဓာတ် ၁၈-ပါး အပြားရှိ၏။

ဘုံသုံးပါး၌ ဖြစ်သော ဝဋ်တရားသည် ဒုက္ခသစ္စာ မည်၏၊ တဏှာမည်သော လောဘ စေတသိက်သည် သမုဒယသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ လောကုတ္တရာ၌ ဖြစ်သော မဂ္ဂင် ၈-ပါးသည် မဂ္ဂသစ္စာမည်၏။

မဂ်နှင့်ယှဉ်သော မဂ္ဂင် ၈-ပါးမှ ကြွင်းသော မဂ်စိတ် ၄-ပါး, စေတသိက် ၂၈ ပါးသည်၎င်း, ဖိုလ်စိတ် ၄-ပါးနှင့် တကွ ယင်းနှင့်ယှဉ်သော စေတသိက် ၃၆-ပါး တို့သည် ၎င်း သစ္စာ ၄-ပါး၌ မပါဝင်သဖြင့် သစ္စာဝိမုတ် မည်၏၊ ယင်း သို့ လျှင် ငါးပါး အပြား အားဖြင့် သဗ္ဗသင်္ဂဟကို ဝေဖန် အပ်၏။

## အဘိဓမ္မာနမူနာ

အဘိဓမ္မာ ၇- ကျမ်းတွင် ဓမ္မသင်္ဂဏီသည် ပဌမ ကျမ်းဖြစ်၏၊ ထိုတွင် မာတိကာ အစမှာ "ကုသလာဓမ္မာ, အကုသလဓမ္မာ, အဗျာကတာဓမ္မာ" ဖြစ်၏၊ ဤတရားသုံး ပါး၏ အရကောက်-တရားကိုယ်မှာ ဤသို့တည်း—

ကုသလာဓမ္မာဟူသော ပဌမပုဒ်၏အရကား ကုသိုလ်စိတ် ၂၁-ပါး, စေတသိက် ၃၈-ပါး ရ၏၊ ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး, အာယတန အားဖြင့် ၂-ပါး, ဓာတ်အားဖြင့် ၂-ပါး, သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

ခန္ဓာအားဖြင့် ၄-ပါးဟူသော်ကား စေတသိက် ၃၈-ပါးတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညက္ခန္ဓာမည်၏၊ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် ၃၆—ပါးသည် သင်္ခါရက္ခန္ဓာမည် ၏၊ ကုသိုလ်စိတ် ၂၁—ပါးသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၄—ပါး ဖြစ်သတည်း၊

'အာယတန' အားဖြင့် ၂-ပါးဟူသော်ကား ကုသိုလ် စိတ် ၂၁-ပါးသည် မနာယတန မည်၏၊ စေတသိက် ၃၈-ပါးသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါး ဖြစ်သတည်း။

'ခါတ်' အားဖြင့် ၂-ပါး ဟူသော်ကား ကုသိုလ်စိတ် ၂၁-ပါးသည် မနောဝိညာဏ ဓါတ် မည်၏၊ စေတသိက် ၃၈-ပါးသည် ဓမ္မဓါတ်မည်၏၊ ဤသို့လျှင် ဓါတ် အားဖြင့် ၂-ပါးဖြစ်သတည်း။

'သစ္စာ' အားဖြင့် ဟူသော်ကား လောကီ ကုသိုလ် စိတ် ၁၇-ပါး, စေတသိက် ၃၈-ပါးသည် ဒုက္ခသစ္စာ မည်၏၊ မဂ်စိတ် ၄-ခု၌ ရှိသော မဂ္ဂင်တရားကိုယ် ၈-ပါး, ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ် စိတ်ဥပ္ပါဒ် ၂၉-ခုသည် သစ္စာ ဟူသော အရေအတွက်မှ လွတ်၏။

'အကုသလာ ဓမ္မာ' ဟူသော ဒုတိယပုဒ်၏အရကား အကုသိုလ်စိတ် ၁၂-ပါး, စေတ သိက် ၂၀-ပါး ရှိ၏၊ ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး, အာယတနအားဖြင့် ၂-ပါး, ဓါတ်အားဖြင့် ၂-ပါး, သစ္စာ အားဖြင့် ၂-ပါး ဖြစ်ကုန်၏။

'ခန္ဓာ' အားဖြင့် ၄-ပါး ဟူသော်ကား စေတသိက် ၂၀-ပါး တို့ တွင် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ, သညာမှ ကြွင်း သော စေတသိက် ၂၅-ပါးသည် သင်္ခါရက္ခန္ဓာ မည်၏၊ အကုသိုလ်စိတ် ၁၂-ပါးသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့ လျှင် ခန္ဓာ အားဖြင့် ၄-ပါး ဖြစ်သတည်း။

'အာယတန' အားဖြင့် ၂-ပါး ဟူသော်ကား အကုသိုလ်စိတ် ၁၂-ပါးသည် မနာယတန မည်၏၊ စေတသိက် ၂၇-ပါးသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၂-ပါး ဖြစ်သတည်း။

'ဓာတ်' အားဖြင့် ၂-ပါး ဟူသော်ကား အကုသိုလ်စိတ် ၁၂-ပါးသည် မနော ဝိညာဏ ဓာတ် မည်၏၊ စေတသိက် ၂၇-ပါးသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် နှစ်ပါး ဖြစ်သတည်း။

'သစ္စာ' အားဖြင့် ၂-ပါး ဟူသော်ကား အကုသိုလ်စိတ် ၁၂-ပါး၊ လောဘ ကြဉ်သော စေတသိက် ၂၆-ပါးသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယ သစ္စာ မည်၏၊ ဤသို့လျှင် သစ္စာ အားဖြင့် ၂-ပါး ဖြစ်သတည်း။

'အဗျာကတာ ဓမ္မာ' ယူသော တတိယ ပုဒ်၏ အရကား ဝိပါက် စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀၊ စေတသိက်-၃၈-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန် ရ၏၊ ထိုတရားတို့သည် ခန္ဓာအားဖြင့် ၅-ပါး၊ အာယတနအားဖြင့် ၁၂-ပါး၊ ဓာတ် အားဖြင့်၁၈-ပါး၊ သစ္စာအားဖြင့် ၂-ပါး ဖြစ်ကုန်၏။

'ခန္ဓာ' အားဖြင့် ၅-ပါး ဟူသော်ကား ရုပ် ၂၈-ပါးသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ၃၈-ပါး တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည်

သညာက္ခန္ဓာ မည်၏၊ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် ၅၀-ပါးသည် သင်္ခါရက္ခန္ဓာ မည်၏၊ ဝိပါက်စိတ် ၃၆-ပါး, ကြိယာ စိတ် ၂၀-သည် ဝိညာဏက္ခန္ဓာ မည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

'အာယတန' အားဖြင့် ၁၂-ပါး ဟူသော်ကား ရုပ် ၂၈-ပါး တို့တွင် စက္ခု ပသာဒ သည် စက္ခာယတန မည်၏၊ ဃာန ပသာဒသည် ဃာနာယတန မည်၏၊ ဇိဝှါပသာဒသည် ဇိဝှါယတန မည်၏၊ ကာယပသာဒသည် ကာယာ ယတန မည်၏၊ ရူပါရုံသည် ရူပါယတနမည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏၊ ဂန္ဓာရုံသည် ဂန္ဓာ ယတန မည်၏၊ ရသာရုံသည် ရသာ ယတန မည်၏၊ ပထဝီ, တေဇော, ဝါယောဟု ဆို အပ် သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာ ယတန မည်၏၊ ဝိပါက် စိတ် ၃၆-ပါး, ကြိယာစိတ် ၂၀-သည် မနာယတန မည်၏၊ စေတသိက် ၅၂-ပါး, အာပေါ, ဣတ္ထိဘာဝ, ပုရိသဘာဝ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် ၁၆-ပါး, နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတန အားဖြင့် ၁၂-ပါး ဖြစ်သတည်း။

'ဓာတ်'အားဖြင့် ၁၈-ပါးဟူသော်ကား ရုပ် ၂၈-ပါး တို့တွင် စက္ခုပသာဒသည်စက္ခုဓာတ်မည်၏၊ သောတ ပသာဒသည် သောတ ဓာတ်မည်၏၊ ဃာန ပသာဒသည် ဃာနဓာတ် မည်၏၊ ဇိဝှါပသာဒသည် ဇိဝှါ ဓာတ်မည်၏၊ ကာယပသာဒသည် ကာယဓာတ်မည်၏၊ ရူပါရုံ သည် ရူပဓာတ်မည်၏၊ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏၊ ဂန္ဓာရုံ သည်ဂန္ဓဓာတ်မည်၏၊ ရသာရုံသည်ရသဓာတ်မည်၏၊ ပထဝီ တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏၊ စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏ ဓာတ်မည်၏၊ သောတဝိညာဏ်ဒွေးသည် သောတဝိညာဏ ဓာတ်မည်၏၊ ဃာနဝိညာဏ်ဒွေးသည် ဃာနဝိညာဏဓာတ် မည်၏၊ ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝိညာဏဓာတ် မည်၏၊ ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏ ဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း ဒွေးသည် မနောဓာတ် မည်၏၊ ကြွင်းသော ဝိပါက်စိတ် ၂၄-ပါး, ကြိယာစိတ် ၁၉-ပါးသည် မနောဝိညာဏ ဓာတ် မည်၏၊ စေတသိက် ၅၂-ပါး, အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ပရိစ္ဆေဒရုပ်, ကာယ ဝိညတ်, ဝစီဝိညတ်, လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ အားဖြင့် သုခုမ ရုပ် ၁၆းပါး, နိဗ္ဗာန် သည် ဓမ္မဓာတ်မည်၊ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါး ဖြစ်သတည်း။

'သစ္စာ' အားဖြင့် ၂-ပါး ဟူသော်ကား လောကီ ဝိပါက် ၃၆-ပါး, ကြိယာစိတ် ၂၀, စေတသိက် ၂၅-ပါး, ရုပ် ၂၈-ပါးသည် ဒုက္ခ သစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ ဖိုလ် စိတ္တုပ္ပာဒ် ၃၇-ပါးသည် သစ္စာ ဟူသော အရေ-အတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာ အားဖြင့် ၂-ပါး ဖြစ်သတည်း။

ဤတွင် ဗုဒ္ဓ အဘိဓမ္မာချုပ် သမုစ္စည်းပိုင်း ပြီးပါပြီ

## ၈—ပစ္စည်းပိုင်း

‘ပစ္စည်း’=ကျေးဇူးပြု၍ ထောက်ပံ့သော သဘောတရားတို့ကို ပြဆိုသောကြောင့် ပစ္စည်းမည်၏၊ ဤအပိုင်းမှာ ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းဟူ၍ နှစ်ပါး အပြားရှိ၏၊ အဋ္ဌကထာဆရာတို့သည် ဤနည်းနှစ်ရပ်ကို ပေါင်းစပ်ပြီး ဖွင့်ဆိုကြ၏၊ ဤ[illegible]မူ နည်းတပါးစီ [illegible] ပါမည်။

## ပဋိစ္စသမုပ္ပါဒ်နည်း

ပဋိစ္စသမုပ္ပါဒ်—အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကို ဖြစ်သဖြင့် သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်သော အခြင်းအရာကြောင့် မှတ်အပ်သော နည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်၏၊ ဤပဋိစ္စသမုပ္ပါဒ် တရားကို ဟောကြားပြီးသော အခါ ရှင်အာနန္ဒာက ဤသို့ လျှောက်ကြား၏—

"မြတ်စွာဘုရား စင်စစ် နက်လည်းနက်သော, နက်ယောင်လည်း ရှိသော ဤပဋိစ္စသမုပ္ပါဒ်သည် စင်စစ် အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ကျွန်ုပ်အား တိမ်သယောင် ကဲ့သို့ ထင်လာပါသည်"

ထိုအခါ မြတ်စွာဘုရားက ပြန်လည် မိန့်ကြားတော်မူ၏—

"အာနန္ဒာ ဤသို့ မဆိုနှင့်၊ ဤ ပဋိစ္စသမုပ္ပါဒ်သည် နက်လည်းနက်၏၊ နက်ယောင်လည်းရှိ၏၊အာနန္ဒာ ယင်းသို့ နက်နဲသော တရားကို ဤသတ္တဝါ အပေါင်းသည် မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ကြွက်သိုက်၊ ချည်ထွေးကဲ့သို့ ဖြစ်ရ၏၊ စသိုက် မြက်ဆွေး ကဲ့သို့ ရှုပ်ထွေး ရ၏၊ အပါယ် ဒုဂ္ဂတိ ဖြစ်သော သံသရာကို မလွန်မြောက်နိုင်"

အဋ္ဌကထာဆရာ ရှင်ဗုဒ္ဓဃောသလည်း ပဋိစ္စသမုပ္ပါဒ်ကို ဖွင့်ဆိုကဘွန်းတွင်—

"ယနေ့ ငါသည် ပဋိစ္စသမုပ္ပါဒ်ကို ဖွင့်ဆိုလိုပါလျက် သမုဒ္ဒြာမှာ လက်ပစ်ကူး နေရသကဲ့သို့ ထောက်တည်ရာ မပါထကား"ဟု ညီးညူခဲ့၏၊ယခုမူ ယင်း ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသကို အဘိဓမ္မာ ဝိဘင်းပါဠိတော်၌ ဖွင့်ဆို ဟောကြားသည့် နိဒ္ဒေသ အတိုင်း အကျဉ်းချုပ်၍ ဖော်ပြပါမည်။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်၏။

အဝိဇ္ဇာ—ဟူသည်မှာ အရိယသစ္စာ လေးပါးကို မသိခြင်း ဖြစ်၏။

သင်္ခါရ—ဟူသည်မှာ ကုသိုလ်မှု အကုသိုလ်မှု ဘာဝနာမှု တို့ကို ပြုစု ပျိုးထောင်ခြင်းပင်တည်း။

သင်္ခါရ ပစ္စယာ ဝိညာဏံ
သင်္ခါရ ဟူသော အကြောင်း ကြောင့် ဝိညာဏ် ဖြစ်၏။

ဝိညာဏ်—ဟူသည်မှာ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ် နှင့် မနောဝိညာဏ်တို့ ဖြစ်၏။

ဝိညာဏ ပစ္စယာ နာမရူပံ
ဝိညာဏ်ဟူသောအကြောင်းကြောင့်နာမ်ရုပ်ဖြစ်၏။

နာမ်ရုပ်—တွင် နာမ်မှာ ဝေဒနာ, သညာ, စေတနာ, ဖဿနှင့် မနသိကာရ ဖြစ်၏၊ ရုပ်မှာ မဟာဘုတ်နှင့် ဥပါဒါရုပ်တို့ ဖြစ်၏။

နာမ ရူပ ပစ္စယာ သဠာယတနံ
နာမ်ရုပ် ဟူသော အကြောင်းကြောင့် သဠာယတန ဖြစ်၏။

သဠာယတန ဟူသည်မှာ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနနှင့် မနာယတန ဟူသော အာယတန ၆-ပါးတို့ ဖြစ်၏။

သဠာယတနပစ္စယာ ဖဿော
သဠာယတန ဟူသော အကြောင်းကြောင့် ဖဿ ဖြစ်၏။

ဖဿ ဟူသည်မှာ စက္ခုသမ္ဖဿ, သောတ သမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿနှင့် နှင့် မနောသမ္ဖဿတို့ဖြစ်၏၊ သမ္ဖဿဟူသည်မှာ ပသာဒအကြည်၌ ဆိုက်တိုက်လာသော အာရုံကို တွေ့ထိမှုပင်တည်း။

ဖဿ ပစ္စယာ ဝေဒနာ
ဖဿ ဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်၏။

ဝေဒနာ ဟူသည်မှာ စက္ခုသမ္ဖဿဇာဝေဒနာ, သောတ သမ္ဖဿဇာ ဝေဒနာ, ဃာန သမ္ဖဿဇာ ဝေဒနာ, ဇိဝှါ သမ္ဖဿဇာ ဝေဒနာ, ကာယ သမ္ဖဿဇာ ဝေဒနာနှင့်မနောသမ္ဖဿဇာ ဝေဒနာတို့ဖြစ်၏၊ သမ္ဖဿဇာဟူသည်မှာအတွေ့ကြောင့် ဖြစ်ခြင်းပင်တည်း။

ဝေဒနာ ပစ္စယာ တဏှာ
ဝေဒနာ ဟူသော အကြောင်းကြောင့် တဏှာဖြစ်၏။

တဏှာ ဟူသည်မှာ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသ တဏှာ, ဖောဋ္ဌဗ္ဗ တဏှာနှင့် ဓမ္မတဏှာတို့ ဖြစ်၏၊ ဓမ္မ တဏှာ ဟူသည်မှာ စက္ခု သောတ စသော ဓမ္မာရုံ၌ သာယာ တပ်မက်ခြင်းပင်တည်း။

တဏှာ ပစ္စယာ ဥပါဒါနံ
တဏှာ ဟူသော အကြောင်း ကြောင့် ဥပါဒါန်
ဖြစ်၏။

ဥပါဒါန် ဟူသည်မှာ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်နှင့် အတ္တဝါဒုပါဒါန်တို့ ဖြစ်၏။

ဥပါဒါန ပစ္စယာ ဘဝေါ
ဥပါဒါန် ဟူသော အကြောင်းကြောင့် ဘဝဖြစ်၏။

ဘဝ ဟူသည်မှာ ကမ္မဘဝနှင့် ဥပပတ္တိဘဝဟု နှစ်ပါး အပြား ရှိ၏။ ထိုတွင် ဘဝတပါးသို့ပို့ဆောင်တတ်သော ကောင်းမှု မကောင်းမှု ဟူသမျှသည် ကမ္မဘဝ မည်၏၊ ဥပပတ္တိဘဝ ဟူသည်မှာ ကာမဘဝ, ရူပဘဝနှင့်အရူပဘဝတည်း။

ဘဝ ပစ္စယာ ဇာတိ
ဘဝ ဟူသော အကြောင်းကြောင့် ဇာတိ ဖြစ်၏။

ဇာတိ ဟူသည်မှာ ထိုထိုသတ္တဝါတို့သည် ထိုထိုသတ္တဝါ မျိုး၌ ဖြစ်ခြင်း, ခန္ဓာ အာယတန တို့ကို အသစ် တဖန် ရခြင်း ဖြစ်၏။


ဇာတိ ပစ္စယာ-ဇာတိဟူသောအကြောင်းကြောင့်—
ဇရာ-အိုခြင်း, မရဏ သေခြင်း, သောက-စိုးရိမ်ခြင်း, ပရိဒေဝ-ငိုကြွေးခြင်း, ဒုက္ခ-ကိုယ်ဆင်းရဲခြင်း, ဒေါမနဿ-စိတ်ဆင်းရဲခြင်းနှင့် ဥပါယာသ-ပြင်းစွာ ပင်ပန်းခြင်းတို့သည် သမ္ဘဝန္တိ-ဖြစ်ပေါ်လာကုန်၏။

ဤ၌တွင် ကာလ ၃-ပါး,အင်္ဂါ ၁၂-ပါး, အခြင်းအရာ ၂၀,အစပ် ၃-ပါးနှင့် မူလ ၂-ပါးတို့ကို သိသင့်၏။

ကာလသုံးပါးမှာ အဝိဇ္ဇာ, သင်္ခါရနှစ်ပါးတို့သည် လွန်ခဲ့သောဘဝ၌ဖြစ်ခဲ့သောအကြောင်း တရားဖြစ်သောကြောင့် အတိတ်ကာလ တရားမည်၏၊ဇာတိ ဇရာ,မရဏ သုံးပါးတို့သည် နောက်လာမည့်ဘဝ၌ ဖြစ်မည့် တရားဖြစ်သောကြောင့် အနာဂတ်ကာလ တရားမည်၏၊ အလယ်၌ရှိသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်နှင့် ဘဝဟူသောတရား ၈-ပါး သည် မျက်မှောက်ကာလ၌ ဖြစ်နေသော တရားဖြစ်သော ကြောင့် ပစ္စုပ္ပန်ကာလတရား မည်၏။

အင်္ဂါ ၁၂-ပါးမှာ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်,နာမ်ရုပ် သဠာယတန,ဖဿ,ဝေဒနာ,တဏှာ, ဥပါဒါန်,ဘဝ,ဇာတိနှင့် ဇရာ-မရဏဖြစ်၏၊ ယင်းတို့သည် ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါ ၁၂-ပါးဖြစ်၏၊ သောက အစရှိ သော တရားတို့ကို အင်္ဂါထိုက်သော တရားများနှင့် တစပ် တည်း ဟောကြားခြင်းမှာ မုချအကျိုး မဟုတ်၊ အကျိုး ဆက်ကို ပြခြင်းမျှသာ ဖြစ်၏၊ ထို့ကြောင့် ယင်းသောက စသည်တို့ကို အင်္ဂါအဖြစ်မယူအပ်၊ ဤ၌တွင် အင်္ဂါဟူသည်မှာ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ အစိတ်-အစိတ်သော အဆောက် အဦ- တရားတိပေတည်း။


ဂ-ပစ္စည်းပိုင်း



အခြင်းအရာ ၂၀-မှာ အဝိဇ္ဇာ, သင်္ခါရကို ယူလျှင် တဏှာ, ဥပါဒါန်, ဘဝကိုလည်း ယူရ၏၊ ထို့အတူ တဏှာ, ဥပါဒါန်, ဘဝကိုယူလျှင် အဝိဇ္ဇာ သင်္ခါရကိုလည်း ယူရ၏၊ ဇာတိ, ဇရာ မရဏကို ယူလျှင် ဝိညာဏ် စသော အကျိုးငါးပါးကိုယူ၍ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝဟူသောအတိတ်အကြောင်း ၅-ပါး၊ ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ပစ္စုပ္ပန် အကျိုး ၅-ပါး၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန ဖဿ, ဝေဒနာ-- ဟူသော အနာဂတ် အကျိုး ၅-ပါး ဟူ၍ အခြင်းအရာ ၂၀-ဖြစ်၏။

အစပ် ၃-ပါးမှာ အတိတ်အကြောင်း ၅-ပါးနှင့်ပစ္စုပ္ပန် အကျိုး ၅-ပါးအကြားမှာ ဟေတုဖလ-ကြောင်းကျိုးစပ် တပါး၊ ပစ္စုပ္ပန်အကျိုး ၅-ပါးနှင့် ပစ္စုပ္ပန် အကြောင်း ၅-ပါး အကြားမှာ ဖလဟေတု-ကျိုးကြောင်း စပ် တပါး၊ ပစ္စုပ္ပန်အကြောင်း ၅-ပါးနှင့် အနာဂတ် အကျိုး ၅-ပါးကြားမှာ ဟေတုဖလ-ကြောင်းကျိုးစပ် တပါး အားဖြင့် အစပ် ၃-ပါး ဖြစ်၏။

အလွှာ ၄-ပါးမှာ အတိတ်အကြောင်း ၅-ပါးတလွှာ, ပစ္စုပ္ပန်အကျိုး ၅-ပါး တလွှာ, ပစ္စုပ္ပန်အကြောင်း ၅-ပါးတလွှာနှင့် အနာဂတ်အကျိုး ၅-ပါးတလွှာ ဖြစ်၏။


အခြင်း-အရာ
အတိတ်ကြောင်း
ပစ္စုပ္ပန်ကျိုး
ပစ္စုပ္ပန်ကြောင်း
အနာဂတ်ကျိုး
အဝိဇ္ဇာ
သင်္ခါရ
တဏှာ
ဥပါဒါန်
ဘဝ
တဏှာ
ဥပါဒါန်
ဘဝ
အဝိဇ္ဇာ
သင်္ခါရ
ဝိညာဏ်
နာမ်ရုပ်
သဠာယတန
ဖဿ
ဝေဒနာ

ဝဋ်သုံးပါးမှာ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဖြစ်၏၊ ဤတွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် ကိလေသာဝဋ်မည်၏၊ ကမ္မဘဝနှင့် သင်္ခါရသည် ကမ္မဝဋ်မည်၏၊ ဥပပတ္တိဘဝနှင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ-မရဏတို့သည် ဝိပါကဝဋ်မည်၏၊ ဤတွင် လောကီကုသိုလ်၊ အကုသိုလ်ကံ ဟူသော စေတနာ ၂၉-ပါးသည် ကမ္မဝဋ်မည်၏၊ ဥပပတ္တိ ဘဝဟူသည်မှာ ကံကြောင့် ဖြစ်သော လောကီဝိပါက် ၃၂-ပါးနှင့် ကမ္မဇရုပ်များ ဖြစ်၏။

မူလနှစ်ပါးမှာ အဝိဇ္ဇာနှင့် တဏှာဖြစ်၏၊ ထိုမူလနှစ်ပါးအကြွင်းမဲ့ချုပ်ငြိမ်းမှ သံသရာစက်ရဟတ် ရပ်မည်၊ အိုခြင်း၊ သေခြင်း၊ တွေဝေ မိန်းမောခြင်းတို့ဖြင့် အစဉ်မပြတ် နှိပ်စက်ခြင်း ခံနေရသော သတ္တဝါတို့အား အာသဝေါတရားတို့ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ ဖြစ်ပေါ်လာ၏၊ ယင်းသို့ သံသရာစက်လည်ခြင်းကို ပဋိစ္စသမုပ္ပါဒ်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဗုဒ္ဓဝါဒကို လေ့လာသော ကမ္ဘာ့သုတေသီတို့သည် ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ်ကို လွန်စွာ လေးစားမြတ်နိုးကြသည်၊ ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ်ဝါဒဟု ချီးကျူး ဖွင့်ဆိုကြ၏၊ ယင်းသည် ဗုဒ္ဓဝါဒ၏ အနှစ်သာရ ဖြစ်သည်၊ ပြည့်စုံ ခိုင်လုံ၍ ငြင်းချက်ထုတ်မရသော ဝါဒဖြစ်ကြောင်းနှင့် ရှင်းပြကြ၏၊ စင်စစ် ဤတရားသည် ဗုဒ္ဓဝါဒ၏ နိဒါန်းလည်း ဖြစ်သည်၊ နိဂုံးလည်း ဖြစ်သည်။

အစပ်

- ဟေတုဖလ
  - အတိတ်ကြောင်း
  - ပစ္စုပ္ပန်ကျိုး
- ဖလဟေတု
  - ပစ္စုပ္ပန်ကျိုး
  - ပစ္စုပ္ပန်ကြောင်း
- ဟေတုဖလ
  - ပစ္စုပ္ပန်ကြောင်း
  - အနာဂတ်ကျိုး

## ပဋ္ဌာန်းနည်း

ပဋ္ဌာန်းနည်း ဟူသည်မှာ အသုံးပြု၍ဖြစ်သော ပစ္စည်းတည်း ဟူသော တည်ရာကို အကြောင်းပြု၍ဖြစ်သော နည်းတည်း၊ မြတ်စွာဘုရားသည် ရတနာဃရသတ္တာဟဘာသင်အာဘိဓမ္မာကို သုံးသပ်ဆင်ခြင်သည်၊ ဤပဋ္ဌာန်းသို့ရောက်မှ ရောင်ခြည် ခြောက်သွယ် ထွက်ပေါ်လာ၏၊ များလှသော ဗုဒ္ဓဘာသာ မြန်မာတို့သည် ပဋ္ဌာန်း နှစ်ဆဲ့လေး ပစ္စည်းကို မပြတ်ရွတ်ဖတ် သရဇ္ဈာယ်ပါက ဘေးရန် လွတ်ကင်း၍ ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝ သည်ဟု ယုံကြည်စွာ ယူဆကြ၏၊ ထိုသဘောတရားတို့ကို ကောင်းစွာ လေ့လာ၍ အသိဉာဏ် ရခြင်းက ပိုပြီး တန်ဖိုးရှိမည်၊ ထို့ကြောင့် ကျက်လည်း ကျက်မှတ်နိုင်၍ သဘောတရားကိုလည်း ပေ့လာနိုင်စေရန် ရှေးဆရာမြတ်တို့ မပြတ် ရွတ်ဖတ် သရဇ္ဈာယ်သော ပဋ္ဌာန်း နှစ်ဆဲ့လေးပစ္စည်း အနက်ကျယ်ကို ဖော်ပြပါမည်၊ အလေးအမြတ် ကျက်မှတ်ကြပါကုန်။

၁-ဟေတု ပစ္စယော—ရေသောက်မြစ်လျှင် ယင်းသစ်ပင်ကို စိမ်းရှင်ညွန့်ဝေ စည်ပင်စေထ ထောက်ပံ့မသို့ သဟဇာတာရုပ်နှင့်နာမ်ကို သန္ဓေပဝတ် မသွတ် စေရ သဘောတရား ဆဲ နှင့်ဖြာသွင် ကောင်းစွာခိုင်ကြည် တည်သည်မ၏အဖြစ်ကို ပြီးစေတတ်သော ဟေတုသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော ဟိတ်ခြောက်ပါး ပစ္စည်းတရားပါတကား။

၂-အာရမ္မဏ ပစ္စယော- တောင်ဝှေးကြိုးတန်း သူမ
စွမ်းတို့ ပပန်းရလေ ထိုင်တ
စေသို့ စိတ်-စေလေးတန် နာမက္ခန်ကို ဖြစ်ဟန့်တူစွာ ရှစ်
သဘာတွင် ဆွဲထောက်ရာ အာရုံ၏ အဖြစ်တည်း ဟူသော
အာရမ္မဏ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော
အာရုံခြောက်ပါး ပစ္စည်းတရားပါ တကား။

၃--အဓိပတိ ပစ္စယော--စကြာဘုန်းငှ မျှားဗိုလ်လူကို
ပြိုင်သူမရှိ စိုးအုပ်ဘိသို့ ဟာသိ,
မောဟကြဉ်ပသည့်ဇော လောဘမူလ အဋ္ဌပုညာ ကြိယာ
သမ္ပယုတ် လောကုတ်ရှစ်အား ဆဲ့ခြောက်ပါးတွင် ကြီးမား
လွှမ်းမိုး အစိုးရခြင်းဟူသော အဓိပတိ သတ္တိထူးဖြင့် ကျေး
ဇူးပြုခြင်း လက္ခဏာရှိသော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသာ
ဟူသော သဟ ဇာတာဓိပတိလေးပါး, ဒုက္ခသဟ မောဟ
ကြဉ်စိတ် ဋ္ဌင္ဒနိပ္ဖန် နိဗ္ဗာန်ဟူသော အာရမ္မဏာ ဓိပတိ
ခြောက်ပါး ပစ္စည်းတရားပါ တကား။

၄--အနန္တရ ပစ္စယော ပျော်စံနတ်ရွာ စကြာမင်းဖျား
သားကြီး အားသို့ အခြားမဲ့နေ
စိတ်နှင့်စေကို မကွေတူစွာ ခုနစ်ဖြာတွင် သမာ န ဇာတ်
ခြားမပြတ်ဘဲ ဖြစ်စေတတ်သော အနန္တရ သတ္တိထူးဖြင့်
ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာ
လေးပါး အနန္တရ ပစ္စည်းတရားပါတကား၊

၅-သမနန္တရ ပစ္စယော-စည်းစိမ်မပျက် တောကြီးထွက်
သည့် စက္ကဝတ်မင်းဖျား သားကြီးအားသို့ အခြားမဲ့နေ စိတ်နှင့်စေကို မကွေ့ပြိုင်ဖက် ခုနစ်ချက်တွင် အောက်သက်ယာဝဲ ဝေခွဲမရှိ မိမိတမူ တူသည့် အဖြုမ်ဆောင်လစ်ပမာ ကောင်မွန်စွာလျှင် သမာနဇာတ် ခြားမပြတ်ဘဲ ဖြစ်စေတတ်သော သမနန္တရ သတ္တိထူးဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာ ရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး သမနန္တရ ပစ္စည်းတရားပါတကား။

၆—သဟဇာတ ပစ္စယော--အလင်းဖြစ်မှု ဆီမီးပြုသည့်
တန္တုပမာ သဟဇာတနာမ နှင့်ရုပ် ဘူတုပ္ပါဒ် သန္ဓေခါလည်း ဝိပါဝတ္ထု ယင်းခြောက်ခုအား တူပြားအင်္ဂ သဘာဝတွင် တကွမကွေ့ ဖြစ်စေခြင်းဟူသော သဟဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘုတ် ဝတ္ထုပါက သဟဇာတ ခြောက်ပါး ပစ္စည်းတရားပါတကား။

၇—အညမည ပစ္စယော—သစ်သားသုံးခွ ချင်းချင်း မှီ
ဥပကာရ ထောက်ပံ့လာသား နာမ်မဟာဘုတ် ဝတ္ထုနာမ်အား တူရှစ်ပါးတွင် ထောက်ထား လှန်ပင်း အချင်းချင်း ဟူသော အညမည သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘုတ် ဝတ္ထုပါက အညမညသုံးပါး ပစ္စည်းတရားပါ တကား။

၈—နိဿယ ပစ္စယော—သစ်ပင်အားမြေ ထောက်ပံ့ပေသို့
နှစ်ထွေရုပ်နာမ် သဟဇာတ်အားရှင်း

စိတ္တကမ္မ ပဋ္ဌုပုံဟန် သတ်ဝိညာဏ်အားရှင်း, တူမှန်သဘာ ဆဲ့သုံးဖြာတွင် တည်ရာ- မှီရာဟူသော အဓိဋ္ဌာနာကာရ နိဿယာကာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘူတ္တုပါဒါ ဟူသော သဟဇာတ နိဿယ ခြောက်ပါး ပဝတ္တိ၌ ဝတ္ထုဟူသော ပုရေဇာတ နိဿယ ခြောက်ပါး ပစ္စည်းတရားပါတကား။

၉—ဥပနိဿယပစ္စယော—မိုးနှင့်မကင်း ဝုံခပင်းကို မိုးတွင်း
ခြိမ့်အုံး ထစ်ချုန်းမည်ကြိုး

ရှာသည့်မိုးသို့ သုံးမျိုးပြားလတ် စိတ္တုပ္ပါဒ်အား ဆဲ့လေးပါးတွင် အားကြီးသော မှီရာအကြောင်း၏ အဖြစ်တည်း ဟူသော ဥပနိဿ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟ မေဒဟာကြည်စိတ် ဣဋ္ဌနိပ္ဖန် နိဗ္ဗာန် ဟူသော အာရမ္မဏူပ နိဿယ, ရှေးရှေးသောနာမက္ခန္ဓာ ဟူသော အနန္တရူပ နိဿယ, ဗလဝရုပ် စိတ္တုပ် ပညတ်ဟူသော ပကတူပနိဿယသုံးပါး ပစ္စည်းတရားပါတကား။

၁၀—ပုရေဇာတ ပစ္စယော—အလင်းမှိန်နေ ပျားဖိုလ်ခြေ
ကို ကခြေ့ဝဋ္ဋာ ပေါ်သော

ထွန်းပ နေနှင့်လသို့ နောက်မှဖြစ်လေ ဇိတ်နှင့်စေအား တူကိုး ပါးတွင် ရှေးဖျားဖြစ်၍ ပစ္စုပ္ပန္နေ ပုရေဇာတ သတ္တိထူးဖြင့်

ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆဝတ္ထုဟူသော ဝတ္ထုပုရေဇာတ, နိပ္ဖန္နရုပ်ဟူသော အာရမ္မဏ ပုရေဇာတ နှစ်ပါး ပစ္စည်းတရားပါတကား။

၁၁—ပစ္ဆာဇာတ ပစ္စယော—ဂိဇ္ဈပေါတက သရီရအား အာဟာရဝယ် တာတွယ်

အာသာ စေတနာသို့ ပုရာဇာတ ရုပ်မှအား မျိုးလေးပါးတွင် နောက်ပါး၌ ဖြစ်သဖြင့် ထောက်ပံ့ခိုင်မာ ပစ္ဆာဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသောနောက်နောက် ပဉ္စဝေါကာ နာမ်ခန္ဓာလေးပါး ပစ္စည်းတရားပါတကား။

၁၂—အာသေဝန ပစ္စယော—နောက်နောက် မှန်လေးသာ လှန် မွှေး အောင်

ရှေးရှေးဟိုးတာ နှံ့သာလားသို့ မခြားမပြတ် မျိုးဇာတ်တူစွာ ကုသလာ ကုသလ ကြံယသဘော နောက်နောက် ဇောအား တူခြောက်ပါးတွင် ခွန်အားဟုန်ပြင်း ယူစေလျှင်း၍ လိုခြင်းဟူသော အာသေဝန သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ အာသေဝနသုံးပါး ပစ္စည်းတရားပါတကား။

၁၃—ကမ္မပစ္စယော— သစ်ပင်တို့အား မျိုးစေ့လာသို့ ကြင်းငြားတုလတ် သဟဇာတ်နှင့်

ကဋတ္တာပါက် ညှိနှစ်ချက်အား တဆဲ့ငါးတွင် အားပါး ထုတ်ထ လို့သသည်းမှာ အမှုအရာဟူသော သတ္တိထူးဖြင့်

ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ် စေတနာ ဟူသော သဟဇာတကမ္မ အတိတ်ကသိုလ်- အကုသိုလ် စေတနာဟူသော နာနက္ခဏိက ကမ္မနှစ်ပါး ပစ္စည်းတရားပါ တကား။

၁၄-ဝိပါက ပစ္စယော-ချမ်းရိပ်နားနေ သွန်းလေပြေသို့ မကြွေဖြစ်လတ် သဟဇာတ်အား မျိုးရှင်ပါးတွင် အင်အားချိပန်း ငြိမ်းချမ်းစေလျက် ငြိမ် သက်ခြင်းဟူသော ဝိပါက သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါကပစ္စည်း တရားပါတကား။

၁၅-အာဟာရ ပစ္စယော- မယိမ်း မယိုင် ခိုင်စေသော အား ထောက်သည့်, ကျားသို့ နှစ်ပါးသဟဇ် ရုပ်နှင့်နာမ်အားရင်း, လေးတန်သန္တတိ သမု ဋ္ဌာနိက ရုပ်အားရင်း, ယထာကမ္မ ဒွါဒသချိုး တူတွင် ဆောင်ယူ ထောက်ပံ့ခြင်းဟူသော အာဟာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဖဿစေတနာ ဝိညာဏ် ဟူသော နာမ်အာဟာရသုံးပါး, အဇ္ဈတ်ဗဟိ စတုသမုဋ္ဌာ နိက ဩဇာဟူသော ရုပ်အာဟာရ ပစ္စည်းပါတကား။

၁၆-ဣန္ဒြိယ ပစ္စယော-တပြည်တွင်း၌ ချင်းချင်း မဟန့် ဘီးမသန့်ဘဲ ခွဲခန့် ပိုင်စား မင်း အများသို့ သုံးပါးပြားလက် သဟဇာတ်နှင့် ဓာတ် ပဉ္စ ဝိညာဏ် ကမ္မဇရုပ်အား ကူညီ ငါးတွင် အခြားမသေ့ မိမိသို့

လိုက်စေခြင်းဟူသော ဣန္ဒြိယ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသောနာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးဟူသော သဟဇာတိန္ဒြိယ, မဇ္ဈိမာယုက ပသာဒ ငါးခုဟူသော ပုရေဇာတိန္ဒြိယ, ဇီဝိတရုပ် ဟူသော ရူပဇီဝိတိန္ဒြိယ သုံးပါး ပစ္စည်းတရားပါတကား။

၁၇—ဈာနပစ္စယော—သစ်ပင် တောင်ငု တက်သ သူသည် အောက်လူတို့အား ပြောသည့်လား သို့ နှစ်ပါးရုပ်နာမ် သဟဇာတ်အား ဆဲ့တပါးတွင် ဆင်ရှား တပ်တပ်ကပ်၍ရှုခြင်းဟူသောအာရမ္မဏူပ နိဇ္ဈာန လက္ခဏူပ နိဇ္ဈာန သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဉ္စဝိညာဉ် စိတ်မှ ယှဉ်သည့်ဈာနင် ခုနစ်ပါးပစ္စည်းတရား ပါတကား။

၁၈—မဂ္ဂပစ္စယော—ထိုဤမှာသို့ ဆောင်ယူပို့သည့် ကူးဘို့ မသွေ သဟေတုကတ် သဟဇာတ်အား ဆဲ့သုံးပါးတွင် ဖြူစင်မည်းညစ် ဤအဖြစ်မှ ပြန်လစ်ဘုံလှယ် ထုတ်ဆယ်ဆောင်ယူ ထွက်မြောက်ကြောင်း ဟူသော မဂ္ဂသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှ ယှဉ် မဂ္ဂင်ဆဲ့နှစ်ပါး ပစ္စည်းတရားပါတကား။

၁၉—သမ္ပယုတ္တပစ္စယော—စာတုမစ္ဆ ရောသည့် သုသို့ လေး ဘု နာမ်အာ နှစ်ပါးကွင်း လေးပါးအင်္ဂါ မကွာချင်းချင်း ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္ပယုတ္တ ပစ္စည်းတရားပါတကား။

၂၀—ဝိပ္ပယုတ္တပစ္စယော—ခြောက်ထွေ ရသော ပေါင်းရော ပါသို့ သဟဇာတရုပ် ဝတ္ထုသန္ဓေ အစ ထွေသား သုံးမျိုး အားကိုး တူပြား သဘော ဆဲ့သုံးဖြာတွင် နာနာဘာဝ မယှဉ်ကြ ဟူသော ဝိပ္ပယုတ္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော ပဥ္စဝေါကာရ ရူပသမ္ဘွာ နိက စိတ်စေ သန္ဓေ ဟဒယ စသော သဟဇာတ ဝိပ္ပယုတ်, ပုရေဇာတ ဝိပ္ပယုတ်, ပစ္ဆာဇာတ ဝိပ္ပယုတ် သုံးပါး ပစ္စည်းတရား ပါတကား။

၂၁—အတ္ထိပစ္စယော—မြေမြင့်မိုရ်သည် ဘိုသိုဝိမ်း ရှင် မြွက် သစ်ပင်အားအင်ရှားရှိနေယောက်ပွံ့ ပေသို့ တွက်ရေကိုထံ ရုပ်နှင့်နာမ်အား ဆဲ့ငါးဘွင် ထင်ရှား ရှိခိုက် အထိုက်လျော်ထ ဥပတ္ထမ္ဘက သတ္တိထူးဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာ ရှိသော ထိုထိုရုပ်နာမ် ဟူသော သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိ ငါးပါး ပစ္စည်းတရားပါတကား။

၂၂—နတ္ထိပစ္စယော—မိုက်မှောင် ဖြစ်စေ ငြိမ်းသေ သောပြီး ဆိမ်းပုံသွေး ဖြစ်ခွင့်ပေး၍ ကျေးဇူး ပြုခြင်း လက္ခဏာရှိသော နတ္ထိပစ္စည်း တရားပါတကား။

၂၃—ဝိဂတပစ္စယော—နေရောင် ပျောက်ကင်း လရောင် လင်းသို့ ချုပ်ကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော ဝိဂတ ပစ္စည်းပါတကား။

၂၄—အဝိဂတ ပစ္စယော—ငါးတို့ပျော်ရာ မဟာသမုဒ် ရေ အစုတ်သို့ မချုပ် တင်းလင်း မကင်း သော အဖြစ်ဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာ ရှိသော အဝိဂတ ပစ္စည်း တရားပါတကား။

ဤတိ-ဤသို့ စတု ဝီသတိ ပစ္စယာ-နှစ်ဆဲ့ လေးပါး သော အကြောင်းတရားတို့သည် မဟာပကရဏ-အနန္တနယ သမန္တ ပဋ္ဌာန်းစာတော်ကျမ်း၌ ဒေသိတာ-ထင်ရှား မူသော တည်း ရှိပေသတည်း။

## ကျေးဇူးပြုခြင်း

နာမ်သည် နာမ်အချင်းချင်းအား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အာသေဝန, သမ္ပယုတ္တ ဟူသော ၆-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

နာမ်သည် နာမ်ရုပ်အား ဟေတု, ဈာန, မဂ္ဂ, ကမ္မ, ဝိပါက ဟူသော ၅-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

နာမ်သည် ရုပ်အား ပစ္ဆာဇာတ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ရုပ်သည် နာမ်အား ပုရေဇာတ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ပညတ်, နာမ်ရုပ်တို့သည် နာမ်အား အာရမ္မဏ, ဥပနိဿယ ဟူသော နှစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။

နာမ်ရုပ် နှစ်ပါးသည် နာမ်ရုပ်နှစ်ပါးအား အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၉-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ယင်းသို့လျှင် ပစ္စည်း ၆-မျိုး တို့သည် ၆-နည်းဖြင့် ကျေးဇူးပြုကြ၏၊ ကျေးဇူးပြုကြပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ နာမ်သည် နာမ်အား—အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်-စေတသိက် တို့သည် မိမိသို့ အတုလိုက်၍ ဖြစ်ကုန်သော စိတ်-စေတသိက် ကို့အား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ ဟူသော [illegible]ပါးဖြင့်

ကျေးဇူးပြု၏၊ ရှေးရှေး၌ဖြစ်သော ဇောတို့သည် နောက်၌ ဖြစ်သော ဇောတို့အား အာသေဝန သတ္တိဖြင့် ကျေးဇူးပြု၏၊ အတူတကွ ဖြစ်သော စိတ်-စေတသိက်တို့သည် အချင်းချင်း သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ နာမ်သည် နာမ်ရုပ်အား—ဟေတု၊ ဈာန်၊ မဂ္ဂပစ္စည်း တို့သည် တကွ ဖြစ်သော နာမ်ရုပ်

တို့အား ဟေတုစသောသတ္တိဖြင့် ကျေးဇူးပြု၏၊ အတူတကွ ဖြစ်သော စေတနာသည် အတူတကွဖြစ်သော နာမ်ရုပ် တို့အား သဟဇာတ ကမ္မ ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ အထူးထူး သော ကာလ၌ ဖြစ်သော စေတနာသည် ကံကြောင့် ဖြစ်သော နာမ်ရုပ်တို့အား ကမ္မပစ္စည်းဖြင့် ကျေးဇူးပြု၏။

၃။ နာမ်သည် ရုပ်အား—နောက် နောက် ၌ ဖြစ်သော စိတ်-စေတသိက် တရားတို့သည် ရှေး

ရှေး၌ဖြစ်သော ဤကိုယ်ကာယ ရုပ်တရားအား ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြု၏။

၄။ ရုပ်သည် နာမ်အား—ရုပ်ဝတ္ထု ၆-ပါးတို့သည်ပဝတ္တိ အခါ ဝိညာဏ်ခေတ် ၆-ပါးတို့အား ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြု၏။

၅။ ပညတ် နာမ်ရုပ်သည် နာမ်အား— အာရမ္မဏ၊ ဥပ နိဿယ ပစ္စည်းနှစ်ပါး၏ အစွမ်းဖြင့်

ပညတ်၊ နာမ်ရုပ် တို့သည် နာမ်အား ကျေးဇူး ပြု၏၊ အာရုံ သည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနှင့်

မွောရုံဟု ၆-ပါး အပြား ရှိ၏၊ ဥပနိဿယပစ္စည်းကား အာ ရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပ နိဿယဟု ၃-ပါး အပြားရှိ၏၊ ဤတွင် အလေး အမြတ် ပြုအပ်သော အာရုံသည်ပင်လျှင် အာရမ္မဏူပ နိဿယ ပစ္စည်းမည်၏၊ အ ခြားခဲ့ ချုပ်ကုန်ပြီးသော စိတ်-စေတသိက်တို့သည် အနန္တရူပ နိဿယ ပစ္စည်းမည်၏၊ ရာဂ အစရှိသော တရား, သဒ္ဓါ အစ ရှိသော တရား, သုခ-ဒုက္ခ, ပုဂ္ဂိုလ်, ဘောဇဉ်, ဥတု, ကျောင်း အိပ်ရာ-နေရာ စသည် တို့သည် ထိုက်သည် အားလျော်စွာ အဇ္ဈတ္တ-ဗဟိဒ္ဓ သန္တာန်၌ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ တို့ရားတို့အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ယင်း သို့လျှင် ဤပစ္စည်းမှာ လွန်စွာ ကျယ်ဝန်း များပြား၏။

၆။ နာမ်ရုပ်သည်နာမ်ရုပ်အား-အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း တို့၏ အစွမ်းဖြင့် နာမ်ရုပ် တို့သည် နာမ်ရုပ်တို့အား ထိုက်သည်အားလျော်စွာ ကျေးဇူး ပြု၏။ ထိုတွင်--

အဓိပတိ—အလေးအမြတ် ပြုအပ်သော တရားတို့သည် အလေး-အမြတ် ပြုတတ်သော တရားတို့အား အာရမ္မဏာဓိပတိ သတ္တိဖြင့် ကျေးဇူး ပြု၏၊ လေးပါးအပြား ရှိသော သဟဇာတာ ဓိပတိပစ္စည်း တရားသည် အတူတကွ ဖြစ်သော နာမ်ရုပ် တို့အား သဟ ဇာတာ ဓိပတိ သတ္တိဖြင့် ကျေးဇူးပြု၏၊ ယင်းသို့လျှင် အဓိပစ္စည်းသည် နှစ်ပါး အပြား အားဖြင့် ကျေးဇူးပြု၏။

သဟဇာတ—စိတ်-စေတသိက်တရားတို့သည် အချင်းချင်း အားရင်း, အတူတကွ ဖြစ်သော ရုပ်နာမ်တို့အားရင်း သဟဇာတ ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ မဟာဘုတ်တို့သည် အချင်းချင်း အားရင်း, ဥပါဒါရုပ်တို့အားရင်း သဟဇာတ ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ပဋိသန္ဓေအခါ ဟဒယဝတ္ထုနှင့် ဝိပါက်စိတ်တို့သည် တပါးသည်—တပါးအား သဟဇာတ ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ယင်းသို့လျှင် သဟဇာတ ပစ္စည်းသည် သုံးမျိုးဖြင့် ကျေးဇူးပြု၏။

အညမည—စိတ်-စေတသိက်တို့သည် တပါးသည်- တပါးအား အညမည ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ မဟာဘုတ်တို့သည် တပါးသည်- တပါးအား အညမည ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ပဋိသန္ဓေအခါ ဟဒယဝတ္ထုနှင့် ဝိပါက်စိတ်တို့သည် တပါးသည်- တပါးအား အညမည ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ယင်းတို့လျှင် အညမည ပစ္စည်းသည် ၃-မျိုးဖြင့် ကျေးဇူးပြု၏။

နိဿယ—စိတ်-စေတသိက် တရားတို့သည် အချင်းချင်း အားရင်း, အတူတကွဖြစ်သောရုပ်တို့အားရင်း သဟဇာတ နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏၊ မဟာဘုတ်တို့သည် တပါးသည်-တပါးအားရင်း, ဥပါဒါရုပ်တို့အားရင်း ပဉ္စ သဟဇာတ နိဿယ ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ဝတ္ထုရုပ် ၆—ပါးတို့သည် ဝိညာဏဓာတ် ၇—ပါးတို့အား ပုရေဇာတနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ယင်းတို့လျှင် နိဿယ ပစ္စည်းသည် သုံးပါးအပြား ရှိ၏။

အာဟာရ—ကဗဠီကာရ အာဟာရသည် ဤကိုယ်ကာယ အား ရုပ်အာဟာရပစ္စည်းဖြင့် ကျေးဇူးပြု၏၊ နာမ်အာဟာရတရားတို့သည် တကွဖြစ်သောနာမ်ရုပ်တို့အား နာမ်အာဟာရ ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ ယင်းသို့လျှင် အာဟာရပစ္စည်းသည် ရုပ်အာဟာရနှင့် နာမ်အာဟာရ ဟူ၍ နှစ်ပါးအပြားရှိ၏။

ဣန္ဒြိယ—ပသာဒရုပ် ငါးပါးတို့သည် ပဉ္စဝိညာဏ်တို့အား ပုရေဇာတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ရုပ်ဇီဝိတိန္ဒြေသည် ဥပါဒိန္နရုပ်တို့အား ရူပဇီဝိတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြု၏၊ နာမ်ဣန္ဒြေတရားတို့သည် အတူတကွဖြစ်သော နာမ်ရုပ်တို့ အား သဟဇာတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ယင်းသို့လျှင် ဣန္ဒြိယပစ္စည်းသည် သုံးပါးအပြားရှိ၏။

ဝိပ္ပယုတ္တ—ပဋိသန္ဓေအခါ ဟဒယဝတ္ထုရုပ်သည် ဝိပါက် စိတ်တို့အား သဟဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏၊ စိတ်-စေတသိက်တို့သည် အတူတကွ ဖြစ်သော ရုပ်တို့အား သဟဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏၊ နောက်နောက်၌ဖြစ်သော စိတ်စေတသိက်တို့သည် ရှေးရှေး၌ဖြစ်သော ဤကိုယ်ကာယအား ပစ္ဆာဇာတ ဝိပ္ပယုတ္တသတ္တိ ဖြင့် ကျေးဇူးပြု၏၊ ဝတ္ထုရုပ် ၆-ပါးတို့သည် ဝိညာဏဓာတ် ၇-ပါးတို့အား ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူး ပြု၏၊ ယင်းသို့လျှင် ဝိပ္ပယုတ္တ ပစ္စည်းသည် သုံးပါးအပြား ရှိ၏။

အတ္တိ ပစ္စည်းသည် သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိနှင့် ရူပဇီဝိတိန္ဒြိယတ္ထိဟု ငါးပါးအပြားရှိ၏။

အဝိဂတ ပစ္စည်းသည်လည်း ထို့အတူ သဟဇာတာဝိဂတ, ပုရေဇာတာဝိဂတ, ပစ္ဆာဇာတာဝိဂတ အာဟာရ ဝိဂတနှင့် ရူပဇီဝိတိန္ဒြိယာဝိဂတဟု ငါးပါး အပြားရှိ၏။

အလုံးစုံသော ပစ္စည်းတို့ကိုပေါင်းလိုက်လျှင် အာရမ္မဏ, ဥပနိဿယ, ကမ္မနှင့် အတ္ထိပစ္စည်း အတွင်းသို့ ဝင်ကြ၏၊ ဤတွင်ဆိုခဲ့သော သဟဇာတရုပ်ဟူသည်ကား ပဝတ္တိအခါ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်နှင့် ပဋိသန္ဓေအခါ ကဋတ္တာရုပ်တို့၏ အစွမ်းဖြင့် နှစ်ပါးအပြားရှိ၏။

ဤဆိုခဲ့သော ၂၄-ပစ္စည်းတို့သည် ကာလတပါး၌ ဖြစ်သော ပစ္စည်း, ကာလနှစ်ပါး၌ ဖြစ်သော ပစ္စည်း, ကာလ သုံးပါး၌ဖြစ်သော ပစ္စည်း, ကာလသုံးပါးမှ လွတ်သော ပစ္စည်း, အဇ္ဈတ္တ သန္တာန်၌ဖြစ်သော ပစ္စည်း, ဗဟိဒ္ဓ သန္တာန်၌ ဖြစ်သော ပစ္စည်း, သင်္ခတ ပစ္စည်းနှင့် အသင်္ခတ ပစ္စည်းဟူ၍ ရှစ်ပါးအပြားရှိ၏၊ တရားကိုယ်အားဖြင့်ကား ပညတ်, နာမ်, ရုပ်-ဟူ၍ သုံးပါးသာရှိ၏။

ရုပ်တရားဟူသည် ရူပခန္ဓာတည်း၊ စိတ်-စေတသိက် ဟူသော ခန္ဓာလေးပါးနှင့် နိဗ္ဗာန်အားဖြင့် ငါးပါးတို့ကို အရူပီဟုရင်း, နာမ်ဟုရင်း ဆိုအပ်၏၊ ထိုမှတပါး ပညတ် တရားသည်ကား အတ္ထပညတ်နှင့် သဒ္ဒပညတ်ဟု နှစ်ပါး အပြားရှိ၏။

## အတ္ထ ပညတ်

အတ္ထပညတ် ဟူသည်မှာ အနက်ကို စွဲ၍ သမုတ်ခြင်း ဖြစ်၏၊ ထိုပညတ်ချက်တို့မှာ လွန်စွာ ကျယ်ဝန်များလှသော်လည်း တူရာပေါင်း၍ ခြောက်မျိုးမျှ ပုံစံထုတ်ပြ၏။

၁။ သဏ္ဌာန ပညတ်—ထိုထို မဟာဘုတ်တို့ ဖောက်ပြန်သော အခြင်းအရာကို စွဲ၍ ပညတ်သော မြေ, တောင် အစရှိသည်ကို သဏ္ဌာန ပညတ်ဟု သတ်မှတ်ကြ၏။

၂။ သမူဟ ပညတ်—သစ်,မြေဆိုင်,ချည်ပင် အစရှိသော အဆောက်အဦ တို့၏ ပေါင်းစည်း စုဝေးသော အခြင်း-အရာကို စွဲ၍ ပညတ် အပ်သော အိမ်, ရထား, လှည်း, အိုး, ပုဆိုး အစရှိသည် တို့ကို သမူဟပညတ်ဟုသတ်မှတ်ကြ၏။

၃။ ဇာတိပညတ်—ခန္ဓာငါးပါး အပေါင်းကိုစွဲ၍ ပညတ် အပ်သော ယောကျာ်း,မိန်းမစသည် ကို ဇာတိပညတ်ဟု သတ်မှတ်ကြ၏။

၄။ ဒိသ ကာလ ပညတ်—လ, နေ, နက္ခတ် တို့၏ မြင့်မိုရ်တောင်ကို လှည့်လည် သွားလာခြင်း အစရှိသော အခြင်း အရာကို စွဲ၍ ပညတ်အပ်သော အရှေ့အရပ်စသည်ကို ဒိသာ ကာလ စသော ပညတ်ဟု သတ်မှတ်ကြ၏။

၅။ အာကာသပညတ်—မတွေ့-မထိအပ်သည့် အခေါင်းစသော အခြင်းအရာကို စွဲ၍ ပညတ်အပ်သော တွင်း, ဂူ, လိုဏ်ပေါက် အစရှိသည်ကို အာကာသပညတ်ဟု သတ်မှတ်ကြ၏။

၆။ နိမိတ္တပညတ်—ထိုထို အခြင်း အရာ အားဖြင့် ထင်သော ပထဝီ အစ ရှိသော နိမိတ်ကို၎င်း, ပရိကမ္မ အစ ရှိသော ဘာဝနာ၏ အစဉ် အထူးကို၎င်း စွဲ၍ ပညတ်သော ကသိုဏ်း နိမိတ် စသည် ကို နိမိတ္တပညတ်ဟု သတ်မှတ်ကြ၏။

ဤ အတ္ထပညတ် တရားဟူသည် ပရမတ္ထ တရားကဲ့သို့ ထင်ရှား မရှိသော်လည်း ပရမတ္ထ တရား၏ အရိပ်- အရောင် အသွင်ဟူသော အခြင်းအရာအားဖြင့် စိတ်-စေတသိက် ပရမတ္ထ တရားတို့၏ အာရုံအဖြစ်သို့ ရောက်နိုင်၏။

## သဒ္ဒ ပညတ်

သဒ္ဒ ပညတ် ဟူသည်မှာ အနက်ကို သိစေတတ်သော သဒ္ဒါ ဖြစ်၏၊ ယင်းသည် နာမ်လည်း မည်၏၊ နာမကမ္မလည်း မည်၏၊ သဒ္ဒပညတ်လည်း ၆-ပါး အပြား ရှိ၏။

၁။ ဝိဇ္ဇမာနပညတ်—ပရမတ္ထ အားဖြင့် ထင်ရှား ရှိသော ရုပ်, ဝေဒနာ စသည် တို့သည် မာန ပညတ် မည်၏။

၂။ အဝိဇ္ဇမာနပညတ်— ပရမတ္ထအားဖြင့် ထင်ရှား မရှိသော မြေ, တောင် စသည်တို့သည် အဝိဇ္ဇမာန ပညတ် ပညတ်မည်၏။

၃။ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်—အဘိညာဥ်ရသော ပုဂ္ဂိုလ်စသော သဒ္ဒပညတ်မျိုး၌ ပရမတ္ထ အားဖြင့် ထင်ရှားရှိသော အဘိညာဥ်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပုဂ္ဂိုလ်ဟူသော အနက်ကို အထူးပြု၍ ဖော်ပြသောကြောင့် ဝိဇ္ဇာမာနေန အဝိဇ္ဇမာန ပညတ် မည်၏။

၄။ အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်—မိန်းမအသံစသော သဒ္ဒပညတ် မျိုး၌ ပရမတ္ထ အားဖြင့် ထင်ရှားမရှိသော မိန်းမ ဟူသော အနက်ဖြင့် ပရမတ္ထ အားဖြင့် ထင်

ရှိသော အသံ ဟူသော အနက်ကို
အထူးပြု၍ ဖော်ပြ သောကြောင့်
အဝိဇ္ဇ မာနေန ဝိဇ္ဇ မာန ပ ညတ်
မည်၏။

၅။ ဝိဇ္ဇမာနေန ဝိဇ္ဇာမာန ပညတ်—စက္ခု ဝိညာဏ် အ
စရှိသော သဒ္ဒ ပညတ် မျိုး၌ စက္ခု
ပသာဒနှင့် စက္ခု ဝိညာဏ် နှစ်ပါး
လုံးပင် ပရမတ္ထအားဖြင့် ထင်ရှား ရှိ
သောကြောင့် ဝိဇ္ဇ မာနေန ဝိဇ္ဇမာန
ပညတ်မည်၏။

၆။ အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်—မင်း သား စ
သော သဒ္ဒ ပညတ် မျိုး၌ မင်းသား
နှစ်ပါးလုံးပင် ပရမတ္ထအားဖြင့် ထင်
ရှား မရှိသောကြောင့် အဝိဇ္ဇမာနေန
အဝိဇ္ဇမာန ပညတ်မည်၏။

ပြောဆိုသံကို အစဉ်လျှောက်၍ ဖြစ်သော သောတ
ဝိညာဏ ဝီထိ၏အခြားမဲ့၌ဖြစ်သော မနောဒွာရဝီထိ၏ အာရုံ
ဖြစ်သော နာမပညတ်ကိုအစဉ်လျှောက်သဖြင့် အတ္ထပညတ်
ကို သိအပ်၏၊ ယင်း အတ္ထပညတ်ကို သိကြောင်း ဖြစ်သော
နာမပညတ်သည်ကား လူတို့၏ လူတို့၏ အမှတ် သင်္ကေတ
ပညတ်ဖြင့်ပြီး၏။

## နမူနာ

ဟိတ် ခြောက်ပါး တို့သည် ဟိတ်နှင့် ယှဉ်သော သဟိတ် ၇၁-ပါး,မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ၅၂-ပါးတို့အားရင်း, ထို ဟိတ်-ဟိတ်နှင့် ယှဉ်သော စေလသိက်လျှင် ဖြစ်ကြောင်း ရှိသော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်တို့ အားရင်း— ဟေတု ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြု၏။

ဤကား ပဋ္ဌာန်း ပါဠိတော်မှ ဟေတု ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၏ ပစ္စယ နိဒ္ဒေသ ဖြစ်၏၊ ပစ္စယုဒ္ဒေသ ဟူသည်မှာ ပစ္စည်းတို့ကို အကျဉ်းချုပ် ပြခြင်း ဖြစ်၍ ပစ္စယ နိဒ္ဒေသကား ပစ္စည်းတို့ကို အကျယ်ဖွင့်ပြခြင်း ဖြစ်၏။

ဟေတု ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ် တို့ သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အားဖြင့် သုံးပါးအပြား ရှိကုန်၏၊ ထိုတွင် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ—ဤ ဟိတ်ခြောက်ပါး ပစ္စည်းတရားတို့ သည် ဟေတုပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊သဟိတ် စိတ် ၇၁-ပါး, မောဟမူ ဒွေး၌ မောဟ ကြဉ်သော စေတ သိက် ၅၂-ပါး, သဟိတ်စိတ္တဇရုပ်,သဟိတ် ပဋိသန္ဓေ ကမ္မဇ ရုပ်-ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏၊ အဟိတ်စိတ် ၁၈-ပါး, ဆန္ဒ ကြဉ် သော အညသမန်း ၁၂-ပါး, မောဟမူဒွေး၌ မောဟ, အ ဟိတ် စိတ္တဇရုပ်, အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်-ဤတရား တို့

သည် ဟေတုပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရားတို့ မည်ကုန်၏။

ဤကား ပဋ္ဌာန်း သုံးချက်စုမှ ဟေတုပစ္စည်း ဆိုရိုးဖြစ်၏၊ သုံးချက်စုဆိုသည်မှာ ပစ္စည်း သရုပ်တို့ကို သုံးစုခွဲပြခြင်းဖြစ်၏၊ ယင်း သုံးချက်မှာ ဆိုခဲ့သည့် အတိုင်း ပစ္စည်း, ပစ္စယုပ္ပန်နှင့်ပစ္စနိက် ဖြစ်၏၊ ပစ္စည်းဟူသည်မှာ ကျေးဇူး ပြုသော တရား ဖြစ်၏၊ ပစ္စယုပ္ပန် ဟူသည်မှာ ကျေးဇူး ပြုခြင်းကို ခံယူရသော တရားဖြစ်၍ ပစ္စနိက်ကား ကျေးဇူး ပြုခြင်း မခံရသော တရားတို့ဖြစ်၏၊ အကယ်၍ အဘိဓမ္မာ သရုပ်ကို ကောင်းစွာ ပိုင်နိုင်ခဲ့ပါလျှင် ဤ တရားတို့ကို လွယ်ကူစွာ ကောက်နိုင်မည်၊ သို့မဟုတ်လျှင် ကျက်နိုင်၍ကျက်ထားသော်လည်း တခဏသာ ရ၍ မကြာမီ ပျောက်ပျက် သွားမည်၊ သင်္ဂြိုဟ်မှာ သရုပ်ဖြစ်သည်၊ သရုပ်ကွဲရန်အတွက် တရားတို့၏ လဘောလက္ခဏာကို လေ့လာကြရသည်၊ ဥပမာ လောဘ၏ သဘောလက္ခဏာကိုသိလျှင် ထိုနှင့် သဟဇာတ်ဖြစ်သော တရားတို့ကို ရွေးခြယ်နိုင်၏၊ ဒေါသ, မောဟ စသည်တို့လည်း ထို့အတူ ပင်ဖြစ်ကြ၏၊ တရားတိုင်း၏ အမည်တိုင်းမှာ မိမိသဘောလက္ခဏာကို ဆောင်နေကြ၏၊ ထိုသဘောလက္ခဏာကို သိလျှင်လည်း သရုပ်ကွဲရန် မခက်တော့ပါ။

ဤတွင် ဗုဒ္ဓ အဘိဓမ္မာချုပ် ပစ္စည်းပိုင်း ပြီးပါပြီ

## ၉-ကမ္မဋ္ဌာန်းပိုင်း

ကမ္မဋ္ဌာန်း = ဘာဝနာ ပွားများမှု၏ တည်ရာဖြစ်သော အာရုံသည် ကမ္မဋ္ဌာန်း မည်၏။

ဘာဝနာ = ဖြစ်စေအပ်- တိုးပွားစေ အပ် သော ကြောင့် ဘာဝနာ မည်၏၊ အထပ်ထပ်တိုးပွားစေရန် ပွားများအားထုတ်ခြင်းပင်တည်း။

ဤကမ္မဋ္ဌာန်းပိုင်း၌ ဘာဝနာသည် သမထ ဘာဝနာနှင့် ဝိပဿနာဟု နှစ်ပါးရှိ၏၊ သမထ ကမ္မဋ္ဌာန်းနှင့် ဝိပဿနာ ကမ္မဋ္ဌာန်းပင်တည်း။

သမထ = ကိလေသာတို့ကို ငြိမ်းစေတတ်သောကြောင့် သမထ မည်၏။

ဝိပဿနာ = အထူး ရှုမြင်တတ်သောကြောင့် ဝိပဿနာ မည်၏။

## သမထ ကမ္မဋ္ဌာန်း

သမထ ကမ္မဋ္ဌာန်း သည် ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, အနုဿတိ ၁၀-ပါး, အပ္ပမညာ ၄-ပါး, သညာ ၁-ပါး, ဝဝတ္ထာန် ၁-ပါး, အာရုပ္ပ ၄-ပါးဟူ၍ သံဂြိုဟ် ၇-ပါးနှင့် သရုပ်အရေအတွက်အားဖြင့် ၄၀-ရှိ၏။

ကသိုဏ်း = ကသိုဏ်းဝန်း၊ ကသိုဏ်းဝန်း၌ ဖြစ်သော အထက်-အထက်၌ဖြင့်သော ဘာဝနာကံ၏ အကြောင်းဖြစ်သော ကမ္မဋ္ဌာန်း၊ အလုံးစုံ ရှုအပ်သော အာရုံ၊ ယင်းကသိုဏ်းသည် (၁) ပထဝီ-မြေကသိုဏ်း, (၂) အာပေါ- ရေကသိုဏ်း, (၃)တေဇော- မီးကသိုဏ်း, (၄) ဝါယော-လေကသိုဏ်း, (၅)နီလ- အညိုရောင်ကသိုဏ်း, (၆)ပီတ- အဝါရောင်ကသိုဏ်း, (၇)လောဟိတ- အနီရောင်ကသိုဏ်း, (၈) ဩဒါတ- အဖြူရောင် ကသိုဏ်း, (၉) အာလောက- အလင်းရောင်ကသိုဏ်းနှင့် (၁၀) အာကာသ ကောင်းကင် ကသိုဏ်းဟု ဆယ်ပါးအပြားရှိ၏။

၁။ ပထဝီ; ကသိုဏ်း၏ အစွမ်းဖြင့် တခုယောက်သာဖြစ်လျက် အများအပြားစသည်ဖြစ်ခြင်း, ရေ၌ မြေကို ဖန်ဆင်း၍ ခြေဖြင့်သွားခြင်း, ထိုင်ခြင်း စသည့် အကျိုးတို့ ပြည့်စုံ၏။

၂။ အာပေါ ကသိုဏ်း၏ အစွမ်းဖြင့် မြေ၌ ငုပ်ခြင်း, ပေါ်ခြင်း, မိုးရေမိုးပေါက်ကို ဖြစ်စေခြင်း, မြစ်သမုဒ္ဒရာကို ဖန်ဆင်းခြင်း, မြေတောင် ပြာသာဒ်ကို တုန်လှုပ်စေခြင်း အစရှိသော အကျိုးတို့ ပြည့်စုံ၏။

၃။ တေဇော ကသိုဏ်း၏ အစွမ်းဖြင့် အခိုးလွှတ်ခြင်း, အလျှံ လွှတ်ခြင်း, မီးကျီးမိုး ရွာခြင်း, မိမိတန်ခိုးဖြင့် သူတပါး၏ တန်ခိုးကို ကုန်စေခြင်း, အလိုရှိရာကို မီးလောင်ကျွမ်းစေနိုင်ခြင်း, ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကို မြင်ရန် အလင်းကို ပြုနိုင်ခြင်း, ပရိနိဗ္ဗာန်ပြုသောအခါ တေဇောဓာတ်ဖြင့် ကိုယ်ကို လောင်ကျွမ်းစေခြင်း အစရှိသော အကျိုးတို့ ပြည့်စုံ၏။

၄။ ဝါယော ကသိုဏ်း၏ အစွမ်းဖြင့် လေကဲ့သို့ လျင်မြန်စွာ သွားနိုင်ခြင်း, လေပြင်းမုန်တိုင်းတိုက်ခတ်စေနိုင်ခြင်း အစရှိသောအကျိုးတို့ ပြည့်စုံ၏။

၅။ နီလ ကသိုဏ်း၏ အစွမ်းဖြင့် အညိုရောင် အဆင်းကိုဖန်ဆင်းနိုင်ခြင်း, အမိုက်အမှောင်များအောင် ပြုနိုင်ခြင်း အစရှိသော အကျိုးတို့ ပြည့်စုံ၏။

၆။ ပီတ ကသိုဏ်း၏ အစွမ်းဖြင့် ရွှေအဆင်းကို ဖန်ဆင်းနိုင်ခြင်း, ရွှေဖြစ်ရန်အဓိဋ္ဌာန် ပြုနိုင်ခြင်း စသော အကျိုးတို့ ပြည့်စုံ၏။

၇။ လောဟိတ ကသိုဏ်း၏ အစွမ်းဖြင့် အနီရောင် ဖန်ဆင်းနိုင်ခြင်း အစရှိသော အကျိုးတို့ ပြည့်စုံ၏။

၈။ ဩဒါတ ကသိုဏ်း၏ အစွမ်းဖြင့် အဖြူရောင် ဖန်ဆင်းနိုင်ခြင်း, ထိနဲ-မိဒ္ဓ ဝေးကွာအောင် ပြုနိုင်ခြင်း, အမိုက်မှောင်ကို ပျောက်စေ နိုင်ခြင်း, ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကိုမြင်ရန် အလင်းရောင်ပြုခြင်း စသော အကျိုးတို့ ပြည့်စုံ၏။

၉။ အာလောက ကသိုဏ်း၏ အစွမ်းဖြင့် အရောင်နှင့် တကွသော အဆင်းကို ဖန်ဆင်းနိုင်ခြင်းနှင့် ဩဒါတ ကသိုဏ်းမှ အလုံးစုံသော အကျိုးတို့ ပြည့်စုံ၏။

၁၀။ အာကာသ ကသိုဏ်း၏ အစွမ်းဖြင့် ဖုံးလွှမ်းကွယ်ကာသော ဝတ္ထုတို့ကို ဟင်းလင်းပွင့်အောင် ပြုနိုင်ခြင်း, မြေ၏အတွင်း တောင်၏အတွင်း စသည်တို့၌လည်း ဟင်းလင်းပြင် ကောင်းကင်ကို ဖန်ဆင်း၍ ဣရိယာပုထ်တို့ကို ပြုနိုင်ခြင်း, နံရံတံခါး စသည်တို့၌ မငြိ မရှက်သွားနိုင်ခြင်း စသော အကျိုးတို့ ပြည့်စုံ၏။

ဤကသိုဏ်းများ အားထုတ်ပုံ နည်းနိဿျတို့ကို ဝိသုဒ္ဓိမဂ် တွင် အပြည့်အစုံတွေ့နိုင်၏၊ အကယ်၍ မှန်စွာအားထုတ်ပါ လျှင် ဤအကျိုးအာနိသင်တို့ကို မုချရမည်ဖြစ်၏။

အသုဘ = မတင့်တယ်သော အနက်ကြောင့် အသုဘ မည်၏၊ ဤတွင် ကိုယ်ခန္ဓာနှင့်စပ်၍ သေ သည့်အခါ အမျိုးမျိုး ဖြစ်ပေါ်လာသော ပုံသဏ္ဌာန်ကို အသုဘဟုခေါ်၏၊ ယင်းအသုဘသည် (၁) ဥဒ္ဓုမာတက- ပူးဖူးယောင်နေသော အသုဘ, (၂) ဝိနီလက-ညိုမဲနေသော အသုဘ, (၃)ဝိပုဗ္ဗက- သွေးပြည်ယိုထွက်နေသော အသုဘ, (၄) ဝိစ္ဆိဒ္ဒက- နှစ်ပိုင်းပြတ်နေသော အသုဘ, (၅) ဝိက္ခာ ယိတ- အ ထူး ထူး အ ပြား ပြား ခွေး, စသည် ခဲစားသော အသုဘ, (၆) ဝိက္ခိတ္တက- အထူးထူးအပြားပြား ခွေးစသည် ဆွဲငင်ပစ်လွှင့်ထားသော အသုဘ, (၇)ဟတဝိက္ခိတ္တက-ထိုထို အရပ် အထူးထူး၌ ပစ်ထားသော အသုဘ,(၈)လောဟိတက- သွေးတို့ဖြင့် ယိုစီးလိမ်းကျံနေသော အသုဘ, (၉)ပုဠုဝက- ပိုးလောက်တို့ဖြင့် ပြည့်နေသော အသုဘနှင့် (၁၀)အဋ္ဌိက- အရိုးသာရှိသော အသုဘဟု ၁၀-ပါးအပြားရှိ၏။

မြေခွေးသည် တော၌ ပင်လုံးကျွတ်ပွင့်သော ပေါက်ပင် ကို မြင်၍ ငါသည် သားတစ်ပင်ကြီးကို ရပေပြီဟု ဝမ်းသာ လှိုက်မောလျက် အဆောတလျင် ပြေးသွားပြီးလျှင် ကြေကျ တိုင်း-ကြေကျတိုင်းသော ပေါက်ပွင့်ကို အလွန်ကြီးသော

လောဘဇောဖြင့် ကိုက်ဟပ်၍ ဤငါကိုက်သော အရာကား သားတစ် မဟုတ်သေး၊ သစ်ပင်မှာရှိသော နိတျာရဲရဲ အခဲ အဆုပ်ကြီးသော သားတင်တည်းဟု ထင်မှတ်လေဘိသကဲ့သို့ ပညာရှိသည် မြေ၌ကျသော ဆံပင် စသည်ကို သာလျှင် အသုဘဟု မဟုတ်မူ၍ ကိုယ်၌တည်သော ဆံပင် အစရှိသည် တို့ကိုလည်း ကံမြေတွင်ကျသော အရာတို့နှင့်အတူ အသုဘဟု ယူရာ၏။

သုံးဆဲ့နှစ်ကောဋ္ဌာသ၏ အစုမျှသာရှိသော ဤကိုယ် သည် ညှီဟောင် နံပုပ် စက်ဆုပ်ဖွယ်ကောင်းသော အနံ့ ရှိ၏၊ မစင်မကြယ် စက်ဆုပ်ဖွယ်သော အညစ်အကြေးတို့ ဖြင့် ပြည့်၏၊ ခွေးကောင် ပုပ် မြွေကောင် ပုပ်နှင့် တူ၏၊ ကျင်ကြီးတွင်း ကျင်ငယ်တွင်းနှင့်တူ၏၊ ပညာမျက်စိရှိသော အရိယာတို့ ကဲ့ရဲ့၏၊ အရိယာတို့ ကဲ့ရဲ့သော ဤကိုယ်ကို ပညာမဲ့သော သူမိုက်တို့ကား လွန်စွာနှစ် သက် မြတ်နိုး ကြ၏။

ထိုကိုယ်ကို ဖိုသောအရေဖြင့် ဖုံးလွှမ်းအပ်၏၊ ကိုးခု သောပေါက် အခေါင်း ဟောင်းလောင်းရှိ၏၊ အိုင်းအမာ ကြီးနှင့်တူ၏၊ မစင်-မကြယ် ပုပ်ဟောင် နံစော်သော ကျင်ကြီး-ကျင်ငယ် အသွယ်သွယ်တို့ဖြင့် ထက်ဝန်းကျင်မှ ဖိစီး၍ကျ၏။

ဤကိုယ်၌ အတွင်းသားသည် အကယ်၍ အပြင်-အပ၌ နေငြားမူ၊ တုတ်ကိုကိုင်၍ ကျီးခွေးကို မောင်းနှင် ထားမြဲ ရမည် မဟုတ်ပါလော။

အနုဿတိ = အာရုံတခုခုကို အဖန်ဖန် အထပ်ထပ် မပြတ်အောက်မေ့ ဆင်ခြင်မှုကို အနုဿတိဟုခေါ်၏၊ အဖန်ဖန် အောက်မေ့သော သတိပင်တည်း၊ ယင်းအနုဿတိသည် အောက်ပါအတိုင်း ၁၀-ပါး အပြားရှိ၏။

၁။ ဗုဒ္ဓါနုဿတိ = မြတ်စွာဘုရား၏ အရဟံအစရှိသော ဂုဏ်တော်ကိုးပါးကို အဖန်ဖန် အောက်မေ့ခြင်းသည် ဗုဒ္ဓါနုဿတိမည်၏။

၂။ ဓမ္မာနုဿတိ = မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်ဟူသော တရားဆယ်ပါး၏ သွာက္ခာတအစရှိသော ဂုဏ်တော်ခြောက်ပါးကို အဖန်ဖန် အောက်မေ့ခြင်းသည် ဓမ္မာနုဿတိ မည်၏။

၃။ သံဃာနုဿတိ = မဂ်ပုဂ္ဂိုလ် လေးယောက်, ဖိုလ်ပုဂ္ဂိုလ် လေးယောက် တည်းဟူသော အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့၏ သုပ္ပဋိပန္န အစရှိသော ဂုဏ်တော်ကိုးပါးကို အဖန်ဖန်အောက်မေ့ခြင်းသည် သံဃာနုဿတိ မည်၏။

၄။ သီလာနုဿတိ = မကျိုး-မပေါက် မပြောက်-မကျားသောမိမိသီလကို အဖန်ဖန် အောက်မေ့ခြင်းသည် သီလာနုဿတိ မည်၏။

၅။ စာဂါနုဿတိ = မိမိပေးကမ်း-လှူဒါန်းရသည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ အဖန် ဖန် အောက်မေ့နေခြင်းသည် စာဂါနုဿတိ မည်၏။

၆။ ဒေဝတာနုဿတိ = နတ်ပြဟ္မာဖြစ်သူတို့၏ ဂုဏ်ကျေးဇူးကို အဖန်ဖန် အောက်မေ့ခြင်းသည် ဒေဝတာနုဿတိ မည်၏။

၇။ ဥပသမာနုဿတိ = နိဗ္ဗာန်၏ချမ်းသာအေးမြခြင်းကို အဖန်ဖန် အောက်မေ့ခြင်းသည် ဥပသမာနုဿတိ မည်၏။

၈။ မရဏာနုဿတိ = သေခြင်းကို အဖန်ဖန် အောက်မေ့ခြင်းသည်မရဏာနုဿတိမည်၏။

၉။ ကာယဂတာသတိ = ဤ ကိုယ်ကာ ယ၌ ရှိသော ဆံပင် အမွေး လက်သည်း ခြေသည်းစသည် အတွဲအစု သုံးဆဲ့နှစ်ခုတို့ကို အဖန်ဖန် အောက်မေ့ခြင်းသည် ကာယဂတာသတိ မည်၏။

၁၀။ အာနာပါနဿတိ = ထွက် သက်- ဝင်သက်ကို အာရုံပြု၍ ဖြစ်သော သတိသည် အာနာပါနဿတိ မည်၏။

အာနာပါနဿတိသည် ဟိန္ဒူတို့၏ ယောဂဒဿနမှ ပါဏာယာမနှင့် အတန်တူ၏၊ ယခုအခါ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတွင် အာဏာပါဏ အလုပ် အများအပြား အားထုတ်နေကြ၏၊ ထို့ကြောင့် ဤတွင် ယောဂဒဿနကို အကျဉ်းချုပ် ဖေါ်ထုတ်ပြဆိုပါမည်။

## ယောဂ ဒဿန

ယောဂ ဟူသည်မှာ ယှဉ်ခြင်း အားထုတ်ခြင်း ဖြစ်၏၊ ပါဠိဘာသာ ကမ္မဋ္ဌာန်းနှင့် တူ၏၊ ဤ ဒဿနကိုစီရင်သူမှာ ပတဉ္ဇလိ အမည်ရှိသောရသေ့ကြီးဖြစ်၏၊ ဤဒဿနကို ရှင်ဗုဒ္ဓဃောသ ရှုတ်ပယ် သရဏ္ဍာယ်ကြောင်း မဟာဝံသတွင် လာရှိ၏၊ ပတဉ္ဇလိသည် သူ၏ယောဂ နှင့် ပတ်သက်၍ ယောဂင်္ဂခေါ် ယောဂ၏ အင်္ဂါရှစ်ရပ် သတ်မှတ်ထား၏၊ ယင်းတို့မှာ စောင့်ထိန်းခြင်း- ယမ, သတ်မှတ်ခြင်း-နိယမ, ထိုင်ခြင်း- အာသန, ထွက်သက်-ဝင်သက် ချုပ်ထိန်းခြင်း- ပါဏာယာမ, တဖန်ဆောင်ခြင်း- ပစ္စာဟာရ, ဆောင်မှတ်ခြင်း ဓာရဏာ, ဘာဝနာပွားခြင်း ဈာနနှင့် တည်ကြည်ခြင်း သမာဓိ ဖြစ်၏။

၁။ ယမ—ဟူသည်မှာ စောင့်ထိန်းခြင်းဖြစ်၏၊ စောင့်ထိန်းရမည်မှာ မသတ်ဖြတ်မညှဉ်းဆဲခြင်း မှန်ကန်စွာ ပြောဆိုခြင်း, မခိုးမဝှက်ခြင်း, မြင့်မြတ်သော ဗြဟ္မစာရီကျင့် နေခြင်းနှင့် ပစ္စည်းဥစ္စာ မစုဆောင်း မသိမ်းဆည်း ဟူသော ငါးပါးဖြစ်၏။

၂။ နိယမ– ဟူသည်မှာ သတ်မှတ်ချက်ဖြစ်၏၊ ယင်းတို့မှာ သန့်ရှင်းစင်ကြယ် စွာနေခြင်း, ရောင့်ရဲလွယ်ခြင်း, တရားကျင့်ခြင်း, ဝေဒ ကိုရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် ဘုရားသခင်ကို ကိုးကွယ် ဆည်းကပ်ခြင်းဟူသော ငါးပါးဖြစ်၏။

၃။ အာသန–ဟူသည်မှာ ထိုင်ခြင်း ဖြစ်၏၊ သက်သောင့်သက်သာနှင့် ကြာရှည်စွာနေနိုင်သော ထိုင်ခြင်းကို အာသနဟု ခေါ်၏။

၄။ ပါဏာယာမ– ဟူသည်မှာ ထွက်သက်- ဝင်သက်ကို ချုပ်ထိန်းခြင်း ဖြစ်၏၊ အတွင်း-အပ အရာဝတ္ထုတို့ကို အာရုံထင်ဟပ်ခြင်းဖြင့် ထွက်သက်ကိုရင်း, ဝင်သက်ကိုရင်း, အောင့်ထားခြင်း ဖြစ်၏။

၅။ ပစ္စာဟာရ–ဟူသည်မှာ တားန့်ဆောင်ခြင်းဖြစ်၏၊ မိမိထံသို့ အာရုံများ မလာနိုင်စေရန် စိတ်ကို ထိန်းချုပ်ထားခြင်းဖြစ်၏၊ ဣန္ဒြေတို့ကို အာရုံနှင့် မလိမ်းကျံ စေခြင်းပင်တည်း။

၆။ ဓာရဏာ– ဟူသည်မှာ ဆောင်မှတ်ခြင်း ဖြစ်၏၊ စိတ်ကို ကိုယ်တွင်း၌ ဖြစ်စေ, ကိုယ်၏ အပ၌ဖြစ်စေ, အရာဝတ္ထုတခုခု၌ဖြစ်စေ ထားပြီး ထိုနေရာ၌ပင် တည်ရှိနေစေရန် ဆောင်မှတ်ထားခြင်းဖြစ်၏။

၇။ ဈာန—ဟူသည်မှာ ဘာဝနာပွားခြင်း သို့မဟုတ် ဈာန် ဝင် စား ခြင်း ဖြစ် ၏၊ ဓာ ရ ဏာ ဆောင်မှတ်ထားသော အာရုဝတ္ထုပေါ်၌ အလျဉ်မပြတ် စီးဆင်းနေသော ပညာတည်း။

၈။ သမာဓိ—ဟူသည်မှာ စိတ်တည်ကြည်ခြင်း ဖြစ်၏၊ ပုံသဏ္ဍာန် အလုံးစုံကို အကုန်စွန့်ပယ်၍ အနက် အဓိပ္ပါယ်သာ ထင်ဟပ် ကြွင်းကျန်ခြင်းဖြစ်၏။

ယင်းသို့လျှင် ယောဂဒဿနဥ္ စယောဂ၏ အင်္ဂါ ရှစ်ပါး ရှိ၏၊ ဤတွင် ဓာရဏာ, ဈာနနှင့် သမာဓိဟူသော အင်္ဂါ သုံးရပ်ကို တခုတည်းပေါင်းဆုံ အားထုတ်လေ့လာခြင်းကို သံယမဟုခေါ်၏၊ ယင်းသံယမကို အပြောင်း-အလဲ သုံးမျိုး ပေါ် ဖြစ်စေခြင်းဖြင့် အတိတ်, အနာဂတ်မှ အသိဉာဏ်ကို ရနိုင်၏၊ စကားလုံး အနက်အဓိပ္ပါယ်နှင့် အသိဉာဏ်ပေါ်မှာ ဖြစ်စေခြင်းဖြင့် သတ္တဝါအလုံးစုံ၏ အသံကိုနားလည်နိုင်၏၊ တစုံတယောက်၏ ကိုယ်ပေါ်တွင် သံယမပြုပါက ထိုသူ၏ စိတ်နေသဘောထားကို သိနိုင်၏။

သံယမကို ကိုယ်ပေါ်တွင် ဖြစ်စေခြင်းဖြင့် ပုံသဏ္ဍာန်ကို ခံယူတွေ့ရှိမှုတို့မှာ အဆီးအတားဖြစ်သွား၏၊ မျက်စိတွင် ထင်ရှား သိသာမှု စမ်းအင်လည်း ကွဲပြားသွား၏၊ ထိုအခါ ယောဂီ၏ ကိုယ်ကို မြင်ရတော့မည် မဟုတ်၊ စင်စစ် လူ အများက မမြင်ရခြင်းသာဖြစ်၏၊ ပုံသဏ္ဍာန်နှင့် ကိုယ်သည်

မူလအတိုင်းပင် ကွဲပြားခြားနားနေ၏၊ ပုံသဏ္ဌာန်နှင့် ကိုယ်ကို ဖြစ်စေတတ်သည့် အရာတို့ကို ခွဲခြားဆောက်ဘည်နိုင်မှသာ ဤအမှုကို ပြုနိုင်မည်၊ ပုံသဏ္ဌာန်ကို တွေ့ထိခံယူနိုင်ခြင်းမှာ ပုံသဏ္ဌာန်နှင့် ယင်းကို ဖြစ်စေတတ်သော အရာတို့၏ အဆက်အစပ်ကြောင့်ဖြစ်၏။

အကယ်၍ ဆင်မြင်း စသော သတ္တဝါတို့ ခွန်အားပေါ်တွင် သံယမပြုပါက ထိုသတ္တဝါတို့၏ ခွန်အားအသီးအသီးတို့ ယောဂီထံသို့ ရောက်လာမည်ဖြစ်၏၊ ပြိုးပြိုး-ပြက်ပြက် အလင်းရောင်ပေါ်တွင် ပြုပါက သိမ်မွေ့သောအရာ, အတားအဆီး ရှိသော အရာ, ဝေးလံသော အရာတို့၏ အကြောင်းကို ကောင်းစွာသိမည်၊ နေပေါ်တွင် ပြုပါက ဘာကမ္ဘာလုံးတွင်ရှိသော အကြောင်းအရာတို့ကို သိသော ဉာဏ်အမြင်ရမည်၊ လပေါ်တွင် သံယမပြုပါက ကြယ်နက္ခတ်တို့နှင့်ပတ်သက်သော အသိဉာဏ်ရမည် ဟူသတတ်။

[ဘယ်ကမ္ဘာဒွန်းမှာမဆို ပေါ်ပြူပါ ယပ,နိယမနှင့် အာသနတို့ ပြည့်စုံမှန်ကန်ရပါမည်။]

အပ္ပပညာ = အဆုံး အပိုင်းအခြား အကန့်အသတ် မရှိသော သတ္တဝါပညတ်၌ အာရုံပြု၍ဖြစ်သော တရားသည် အပ္ပပညာမည်၏၊ ယင်းသည် မေတ္တာ, ကရုဏာ, မုဒိတာနှင့် ဥပေက္ခာဟု ၄-ပါးအပြားရှိ၏။

၁။ မေတ္တာ = ချစ်ခင်စိုစွပ် စေးကပ်တတ်သော ကြောင့် မေတ္တာမည်၏၊ တရားကိုယ် အားဖြင့် အဒေါသ စေတသိက်ပင်တည်း၊ ချစ်ခင်မြတ်နိုး သော သတ္တဝါပညတ်ကို အာရုံပြု၏၊ ဒေါသကား ခြောက် ကပ်၏၊ မေတ္တာကား စိုစွတ်စေးကပ်၏။

၂။ ကရုဏာ = သူတပါးဆင်းရဲလျှင် သူတော်ကောင်း တို့ စိတ်နှလုံး တုန်လှုပ်ခြင်းကို တတ်သောကြောင့် ကရုဏာမည်၏၊ ကရုဏာသည် သူတပါး ဆင်းရဲကို ပယ်ရှားလိုခြင်း လက္ခဏာရှိ၏၊ ထိုဆင်းရဲခြင်းကို သည်းမခံနိုင်ခြင်း ကိစ္စ ရှိ၏။

၃။ မုဒိတာ = ထို သဘော တရားဖြင့် ထို သူတော် ကောင်းတို့သည် ဝမ်းမြောက်သော ကြောင့် မုဒိတာ မည်၏၊ ဤမုဒိတာသည် သုခိတ သတ္တဝါ ကို မြင်လျှင် ကြည်ရွှင် ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏၊ သူ တပါး၏ စည်းစိမ်ကို မငြူစူခြင်း ကိစ္စ ရှိ၏။

၄။ ဥပေက္ခာ = မုန်းချစ်မပြု သင့်တော်ရုံ ရှုတတ်သော ကြောင့် ဥပေက္ခာ မည်၏၊ မေတ္တာ ကဲ့သို့ သူတပါးတို့၏ စီးပွါးကို ဆောင်ရွက်ခြင်းလည်း မရှိ၊ ကရုဏာကဲ့သို့ သူတပါးဆင်းရဲကို ပယ်ရှားလိုခြင်းလည်းမရှိ၊ အလုံးစုံသောသတ္တဝါတို့သည် ကမ္မသကာ-ကံသာလျှင်ဥစ္စာ ရှိ၏ဟု လျစ်လျူ ရှုခြင်း ပင်တည်း။

ဗြဟ္မာတို့သည် ဤတရားလေးပါးဖြင့် နေကြသော ကြောင့် ဤတရားခလေးပါးကို ဗြဟ္မဝိဟာရတရား လေးပါး ဟုလည်း ခေါ်ကြ၏၊ စင်စစ် လူကြီးလူကောင်းတို့ ကျင့်သုံး သော တရားလေးပါးပင် ဖြစ်၏။

'သညာ'—စားသောက်ဖွယ် အစာ ဟူသမျှကို အာ ဟာရဟု ခေါ်၏၊ ထို အာဟာရ၌ စက်ဆုပ်ဖွယ်ရာဟု မှတ်ထင် လောက်အောင် ဆင်ခြင်မှုကို အာဟာရေ ပဋိကူလ သညာဟုခေါ်၏၊ ကေနိပါတ် ဝါတ မိဂ ဇာတ်တွင်—"အချင်းတို့ လောက၌ ဇိဝှါ ဝိညာဏ်ဖြင့် သိအပ်ကုန်သော အချို အချဉ် အစရှိ ကုန်သော ရသတို့၌ တပ်စွန်း ကုန်သော လောဘတို့အောက် အထူးသဖြင့် ယုတ် မာသော သဘောသည် မရှိသတတ်၊ ရသ တဏှာသည် နေ ရာတို့၌ တပ်စွန်းတတ် ကုန်သော လောဘတို့အောက် ငင်း, အဆွေ ခင်ပွန်းတို့၌ တပ်စွန်းတတ် ကုန်သော လောဘတို့ အောက်ငင်း အဆအရာ, အဆအထောင်, အဆတသိန်းဖြင့် လွန်၍ ယုတ်မာသတတ်" စသဖြင့် လာရှိ၏။

'ဝဝတ္ထာန်'—ခန္ဓာကိုယ်မှ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူ တပါး, ယောကျ်ား, မိန်းမ ဟူသော အမှတ်သညာ ကင်းပျောက်၍ ဓာတ်လေးပါးအစုအဝေးဟု ထင်မြင်လာအောင် ခန္ဓာကိုယ်ရှိ ဓာတ်လေးပါးကို ပိုင်းခြား မှတ်သားသော ဉာဏ်သည် ဓာတု ဝဝတ္ထာန် မည်၏၊ ဓာတ် လေးပါးမှာ ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော

မဟာဘုတ်လေးပါး ဖြစ်၏၊ ဤခန္ဓာကိုယ်သည် ၃၂-ကောဋ္ဌာသ အစုအဝေးသာ ဖြစ်၏၊ ယင်းသည် ပထဝီဓာတ် ၂၀, အာပေါဓာတ် ၁၂-ပါး, တေဇောဓာတ် ၄-ပါးနှင့် ဝါယောဓာတ် ၆-ပါး တို့သာ ဖြစ်ကြောင်း ပိုင်းခြား မှတ်သားရန် ဖြစ်၏။

'အာရုပ္ပ'-ကသိုဏ်း ကိုးပါးတို့၏ ပဋိဘာဂနိမိတ်ကို ခွါ၍ ရအပ်သော, ကောင်းကင်ဟု ဆိုအပ်သော, ဥပါဒ်-ဌီ-ဘင် အားဖြင့် အပိုင်း အခြား မရှိသော, ပညတ်အာရုံသာလျှင် အာရုံပြုသောအားဖြင့် တည်ရာရှိကုန်သော အာကာသာနဉ္စာယတန စျာန်တို့သည် လေးပါးသော အာရုပ္ပ ကမ္မဋ္ဌာန်းတို့ မည်၏။

ဤကား သမထ ကမ္မဋ္ဌာန်း ၄၀-ဖြစ်၏။

# သပ္ပါယဘေဒ

'သပ္ပါယဘေဒ' ဟူသည်မှာ မိမိ စရိုက်နှင့် သင့်လျော်လျောက်ပတ်သောကမ္မဋ္ဌာန်းအပြား ဖြစ်၏၊ သမထ ကမ္မဋ္ဌာန်း ၄၀-ရှိ၏၊ စရိုက်ကား ၆-မျိုးရှိ၏၊ ဘယ်စရိုက် ရှိသူသည် ဘယ်ကမ္မဋ္ဌာန်းနှင့် သင့်လျော်သည့် အပြားကို ပြဆိုခြင်း ဖြစ်၏။

'စရိုက်' ရိုးရိုး လူထက် ပို၍ ဖြစ်ခြင်းကို စရိုက်ဟုခေါ်၏၊ ရာဂစရိုက်ရှိသူသည်ဒေါသမောဟ ဖြစ်လောက်သော အာရုံနှင့် တွေ့ကြုံ သော်လည်း မဖြုံလှ၊ ရှောင်ကြဉ်နိုင်သေး၏၊ ရာဂ ဖြစ်လောက်သော အာရုံနှင့် တွေ့ကြုံပါမူကား မချုပ်တည်းနိုင်ဖြစ်၏၊ အခြားစရိုက်များလည်း ဤနည်း အတူပင် ဖြစ်၏။

မည်သည့် သူနှင့် မည်သည့် စရိုက် ရှိမည်ကိုကား အောက်ပါ ငါးချက်ဖြင့် အကဲခတ်ဆုံးဖြတ်နိုင်၏၊ အသွားအလာ အနေအထိုင်စသော ဣရိယပုတ်ဖြင့်၎င်း, အလုပ်အကိုင်လုပ်ပုံကိုင်ပုံ၎င်း, စားသောက်လေ့ရှိသော အစာ အာဟာရဖြင့်၎င်း, အာရုံကို ကြည့်ရှုနားထောင်ပုံ စသည်ဖြင့်၎င်း, ကောင်း-မကောင်းသော ကိုယ်ကျင့်ဖြင့်၎င်း ထိုသူ၏ စရိုက်ကိုသိနိုင်၏။

၁။ ရာဂ စရိုက် ရှိသူသည် အသွားအလာအနေအထိုင် ယဉ်ကျေးသိမ်မွေ့၏၊ အဝတ် တန်ဆာ ဆင်ယင်မှု သေသပ်၏၊ ချိုဆိမ့် မွေးကြိုင်သော အစာအာဟာရကိုကြိုက်၏၊ သာယာနာပျော်ဖွယ် ကောင်းသော အာရုံနှင့်တွေ့လျှင် မခွါနိုင်ဖြစ်၏၊ပရိယာယ် မာယာများ၏၊ ကောက်ကျစ်စဉ်းလဲ၏၊ လောဘရမ္မက် ထွက်၏၊ မာန်မာန ကြီး၏၊ ထိုသူသည် အသုဘ ဆယ်ပါးနှင့် ကာယဂတာသတိဟု ဆိုအပ်သော ကောဋ္ဌာသ ဘာဝနာ ကမ္မဋ္ဌာန်းကိုစီးဖြန်း သင့်၏။

၂။ ဒေါသ စရိုက် ရှိသူသည် အသွား အလာ အနေ အထိုင် ရုံ့ရင်း ကြမ်းတမ်း၏၊အလုပ်ကိစ္စကို သေသေသပ်သပ်ပြုလုပ်လေ့မရှိ၊ ချဉ်ငန်စပ်ရှား စူးခါးသော အရသာကို ကြိုက်၏၊ မနှစ်သက်သော အာရုံနှင့် တွေ့ကြုံလျှင် ယမ်းပုံမီးကျ ဒေါသ ဖြစ်၏၊ ဆဲဆို ငေါက်ငန်း ကြမ်းတမ်း စိတ်တို၏၊ ရန်ငြိုးဖွဲ့တတ်၏၊ ဣဿာ မစ္ဆရိယ များ၏၊ သူတပါး ဂုဏ်ကျေးဇူးကို ချေဖျက်တတ်၏၊ ဂုဏ်တုဂုဏ်ပြိုင်လုပ်တတ်၏၊ ဆိုဆုံးမခက်၏၊ ဒေါသကြီး၏၊ ဤသို့သော သူသည် အပ္ပမညာ, နီလ, ပီတ, လောဟိတနှင့်သြဒါတ ကသိုဏ်းတို့ကို စီးဖြန်း သင့်၏။

၃။ မောဟ စရိုက် ရှိသူသည် အနေ အထိုင် အသွား အလာ ဝေးမှိုင် ပေါ့ပျက် ရှုပ်ရှက်တတ်၏၊ လုပ်ငန်းကိစ္စအဝေဝေအထွေထွေ၌ ပွေပွေသီလီလုပ်တတ်၏၊

စား သောက် ရဝယ် ဘယ်အရာကို ကြိုက်နှစ်သက်သည် ဟု သတ်မှတ်ချက်မရှိ၊မိမိကိုယ်ပိုင်ဉာဏ်ဖြင့် အကောင်းအဆိုး အမှားအမှန်ကို မဝေဖန်တတ်၊ သူတပါး နောက်ယောင်ခံပြီး ပြောဆိုတတ်၏၊ သတိ-ပညာ ကင်း၏၊ ထိန-မိဒ္ဓ, ဥဒ္ဓစ္စတို့နှင့် သာ ထိုင်းမှိုင်း ပြန့်လွင့်နေ၏၊ ဤသို့သော လူသည် အာနာ ပါနဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသင့်၏။

၄။ ဝိတက် စရိုက် ရှိသူသည် မောဟ စရိုက် ရှိသူနှင့် မခြားနားလှ၊ အတွေး-အခေါ် အကြံသာ များပြီး အလုပ် ကိစ္စ မပြီးဘဲ မျောနေ တတ်၏၊ ကုသိုလ်ကောင်းမှု ဆိုင်ရာတို့၌ အစွမ်းမရှိ ပျင်းရိ၏၊ မိမိကဲ့သို့ သောသူများနှင့် ထွေရာလေးပါးစကားများပြီး အချိန်ဖြုန်း တတ်၏၊ ဤသို့သောသူသည်လည်း အာနာပါနဿတိကိုပင် စီးဖြန်းသင့်၏။

၅။ သဒ္ဓါစရိုက် ရှိသူသည် သွားလာနေထိုင် လုပ်ကိုင် မှုတို့တွင် ရာဂစရိုက် ရှိသူနှင့် တူ၏၊ ဆိုရာတွင် ပရိယာယ် မာယာ မရှိ၊ ကြည်လင် ရွှင်လန်းစွာ ပေးကမ်းလှူဒါန်းလေ့ရှိ၏၊ ဘာသာတရားကို လေးစားမြတ် နိုး၏၊ ဤသို့သော သူသည် ဗုဒ္ဓါနုဿတိ စသော အနုဿတိ ၆ -ပါးကို စီးဖြန်းသင့်၏။

၆။ ဗုဒ္ဓိ စရိုက်ရှိသူဟူသည် ပညာစရိုက် ရှိသူပင် ဖြစ်၏၊ ထိုသူ၏ သွားလာနေ ထိုင်လုပ်ကိုင်မှု တို့သည်ဒေါသစရိုက်ရှိသူနှင့်ဆင်ဆင်တူ၏၊ဆိုရာတွင် ရိုးရင်း

ကြွမ်းတန်းစွာ ဆဲဆိုကြိမ်းမောင်းခြင်းမရှိ၊ ဆိုဆုံးမလွယ်၏၊ စားသောက်ဖွယ်တို့၌ သင့်-မသင့်ကို နိုင်းချင့် စားလေ့ရှိ၏၊ ကုသိုလ်ကောင်းမှုပြုရန်စိတ်အားထက်သန်၏၊ဤသို့သော သူသည် မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ သညာ၊ ဝဝတ္ထာန် ကမ္မဋ္ဌာန်းတို့ကိုစီးဖြန်းသင့်၏။

ဤဆိုခဲ့သော ကမ္မဋ္ဌာန်း ၃၀-မှကြွင်းသော ကမ္မဋ္ဌာန်း ၁၀-ပါးတို့ကိုကား မည်သည့်စရိုက်ရှိသူမဆို စီးဖြန်းနိုင်၏၊ ပြန့်ပြောသောကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူနှင့် လျော်ကပ်၏၊ ငယ်သောကသိုဏ်းဝန်းသည် ဝိတက်စရိုက်ရှိသူနှင့် လျော်ကပ်၏။

## ဘာဝနာ ဘေဒ

ဘာဝနာ သည် ပရိကမ္မဘာဝနာ, ဥပစာရ ဘာဝနာ နှင့် အပ္ပနာဘာဝနာဟု ၃-ပါးအပြားရှိ၏၊

ထိုတွင်—

၁။ ပရိကမ္မ ဘာဝနာ– ဟူသည်ကား အထက်-အထက် ဖြစ်သော ဘာဝနာကို ပြုပေးတတ်သော ကြောင့် ပရိကမ္မမည်၏ ဟူသည်နှင့်အညီ ကမ္မဋ္ဌာန်းအာရုံ တခုခုကို အာရုံပြု၍ ပထဝီ-ပထဝီ စသည်ဖြင့် နှုတ်ကရွတ်ဆို၍ ၄င်း, စိတ်ကမှန်း၍၎င်း, ရှေးဦးစွာ စီးဖြန်းပွားများမှုကို ပရိကမ္မဘာဝနာဟု ခေါ်၏၊ မည်သည့် ကမ္မဋ္ဌာန်းမဆို ဤပရိကမ္မဘာဝနာနှင့် မကင်း၊ ဤဘာဝနာကို အစတည် ၍သာ အထက်ထက် ဘာဝနာကို တက်ကြရ၏၊ ကမ္မဋ္ဌာန်း အလုံးစုံ၌ ပရိကမ္မဘာဝနာ ရသည်သာတည်း။

၂။ ဥပစာရ ဘာဝနာ–ဟူသည်ကား အပ္ပနာဘာဝနာ ၏ အနီး၌ဖြစ်တတ်သောကြောင့် ဥပစာရ မည်၏၊ ဗုဒ္ဓါနုဿတိစသော အနုဿတိ ၈-ပါး, အာဟာရေ ပဋိကူလသညာ, စတုဓာတု ဝဝတ္ထာန်အားဖြင့် ကမ္မဋ္ဌာန်း ၁၀-ပါးတို့၌ ဥပစာရဘာဝနာကိုသာ ရနိုင်၏။

၃။ အပ္ပနာ ဘာဝနာ–ဟူသည်ကား ဥပစာရဘာဝနာ ထက် လွန်ကဲ၍ စွဲမြဲစွာအာရုံ၌ သက်ဝင် တည်နေတတ်သောကြောင့် အပ္ပနာမည်၏၊ ဥပစာရဘာဝနာ

ထက် ခိုင်မြဲစွာ အာရုံ၌ တည်နေသော စျာန်များကို အပ္ပနာ ဘာဝနာဟုခေါ်၏၊ ဥပစာရ ဘာဝနာသာ ရနိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါးမှ ကြွင်းသော ကမ္မဋ္ဌာန်း ၃၀-တို့၌ အပ္ပနာဘာဝနာလည်း ပြည့်စုံ၏။

ထိုအမျှ ၃၀-သော ကမ္မဋ္ဌာန်းတို့တွင် ကသိုဏ်း ၁၀-ပါး အာနာပါနဿတိ အားဖြင့် ကမ္မဋ္ဌာန်း ၁၁-ပါးတို့သည် စျာန်ငါးပါး အကုန်ရနိုင်၏။

အသုဘ ၁၀-ပါး, ကာယဂတာသတိအားဖြင့် ကမ္မဋ္ဌာန်း ၁၁-ပါးတို့သည် ပဌမစျာန် တပါးသာ ရနိုင်၏။

မေတ္တာ, ကရုဏာ, မုဒိတာ ဟူသော ကမ္မဋ္ဌာန်း ၃-ပါး တို့သည် ပဌမ, ဒုတိယ, တတိယနှင့် စတုတ္ထဟူသော စျာန် လေးပါးကို ရနိုင်၏။

ဥပေက္ခာ ကမ္မဋ္ဌာန်းသည် ပဥ္စမစျာန်ကို ရစေနိုင်၏။

ဤဆိုအပ်ခဲ့ပြီးသော ကမ္မဋ္ဌာန်း ၂၆-ပါးတို့သည် ရူပါ ဝစရစျာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းတို့ဖြစ်ကြ၏၊ အာရုပ္ပ ကမ္မဋ္ဌာန်း ၄-ပါးတို့သည် အရူပါဝစရစျာန်ကို ရစေနိုင် ကြ၏။

# နိမိတ္တဘေဒ

နိမိတ္တဘေဒ– နိမိတ္တ သဒ္ဒါသည် အကြောင်းဟူသော အနက်ကို ဟော၏၊ ဘာဝနာ၏ အကြောင်း ဖြစ်သော အာရုံသည် နိမိတ် မည်၏၊ ယင်းနိမိတ် သည် ပရိကမ္မနိမိတ် ဥဂ္ဂဟ နိမိတ်နှင့် ပဋိဘာဂ နိမိတ်ဟု သုံးမျိုးရှိ၏၊ ထိုတွင်–

၁။ ပရိကမ္မနိမိတ် = ပရိကမ္မဘာဝနာ၏ အာရုံသည် ပရိကမ္မ နိမိတ်မည်၏၊ ရှေးဦးစွာ ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီ၏ ပကတိမျက်စိဖြင့် ကြည့်၍ အာရုံပြုအပ်သော ပထဝီ ကသိုဏ်းဝန်း စသည်ပင်တည်း၊ ထိုနိမိတ်ကို အာရုံပြု၍ စီးဖြန်းသော ဘာဝနာသည် ပရိကမ္မ ဘာဝနာမည်၏။

၂။ ဥဂ္ဂဟနိမိတ် = ကမ္မဋ္ဌာန်းစီးဖြန်း၍ စိတ်၌ အတော် စွဲလမ်းသည့်အခါ စက္ခုဝိညာဏ်ဖြင့် မြင်အပ်သကဲ့သို့၊ မနောဒွါရအား ထိုပထဝီစသော ကသိုဏ်း ဝန်းသည် ထင်လာ၏၊ မနောဒွါရိက စိတ်ဖြင့် ထိုကသိုဏ်း ဝန်း အာရုံကို ထင်ထင်ရှားရှား ယူနိုင်၏၊ ထိုအခါ ထင်လာသော ကသိုဏ်းအာရုံသည် ဥဂ္ဂဟနိမိတ် မည်၏၊ ထိုနိမိတ်ကို အာရုံပြု၍စီးဖြန်းသောဘာဝနာသည်ပရိကမ္မသမာဓိမည်၏။

၃။ ပဋိဘာဂနိမိတ် = ဥဂ္ဂဟနိမိတ်ထက်သည် မှစ၍ ထို သို့သော အခြင်းအရာ အားဖြင့် တည်ကြည်သည်ဖြစ်၍ ဥဂ္ဂဟနိမိတ်ကို ပရိကမ္မသမာဓိဖြင့်

အဖန်တလဲလဲ စီးဖြန်းသော ယောဂီအား ထိုနိမိတ်နှင့်တူသော, ကသိုဏ်းအပြစ်မှ လွတ်သော, ပညတ်ဟု ဆိုအပ်သော ဘာဝနာဖြင့် ကသိုဏ်းအာရုံသည် မနောဒွါရိကစိတ်၌ ကောင်းစွာ ထင်လာသောအခါ ပဋိဘာဂနိမိတ် ဖြစ်ပြီဟု မှတ်အပ်၏။

ရူပါဝစရစျာန် = ပဋိဘာဂနိမိတ်ထင်သည်မှ နီဝရဏ တားရန်ကို ပယ်ပြီးသည် ရှိသော် ကာမာဝစရသမာဓိဟုဆိုအပ်သော ဥပစာရသမာဓိ ပြည့်စုံသည်မည်၏၊ ထို့နောက်ယင်း ပဋိဘာဂ နိမိတ်ကိုပင်ဥပစာရသမာဓိဖြင့် အဖန်တလဲလဲ စီးဖြန်းသော ယောဂီအား ရူပါဝစရ ပဌမစျာန်ဖြစ်၏၊ ထို ယင်း ပဌမ စျာန်ကိုပင် 'ဝသီဘော်ငါးပါး'ဖြင့်အဖန်ဖန်လေ့လာ၍ ဝိတက်စသည့် ရုန့်ရင်းသော စျာန်အင်္ဂါကို ပယ်ရန်နှင့် ဝိစာရစသည့် သိမ်မွေ့သော စျာန်အင်္ဂါကို ဖြစ်စေရန် အဖန်ဖန် စီးဖြန်းသော ယောဂီအား အစဉ်အတိုင်း ဒုတိယ, တတိယ, စတုတ္ထနှင့် ပဥ္စမစျာန်တို့ ဖြစ်ပေါ်လာ၏၊ ထိုတွင်—

'ဝသီဘော်'—ဟူသည်မှာ စွမ်းနိုင်ခြင်း ဖြစ်၏၊ ယင်းတို့သည် အောက်ပါအတိုင်း ငါးမျိုးဖြစ်၏၊

၁။ အာဝဇ္ဇန ဝသီဘော်—စျာန်အင်္ဂါတို့ကို ဆင်ခြင်မှု၌ စွမ်းရည် သတ္တိ ရှိသူ၏ အဖြစ်သည် အာဝဇ္ဇန ဝသီဘော် မည်၏။

၂။ သမာပဇ္ဇန ဝသီဘော်—ဈာန်ဝင်စားခြင်း၌စွမ်းရည် သတ္တိရှိသူ၏ အဖြစ်သည် သမာပဇ္ဇန ဝသီဘော် မည်၏။

၃။ အဓိဋ္ဌာန ဝသီဘော်—ဘဝင်ကိုလွှမ်းမိုး၍ ဈာန် အစဉ်ကို ထားခြင်း၌ စွမ်းနိုင်ခြင်းသည် အဓိဋ္ဌာန ဝသီဘော် မည်၏၊ ဈာန် စိတ်ချည်းဆက်၍ဖြစ်နေခြင်းတည်း၊ ယင်းကို ဈာန် ဝင် စား သည် ဟု ခေါ်၏။

၄၊ ဝုဋ္ဌာန ဝသီဘော်—ကာလ အပိုင်းအခြား အတိုင်း ဈာန်မှ ထခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်သည် ဝုဋ္ဌာန ဝသီဘော် မည်၏။

၅။ ပစ္စဝေက္ခဏ ဝသီဘော်—ဈာန် အင်္ဂါ ဆင်ခြင်မှု၌ စွမ်းနိုင် သည်၏ အဖြစ် သည် ပစ္စဝေက္ခဏ ဝသီဘော် မည်၏။

ဤဆိုခဲ့သော နည်းဖြင့် ကသိုဏ်း ၁၀-ပါး, ကာယ ဂတာ သတိ, အာနာပါနဿတိ ဟူသော ကမ္မဋ္ဌာန်း ၂၂-ပါး တို့၌ ပဋိဘာဂနိမိတ်ကို ရ၏၊ ကြွင်းသော ကမ္မဋ္ဌာန်း၁၈-ပါး တို့တွင် အပ္ပမညာ ၄-ပါးသို့သည် သတ္တဝါပညတ်၌ ဖြစ်၏။

အရူပါဝစရ်စျာန် = အာကာသကြဉ်သောကသိုဏ်း၉-ပါး
တွင် တစုံတခုသောကသိုဏ်းကို ခွါ၍
ရသော ကောင်းကင် ပညတ် အာရုံကို အဆုံးမရှိသည်၏ အ
စွမ်းဖြင့် အဖန် တလဲလဲ အားထုတ်သော ယောဂီအား ပဌမ
အရူပစျာန်သည် အပ္ပနာ၏အစွမ်းဖြင့်ဖြစ်၏၊ ထိုပဌမ အရူပ
ဝိညာဏ်အဆုံးမရှိသည်၏အစွမ်းဖြင့် အဖန်တလဲလဲအားထုတ်
သော ယောဂီအာ- ဒုတိယ အရူပ စျာန်သည် အပ္ပနာ၏
အစွမ်းဖြင့် ဖြစ်၏၊ ထိုပဌမ အရူပဝိညာဏ် မရှိခြင်းတည်းဟူ
သော နတ္ထိဘော ပညတ်ကို အာရုံပြု၍ "ပဌမ အရူပဝိညာဏ်
တစုံတရာ မရှိ" ဟု အဖန် တလဲလဲ အားထုတ်သော ယောဂီ
အား တတိယအရူပစျာန်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏၊
ကိုတတိယအရူပဝိဉာဏ်သည် "ငြိမ်သက်မြင့်မြတ်၏" ဟုအဖန်
တလဲလဲ အားထုတ်သော ယောဂီအား စကုတ္ထ အရူပ စျာန်
သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏။

ဤဆိုခဲ့ပြီးသည်မှ ကြွင်းသော ကမ္မဋ္ဌာန်း ၁၀-ပါးတို့၌
ဘုရားဂုဏ်တော်အစရှိသော အာရုံကို ကောင်းစွာအာရုံပြု၍
စီးဖြန်းသော ယောဂီအား ပရိကမ္မ သမာဓိနှင့် ဥပစာရ
သမာဓိ နှစ်ပါးသာ ပြည့်စုံ၏။

အဘိညာဉ် ၏ အစွမ်းဖြင့် ဖြစ်သော ရူပါဝစရ ပဥ္စမ
စျာန်သည် အဘိညာဉ် အခြေဖြစ်သော ပဥ္စမစျာန်မှ ထ၍
အဓိဋ္ဌာန်ခြင်း အစ ရှိသည်ကို အဖန်တလဲလဲ စီးဖြန်းသော
ယောဂီအား အဆင်း အစရှိသော အာရုံ၌ ထိုက်သည်အား
လျော်စွာ အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။

အဘိညာဉ် = သမာဓိ အားကောင်းလှသည့် အတွက် သတ္တိ ထက်မြက်၍ အထူး သိတတ်သော ရူပပဉ္စမစျာန်၌ရှိသော ဉာဏ်သည်ပင် အဘိညာဉ်မည်၏၊ ယင်းသည် အောက်ပါအတိုင်း ငါးမျိုး ရှိ၏။

၁။ ဣဒ္ဓိဝိဓ အဘိညာဉ်—ပြီးစီး အောင်မြင် တတ်သော ကြောင့် ဣဒ္ဓိမည်၏၊ တန်ခိုး အမျိုးမျိုး ရှိသော ဉာဏ်-တန်ခိုးအမျိုးမျိုးကို ဖြစ်စေနိုင်သော ဉာဏ်ဖြစ်၏၊ ယင်းဣဒ္ဓိတို့သည် အများဖြစ်ခြင်း စသည်တို့ အဓိဋ္ဌာန်ပြုသော အဓိဋ္ဌာနိဒ္ဓိ၊ အထူးထူးသော အသွင် အဆောင်ကို ပြုလုပ်ဆောင်ပြခြင်း ဝိကုဗ္ဗနိဒ္ဓိ၊ စိတ်ကြောင့်ဖြစ်သော မနောမယိဒ္ဓိစသဖြင့် အမျိုးမျိုး ရှိ၏။

၂။ ဒိဗ္ဗသောတအဘိညာဉ်—နတ်ဗြဟ္မာ တို့၏ ထူး မြတ်သော ကံကြောင့်ဖြစ်သော သောတ ပသာဒသည် သည်းခြေ သွေး လေစသည် အနှောင့်အယှက် မရှိ၍ အလွန် ကြည်လင်သန့်ရှင်း၏၊ ထို့ကြောင့် ဝေးကွာသော အသံ၊ သိမ်မွေ့ စွာသော အသံကို ကြားစွမ်းနိုင်၏၊ ဤ ဒိဗ္ဗသောတ အဘိညာဉ်လည်း ထူးခြားသော သမာဓိကြောင့် ဖြစ်၍ ထိုကဲ့သို့သော အသံမျိုးကို ကြားနိုင်၏။

၃။ ပရစိတ္တ ဝိဇာနနအဘိညာဉ်—သူတပါးတို့၏ စိတ်ကို သိစွမ်းနိုင်သော အဘိညာဉ် တည်း၊ စေတောပရိယ အဘိညာဉ်ဟုလည်း ခေါ်၏။

၄။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်—ရှေး၌ဖြစ်ခဲ့ဘူးသော ဘဝအစဉ် ခန္ဓာအစဉ်တို့ကို အဖန်တလဲလဲ အောက်မေ့ နိုင်သော အဘိညာဉ်တည်း။

၅။ ဒိဗ္ဗစက္ခု အဘိညာဉ်—နတ်ဗြဟ္မာတို့၏ မျက်စိကဲ့သို့ ဝေးကွာသော အဆင်း, သိမ်မွေ့ သေးငယ်သော အဆင်း တို့ကို ထူး သော သမာဓိကြောင့် သိမြင်နိုင်သော အဘိညာဉ်တည်း၊ စုတိကာနီးသူ, ပဋိသန္ဓေနေပြီးစသူ ကိုလည်း သိမြင်နိုင် သောကြောင့် စုတူပပါတ ဉာဏ်ဟုလည်း ခေါ်၏။

သမထကမ္မဋ္ဌာန်းမှာ ဗုဒ္ဓ သာသနာ၏ [illegible] ငန်းကားမဟုတ်၊ သို့ရာတွင် ဗုဒ္ဓဝါဒ၏အဓိကဖြစ်သော [illegible] ဖိုလ် နိဗ္ဗာန်ကို များစွာအထောက်အကူပြုနိုင်၏၊ ထို့ကြောင့် ရှေးအခါက သူတော်-သူမြတ်တို့သည် ယင်းသမထကမ္မဋ္ဌာန်းကို ရှေးဦးစွာအခြေခံကြခြင်း ဖြစ်၏။ သမထ ကမ္မဋ္ဌာန်း၏ အနှစ်သာရမှာ အဘိညာဉ်ဖြစ်၏၊ အဘိညာဉ်ကို ရှေးကသာ ရသည်မဟုတ် အားထုတ်လျှင် ယခုလည်း ရနိုင်၏၊ နောက်လည်း ရမည်၊ ဘယ်အခါမဆို ရနိုင်၏၊ သို့ပါလျက် မရပါလျှင် တဖက်ဖက်က ချွတ်ယွင်းချက်ရှိမည်၊ ယင်းသို့အားထုတ်လျှင် ဤသို့ဖြစ်မည်ဟုဆိုသော သိုက်စာ စကားမှားယွင်း၍လည်း ဖြစ်မည်၊ သိုက်တူးသူတို့၏ မှားယွင်းခြင်းလည်း ရှိမည်၊ သမထသည် ဝိပဿနာနှင့်စာလျှင် များစွာ နိမ့်၏။

သို့ပါလျှက် သာမညမျှ အောင်မြင် ပေါက်ရောက်ခြင်း မရှိပါလျှင် ဝိပဿနာနှင့်ပတ်သက်၍ ဝေဖန်ရန် ခက်လှသည် တစုံတယောက်မျှ တန်ခိုး အဘိဉာဉ်ကို မပြနိုင် သည်မှာ ဝမ်းနည်းဖွယ်ရာဟုသာ ဆိုရပါတော့မည်။

## ဝိပဿနာ ကမ္မဋ္ဌာန်း

ဝိပဿနာ ကမ္မဋ္ဌာန်းနှင့် စပ်လျဉ်းသော အချက် အလက်တို့မှာ ဝိသုဒ္ဓိ ၇-ပါး၊ လက္ခဏာရေး ၃-ပါး၊ အနု ဝိပဿနာ ၃-ပါး၊ ဝိပဿနာဉာဏ် ၁၀-ပါး၊ ဝိမောက္ခ ၃-ပါး နှင့် ဝိမောက္ခမုခ ၃-ပါးတို့ ဖြစ်၏။

### ဝိသုဒ္ဓိ ၇-ပါး

'ဝိသုဒ္ဓိ' ဟူသည်မှာ အထူးသဖြင့် သန့်ရှင်းစင်ကြယ် ခြင်း ဖြစ်၏၊ အထူး စင်ကြယ်ရမည် တို့မှာ· သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိ ဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိနှင့် ဉာဏဒဿန ဝိသုဒ္ဓိဟု ၇-ပါး အပြား ရှိ၏။

၁။ သီလ ဝိသုဒ္ဓိ—သီလ၏ စင်ကြယ်ခြင်းကို သီလဝိသုဒ္ဓိ ဟု ခေါ်၏၊ သီလ ဟူသည်မှာ ကာယကံ, ဝစီကံ, မနောကံ ဒုစ္စရိုက်မှုတို့ မဖြစ်ရအောင် ကိုယ်, နှုတ်ကိုစောင့်စည်းခြင်းတည်း၊ ယင်းသီလသည်လည်း ပါတိမောက္ခ သံဝရသီလ, ဣန္ဒြိယသံဝရ သီလ, အာဇီဝပါရိသုဒ္ဓိ သီလနှင့် ပစ္စယသန္နိဿိတ သီလဟု ၄-ပါး အပြား ရှိ၏။

(က) ပါတိမောက္ခသံဝရ သီလ = ပါတိမောက္ခကို ပါတိမောက်ဟု ခေါ်၏၊ ရဟန်းတို့ ထိန်းသိမ်းစောင့်ရှောက်သော ၂၂၇ သွယ်သော သိက္ခာပုဒ်အပေါင်း ဖြစ်၏၊ ယင်း သိက္ခာပုဒ် အပေါင်းသည် ပါတိမောက္ခသံဝရသီလမည်၏။

(ခ) ဣန္ဒြိယသံဝရ သီလ = စက္ခု စသော ဣန္ဒြေကို ကောင်းစွာ လုံခြုံအောင် စောင့်ရှောက်ခြင်းသည်ဣန္ဒြိယသံဝရသီလ မည်၏။

(ဂ) အာဇီဝ ပါရိသုဒ္ဓိ သီလ = သူတော်ကောင်း တို့ စက်ဆုပ်သော မိစ္ဆာဇီဝ အမှုဖြင့် ရအပ် သော ပစ္စည်းကို ရှောင်ကြဉ်၍ တရားသဖြင့်ရသော ဓမ္မိယလဒ္ဓ ကပ္ပိယပစ္စည်း ၄-ပါး ကိုသာ မှီဝဲ သုံးဆောင်၍ အသက် မွေးခြင်း သည် အာဇီဝ ပါရိသုဒ္ဓိ သီလ မည်၏။

(ဃ) ပစ္စယသန္နိဿိတ သီလ = တရားသဖြင့် ရသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသော ပစ္စည်း ၄-ပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင် မှီဝဲခြင်းသည် ပစ္စယ သန္နိဿိတ သီလမည်၏။

ဤသီလ ၄-ပါးကို စတုပါရိသုဒ္ဓိ သီလဟု ခေါ်၏၊ သက်ဝန်းကျင်စင်ကြယ်သော သီလ ၄-ပါးဟု ဆိုလို၏၊ ဤ သီလ ၄-ပါး ပြည့်စုံလုံခြုံမှ သီလ ဝိသုဒ္ဓိ ဖြစ်မည်။

၂။ စိတ္တဝိသုဒ္ဓိ—ဥပစာရသမာဓိ အပ္ပနာသမာဓိ၏ စင်ကြယ်ခြင်းသည် စိတ္တ ဝိသုဒ္ဓိ မည်၏။

၃၊ ဒိဋ္ဌိ ဝိသုဒ္ဓိ—မှတ်ကြောင်းလက္ခဏာ, ကိစ္စ စသည်တို့ အစွမ်းဖြင့် နာမ်ရုပ်တို့ကို သိမ်းဆည်းသော ဉာဏ်၏ စင်ကြယ်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏၊ အမြင် သို့မဟုတ် အယူ စင်ကြယ်ခြင်း ပင်တည်း။

၄။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ—နာမ် ရုပ် နှစ်ပါး၏ အကြောင်းတရားကို သိမ်းဆည်းသည် ဖြစ်၍ ယုံမှားခြင်းကို လွန်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်၏။

၅။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ = ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်ကို သိမ်းဆည်းသော အားဖြင့် မဂ် ဟုတ်သည်-မဟုတ် သည်ကို သိမြင်နိုင်

သော ဉာဏ်၏စင်ကြယ်ခြင်းသည် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

၆။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ = ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာ နုလောမ ဉာဏ် တိုင် အောင် ဝိပဿနာဉာဏ် ၉-ပါးဟု ဆိုအပ်သော မဂ် တည်းဟူသော ဉာဏဒဿန ဝိသုဒ္ဓိ၏အကျင့်ဖြစ်သော ဉာဏ်အမြင် စင်ကြယ် ခြင်းသည် ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိမည်၏။

၇။ ဉာဏဒဿန ဝိသုဒ္ဓိ = နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ် ဉာဏ်၏ စင်ကြယ်ခြင်းသည် ဉာဏ ဒဿန ဝိသုဒ္ဓိမည်၏။

## လက္ခဏာရေး ၃-ပါး

'လက္ခဏာ' ဟူသည်မှာ မှတ်ကြောင်း ဖြစ်၏၊ ယင်းသည် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ဟု ၃-ပါး အပြားရှိ၏။

၁။ အနိစ္စလက္ခဏာ။ ခန္ဓာ ငါးပါး ရုပ်နာမ်တရား၏ မမြဲသော အဖြစ်ဖြင့် မှတ်ကြောင်းသည် အနိစ္စလက္ခဏာ မည်၏။

၂။ ဒုက္ခ လက္ခဏာ = ခန္ဓာ ငါးပါး ရုပ်နာမ်တရား၏ ဆင်းရဲသော အဖြစ် ဖြင့် မှတ်ကြောင်းသည်ဒုက္ခလက္ခဏာမည်၏။

၃။ အနတ္တ လက္ခဏာ = ခန္ဓာ ငါးပါး ရုပ်နာမ်တရား၏ အတ္တမဟုတ်သော အဖြစ်ဖြင့် မှတ်ကြောင်းသည် အနတ္တလက္ခဏာ မည်၏။

## အနုပဿနာ ၃-ပါး

အနုပဿနာ ဟူသည်မှာ အဖန်တလဲလဲ ရှုဆင်ခြင်ခြင်း ဖြစ်၏၊ ယင်းသည် အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာနှင့် အနတ္တာနုပဿနာဟု ၃-ပါးအပြားရှိ၏။

အနိစ္စာ နုပဿနာ (အနိစ္စအနုပဿနာ) = ခန္ဓာငါးပါး သင်္ခါရတရားတို့ကို မမြဲသောအားဖြင့် အဖန်တလဲလဲ ရှုခြင်းသည် အနိစ္စာနုပဿနာ မည်၏။

ဒုက္ခာနုပဿနာ (ဒုက္ခအနုပဿနာ) = ခန္ဓာ ငါးပါး သင်္ခါရတရားတို့ကို ဆင်းရဲသောအားဖြင့် အဖန်တလဲလဲ ရှုခြင်းသည် ဒုက္ခာနုပဿနာ မည်၏။

အနတ္တာနုပဿနာ (အနတ္တာ အနုပဿနာ) ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အတ္တမဟုတ်သော အားဖြင့် အဖန်တလဲလဲ ရှုခြင်းသည် အနတ္တာနုပဿနာမည်၏။

**ဝိပဿနာဉာဏ် ၁၀-ပါး**

၁။ သမ္မသနဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့ကို လက္ခဏာရေး သုံးပါးအားဖြင့် သုံးသပ်၍ ဖြစ်သော ဉာဏ်သည် သမ္မသနဉာဏ် မည်၏။

၂။ ဥဒယဗ္ဗယဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်း- ပျက်ခြင်း နှစ်ပါးကို အဖန်တလဲလဲ ရှုသောအစွမ်းဖြင့် ဖြစ် သော ဉာဏ် သည် ဥဒယဗ္ဗယဉာဏ် မည်၏။

၃။ ဘင်္ဂဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ပျက် ခြင်း တပါး ကို သာ အဖန်တလဲလဲ ရှုသော အစွမ်းဖြင့်ဖြစ်သော ဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

၄။ ဘယဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အလွန်ကြောက်သင့်ဖွယ် ဘေးကြီးဟု အဖန်တလဲလဲရှုသော အစွမ်းအားဖြင့်ဖြစ်သော ဉာဏ်သည် ဘယဉာဏ် မည်၏။

၅။ အာဒီနဝဉာဏ် = ဘေးကြီးဟု ထင်မြင်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အပြစ်ဟု ရှုသော အစွမ်းအားဖြင့် ဖြစ်သောဉာဏ်သည် အာဒီနဝ ဉာဏ် မည်၏။

၆။ နိဗ္ဗိဒါဉာဏ် = အပြစ်ဟု ထင်မြင်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ငြီးငွေ့သော အစွမ်းဖြင့်ဖြစ်သောဉာဏ်သည် နိဗ္ဗိဒါဉာဏ် မည်၏။

၇။ မုစ္စိတုကမျတာဉာဏ် = ငြီးငွေ့၍ ထိုခန္ဓာငါးပါး သင်္ခါရတရားတို့မှ လွတ်မြောက်ရန် အလိုရှိသည်၏ အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် မုစ္စိတုမျတာဉာဏ် မည်၏။

၈။ ပဋိသင်္ခါရဉာဏ် – လွတ်မြောက်ခြင်း အကြောင်း ပြည့်စုံရန် တဖန် ခန္ဓာငါးပါး သင်္ခါရတရား တို့ကို သိမ်းဆည်းသည်၏ အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် ပဋိသင်္ခါရဉာဏ် မည်၏၊

၉။ သင်္ခါရုပေက္ခာဉာဏ်– ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ကြောက်ခြင်း,ခင်မင်တွယ်တာ ခြင်းကို ကြဉ်သော အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏၊ သင်္ခါရတို့ကို ဥပေက္ခာပြုသော ဉာဏ်ပင်တည်း။

၁၀။ အနုလောမဉာဏ် = ရှေးဉာဏ် ၉-ပါးတို့၏ ကိစ္စ ပြီးစေနိုင်သော ဗောဓိပက္ခိယ တရား ၃၇-ပါးတို့နှင့် လျော်သော ဉာဏ်သည် အနုလောမဉာဏ် မည်၏။

## ဝိမောက္ခ ၃-ပါး

ဝိမောက္ခ = နီဝရဏ်တို့ မျက်မှောက်ပြုလျက် ကိလေသာ တို့မှ လွတ်စေတတ်သောကြောင့် ဝိမောက္ခ မည်၏၊ ယင်းသည် သုညတ ဝိမောက္ခ, အနိမိတ္တ ဝိမောက္ခ နှင့် အပ္ပဏိဟိတ ဝိမောက္ခဟု ၃-ပါးအပြား ရှိ၏။

၁။ သုညတ ဝိမောက္ခ = ခန္ဓာငါးပါး သင်္ခါရတရား တို့၌ အတ္တဇီဝမှ ဆိတ်သည်ဖြစ်၍ သံယောဇဉ် စသည်တို့မှ လွတ်သော မဂ်သည် သုညတ ဝိမောက္ခ မည်၏။

၂။ အနိမိတ္တ ဝိမောက္ခ = နိစ္စ နိမိတ် စသည်မှ မရှိ သည်ဖြစ်၍ သံယောဇဉ် စသည်မှလွတ်သော မဂ်သည် အနိမိတ္တ ဝိမောက္ခ မည်၏။

၃။ အပ္ပဏိဟိတ ဝိမောက္ခ = တဏှာ တည်း ဟူ သော တောင့်တခြင်း ကင်းသည်ဖြစ်၍ သံယောဇဉ် စသည်တို့မှ လွတ်သော မဂ်သည် အပ္ပဏိဟိတ ဝိမောက္ခ မည်၏။

# ဝိမောက္ခမုခ ၃-ပါး

ဝိမောက္ခမုခ = မဂ်ရခြင်း အကြောင်းတရား ဖြစ်သောကြောင့် ဝိမောက္ခမည်၏၊ ယင်းသည် သုညတာနုပဿနာ, အနိမိတ္တာနုပဿနာနှင့် အပ္ပဏိဟိတာနုပဿနာဟု ၃-ပါးအပြားရှိ၏။

၁။ သုညတာနုပဿနာ(သုညတာအနုပဿနာ) = ခန္ဓာငါးပါးတို့၌ အတ္တမှ ဆိတ်သည်ကို အဖန်တလဲလဲ ရှုခြင်းပညာသည် သုညတာနုပဿနာ မည်သော ဝိမောက္ခမုခ မည်၏။

၂။ အနိမိတ္တာနုပဿနာ (အနိမိတ္တ အနုပဿနာ) = ခန္ဓာငါးပါးတို့၌ နိစ္စနိမိတ်မရှိခြင်းကို အဖန်တလဲလဲရှုသော ပညာသည် အနိမိတ္တာနုပဿနာ မည်သော ဝိမောက္ခမုခ မည်၏။

၃။ အပ္ပဏိဟိတာနုပဿနာ(အပ္ပဏိဟိတ အနုပဿနာ) ခန္ဓာငါးပါးတို့၌ တဏှာ တည်းဟူသော တောင့်တခြင်းကင်းသည်ကို အဖန်တလဲလဲရှုခြင်း ပညာသည် အပ္ပဏိဟိတာနုပဿနာမည်သော ဝိမောက္ခမုခ မည်၏။

## မဂ်—ဖိုလ်

ကိလေသာ အနှောင်အဖွဲ့မှလွတ်၍ ဝိပဿနာအဆင့်ဆင့် သုံးသပ်သော ယောဂီအား ဝိပဿနာဉာဏ်ရင့်သောအခါ- "ယခု အပ္ပနာသို့ ရောက်တော့မည်" ဟု ကြံစည်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ လက္ခဏာ သုံးပါးတွင် တပါးပါးကို အာရုံပြု၍ ပရိကံ, ဥပစာ, အနုလုံဟူသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇောစိတ်ဖြစ်၏၊ ဤကား ကာမာဝစရ ကုသိုလ်၏ အစွမ်းဖြင့် ဝိပဿနာ၏ အထွတ်-အထိပ်သို့ ရောက်ခြင်းပင်တည်း၊ ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဇောစိတ် ချုပ်ပြီးသော ပုထုဇဉ်၏ အနွယ်ကို ဖြတ်ဆဲ, အရိယာ၏ အနွယ်သို့ ရောက်ဆဲဖြစ်သော ဂေါတြဘုစိတ် သုံး လေးကြိမ် ဖြစ်ပြီးသော အခြားမဲ့၌ သောတာပတ္တိ မဂ်စိတ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားခြင်းဟူသော မဂ်ကိစ္စ လေးပါးကို တပြိုင်နက် ပွားစေလျက် အပ္ပနာသို့ ရောက်၏၊ ထိုနောက် သောတာပတ္တိ ဖိုလ်စိတ် နှစ်ကြိမ်-သုံးကြိမ် ဖြစ်၍ ဘဝင်ကျ၏၊ တဖန် ဘဝင်၏ အလျဉ်ကို ဖြတ်၍ ပစ္စဝေက္ခဏာ ဉာဏ်ဖြစ်၏၊ ထိုအခါ ကုန်သော ကိလေသာတို့ကို ဆင်ခြင်၏၊ ကြွင်းသော ကိလေသာ တို့ကိုမူ ဆင်ခြင် သည်လည်း ရှိ၏၊ မဆင်ခြင်သည်လည်း ရှိ၏။

မဂ်သုံးပါး—ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ သည် ရုပ်-နာမ် တခုခုကို အနတ္တဟုရှုလျှင် အတ္တဟု စွဲလမ်းမှုကို စွန့်လွှတ်နိုင်သောကြောင့် သုညတာ နုပဿနာမည်သော ဝိမောက္ခမုခ ဖြစ်၏၊ ယင်းဝိမောက္ခမှထွက်၍ မဂ်ရလျှင် ထိုမဂ်သည် သုညတ ဝိမောက္ခ မည်၏၊ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ရုပ်-နာမ် တခုခုကို အနိစ္စဟု ရှုလျှင် နိစ္စ ဟု ဖောက်ပြန်စွာ ထင်မှတ်သော သညာ့,စိတ္တ,ဒိဋ္ဌိ ဟူသော ဝိပလ္လာသနိမိတ်ကို စွန့်လွှတ်နိုင်သောကြောင့် အနိစ္စ နုပဿနာ မည်သော ဝိမောက္ခမုခ ဖြစ်၏၊ယင်းဝိမောက္ခမှ ထွက်၍ မဂ်ရလျှင် ထိုမဂ်သည် အပ္ပဏိဟိတ မည်၏၊ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ သည် ရုပ်-နာမ် တခုခုကို ဒုက္ခဟုရှုလျှင် ရုပ်-နာမ် သခ်ါရတို့၌ တောင့်တသောတဏှာ ပဏိဓိကို စွန့်လွှတ်နိုင်သောကြောင့် အပ္ပဏိ ဟိတာ နုပဿနာ မည်သော ဝိမောက္ခမုခ ဖြစ်၏၊ ယင်းဝိမောက္ခမှထွက်၍ မဂ်ရလျှင် ထိုမဂ်သည် အပ္ပဏိဟိတ မည်၏၊ ဤကား ဝိပဿနာ၏အစွမ်းဖြင့် မဂ် အမည် ၃-မျိုးတွင် တမျိုးမျိုး ရနိုင်ပုံတည်း။

ဖိုလ် သုံးပါး—ဖိုလ်ဖြစ်ပေါ်လာကြောင်း ဖြစ်သော မဂ်သည် မဂ္ဂါဂမန မည်၏၊ မဂ္ဂဝီထိ၌ပါသော ဖိုလ် နှစ်ကြိမ်-သုံးကြိမ်သည်း မဂ်အမည်ကို လိုက်၍ အမည် အမျိုးမျိုးရ၏၊ မဂ်ကသုညတာ ဝိမောက္ခ ဖြစ်လျှင် ဖိုလ်လည်း သုညတာ ဝိမောက္ခ ဖိုလ်မည်၏၊ ထို့အတူ မဂ်က အနိမိတ္တ ဝိမောက္ခဖြစ်လျှင် ဖိုလ်လည်း အနိမိတ္တ ဝိမောက္ခဖိုလ် ဖြစ်၍

မဂ်က အပ္ပဏိဟိတ ဝိမောက္ခဖြစ်လျှင် ဖိုလ်လည်း အပ္ပဏိဟိတ ဝိမောက္ခ ဖိုလ်ဖြစ်၏၊ ဖလသမာပတ် ဝင်စားကာနီး၌ အနိစ္စ, ဒုက္ခ, အနတ္တ ဟု ရုပ်-နာမ်တခုခုကို ဝိပဿနာ ရှုသောကြောင့် မဂ္ဂဝီထိမှ မဂ်သည် သုညတ ဝိမောက္ခ စသော မိမိ အမည်ကို ဖိုလ်အား ဆက်လက်၍ ပေးနိုင်ခြင်း ဖြစ်၏၊ ဖလသမာပတ် ဝီထိ၌ကား မဂ်မပါသဖြင့် မဂ်သည် ဖိုလ်အား အမည်မပေးနိုင်၊ သမာပတ် မဝင်စားမီ ရှေးကဖြစ်သော ဝိပဿနာသာလျှင် ဖိုလ်အား အမည်တခုခု ပေးနိုင်၏၊ ဖလသမာပတ် ဝင်စားသည့်အခါ မိမိတည်းဟူသော မဂ်အား မျှော်သည့် ဖိုလ်ပင် ဖြစ်၏၊ မဂ်-ဖိုလ်တို့၌ သုညတ ဝိမောက္ခ စသော အမည် ရမှုမှာ ဝိပဿနာနှင့်ဆက်သွယ်၍သာ ရသည် မဟုတ်၊ အာရုံနှင့် ဆက်သွယ်၍၎င်း, မိမိ ပင်ကိုယ် သဘောဖြင့်၎င်း သုညတ ဝိမောက္ခ စသော အမည်ကို ရနိုင်သေး၏။

သောတာပန်—သောတာပတ္တိ မဂ်ကို ပွား၍ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သောကြောင့် အပါယ်သို့ကျခြင်း မရှိ၊ လူ့ဘဝ-နတ်ဘဝ၏ အစွမ်းဖြင့် အလွန်ဆုံး ၇-ကြိမ်မျှ ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်။

သကဒါဂါမ်—သကဒါဂါမိမဂ်ကို ရသော ပုဂ္ဂိုလ်သည် ယင်းမဂ်ဖြင့် ရာဂ, ဒေါသ, မောဟ တို့ကို ခေါင်းပါးအောင် ပြု၍ လူ့ပြည်သို့ တကြိမ်သာ လာသော ပုဂ္ဂိုလ်။

အနာဂါမ်—အနာဂါမိမဂ်ဉာဏ်ကို ရသူသည် ယင်း မဂ်ဉာဏ်ဖြင့် ကာမ ရာဂကို အကြွင်းမဲ့ပယ်ခြင်းကြောင့် ကာမ ဘုံသို့ မလာသော ပုဂ္ဂိုလ်။

ရဟန္တာ—အရဟတ္တ မဂ်ကို ရသူသည် ယင်း မဂ်ဉာဏ်ဖြင့် အလုံးစုံသော ကိလေသာ ဘိုကို အကြွင်းမဲ့ ပယ်သောကြောင့် မြတ်သောအလှူကို ခံထိုက်သော ပုဂ္ဂိုလ်။

ဖလသမာပတ် ကို ဖိုလ် ၄-ယောက် သုံးပင် ဝင်စားနိုင်ကြ၏၊ သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို ဝင်စားနိုင်၏၊ သကဒါဂါမိ ပုဂ္ဂိုလ်သည် သကဒါဂါမိ ဖိုလ်ကို ဝင်စားနိုင်၏၊ အနာဂါမ် ပုဂ္ဂိုလ်သည် အနာဂါမိ ဖိုလ်ကို ဝင်စားနိုင်၏၊ ရဟန္တာ ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို ဝင်စားနိုင်၏။

နိရောဓ သမာပတ် ကိုမူ အနာဂါမ် ပုဂ္ဂိုလ်နှင့် ရဟန္တာ ပုဂ္ဂိုလ်နှစ်ဦးသာ ဝင်စားနိုင်၏၊ ထိုသို့ ဝင်စားခြင်းသည်လည်း ပဉ္စမဈာန်စသော မဟဂ္ဂုတ် ဈာန်ကို ဝင်စား၍ သင်္ခါရတရားတို့၌ ဆင်ခြင် သုံးသပ်ပြီးလျှင် အာကိဉ္စညာယတန ဈာန်သို့ တက်၍ အဓိဋ္ဌာန်ခြင်း အစရှိသော ပုဗ္ဗကိစ္စ ဟူသမျှကို ပြုပြီးမှ နေဝသညာနာသညာယတနဈာန်ကို ဝင်စား၏၊ ထိုအခါ စိတ်-စေတသိက်တို့ ချုပ်၏၊ ယင်း ဈာန်နှစ်ပါးသည် နိရောဓသမာပတ် မည်၏၊ နိရောဓ သမာပတ်မှ ထသော် အနာဂါမ် ပုဂ္ဂိုလ်သည် အနာဂါမိ ဖိုလ်ကို

ရင်း, ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကိုရင်း-အသီး-အသိး ဝင်စား၍ ဘဝင် ကျ၏၊ ထို့နောက် ပစ္စဝေက္ခဏာ ဉာဏ် ဖြစ်၏။

မြတ်စွာဘုရား သမာပတ် ဝင်စားတော်မူပုံကို ဥဒါန်း ပါဠိတော်၌ ဤသို့ ရှင်အာနန္ဒာ ဖြေဆိုတော်မူခဲ့၏။

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဉရုဝေလဇတာ နေရဥ္စရာ မြစ်ကမ်းနား ဗောဓိပင်၏အနီး၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေကာ ဖလသမာပတ် သမာဓိချမ်းသာကို ခံစား လျက် တထိုင်တည်း နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရား သည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထိုအရဟတ္တဖိုလ် ဖလသမာ ပတ် သမာဓိမှ ထတော်မူ၍ ညဉ့်၏ ပဌမယာမ် ပတ်လုံး ပဋိစ္စ သမုပ္ပါဒ် တရားကို ကောင်းစွာ နှလုံးသွင်းတော်မူ၏၊ ထို့ နောက် ဤသို့ ဥဒါန်း ကျူးရင့်၏—

၁

အကြင်အခါ၌ ကိလေသာကို ပူပန် စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော မကောင်း မှုမှ အပပြုပြီးသော ရဟန္တာ ပုဂ္ဂိုလ်အား စင်စစ် ဗောဓိပက္ခိ ယ တရားတို့ ထင်ရှား ဖြစ်ပေါ်လာကုန်၏၊ ထိုအခါ ပဋိစ္စ သမုပ္ပါဒ် တရားကို အပြား အားဖြင့် သိသောကြောင့် ထို မကောင်းမှုမှ အပ ပြုပြီးသော ရဟန္တာအား ယုံမှားခြင်း အားလုံးတို့သည် ကင်းပျောက် ကုန်၏၊ ကောင်း ကင်ကို

တောက်ပစေသော နေမင်းသည် အမိုက်တိုက်ကို ဖျက်ဆီးလျက် တည်နေသကဲ့သို့ ထိုရဟန္တာသည် မာရ်စစ်သည်ကို ဖျက်ဆီးလျက် တည်၏။

အကြင် ပုဂ္ဂိုလ်တို့သည် မကောင်းမှုတရားတို့ကို အပ ပြုပြီးကြလျက် အာဝါခပ်သိမ်း သတ် ရှိသည် ဖြစ်၍ သွားလာ နေထိုင်ကြ၏၊ သံယောဇဉ် ကုန်ခမ်းပြီး၍ သစ္စာလေးပါးကို သိပြီးဖြစ်သော ထိုသူတို့သာ လောက၌ အမှန်စင်စစ် ဗြာဟ္မဏာတို့ မည်ကုန်၏။

ဤကား ဗုဒ္ဓအဘိဓမ္မာချုပ် ကမ္မဋ္ဌာန်းပိုင်း ပြီးပါပြီ

# နိဂုံး

## မင်းကျွန်း အမေး— မန်လည် အဖြေ

[မင်းကျွန်းတောရ ဆရာတော်မေး၍ မန်လည်ဆရာတော် ဖြေဆိုသည့် အဘိဓမ္မာနှင့် စပ်လျဉ်းသော အမေး-အဖြေ အချို့ကို ပဥ္စတ္တာလီသ ပုစ္ဆာ-ဝိသဇ္ဇနာကျမ်းမှ ကောက်နုတ်ဖော်ပြပါမည်။]

အမေး— သီလဝန် မယေရ်မြတ်ဗွ ပညတ်ဖြင့် သင့်ယျော်
ပုံနှုန်း၍ ခေါ်၊ မြတ်ရှင်တော် ဟောတော်
မူဘိ၊ ဂူဆိ ပါဒေနှင့် လက်-ဟတ္ထ သီသ
များ၊ ဘယ်တရားပေသိ။

အဖြေ— မြတ်သမာ သီလနှင့် သဒ္ဓါ ဉာဏ ဤလေးဖော်
နည်းစဉ် သင့်လျော်၊ မြတ်ရှင်တော်မူဘိ၊
ဂူဆိ် ပါဒေနှင့် လက်-ဟတ္ထ၊ သီသများ
ဤတရားဟုသိ။

အဓိပ္ပါယ်— ရဟန်းကောင်း ရဟန်းမြတ်၌ သမာဓိသည် ကုစ္ဆိ-ဝမ်းမည်၏၊ သီလသည် ပါဒ-ခြေမည်၏၊ သဒ္ဓါသည် ဟတ္ထ- လက်မည်၏၊ ဉာဏသည် သီသ- ဦးခေါင်းမည်၏၊ ဤအကြောင်းကို နိဒါနဝဂ္ဂ ကဿပ သံယုတ် အဋ္ဌကထာ၌ အကျယ် ဖွင့်ဆိုထား၏။

အမေး— ကာမတဲ့စိတ္တော၊ ဝိဟိံသာ,ဗျာပါဒ သုံးဝ
သုံးတွေ၊ ကြံကြလေ ဘယ်အနေ မသိ၊
ထူးခြားဟန် ကျမ်းဂန်တွေ့ ခွဲ၍ ဖြေဘိ။
အဖြေ— ကာမတဲ့ စိတ္တော၊ ဝိဟိံသာ,ဗျာပါဒ သုံးဝ
သုံးတွေ၊ ထူးဝိသေ မှတ်ယူလေ သာဘိ၊
ကာမမှာ ပဏ္ဍာပ၊ ဗျာပါမှာ သေကြေရေး
ပယ်နှင့် ဒဏ်ပေးလျင် ဟိံသာဘို့တော့၊
ကျမ်းအလို ရှေ့ကိုယ်တွေ့ပါဘဲ ခွဲ၍ ဖြေ၏။

အဓိပ္ပါယ်— ကြံစည်ခြင်းစိတ် ၃-မျိုးတို့တွင် ကာမ ဝိတက်ဟူသည်မှာ ပဏ္ဍာဖြစ်၏၊ ဗျာပါဒ ဝိတက်ဟူသည် မှာ သတ္တဝါအများ သေကြေပျက်စီးရေး ဖြစ်၏၊ ဝိဟိံသာ ဝိတက်မှာ သတ္တဝါတို့အား အပြစ်ဒဏ်ပေးခြင်း ဖြစ်၏။

အမေး— ပါယ်ရပ်ခွင် ဘုံဌာနကို တောင့်တလို့ ယူလို၊
လူဖြစ်စဉ် ကောင်းမှုမျိုး စိုက်ပျိုး ကုသိုလ်၊
တောင့်တတိုင်း ရသည်ဆို ဘယ်ပုဂ္ဂိုလ်ဘဲ့
တုန်း၊ ဘယ်ကြမ္မာ ကံဟုန်ကြောင့် ပါယ်
ဘုံမှာ သန္ဓေရတယ် ညွှန်းပ နောင်ဘုန်း။

အဖြေ— ပါယ်ရပ်ခွင် ဘုံဌာနကို တောင့်တလို့ ယူလို၊
လူဖြစ်စဉ် ကောင်းမှုမျိုး စိုက်ပျိုး ကုသိုလ်၊
တောင့်တတိုင်းရသည်ကို ဇာတ်ဝိစိုရ်ရှိသား၊
နဂါး, ဂဠုန်တို့ ရှေးကံဟုန် အပရာကြောင့်
ပါယ်ဘုံမှာ သန္ဓေရတယ် မှတ်ပ သိဖွား။

အဓိပ္ပါယ်- စမ္မေယျ နဂါးမင်း စသူတို့တည်း၊ သူတို့သည် ဥပပဇ္ဇ ဝေဒနီယကံကြောင့်လည်း မဟုတ်၊ အကြောင်းကား ဒုဂ္ဂတိ ပဋိသန္ဓေကို ကုသိုလ်ကံက မပေးသောကြောင့် ဖြစ်၏၊ သို့ဖြစ်လျှင် အဘယ်ကြောင့် ပဝတ္တိ အကျိုးကို နှတ်ပည်းစိမ်ကဲ့သို့ မေးသနည်း၊ အနန္တရ ဘပက ယခင်ကုသိုလ်သည်ပင် အပရာပရိယ ဝေဒနီယဖြစ်၍ ပဝတ္တိ အကျိုးကို ပေးခြင်းဖြစ်၏၊ အပရာပရိယသည် ဘုံးဘပ မြောက် မဟုတ်သော်လည်း ပဝတ္တိ အကျိုးကိုကား ပေးနိုင်၏။

အမေး— ရေကြီး အဝီစိမှာ ပစ်ချဘိ ကြမ္မာ, ဖြစ်
သည့်ခါ ထိုဘဝ နှစ်သက်လှေပါ၊ ဘယ်အခါ
ဘယ်သတ္တဝါလေမှန်း၊ ကျမ်းဂန်ကွင် ဘယ်ဖို့
နှယ်ပြတယ် ညွှန်းပ ဖြောင့်ရှင်း။

အဖြေ— ရေကြီး အဝီစိမှာ ပစ်ချဘ် ပါကြမ္မာ၊ ထို
သည့်ခါ ထိုဘဝ နှစ်သက်လှေပါ၊ သန္ဓေခါ
ထိုသတ္တဝါသာဘဲ၊ ကျမ်းဂန်တွင် သည့်နှယ်
ပြတယ် မှချ မလွဲ။

အဖြေပွါယ်- ပဋိသန္ဓေနောင် ဘဝင် ၁၆-ချက်, မနော ဒွါရာဝဇ္ဇန်း နောက် ဘဝနိကန္တိက လောဘဇော ဖြစ်သည့် အခါကို ရည်ညွှန်းသည်၊ မိမိဖြစ်မည့် ဘဝ နှစ်သက်သည့် ဇောကို ဘဝနိကန္တိက လောဘဇောဟု ခေါ်၏၊ ငရဲသား ဖြစ်မည့် သတ္တဝါသည်လည်း ပဋိသန္ဓေအခါ ငရဲကို တပ်မက် နှစ်သက်၏။

**အမေး**— အကုသိုလ် မူလသုံးတို့ သုံးဘုံလုံး လူ့ သန္တာန် ပုထုဇဉ် ဟူသမျှ ဖြစ်ကြကေန်၊ ကြိမ်ဖန်ဖန် ဖြစ်ဟန် ဆပ္ပသား၊ ဟိဘ်သုံးဖြာ ထိုမူလတွင် ဘယ်ဟိတ်ကများ။

အဖြေ— အကုသိုလ် မူလသုံးတို့ သုံးဘုံလုံး လူ့ သန္တာန်၊ ပုထုဇဉ်မှန်သမျှ ဖြစ်ကြကေန်၊ ကြိမ်ဖန်ဖန် ဖြစ်ဟန်ဆပ္ပသား၊ ဟိတ်သုံးဖြာ ထိုမူလတွင် မောဟကများ။

အဖြေပွါယ်- အကုသိုလ်ဖြစ်တိုင်း မောဟပါ၍ မောဟ ဟိတ်သည် သဗ္ဗာကုသလ သာဓာရဏ ဖြစ်သောကြောင့် အကုသိုလ်ဟိတ် သုံးပါးတွင် မောဟက အဖြစ်များ၏။

အမေး— ဇေတဝန် အာရာမမှာ တိဿတဲ့ ရဟန်းငယ် မဝတ်ခင် ထိုသင်္ကန်းမှာ သန်းဖြစ်ရတယ်၊ ထိုအပါယ် ဘယ်ကံက ဆောင်သွား၊ သင်္ကန်း ကို တပ်ရုံမျှနှင့် ဖြစ်ရသလား။

အဖြေ— ဇေတဝန် အာရာမမှာ တိဿတဲ့ ရဟန်းငယ်၊ မဝတ်ခင် ထိုသင်္ကန်းမှာ သန်းဖြစ်ရတယ်၊ ထိုအပါယ် ရှေးဝယ် ကျခဲ့၊ ဥပငယ် အာရာ တို့ ခွင့်သာအောင် တပ်သည့် ဇောက ကြောင်ကာသပြု။

အဓိပ္ပါယ်— မိမိ ဥစ္စာ၌ တပ်ရုံမျှဖြင့် အပါယ် ပဋိသန္ဓေကို မပေးနိုင်သော်လည်း ရှေးဘဝက အပရာပရိယ ဝေဒနီယကံနှင့် ဤဘဝ၌ ဥပပဇ္ဇ ဝေဒနီယ အကုသိုလ်ကံ တပါးအား အခွင့်ပြုခြင်း ဖြစ်၏၊ တိဿ ဗြဟ္မာကြီး၏ ဘဝနိကန္တိက လောဘဇောသည် လူ့ဘုံ၌ ဖြစ်စေတတ်သော ကာမာဝစရ ကုသိုလ်ကံအား ခွင့်ပြုသကဲ့သို့ပင်တည်း၊ ထို တိဿ ရဟန်း၏ လောဘဇောသည် ဥပဃာတက ကိစ္စဖြစ်၍ အကုသိုလ် ကံတပါးအား အခွင့်ပေးမှု ကြောင်ကာသပြုခြင်း ဖြစ်၏။

အမေး— စေတနာ သုံးတန်မျှတွင် ပုဗ္ဗတဲ့ စေတနာ၊ ပဋိသန် နောင်ဖလ ပေးသင့်လှပါ၊ ဘယ်သူ့မှာ ရှေးစေတနာ အကျိုး၊ ဘယ်ဂတိ ဘယ်ဌာန၌ ပဋိသန် နေလေရတယ် ကျမ်းပြလို့ကိုး။

အဖြေ— ရာဇဂြိုဟ် ပြည်ဘုမိပါတဲ့ ဇောပိတိရှင်စွာ၊
စေတီတွင် ပန်းတင်သွားမှာလ နွားသားသည်
ရင်ကိုတိုက်တယ် လမ်း၌ဆုံးရှာ၊ ပူဇော်ခင်
ပါရဘဲကိုတဲ့ မိညဲ့ငဲ့စေတနာ ဝတိန်မှာ
ဖြစ်သော၊ ပါဠိ အဋ္ဌကထာနှင့် ကျမ်းရှေ့စာ
ဝိမာနမှာ ဟောပြသကော။

အမ်ပွါယ်– မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံသောအခါ
အဇာတသတ်မင်းသည် မိမိရသော မြတ်စွာဘုရား၏ ဓာတ်
တော်တို့ကို ယူ၍ စေတီတည်ထား ကိုးကွယ်၏၊ ရာဇဂြိုဟ်
ပြည်သူ တဦးသည် ထိုစေတီကိုပူဇော်ရန် ပန်းများယူဆောင်
သွား၏၊ စေတီသို့ မရောက်မီ လမ်းခရီး အကြား၌ပင်
သားသည် အမေ နွားမ တွေ့၍ သေဆုံးသွားရာ ထိုအမျိုး
သမီးသည် တာဝတိံသာ၌ နတ်သမီး ဖြစ်ကြောင်း ဝိမာန
ဟော့ အဋ္ဌကထာ၌ ဖွင့်ဆို၏။

အမေး— ဟိတ်သုံးတွေ အကြောင်းကြောင့် မကောင်းမှု
ဖြစ်လေဖွယ်၊ ကာယ, ဝစီနှင့် မနသီ
သညာပြု သုံးခု ကံဝယ်၊ ဖြစ်ကြီး ငယ်
ဘဲ နှယ် ညိနှိုင်း၊ ဘယ်ကံက ပိုမိုလို့ အကျိုး
ကို ဖြစ်စေသင့် ဟောဖွင့် မှန်တိုင်း။

အဖြေ- ဟိတ်သုံးထွေ အကြောင်းကြောင့် မကောင်းမှု ဖြစ်လေဖွယ်၊ ကာယ ဝစီနှင့် မနသီဘညာပြု သုံးခု ကံဝယ်၊ ဖြစ်ကြီးငယ် သည့်နှယ်ညီနှိုင်း နိယတ်ကယ် မိစ္ဆာကြောင့် မနောသာ ပိုမိုလို့ အကျိုးသာ ဖြစ်စေသင့် ကျမ်းဖွင့်မှန်တိုင်း။

အမိပ္ပါယ်- ရဟန်းတို့ မိစ္ဆာဒိဋ္ဌိကဲ့သို့ အပြစ်ကြီးသော အခြား တပါးသော ကံကို ငါ မမြင်၊ ရဟန်းတို့ မိစ္ဆာဒိဋ္ဌိသည် လွန်စွာ အပြစ်ကြီးမားလှ၏ဟု အင်္ဂုတ္တရ ပါဠိတော်တွင်ႏမြတ်စွာဘုရား ဟောကြားတော်မူ၏၊ ယင်းအဋ္ဌကထာ ကမူ မိစ္ဆာဒိဋ္ဌိသည် ပဉ္စာနန္တရိယ ကံထက်ပင် ပို၍ အပြစ်ကြီးကြောင်း ဖွင့်ဆို၏။

အမေး- ဥယျာဉ် ငါးထွေလုံးကို သိမ်းကျုံး၍ သိသည် မှန်၊ တရားကုန် အာရုံပြု သဗ္ဗညုဉာဏ်၊ ယှဉ်သင့်ဟန် မှတ်ရန် မယွင်း၊ ဘယ်စိတ်မှာ သမ္ပယောဂ ဟောပ ထင်လင်း။

အဖြေ- ဥယျာဉ် ငါးထွေလုံးကို သိမ်းကျုံး၍ သိသည် မှန်၊ တရားကုန် အာရုံပြု သဗ္ဗညုဉာဏ်၊ ယှဉ်သင့်ဟန် မှတ်ရန်မယွင်း၊ အသင်္ခါရိကဝိယာ သမ္ပယောဂငယ်လို့ ဟောသည် ထင်လင်း။

အဓိပ္ပါယ်- သဗ္ဗညုတဉာဏ်သည် ကာမာဝစရ သော မနသာ သို့မဟုတ် ဥပေက္ခာ သဟဂုတ် အသင်္ခါရိက ကြိယာနှင့် ယှဉ်သော ဉာဏ်ဖြစ်၏။

အမေး— ဤလူ့ဘုံဌာနတွင် ဖြစ်ကြသည့် အချို့လူ အဖျားအနာနှင့်နူရာမှာ ဒူလာနှော ရောဂါ ကထူး၊ ရှေးကံကြောင့်ဟူ ထိုသူမှာ ကံမှုဆိုး ရေး၊ ဥပငယ် အပရာနှင့် နှစ်ဖြာတွင်ဘယ်ကံ သင့် ကျမ်းလာနှင့်ရှေး။

အဖြေ= ဤလူ့ဘုံဌာနတွင် ဖြစ်ကြသည့် အချို့လူ၊ အဖျား အနာနှင့် နူရာမှာ ဒူလာနှော ရောဂါကထူ၊ ထိုသည့်သူ ကံမှုဆိုးရေး၊ ဒိဋ္ဌငယ်အပရာလို့ သည်ကိုသာမှတ်ယူသင့် ကျမ်းနှင့် မဝေး။

အဓိပ္ပါယ်- ဤလူ့ဘုံတွင် အချို့သူတို့ ရောဂါထူကြ သည်မှာ ဥပပဇ္ဇ ဝေဒနီယကံနှင့် အပရာပရိယ ဝေဒနီယကံ နှစ်ပါးတွင် ဘယ်ကံကြောင့်နည်းဟု မေး၏၊ ယင်းသို့ ဖြစ်ရ သည်မှာ ဒိဋ္ဌဓမ္မ ဝေဒနီယကံနှင့် အပရာပရိယ ဝေဒနီယ ကံကြောင့် ဖြစ်ရသည်ဟု ဖြေ၏၊ ဒိဋ္ဌဓမ္မကံနှင့် ပတ်သက်၍ ဓမ္မပဒ မောဂ္ဂလ္လာန ဝတ္ထုနှင့် ကောကာလိက ဝတ္ထုတို့တွင် ရှု၊ အပရာ ပရိယကံနှင့်ပတ်သက်၍ ပုပ္ပဗုဒ္ဓ သုနူ ဝတ္ထုတွင်ရှု။

အမေး— ဇောအပေါင်းကာမတို့ ယေဘုယျ ခုနစ်ခ၊ ပကတိ သဘာဝ စောကျကုန်ပါ၊ တွေ့ဝေ သူမှာ မုစ္ဆာတွင် ဘယ်ရွေ့၊ အကြိမ်ကို မှန် သဘော ဟောတော့နော်ဖေ့။

အဖြေ— ဇောအပေါင်းကာမတို့ ယောဘုယျ ခုနစ်ခါ၊ ပကတိ သဘာဝ စောကြကုန်ပါ၊ တွေ့ဝေသူမှာ အဋ္ဌကထာ မတွေ့၊ ငါး-ခြောက်ကြိမ် ဋီကာဟောတယ် ပြောလိုက်ကဲ့ဖေ့။

အဓိပ္ပါယ်- သေခါနီးသော သတ္တဝါတို့၏ ရုပ်အားနည်းသော စသည် အခါမျိုး၌ မှီရာ ဓတ္တုရုပ် အလွန်အားနည်းသောကြောင့် ဇော ငါးကြိမ်သာ ဇောနိုင်၏ဟု လက်သန်း အဋ္ဌကထာ ဆို၏၊ ဤတွင် စသည်ဟူသော စကားကို လက်သန်း ဋီကာက တွေ့ဝေသော မုစ္ဆာကာလကိုလည်း ပေါင်းယူနိုင်၏ဟု ဖွင့်ဆို၏။

အမေး— တိရစ္ဆာန် ဘုံတွင်းမှာ ဖြစ်ရခြင်း မှန်အနေ၊ နဂါး ဂဠုန်တို့ ဘဲ့နှယ်ပုံ ဘယ်အစကျိုးဖြင့် တန်ခိုးကြီးပေ၊ မနုဿ ဘုံကောင်းမှာ လူအပေါင်းတို့ တထွေငယ် ထို့တူလေ မကြီး၊ သို့ဖြစ်ဟန် ပေါကျမ်းဂန် မှန်သဘောဖြင့် ဟောနိုင်လျှင် ရွှေကိုယ်လေး ပေးတော့အပြီး။

အဖြေ— တိရစ္ဆာန် ဘုံတွင်းမှာ ဖြစ်ရခြင်း မှန်အနေ၊ နဂါး ဂဠုန်တို့ ဘဲ့နှယ်ပုံ ဘယ်အစကျိုးဖြင့် တန်ခိုးကြီးပေ၊ မနုဿ ဘုံကောင်း မှာလူပေါင်းတို့ တထွေငယ် ထို့တူလေ မကြီး၊

သည်ဖြစ်ဟန် ဝေဖန် ကြံကြလျှင် ဥမ္မာခံ-
ဘာဂီ ရှိမည်ကြောင့် ကံအရာ မကြံသာ
အစိန္တိယျလို့ မှာတော်ပင် မိန့်တော်
ဘိတယ် ကျမ်းရှိ အပြီး။

အဓိပ္ပါယ်— ရဟန်းတို့ ကံ အကျိုး ဝိပါက်ကို မကြံ
စည်အပ်- မကြံစည်ရာ၊ ကြံစည်ပါလျှင်
ရူးသွပ်ဖွယ်ရာ ရှိ၏ဟု စတုက္က အင်္ဂုတ္တရ၌
မြတ်စွာဘုရား ဟောကြားတော်မူ၏။

## မန်လည် အမေး— မင်းကွန်း အဖြေ

[မန်လည် ဆရာတော် မေး၍ မင်းကွန်း ဆရာတော် ဖြေဆိုသည့် အဘိဓမ္မာနှင့် စပ်သျှဉ်းသော အမေး-အဖြေ အချို့ကို သဘာပဒိက ပုစ္ဆာ-ဝိသဇ္ဇနာ ကျမ်းမှ ကောက်နုတ် ဖော်ပြပါမည်။]

အမေး— ခုနစ်သွယ်မောဟတဲ့ ကာမ်းပြုလို့ မိန့်ဆို ပါကို
လို့ ဝေခြမ်း၊ ဉာဏ်ကြီးမှန် ပဋ္ဌာန်း ရှေ့စာ
ပြန်မို့ ဗျာခြေဟန် ဘဲ့နှယ်မိန့်ရှာလိမ့် နား
ဝင်ချင်စမ်း။

အဖြေ— ခုနစ်သွယ် မောဟလို့ ဝိတက္ကတိုက်အဆို သည်
လိုပ ဆွေကြော၊ ဉာဏ်ကြီးမှန် ပဋ္ဌာန်း ရှေ့
စာပြန်ပ ဗျာခြေဟန် ဘည်နှယ် မြွက်လိုတယ်
နား ချင်လေတော့။

အဖွင့်ဖွယ်—၂၄-ဉာဏ်း ဝိတက္ကတိက် ပစ္စယဝါရ ပါဠိတော်၌ ခုနှစ်ဌာန တို့၌ မေဝဟ ခုနှစ်ပါး တို့ကို ထုတ်ဆောင်အပ်၏ဟု ဟောကြားတော်မူ၏၊ ဤအဘိဓမ္မာချုပ် သမုစ္စည်းပိုင်း အကုသလသင်္ဂဟ၌ အဝိဇ္ဇာသဝ, အဝိဇ္ဇောဃ စသော မေဝဟ ခုနှစ်ပါးကိုသည်း ယူသင့်၏။

အမေး— သိစေရအောင်ပ နိယတမည်ဆို သည်ပုဂ္ဂိုလ်သုံး၊ နှုန်းသာကီ လောကုတ်· လောကီနှင့် ကျမ်းအညီ မိန့်ဆိုလင်းပ ဘယ်သင်းတဲ့တုန်း။

အဖြေ— သိစေရမည်ပ နိယတမည်ဆို သည်ပုဂ္ဂိုလ်သုံး၊ အရိယာ, ဒိဋ္ဌိ, ဒိဋ္ဌိနိယတာနှင့် ပဉ္စာနန် ဤသူတို့ကို ခွဲလို့ ပိုက်ကျုံး။

အဖွင့်ဖွယ်=ပုဂ္ဂလ ပညတ် ပါဠိတော်တွင် နိယတပုဂ္ဂိုလ်သုံးပါးကို ဟောကြား၏၊ ယင်းသုံးပါးမှာ ပဉ္စာနန္တရိယကံ ကျူးလွန်သော ပုဂ္ဂိုလ်, မိစ္ဆာဒိဋ္ဌိ အယူရှိသောပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ် ဖြစ်၏၊ ပဌမနှင့် ဒုတိယပုဂ္ဂိုလ် နှစ်ဦးမှာ အပါယ်ငရဲကျရန် မချွတ်မလွဲမြဲသကဲ့သို့ တတိယပုဂ္ဂိုလ်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မချွတ်မလွဲ မြဲ၏။

အမေး— လေးသစ္စာ တရားတွင် တပါးမျှသူမရှာ ဘူပါလိမ့်သေလဲ၊ သည်ဖြစ်ပုံ သနစ်ကပ် အိုကုန်ကုန်ပ ဘယ်ဘုံမှာ ဘယ်သူ ထိုက်တယ် ကျမ်းနှိုက်လို့ ခွဲ။

အဖြေ— လေးသစ္စာ တရားတွင် တပါးမျှ သူရှာ မရ ယုတ္တာ ပိုလ်ဘဲ၊ သည်ဖြစ်ပုံ သနစ်ကပ် အို

ကုန်ကုန်ပ ယုဘုံမှာ ရသူ ထိုက်တယ် ကျမ်း၌
ဝေခဲ့။

အဓိပ္ပာယ်—ဤ အဘိဓမ္မာချုပ် သမုစ္စည်းပိုင်း အဆုံး တွင် မဂ်နှင့်ယှဉ်သော ဖိုလ်စိတ်သည် သစ္စာလေးပါးမှ လွတ် သော သစ္စာဝိမုတ် ဖြစ်ကြောင်း ဖော်ပြထား၏၊ ဤတွင် မဂ်ယုတ္တာ ဖိုလ်ဘဲဟု ဆိုသည်မှာ ယင်းစကားကို ရည်ညွှန်း ခြင်း ဖြစ်၏၊ သုဘုံဟုဆိုသည်မှာ သုဂတိဘုံဟု ဆိုလိုခြင်းဖြစ် ၏၊ ယင်းစကားသည် ယေဘုယျနည်းဖြစ်၏၊ အသညသတ် ဘုံ၌ ယင်းတရားတို့ကိုမရထိုက်၊ သုဒ္ဓါဝါသ ငါးဘုံ၌လည်း အောက်မဂ် ၃-ပါးနှင့် အောက်ဖိုလ် ၃-ပါး စိတ္တုပ္ပာဒ် တို့ကို မရထိုက်၊ အရူပ လေးဘုံ၌လည်း သောတာပတ္တိမဂ်နှင့်ယှဉ် သော စိတ္တုပ္ပာဒ် တို့ကို မရထိုက်၊ ရသူထိုက် ဟူသည်ကား သုဂတိဘုံ၌လည်း မဂ်ဖိုလ်ရသူတို့သာ ယင်းတရားတို့ကိုရထိုက်၏။

အမေး— အကနိဋ္ဌ သောတဟု ဟောပြသည့် သောတာ
ပန် ညာဏ်သန်လို့ တက်သွား၊ စဉ်တိုင်းသာ
နတ်တိုင်းငယ် ခြောက်ရွာနှင့် အောက်ဗြဟ္မာ
ဘုံ မချို့ အောင် မြန်းလို့ သလော။

အဖြေ— အကနိဋ္ဌ သောတဟု ဟောပြသည့် သောတာ
ပန် ကျမ်းဂန်တွင် ရှိသူ။ အောက်ယ်မှန် အောက်
ဘုံကို မမြန်ဘဲ အနာဂါမ် ပုဂ္ဂိုလ်ဖြစ်သောပ ဘုံယုဒ္ဓါ
အစဉ်ကြင်တယ် ကျမ်းမှတ် အထူး။

အဓိပ္ပာယ်—အကနိဋ္ဌ သောတဟုဆိုသည်မှာ သုဒ္ဓါဝါသ အ ထက်ဆုံးဘုံ ဖြစ်၏၊ သုဒ္ဓါဝါသ ဘုံ၌လည်း ပုထုဇဉ်, သော

တာပန်နှင့်သကာဒါဂါမ် ပုဂ္ဂိုလ်တို့ကို မရ၊ အနာဂါမ် ပုဂ္ဂိုလ်တို့သာ ရ၏ဟု အဘိဓမ္မာတွင် ဟောကြားသောကြောင့် မေးသင့်သော ပြဿနာ မဟုတ်ဟု မင်းကွန်း ဆရာတော် မိန့်မှာတော်မူ၏။

အမေး— ဗြဟ္မာက စုတိလို့ ဒုဂတိ ဝက်ဖြစ်လာ ဘဟာ မို့ လေ မှန်း၊ သည်သင်းကို ဖြေရှင်းယော် ဘယ်လိုဆို ရွေသကြိုဟ် လာဟန်နှင့် ကာပြန်ိုသံ အပုံပြ သင်းအမှုဆန်း။

အဖြေ— ဗြဟ္မာက စုတိလို့ ဒုဂတိ ပါယ်ရွား အဟောတူ သညာငယ် ဝက်ဖြစ်နိုင်ပါဘဲ၊ ဥပစာရ ဇော စေတနာငယ် နုဘာဝါ ကြားလို့ ရှောင်လွှဲ ရွေသကြိုဟ် လာနဲ့နှင့် လဲ့ပါဘူ့ ဆွေမဟာ ဌကထာ နိဒါနမှ သခေပ နည်းပြမို့ သာပါ ချွေက်လွှမ်းလို့ စခန်းသာအောင် ဉာဏ်ပညာ နာဂပါသ်နှင့် တချပ်လောက် သာသာ ဆီတွင် ရှုပညီခင်၊ တဂုဏ်သီးတဲ့ ဉာဏ်ကြီး ရှင်ငယ် မဆန့်ကျင်ပါဘူးကွဲ့ လေး။

အဓိပ္ပာယ်—ဗြဟ္မာပြည် ထိန့်ထိန်ဝင်း ဝက်ဝေးကျင် တရှုတ်ရှုတ် ဟူ၍ စကားပုံရှိ၏၊ ယင်း စကားပုံသည် ဓမ္မပဒ အဋ္ဌကထာ ဝတ္ထုနိဒါန်း၌ "ဗြဟ္မာ့ပြည်မှ စုတိပြီး ဝက်ဖြစ်ခဲ့၏" ဟု ဆိုသောစကားကြောင့် ဖြစ်၏၊ ယင်းစကားမှာ အကျဉ်းသခေပနည်းပြ ဖြစ်၏၊ ရှေပတချပ်လောက် သာသာ ဆီကွင် ဗြဟ္မာ့ပြည်မှ တိုက်ရိုက် ဝက်ဖြစ်သည် မဟုတ်၊ လူဖြစ်ပြီးမှ တဖန် ဝက် ဖြစ်ကြောင်း ဖော်ပြ ထား၏၊ ထို့

ကြောင့် ယင်း စကားသည် သင်္ဂြိုဟ်နှင့် ဆန့်ကျင်ခြင်း မရှိဟူသတတ်။

အမေး— တပိုင်းမှာဇီဝနှင့် ဘောကာယအစုံ၊ တပိုင်းမှာ ဗာဟိရဥတုဇပုံ၊ သမုဋ္ဌာန် ထုတ်ဟန် ခြားသော်လည်း မပြားတဲ့ သည်အာရုံ ဘယ် ဘုံမှာ ထင်ရ၊ ကြည်မဟာ သတ္တငယ် ဇီဝါလို့ မမည်ပါ သည်အမှုကို ဘုန်းရှုပါစ။

အဖြေ— တပိုင်းမှာ ဇီဝနှင့် ဘောကာယအစုံ၊ တပိုင်းမှာ ဗာဟိရ ဥတုဇပုံ၊ သမုဋ္ဌာန် ထုတ်ဟန် ခြားသော်လည်း မပြားတဲ့ သည်အာရုံ လူ့ဘုံမှာ ထင်ခဲ့၊ ဆွေမဟာ သတ္တငယ် ဇီဝါလို့ မမည်ပါ သည်ဆံစုကို ဘုန်းရှုပါငဲ့။

အဓိပ္ပာယ်—ဆံပင်ကား အသားမှ မလွတ်သော အဇ္ဈတ္တ ကမ္မ, အာဟာရ, စိတ္တနှင့်ဥတုဇသာ ဖြစ်၏၊ ဤ၌ ဆံပင်ကိုသာ ဆိုလိုက်သည်ကား ဥပလက္ခဏ နည်းတည်း၊ လောမ စသော ဥတုသမုဋ္ဌာန်က ရုပ်တို့၌လည်း ဤနည်းအတူပင် ဖြစ်၏၊ ဤအာရုံတို့သည်လည်း လူ့ဘုံ၌သာ ထင်၏၊ နတ်ဘုံ ဗြဟ္မာ့ဘုံတို့၌ မထင်။

အမေး— စေတနာကုသလကိုတဲ့ ဥပနိဿယ ကုမ္ပိုင် ဘုဆိုင်တဲ့ ကံတုန်း၊ ပစ္စည်းငယ်စီ အကြောင်းဘာဟာဖြစ်လို့ ရွှေရာသီ ပါမတွန်းရ ညွှန်းပနေဘင်ဘုန်း။

အဖြေ— စေတနာကုသလတဲ့ ဥပနိဿယ ကုမ္ပိုင်၊ သဟဇာ သည်တရား၊ များနှင့် သူဘိုင်၊ ပစ္စုပ္ပန်

ကောန္တယော်မို့ ဥပနိဿယ မကူနိုင် သူမပြိုင်
ချောင်ရ၊ ပစ္စည်းငယ်စီ အကြောင်းသည်ဟာ
ဖိလို့ ရွှေရှာသ် ပါမတွန်း ညွှန်း၏ ညီလှ။

အဓိပ္ပာယ်—ဥပနိဿယ မပြိုင်သော အကုသိုလ် စေတနာကား သဟဇာတ ကမ္မပစ္စည်းတည်း၊ ယင်းပစ္စည်းကား ပစ္စုပ္ပန်သာဖြစ်၏၊ ပကတူပ ဥပနိဿယ ပစ္စည်းကား အတိတ်နှင့်နှင့်ဖြစ်၏၊ ယင်းသို့ ကာလ မတူသောကြောင့် မကူ-မပြိုင် နိုင်ဖြစ်သည်။

အမေး— ဝိပ္ပယုတ် ကယ်နှင့် အဟုတ် ကတွဲ့ ကယ်မဆံ၊
ဘယ်နှာမ်တဲ့ ရွှေကိုယ့်၊ အရူပါ ဝိပါက်ကို မယူ
ပါနှင့် ကိုယ့်ဆရာ မြန်မြန် မြွက်ပါ သုံးချက်
စုသို့။

အဖြေ— ဝိပ္ပယုတ်ကယ်နှင့် အဟုတ်ကတွဲ့မဆက်ဆံ၊ အရူ
ဘုံဌာနမှာလ လောဘ မောဟာနှင့် မနော
ဒွာရာဝဇ္ဇန်း လမ်းပြ ကေန်၊ စ မဟာမည်ရ
ကုသလ ကြိယံ အာရုပ္ပံတဝ၊ မဂ် သောတာ
ချောင်လှဲကြဉ်ခွါတဲ့ လောကုတ္တရာ သည်နာမ်
စုကို ဘုန်းရှု ညီလှ။

အဓိပ္ပာယ်—အရူပဘုံ၌ဖြစ်သော လောဘမူ ၈-ပါး, မောဟမူ ၂-ပါး, မနောဒွာရာဝဇ္ဇန်း ၁-ပါး, မဟာ ကုသိုလ် ၈-ပါး [illegible] ၈-ပါးအရူပကုသိုလ်၄-ပါး,အရူပကြိယာ ၃ ၄-ပါး, သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ စိတ်

၇-ပါး, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, အပ္ပမညာကြဉ်သော စေတသိက် ၄၆-ပါး, ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး ဤတရားတို့သည် ဝိပ္ပယုတ္တပစ္စည်းနှင့် မဆက်ဆံသော နာမ်တရားတို့တည်း။

အမေး။— စေတနာ အပုံများပါလိုက် တပါးသော တရပ်
ဌာန် ပဋိသန္ဓေနေထိုက်၊ ကံများတွင် ဘယ်ကံ
ဆိုရ မြတ်ဘုန်းမို သိတော်သွားဟာမို့ ခြား
လို့ ဖြေလိုက်။

အဖြေ— စေတနာ အပုံများပါလျက် တပါးသော တရပ်
ဌာန် ပဋိသန္ဓေ နေထိုက်၊ သည်ကံကို ဂရုကံ
ကေနဆိုလိုက်မယ် ဖြတ်ဘုန်းမို သိလျက်သွား
ဟာမို့ ခြားလို့ မှတ်လိုက်။

အဓိပ္ပာယ်---သံဃာကို သင်းခွဲသော သံဃဘေဒကံ, မြတ်စွာဘုရားကို သွေးထွက်သန်ယို ပြုသော လောဟိတုပ္ပါဒကံ, ရဟန္တာကိုသတ်သော အရဟန္တဃာတကကံ, အမိကို သတ်သော မာတုဃာတကကံနှင့် အဖကို သတ်သော ပိတုဃာတကကံ ဟူ၍ ကံကြီး ငါးပါး ရှိ၏၊ ထိုကံငါးပါးလုံးကိုသော်၎င်း, နှစ်ပါး, သုံးပါးကိုသော်၎င်း ကျူးလွန်လျှင် အစဉ်အတိုင်း ကံတပါးအတွက်သာခံယူရ၍ အခြားကံတို့သည် အဟောသိကံ ဖြစ်သွား၏၊ ကုသိုလ်ဖက်မှာ သမာပတ် ရှစ်ပါးတို့တွင်လည်း တခုသော သမာပတ်သာ ဗြဟ္မာပြည်မှာ အကျိုးပေး၏၊ အကယ်၍ ဂရုကံမရှိလျှင် အာသန္နကံ, ယင်းကံ မရှိလျှင် အာစိဏ္ဏကံ, ယင်းကံလည်း မရှိမူ ကဋတ္တာကံက

အကျိုးပေး၏၊ ကံတူအများတွင် အားကြီးသော စေတနာက အကျိုးပေးသော ဟူ၏။

အမေး— ကုသိုလ်မှာ ဣဋ္ဌရုပ်ကိုလှ ပြုလုပ်လို့ တယ်ဟန် ကယ်မှန်ပါစေအုန်း၊ အကုသိုလ်ကံ သူပြုစီမံတဲ့ ဆင်မြင်းပုံ့ ဘည် အဟိတ်ကယ်တို့ အနိဋ္ဌာ ဆိုပါရအောင် ကျမ်းပြပါအုန်း။

အဖြေ— ကုသိုလ်မှာ ဣဋ္ဌရုပ်ကိုလှ ပြုလုပ်လို့ တင့်တယ်ကယ်မလွဲ၊ အကုသိုလ်ကံ သူပြုစီမံတဲ့ ဆင်မြင်းပုံ့ သည်အဟိတ်တို့မှာ အနိဋ္ဌာ ဆိုပါရအောင် မူလဋီကာပြတယ် ကျမ်းကနက်နဲ့။

အဓိပ္ပာယ်—ယေဘုယျ အားဖြင့် ကုသိုလ် ကမ္မဇမှာ အနိဋ္ဌမရှိသကဲ့သို့ အကုသိုလ်ကမ္မဇမှာ ဣဋ္ဌ မရှိ စသဖြင့် ဘာသာဋီကာ မူလဋီကာ၌ ဖွင့်ဆို၏၊ သို့ရာတွင် အချို့သူတို့သည် ကုသိုလ်ကမ္မဇ ဖြစ်သော လူစသည်ကို မနှစ်သက်၊ အကုသိုလ်ကမ္မဇ ဖြစ်သော ဆင်မြင်း စသည်တို့ကို နှစ်သက်ကြောင်း ယင်းအနုဋီကာ၌ အမှုက ဖွင့်ပြ၏။

အမေး— ကုသိုလ်ကံ စီမံ လုပ်လို့ ဣဋ္ဌရုပ်ဖြစ်တုံပြန် ကယ်မှန်ဘိ မူကား၊ လူတကာ နတ်များကို မြင်ကုန်ရာ၌ မုန်းမှိုင်ကာတွေဝေရတယ် သင်း ဣဋ္ဌလား။

အဖြေ— ကုသိုလ်ကံ စီမံ လုပ်လို့ ဣဋ္ဌရုပ် ဖြစ်သည်မှန် ကောန်ပ မလွဲ၊ လူတကာ နတ်များကို မြင်ကုန်ရာ၌ ဘုန်းသမ္ဘာ မတူမျှသောကြောင့် မုန်းမှိုင်ကာ တွေဝေရတယ် သင်း ဣဋ္ဌဘဲ။

အဓိပ္ပာယ်—အချို့ တိရိစ္ဆာန်တို့သည် လူကို တွေ့မြင်ရသောအခါ မနှစ်သက်၍ ပြေးကြ၏၊ လူတို့လည်း နတ်တို့ကို တွေ့မြင်၍ ကြောက်လန့်ကြ၏ စသဖြင့် ခန္ဓဝိဘင်း မူလဋီကာ မှာလာ ဖွင့်ဆို၏။

အမေး—ဥပစာ မပါဘဲကယ်နှင့် နုလုံလဲဖေါ်မကူ ဂေါ်ကြဘူငဲ့သာချည်း၊ အရိယာမြတ်ဘုန်းမို့ ဗိုလ်မဟာတို့ မင်္ဂသောတာ အောင်မြေ နင်းကြ ထယ် သင်းက ဘယ်နည်း။

အဖြေ— ဥပစာ မပါဘဲငယ်နှင့် နုလုံလဲဖော်မကူ ဂေါ်ကြဘူငဲ့သာချည်း၊ အရိယာ မြတ်ဘုန်းမို့ ဗိုလ်မဟာတို့ မင်္ဂသောတာ အောင်မြေ နင်းကြ တယ် သင်း သာညနည်း။

အဓိပ္ပာယ်—သာမညအားဖြင့် ဇောစိတ်တို့ကို ဒုဿီလ ဝနဟုရင်း, ပရိကမ္မဟုရင်း ဆိုအပ်သောနည်း၌ ဥပစာ, အနုလုံ ဟူသော အမည်ကို မသုံးသပ်သောကြောင့် ဥပစာ, အနုလုံ မကူ၊ ဂေါ်ကြဘူချည်း သောတာပတ္တိသို့ ရောက်သည်ဟု ဆို သောနည်းသာ သာမညနည်း မည်၏။

အမေး— ပရိကံ, အနုလုံ ကူလို့ ဂေါ်ကြဘူ သောတာ ရောက် ကျွန်းထောက်လို့စံ၊ ဇော သမာ ရှေ့ ဆော်ပြေးငယ်တို့ လေးဌာနသညာခံဘွဲ့ နာမံ ပြောင်ဝင်း၊ ဆန်း တကြွယ် တခန်းသွယ်နှင့် အံ့ဩဖွယ် နိသျည်း ဘယ်နည်း သိမင်း။

အဖြေ— ပရိကံ ဥပမာ အနုလုံ ကုလို့ ခေါ်ကြဘူ သော
တာရောက် ကွန်းထောက်လို့ စုံ၊ ဇောသမာ
ရွှေတော်ပြေးငယ်တို့ လေးဌာန သညာခံဘဲ့
နာမံသာသွ၊ဆန်းတကြယ် တခန်းသွယ်ပဒ်ချိသြ
ဖွယ်နိုသျှည်း နည်းဝိလေသ။

အဓိပ္ပာယ်—သင်္ခါရ၌ အာရုံပြု၍ဖြစ်သော ပဌမဇော
စိတ်ကို ပရိကံဟု ခေါ်၏၊ ထို့နောက် ထိုသင်္ခါရ၌ပင် အာရုံ
ပြု၍ဖြစ်သော ဒုတိယ ဇောစိတ်ကို ဥပစာဟု ခေါ်၏၊ ထို့
နောက်လည်း ယင်းသင်္ခါရ၌ပင် အာရုံပြု၍ဖြစ်သော တတိ
ယ ဇောစိတ်ကို အနုလုံဟု ခေါ်၏၊ ယင်းသည် ထိုဝိထိတို့၏
အမည်နာမ အသီး-အသီးတည်းဟု ဝိသုဒ္ဓိမဂ်တွင် ဖွင့်ဆို၏။

အမေး— ဖော်ကူနှင့် မကူ ဖြစ်ခြင်းတူ-မတူလို့ ခေါ်ကြ
ဘူ နှစ်ပါး၊ ဝိထိစိ မဂ်လမ်းကို အစဉ်ချီတော့
တူယှဉ်ညီ ထပ်ကြိုင် ကျတယ် ဘုန်းဟုံပသေလား။

အဖြေ— ဖော်ကူနှင့်မကူ နှစ်ပါး ခေါ်မတူလို့ ခေါ်ကြဘူ
ဖြစ်ခြင်း၊ ဝိထိစိ မဂ်လမ်းကို အစဉ်ချီတော့
တူယှဉ်မီ နိဗ္ဗာန်ကြည့်တယ် ဘုန်းသုံး၏မင်း။

အဓိပ္ပာယ်—အထူးဆိုဖွယ်မရှိ၊ နည်းနှစ်ပါးဖြင့် ဝိထိ
ကျခြင်းမျှပင်တည်း။

အမေး— ရဟန္တာဖြစ်ကြ သားငယ်နှင့် ငါး ... ပျော်
ဘိညာဉ် ယှဉ်-မယှဉ် တခန်း၊ ... အ
ကြောင်းငယ် ဘဟာကြောင့် ... ည်ခြင်းရာ
တူဘူးရယ်လို့ ထူးရသမှန်း။

အဖြေ— ရဟန္တာ ဖြစ်ကြသွားငယ်နှင့် ငါးပါးတဲ့ စျာန် အညာဉ် ယှဉ်-မယှဉ်တနဲ၊ သမထာ အခိကာ ရာ ရှိသူနှင့် မရှိသူ သည် နှစ်ဦးမှာလ ဖြစ် ခြင်းရာ မတူဘူးငယ်လို့ ထူးရသဘဲ။

အမိပ္ပာယ်—မဝေးလွန်းသော ရှေးဘဝတို့၌ သမထာ ဓိကာရဟု ဆိုအပ်သော အားကြီးသော ပုဗ္ဗယောဂ ရှိကုန် သော ပုဂ္ဂိုလ် တို့မှာ မဂ္ဂါဓိဂမ၏ အစွမ်းအားဖြင့် စျာန် အဘိညာဉ် စသည်တို့ ဖြစ်ကုန်၏၊ ထိုသို့ မဟုတ်သော ပုဂ္ဂိုလ် တို့မှာ မဖြစ်ကုန်။

အမေး— ဝေဒနာတခု၌ သုခနှင့်ဒုက္ခာ၊ လက္ခဏာ သည် နှစ်ပါး ရခြားသင့်စွာ၊ ပိုင်းခြားရန် မှန်မကြူး ပေပ ထူးနိုင်မျှ ကျမ်းအလာ ဆန်းစရာ တ သီး၊ သဘောကန့်ကြယ်နည်းငယ် ဘယ်ပုံလို့ ဆင်ခြင်ပုံ ကိုယ်တော် သိရှာလို့မ့် ယောဂီ ဉာဏ်ကြီး။

အဖြေ— ဝေဒနာတခု၌ သုခနှင့်ဒုက္ခာ လက္ခဏာ သည် နှစ်ပါး ရခြားသင့်စွာ၊ ပိုင်းခြားရန်မှန်မကြူး ပေးပ ထူးနိုင်မျှ ကျမ်းအလာ ဆန်းပါဘိ ဘနဲ သုခမှာ ဝိပရိဏာမာနှင့် သခေါ်ရာ သဘာဝ ငယ်ကြောင့် ဒုက္ခပင် ဆင်ခြင်လို့ ဉာဏ်သက် ဝင် သည့်နှယ်သိတယ် ယောဂီဉာဏ်ဘဲ။

အမိပ္ပါယ်— သဠာယတန သံယုတ်၌ "ရဟန်းတို့ ဝေဒနာ သည် သုခ, ဒုက္ခနှင့် ဥပေက္ခာဟု သုံးပါးရှိသည်၊ သုခ ဝေဒနာကို ဒုက္ခဟုရှုငင်း, ဒုက္ခဝေဒနာကို ဆူးငြောင့် ဟုရှု၍

ဥပေက္ခာဝေဒနာကို အနတ္တဟုရှင်း မှတ်သင့်၏၊ ငါသည့် ဝေဒနာဟူသမျှကို ဒုက္ခဟု ဆို၏၊ ဝင်စစ် သင်္ခါရတို့၏ အနိစ္စကိုရည်၍ ဝေဒနာဟူသမျှကို ဒုက္ခဟုဆိုခြင်းဖြစ်၏" ဟု ဟောကြားတော်မူ၏၊

အမေး— မသေရာ သန္တေခါ သည်စောင်ယံမှ ကာလ ကပါ။ ရှိသည်ပင် နိဗ္ဗာန် သမာဝင်တော့ မဟာခင် ရွှေကိုယ်မြတ်ကာယ်တို့ ဆုံးတတ် ကဲ့လား။

အဖြေ— မသေရာ သန္တေခါ သည်စောင်ယံမှ ကာလ ကပါ။ ရှိသည်ပင် နိဗ္ဗာန် သမာဝင်တော့ ဝင်စစ်လျှင် မသေသင့်သည်ဟု ကျမ်းဖွင့်ဟန် ရွှေကိုယ်မြတ်ကာယ်တို့ ဆုံးတတ်လျက်သား။

အဓိပ္ပါယ်- ပဋိသန္ဓေအခါလည်း သေရာကာလ မဟုတ်၊ ပဋိသန္ဓေ အခါမှဟာပါး မသေရာ အခါကာလ မရှိဟုလည်း မတားမြစ်၊ ထို့ကြောင့် နိရောဓသမာပတ် ဝင်စားသော ကာလလည်း မသေရာကာလပင် ဖြစ်၏၊ ထို့ကြောင့် ဝိဘင်္ဂ မင် ဋီကာ၌ နိရောဓ သမာပတ်ဝင်စားသည့်အတွင်းမှာ သေ ခြင်း မရှိစသဖြင့် ဖွင့်ဆို၏။

မင်းကွန်းဆရာတော် ဆရာတော်နှင့် မန်လည်ဆရာတော်တို့ အပြန်-အလှန် မေးကြ-ဖြေကြသော အမေး-အဖြေတို့ ဖြစ်၏၊ အတိမ္မာ လေ့လာပြီးသူတို့သည် အဘိဓမ္မာနှင့် ပတ်သက်သော အချက်အလက်ကို ပြန်လည် သုံးသပ်ရန် အတွက် ဖြစ်သည်၊ ဆရာတော်တို့၏ အမေး-အဖြေ တို့မှာ

အချို့ကဗျာတို့ပင် ဖြစ်သော်လည်း ကဗျာပုံစံနှင့် မပြပါ၊ စကားပြေကဲ့သို့ပင် လွယ်ကူစွာ ဖတ်ရှုသွားနိုင်ကြစေရန် ရိုးရိုးပင် တန်းစီပေးလိုက်ပါသည်၊ သို့ရာတွင် ဖတ်သောအခါမှာ အချိုးမှန်စွာဖတ်ဘို့ လိုပါလိမ့်မည်၊ သို့မဟုတ်ပါက နားထောင်၍ မကောင်းသည့်ပြင် အနက်အဓိပ္ပါယ်နှင့် ပတ်သက်၍လည်း အနှောင့်အရှက် ဖြစ်ဘတ်၏၊ အဘိဓမ္မာနှင့် စပ်လျဉ်းသော ရှေးရှေးမြန်မာ ပညာရှိကြီးတို့၏ အမေး-အဖြေတို့မှာ ထိုမှတပါး အများအပြားပင် ကျန်ရှိပါသေးသည်၊ ဤတွင်မူ ဤစာအုပ်နှင့် သင့်တော်ရုံမျှ နိဂုံးချုပ်ရပါသည်။

မိကို ဉာဏ၊ ဖကို လက်ဝဲ
ကိုင်စွဲချိုလျှက်၊ ပခုံးသက်ဝယ်
အသက်ဆုံ အောင်၊ မြတ်နိုးဆောင်၍
ဒုဂေါင်အချား၊ လုပ်ကျွေးငြားလည်း
မွေးဖွားပို[illegible]ချူး၊ ရှေးတင်ဘူးသည့်
ကျေးဇူး-လှယ်ပြိုင်၊ မဆပ်နိုင်ခဲ့
ရောက်ကိုင်မဂ်ဖိုလ်၊ ကုသိုလ်တရား
ကြားစေပေမှ၊ ဘုံ့ချေရဟု
လောကတံခွန်၊ သူမြတ်မွန်တို့
ဟောညွှန်နည်းမှီး တောထွက်ပြီးသော်
ပွားစီးပညာ၊ ဒေသနာဖြင့်
မာတာ ပိတု၊ သင်္ဂြိုဟ်မှုကို

ပြုအံ့မရှိ၊ ကောင်းအားသံသည်
ကောင်းကြံအပြည့် အဖြိုးတည်း။ ။

ရှာမဟာရဋ္ဌသာရ၏ ကိုးခန်းပျို့မှ ကောက်နုတ်ချက်ဖြစ်၏၊ ဤကောက်နုတ်ချက်၏ အဓိပ္ပါယ်အချုပ်မှာ ဘုရားလောင်း ဟတ္ထိပါလ မင်းသားနှင့် သူ၏ ညီတော် သုံးဖော်တို့သည် မင်းစည်းစိမ်ကို စွန့်လွှတ်ပြီး မိဘတို့၏ မွေးကျေးဇူးကို ဆတ်ရန်အတွက် တောထွက်ကြကာ ပွားစည်းပညာဒေသနာဖြင့် မာတာပိတု သင်္ဂြိုဟ်မှုကို ပြုခြင်း ဖြစ်၏၊ ထို့နောက် ဘုရားလောင်းသည် ဘုရားအဖြစ်သို့ ရောက်သောအခါ မယ်တော်၏ မွေးကျေးဇူးကို ဆပ်ရန်အတွက် အဘိဓမ္မာတရား ဟောကြားတော်မူ၏။

မနိုင်းကောင်း-နိုင်းကောင်း ဖြစ်နေမည်လား မသိပါ၊ မိမိလည်း ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ် ဇချပ်လုကျေးရွာ အဖ ဦးရွက်ကြီး နှင့် အမိ ဒေါ်နက်ကျော် တို့၏ မွေးကျေးဇူးကို ဤဗုဒ္ဓအဘိဓမ္မာချုပ်ဖြင့် ထပ်ထပ်-ပိုက်ပိုက် သင်္ဂြိုဟ်လိုက်ပါ၏၊ တိုက်ရိုက်တန်းနားကြားပါလေ၍ နာစေစလို့ တောင့်တအံ့သည် ကုသိုလ်စေ့ ထင်လောင်းတည်း။

ထိုမှတပါး မိမိသည် ဗုဒ္ဓဓမ္မနှင့် ပတ်သက်၍ စာအုပ်ပေါင်း အတန် ထုတ်ဝေခဲ့၏၊ ထိုတွင် အချို့မှာ မင်္ဂလသုတ္တပဋ္ဌာ, ဓမ္မပဒ,- မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ, ဝိမုတ္တိရသ, ဝိသုဒ္ဓိမဂ်, နိဗ္ဗာန်, သုတ်သုံးကျမ်း, တေဒဂ်ဝတ္ထု, ဗုဒ္ဓစရိတ, ဗုဒ္ဓစာပေညွှန်ပေါင်း, ရတနာမြတ်သုံးပါးနှင့် ဗုဒ္ဓဘာသာ အိတ်ဆောင် စသည်တို့ဖြစ်၏၊ အမ-အဖတို့သည် ဤကုသိုလ်

အဘို့ဘာဂတို့ကိုလည်း မိမိနှင့် အညီအမျှရ၍ ချမ်းသာကြပါစေသတည်း။

မေတ္တာရှေးဦး၊ ပြုပေဘူးကို
ကျေးဇူးသိမှု၊ ကတညုတည့်၊
ထိုသူထက်ပင်၊ ကျေးဇူးအင်ကို
ထင်ထင်မချွတ်၊ ပြောဆိုတတ်ဟာ
သူမြတ်မှန်လှ၊ ကတဝေဒီ
ဟုဆိုပြီရှင့်၊ လောကီအစု
မြင်ဉာဏ်နုတို့၊ သူပြုအထူး
သူ့ကျေးဇူးကို၊ ကြည်နူးဝမ်းမြောက်
မခေါက်မရက်၊ နှစ်သက်အောင်ရှဲ
သိဘတ်ခဲ၏။ (မဃဒေဝ)

ဤအဘိဓမ္မာချုပ်ကို ပြုလုပ် စီရင်ရန် တိုက်တွန်းပြီး လိုအပ်သော စာအုပ် စာတန်းတို့ကို ရှာဖွေစုဆောင်းပေးသော အရှင်သုမိတ္တာဘိဝံသ (ဓမ္မာစရိယ)နှင့် ပြန်ကြားရေးဝန်ကြီးဟောင်း မြန်အောင် သခင်ချစ်မောင် အား အထူးပင် ကျေးဇူးတင်ပါသည်။

သော်ဇင်

ဦးသော်ဇင် - စီစဉ်သော

# ဗုဒ္ဓဘာသာအိတ်ဆောင်

## ၃၇-စောင်တွဲ

ဤဗုဒ္ဓဘာသာ အိတ်ဆောင်သည် ဗုဒ္ဓဝါဒ စတင်ချဉ်းကပ်သူ၊ အတော်အသင့် ခရီးပေါက်သူ၊ အထွတ်အထိပ်ရောက်သူ- မည်သူမဆို နှစ်သက်ကြည်နူး၍ ရှင်မြူးချမ်းမြေ့ဖွယ် ဖြစ်သည်။

ပြည့်စုံခိုင်လုံသော၊ တွေ့ကြုံနိုင်ခဲသော၊ လွယ်ကူသိပ်သည်းသော၊ သိမ်းဆည်းထားသင့်သော ရှေးအစဉ်အလာ ဗုဒ္ဓဘာသာတို့၏ သင်္ခဏ်းစာ ၃၇-စောင်တို့ဖြင့် ထွန်းလင်းတောက်ပနေပါသည်။

ဆက်လက်ထုတ်ဝေရန် အသင့်ဖြစ်နေပါပြီ။